# ဝိနှရတု
# ဝိဇာတမင်္ဂလာပုဇာ

၂၀၀၄၉

မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု
ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ
ဆရာတော်ဘုရားကြီး၏ သက်တော် (၇၅) နှစ်မြောက်

# စိန်ရတု
# ဝိစိတ္တမင်္ဂလာ
# ပူဇာ

တိပိဋက = နိကာယ သာသနာပြုအဖွဲ့

၂၅၃၀ ခုနှစ် ၁၃၄၈ ခုနှစ် ၁၉၈၆ ခုနှစ်

ပုံနှိပ်ခြင်း — ပထမအကြိမ်
၁၉၈၆-ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ — ၂၀၀၀

တန်ဖိုး — ဝမ္မဒါန

ဘာသာရေးဆိုင်ရာ
စာမူခွင့်ပြုချက် — (၅၉၅)

မျက်နှာဖုံးခွင့်ပြုချက် — (၃၆၅)

အဖုံးနှင့်အတွင်း
ပန်းချီ၊ ဒီဇိုင်းနှင့်ပွမ်းမံမှု — မောင်အေးမြင့် (မြန်မာ့ရိုးရာဒီဇိုင်း)

အဖုံးပုံနှိပ် — ပညာ့ဗိမာန်ပုံနှိပ်တိုက်

စာအုပ်ချုပ် — ပပဦး

ထုတ်ဝေသူ — ဒေါက်တာဦးသာလှ (ကင်းလွတ်ခွင့်အမှတ် ၁၆၃)
အမှတ်-၁၂၊ နယူးလင်းလမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ — ဦးကြည်ညို (မြဲ-၀၂၄၈၃)၊ ပညာ့ဗိမာန်ပုံနှိပ်တိုက်၊
[illegible]၊ [illegible]လမ်း၊ ရန်ကုန်မြို့။

၂၀၀၆၉

# ဓိန္နရတု ဝိဇာတ မင်္ဂလာ ပူဇာ

မင်းကွန်းတောင်ရိုး မိုးမိတ် ကုန်းမြေ တိပိဋက ကျောင်းတော်နှင့်ရန်ကုန်မြို့တိပိဋကကျောင်းတော်မှ တပည့် သံဃာတော်များက မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကအဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား ဦးခိုက် ရှိကျိုး သိကုံး ပူဇော်ထားသော စာမူများကို တိပိဋက=နိကာယ သာသနာပြုအဖွဲ့မှ ဒုတိယသုံးနှစ်ခရီးစာစောင်အကြို အဖြစ် ရိုက်နှိပ်ထုတ်ဝေပါသည်။

တိပိဋက=နိကာယ သာသနာပြုအဖွဲ့



ဤစာအုပ်အတွက်

စာစီခနှင့် စက်ရိုက်ခကို

ကိုအောင်–မမြမြဝင်း (ညက်လင်းစာပေ)

ပညာ့ဗိမာန်ပုံနှိပ်တိုက်မှ လှူဒါန်းပါသည်။

# မာတိကာ

## ကဗျာ


| | |
|---|---|
| ၁။ ကျောင်းတော်နိကာယ် | အရှင်တေဇနိယ |
| ၂။ ဂုဏ်ရည်တော်ဘွဲ့ | ။ |
| ၃။ သာစ္စဌာနေ မိုးမိတ်မြေ | အရှင်ဃောသိတ(ရေနံချောင်း) |
| ၄။ မင်္ဂလာပါဠိနှင့် မြန်မာကဗျာ | အရှင်ကိတ္တိသာရ |
| ၅။ အနန္တဂုဏ်ရှင်သို့ | အရှင်နန္ဒော |
| ၆။ တောင်းဆုပတ္ထနာ<br>နှစ်ထပ်ကျော့ပုလဲသွယ်တေးထပ် | အရှင်ဃောသိတ(ရေနံချောင်း) |
| ၇။ မဟာဂုဏာဘိတ္ထဝတေးထပ် | ဂုဏ်သူရိန်မင်း(နတ်မောက်) |
| ၈။ လူးတားညှပ်<br>ရှစ်ဆယ်ပေါ်တေးထပ် | အရှင်ဃောသိတ(ရေနံချောင်း) |
| ၉။ မင်းကွန်း(သို့)မဟာအောင်မြေ | အရှင်ကေသဝ(ရွှေဒင်္ဂါး) |
| ၁၀။ အလှဝေစီပန်းဝေစိ<br>ကျောင်းတော်မြေမဟီ | အရှင်ကေလာသ(ပြည်) |
| ၁၁။ တောမြိုင်ခွင်မှ ပန်းဥယျာဉ် | မြတ်ဆု |
| ၁၂။ အားမာန်ကျေးဇူး | အရှင်ကောဝိဒ (ထားဝယ်) |
| ၁၃။ ပုဂံလမ်းမှ နိကာယ်များ | အရှင်နန္ဒာဘာသ |
| ၁၄။ လှမ်းကြပါစို့ ဘုံနန်းဆီ | ။ |

## ဂါထာ


၁၅။ သပ္ပိတိကပတ္တနာဂါထာများ (၁၉) ဦးကောမုဒိတ

၁၆။ ပကတိစရိတ ဂုဏာဝဏ္ဏနာ ထောမနာဂါထာ (၂၂) အရှင်ဉာဏိက(ဆင်ဖြူကျွန်း)

၁၇။ နာမဌာန ဂုဏာကိတ္တနာ ထုတိဂါထာ (၂၇) အရှင်သောမ(ဓမ္မရက္ခိတ)


## ဆောင်းပါး


၁၈။ မေတ္တာပို့ဂါထာသုံးပုဒ်နှင့် ယင်းနိဿယ (၃၁) အရှင်ယုဇန(ရန်အောင်)

၁၉။ ဗုဒ္ဓနှင့် တွေ့နေသည် (၃၆) အရှင်ပညာဇောတ

၂၀။ ကျေးဇူးသိကာကျေးဆပ်ကြပါ (၃၉) အရှင်ပညာသိရိ(မင်းတုန်း)

၂၁။ ဘယ်သူပြိုင်၍လှပါတော့နိုင် (၄၆) အရှင်ဓမ္မပိယ

၂၂။ အတွေးနှင့်အဖြစ်မှန် (၅၀) မောင်မိုး(ဂ.နှ.ဘ.လူ)

၂၃။ အာရှတိုက်၏ သာသနာ့သမိုင်း (၅၉) ဘိက္ခုကုလန္ဒာသဘ

၂၄။ ရွှေပင်နားတော့ရွှေကျေး (၇၂) အရှင်ခေမာစာရ(မြန်အောင်)

၂၅။ ဖူးပွင့်လာသည့် ပန်းကလေးများ (၇၉) အရှင်ပဏ္ဍိစ္စ (ကျောက်ပန်းတောင်း)

၂၆။ အတွေးပေါင်းများစွာ ဝင်မိပါတော့သည် (၈၅) အရှင်ဃောသိတ (ရေနံချောင်း)

၂၇။ တစ်သက်တာမှတ်စရာ (၉၀) မောင်အောင်မေတ္တာ (ကျောက်တန်း)

၂၈။ အားလုံးပဓာနပါ (၉၄) အရှင်ကုလန္ဒဝံသ(လေးဝတီ)

၂၉။ အရှင့်ထံသို့ရွှေနားတော်သွင်း (၉၈) ညောင်ဦးမှနိကာယ်စာသင်သား တစ်ဦး

| | | |
|---|---|---|
| ၃၀။ | လိုအပ်သော မြန်မာဗုဒ္ဓဘာသာ စွယ်စုံကျမ်း | (၁၀၄) မောင်ဉာဏ်ဝ |
| ၃၁။ | ကျူးမိဥဒါန်း | (၁၀၉) အရှင်ကောမုဒိကာလင်္ကာရ (နတ်မောက်) |
| ၃၂။ | သာသနာတော်ကြီးအရှည် တည်တံ့ခိုင်မြဲစေလိုလျှင် | (၁၂၀) အရှင်ကောဝိဒ (ထားဝယ်) |
| ၃၃။ | မေတ္တာထားလေးစားထိုက်သူ | (၁၂၅) အရှင်ပဝရသိဒ္ဓိ |
| ၃၄။ | ဆရာတော်မိန့်တော်မူသော ဥပသမ္ပဒကံဆိုင်ရာနည်းဥပဒေများ | (၁၂၈) အရှင်ကေသရ (ဒညင်းကုန်း) |
| ၃၅။ | နိကာယ်သာသနာ အနှစ် ငါးထောင်တည်တံ့ပြန့်ပွားရေး | (၁၃၁) သိရိဂုဏ်ရည်ဉာဏ်စိုးရှင် |
| ၃၆။ | လမင်းထိန်ထိန်သာနေသည် | (၁၃၅) အရှင်ကစ္စာယန |
| ၃၇။ | မေတ္တာဂုဏ် | (၁၄၁) အရှင်နန္ဒဝံသ |
| ၃၈။ | အတုယူထိုက်သည့် တိုက်အုပ်ဆရာတော် | (၁၄၆) အရှင်သုမန်ဓဇ |

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဝံသမဟာရဋ္ဌဂုရု
မင်းကွန်း ဆရာတော်ဘုရားကြီး၏ ကျောင်းတော်နှင့် ဂုဏ်ရည်တော်ဘွဲ့
မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ

# ကျောင်းတော်နိကာယ်

မြင်ရော ကမ်းအစမှာပ
နှစ်ဖွေ့ရှာ ကျမ်းဓမ္မတွေနဲ့
ချမ်းမြမြ စိတ်ကြည်ဖြူ။

နယ်အနှံ့
ကျယ်ပြန့်ပြည်တခွင်မှ
ထေရ်အရှင် သူတော်မော်တို့
တူပျော်ပျော် စုကာနှုံးပိတယ်
ကုန်း ပြည့်၍ထူ။

တောင်အမြင့်ပေ့မှာ ခိုးအရိပ်တွေနဲ့
အောင်ပလ္လင့်ဇေယျာမြေ
တန်ခိုးဖိတ်လှပါတဲ့
မိုးမိတ်တဲ့ ကုန်းကမူ
ထုံးဖြူဖြူနဲ့ စေတီပေါ်
နှလုံးမပူစေတဲ့ ရေနဒီကြော။

ကဝိမြွတ်ထေရ်
ပိဋကတ် အာဇာနည်မို့
မြန်မာပြည် ကြာအရှည်—
သာသနာတည်ဖို့ အရေးကိုဖြင့်
မျှော်တွေးကာ တမူထွင်လို့
ဇမ္ဗူတခွင်မှာ အံ့တပါးပေပ
ပေါင်းပြည့်ကြွယ်—
'ကျောင်းနိကာယ်'—
တည်၍လားတယ်
အများသံဃာတပည့်တွေ—
တစ်ခေတ်လက်လာပြီး
အားသိပ်ရပြီး ကဝိထေရ်—
နှစ်သက်လောက်အောင်
ဆရာ့မူ အရယူ—
ဓမ္မအဆူဆူကို ကျက်ကြတယ်
ပွက်ပွက် ညံ့သော။ ။

# ဂုဏ်ရည်တော်ဘွဲ့ ရှစ်ဆယ်ပေါ် တေးထပ်

ရှပ်ရှပ်ချွံချွံ အားသွန်မှောက်၍
ဖျားအစွန်ရောက် တက်စွမ်းနိုင်။

လွှားတံခွန်ဆောက် လက်လှမ်းကိုင်လျှင်
မဂ်စခန်းတိုင် ယူနိုင်အား။

ကြည်ညိုစိတ်ဓာတ် စောမိပါတယ်
ဗောဓိအလျှာ—
ပေါ်ထွန်းခလရော့သလား။

သုံးပုံပိဋကတ် ဒေါက်ဒေါက်မြည်အောင်
မှောက်ချည်လှန်ချည် ဆော့ကစား။

အောက်ထက်မြန်ပြည် အသော့သွားလို့
မလျှော့မနား တရားဝေ။

ဗုဒ္ဓမြတ်စွာ သာသနာအကျိုးမို့
အဖြာဖြာတိုးလို့ သယ်ပိုးရွက်ဆောင်နေ။

တိပိ, ဘိဇေ,ပဏ္ဍိတ် မထေရ်ရယ်
မအိပ်မနေ အလုပ်တာများလို့
အယုတ်ဇရာတရားမြူ့ချော့ချိုင်လာခေါ်
သူမလျှော့နိုင်ပါသော်။

သာသနာအကျိုးမို့ သဒ္ဒါဖြိုးပေါ်သည်
မဟာအကျိုးတော်—
ဆောင်တုန်းဟာပလေး။

သုံးနှစ်ခရီး သီးသီးကျော်အောင်
မညည်းပျော်ပျော်—
ဆောင်ဦးမှာဘုရားလေး။ ။

အရှင်တေဇနိယ(နိကာယ)
တိပိဋက နိကာယ-ကျောင်းတိုက်
မိုးမိတ်ကုန်းမြေ
မင်းကွန်း

# သာစ္စဋ္ဌာနေ မိုးမိတ်မြေ
## (တြိချီး)

သန္တော့သ မိုးမိတ်ကုန်း
ရှုမဆုံး သာသာယာ
လာခဲ့စမ်းပါ။

စက်တော်ရာ
ရင်ပြင်မှာ ကြည့်စမ်း။

ထေရုပ္ပတ်—
ကျောက်စာတိုက်ရယ်နှင့်
နှစ်ခြိုက်စရာ သိမ်တော်ကြီးကိုလ
ရှုမငြီး တေဒဂ်တို့ကို
ဖူးလျက် ရှင်လန်း။ ။

* သန္တော့သ မိုးမိတ်ကုန်း
ရှုမဆုံး လှပစည်
လာစေ့ချင်သည်။

မိုးမိတ်ဇေတီ
ရင်ပြင်ဆီ ကြည့်စမ်း။

ပဟိုရ်စည် နာရီစင်နှင့်
ဆန်းကြယ်ထွင် အမြင်သစ်တဲ့
နှစ်ကျိပ်ရှစ် ဆင်းတုများကို
ဖူးသွားလို့မြန်း။ ။

* သာသနာ့ ချိန်ခွင်ကြီး
လေးလက်လည်း ရှိသည်ပင်
ဘိုးတော်ဘုရားလျှင်။

ဝဲယာတွင်
နှစ်ယောက်ခင် မိဖုရား။

မိုးမိတ် မင်းသားကြီးနှင့်
ချစ်ဇနီး ကြင်ရာတော်အား
ရင်ပြင်ပေါ် ထုလုပ်ထားတယ်
ကြည့်သွားပါလား။ ။

* သန္တော့သ မိုးမိတ်ကုန်း
ရှုမဆုံး သာသာယာ
လာခဲ့စမ်းပါ။

မြစ်ရော
ရစ်ခွေကာ သောင်ကမ်း။

ဝင်းတော်မှူး(ရွှေဘုန်းပွင့်စေတီ)—
မင်းတေဇနှင့်
မင်းဗလ(ဦးပေါက်ဘုရား)—
ကြည်ညိုပြန်၍
စေတီရံဘုရားများကို
ဖူးသွားကြစမ်း။ ။

* အရံစေတီ ရင်ပြင်၌
တိုက်ဂန္ဓ ကုဋိမှာ
ကြည့်လိုက်စမ်းပါ။

သပ္ပာယ်ကာ
မြောက်မြားစွာ ရုပ်ပွား။

အိန္ဒိယ ယိုးဒယားနှင့်
ကမ်ပူးချား(ကမ္ဘောဒီးယား)—
ရုပ်ပွားများကို
ဖူးသွားပါလား။ ။

* ဆင်စွယ်တွင် ကနုတ်များနှင့်
မွန်ဂိုလီးယား ရုပ်ပွားလျှင်
ထူးခြားလှပင်။

နီပေါမှလျှင်
ရှင်ဘုရင် လှူထား။

ကြေးဆင်းတု စုံအလင်နှင့်
ပုလဲရေစင် ဂျပန်ဘုရားကို
ဖူးသွားပါလား။ ။

* သန္တောသ မိုးမိတ်ကုန်း
မြင်မဆုံး ကျောင်းဆောင်တွေ
ပေါများလှပေ။
ပြာသာဒ်တွေ
ပေါလိုက်လေ စောင်းတန်း။
ပိဋကတ် တိုက်တွေများမှာ
ဒေသနာ ကျမ်းစာထားတယ်။
ရှုစားကြစမ်း။ ။

* တိပိဋက=နိကာယ
သာသနာ့ အာဇာနည်
ကျောင်းတော်ကြီးသည်။
ထင်ရှားပြီ
မြန်မာပြည်ဘစ်ဝန်း။
ပိဋကတ် သုံးပုံဆောင်နှင့်
နိကာယ်ဆောင် သံဃာများကို
ဖူးသွားကြစမ်း။ ။

* သန္တောသ မိုးမိတ်ကုန်း
ရှုမဆုံး ငြိမ်သက်လှပ်
လာခဲ့စေချင်။
ဗောဓိပင်
ခြောက်ပင်ကွယ့် စဉ်တန်း။
ဆရာတော် ရေးစီရင်တဲ့
ဗုဒ္ဓဝင် ကျောက်စာတိုက်တို့ကို
ဦးခိုက်လို့မြန်း။ ။

* ကျောက်စာတိုက်–
ကုန်းတော်မြတ်မှာလဲ
ပိဋကတ်စေတီတော်
ဖူးလို့ပျော်ပျော်။
မထေရ်ကျော်
ဉာဏ်ဖော်၍ ရေးသား။

စေတီတော် လက်ယာမြောက်နှင့်
သုံးဆယ့်ခြောက် ခန်းစုံပါသည့်
ကမ္မဝါ ကျောက်စာစိုက်တယ်
ဦးခိုက်လို့သွား။ ။

* ကျောက်စာတော် ကုန်းပေါ်၌
တိုက်ဂန္ဓကုဋိမှာ
ဝင်ကြည့်စမ်းပါ။
သင်္ဂါယနာ
ခြောက်တန်မှာ ပန်းချီကား။
ဩဝါဒါကျောက်စာတိုက်မှာဖြင့်
နှစ်ခြိုက်စရာ ဆရာရှင်ရဲ့
တမြင် ဩဝါဒကို
ဖတ်ကြစို့တကား။ ။

* အဘိဓဇ ကျောက်စာတိုက်
ကြုံတုန်း၌ ဖတ်စမ်းပါ
တေးထပ် ဂါထာ။
အဘိဓဇပူဇာ
ပွဲကြီးမှာ ရေးသီထား။
တိပိဋက ဆရာတော်ရဲ့
ထူးမြတ်ကျော် ဂုဏ်ပုဒ်များကို
ရှုစားလို့သွား။ ။

* ကန်တော်ဦး တံတားမှ
'တက်သွားကြ မျှားသူငါ
ပန်းစောင်းတန်းပါ။
မုစလိန္ဒာ
အိုင်မြတ်မှာ ဝင်ဖူး။
ရေကန်ကြီး ကုန်းတစ်ခွင်မှ
ရှုခင်းပြင် မြင်လိုက်ရလျှင်
ကွယ်....အေးမြကြည်နူး။

အရှင်သောသိတ (ရေနံချောင်း)
မေဓာ့ဃာဉ်ပုံ မော်ကွန်းကျောင်း
တိပိဋက-နိကာယတိုက်

## ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ဘုရား၏(၇၄)နှစ်မြောက်(၇၅)နှစ်သို့အရောက်

## ငွေ–ရွှေ–စိန်ရတု အစဉ်သုံးမျိုးကို ရည်ရွယ်၍ ဂုဏ်ပြုပူဇော်အပ်သော ထေရဂုဏာဘိသေကဇယမင်္ဂလာ ပါဠိနှင့် မြန်မာကဗျာများပါဘုရား

၁။ မြင်းခြိနဂရေ-ဂန္ဓေရမာ၊
ဦးဆုံဝှယော-မိရောမာတာ၊
ဇာတဝဿ-ကာလပတ္တာ၊
သညာဒိ-ကဝိဥပ္ပန္နာ။

၂။ မဟာထေရ-ဓမ္မဒေသနာ၊
တာဝပစ္စယော-ဓမ္မေ့ကာလာ၊
ဒေါ်ဓမ္မစာရီ-ဇာနီဂုဏာ၊
အစ္ဆရိ-ထုတိဝိဇာတာ။

၃။ ဓမ္မနာဒါ-ဝှယာရာမံ၊
ကဝိမိရော-ထေရောသညံ၊
သမ္ဗရဋ္ဌေ-ဇနေသုဇံ၊
ဝန္ဒေမ-ဇယပိဋကံ။

၄။ ဇေယျာပုရေ-မူလေနာဒံ၊
ရာဇာဂါရကော-မိရောသာရံ၊
ပိဋကတ္တယံ-ဇယံထေရံ၊
သနာထ-ဗုဒ္ဓသာသနံ။

၅။ တိပိဋကံ-ဓရံဂုဏာ၊
ဇယပတ္တော-ထေရောကမာ၊
အာနန္ဒဿ-ဂုဏဌာနာ၊
ဝိအာဒိ-ထုတိဝဏ္ဏနာ။

၆။ ဓမ္မကန္ဒာ-ဓမ္မာမူလာ၊
ဓမ္မဝိနယော-ဉာဏောဘာသာ၊
ဒေဝမနုဿ-ဟိတဝဟာ၊
ဒေသေသိ-ဓဗာဝိမုတ္တမာ။

၇။ တေဒင်္ဂံ-ပဋ္ဌဌာနာ၊
တိပိဋက-ဇယကမာ၊
ပုဗ္ဗကမ္မေ-ဃောသေမူလာ၊
ဓမ္မာဒိ-ဂုဏဝဏ္ဏနာ။

၁။ မြင်းခြံနယ်နှံ့-သင်းပုံ့တော်ဝင်၊
ဦးဆုံတစ်ရပ်-မြင့်မြတ်ဒေါ်ဆင်၊
တစ်နှစ်ခွန်သုံး-ထေရ်ဘုန်းရောက်စဉ်၊
မောင်ရန်ရှင်း-ထင်လင်းဇာတာတွင်။

၂။ ဆရာတော်တွက်-ဟောချက်ကုန်စွာ၊
ပြုစုစောင့်ရှောက်-တတ်မြောက်သည့်ခါ၊
ဒေါ်ဓမ္မစာရီ-ဉာဏ်ရည်ဂုဏ်ဖြာ၊
ကျေးမေဟု-အံ့မှုဖြစ်ပေါ်လာ။

၃။ ဓမ္မနာဒ-မည်ရကျောင်းကန်၊
ပဏ္ဍိတ်ဖြစ်သော-ထေရောမည်မှန်၊
ပြည့်ထောင်စုတွက်-ပေါ်ထွက်အောင်လံ
လက်စုံမိုး-ရှိခိုးမြတ်ထေရ်၊

၄။ စစ်ကိုင်းတိုင်းဟု-စမှုကြွေးကြော်၊
မင်းကွန်းနယ်သစ်-အနှစ်ဖြစ်ပေါ်၊
ပိဋကသုံး-ထွန်း၍ဘုန်းအောင်သော်၊
ကိုးကွယ်ကြ-ဗုဒ္ဓဆုံးမတော်။

၅။ တိပိဋက-ဓရဂုဏ်အင်၊
အောင်တော်မူပြား-ငါးပါးအစဉ်၊
အာနန်ကျော်ဟိုး-ဂုဏ်မျိုးပန်ဆင်၊
ဝိသုံးဆင့်-စတင့်အောင်လံထွင်။

၆။ ဓမ္မကန္ဒာပေါင်း-ရှစ်သောင်းလေးထောင်
သုတ္တန်-ဝိတွက်-ထက်ဝက်ဂုဏ်ရောင်၊
ဘိဓမ္မာကား-ကြွင်းပြားယူဆောင်၊
မြတ်ဗုဒ္ဓ-ဟောပြလူတို့ဘောင်။

၇။ တေဒင်္ဂါ-ညီဘွားနေရာ၊
ပိဋကသုံး-စဆုံးအောင်လာ၊
ရှေးကံတင့်ဆန်း-ချီးမွမ်းဝေဖြာ၊
ဘဏ္ဍာစိုး-ဂုဏ်မျိုးပန်ဆင်တာ။

၈။ ဗုဒ္ဓဝံသ-ဂန္ထသာရေ၊
ဦးနန္ဒယော-မိရောသုတော၊
ထေရယာစံ-မင်္ဂအဌ္ဌေ၊
ကရောမိ-ကဝိနီကာယေ။

၉။ ရစတာဒိ-ထုတိသညာ၊
ပဋ္ဌပီသော-ပဏ္ဍော၀ဿာ၊
ဂုဏာဝန္တေ-ပူဇေသဘာ၊
ကရောမ-ကမပဂ္ဂဟာ။

၁၀၊ တိပိဋကံ-ဇယံပတ္တာ၊
ဥပဇ္ဈ-ဘောဂ-ဒါနရမာ၊
ဦးသွင်ဝှယော-မိရောဒါရာ၊
ဘောန္တိ-ထုတိဒါယဋ္ဌာ။

၁၁။ နိကာယဂန္ထေ-ပဌေပုရံ၊
သဗ္ဗမေဓာ-ထေရောလိခံ၊
ဂန္ထာဂတ-မေဓဒေသနံ၊
စရက်-သုတိဥတ္တမံ။

၁၂။ သဗ္ဗရဋ္ဌေ-ဇနေသုတာ၊
ပညာမေဓာ-ဝုဍ္ဍောဥဍ္ဍယျာ၊
ပါ,ဋ္ဌ,ဋ္ဌိတိ- ဂန္ထိကမာ၊
ပသာဒ-မေဓဒေသနာ။

၁၃။ တိပိဋက-ဝှယသုတော၊
ဒီဃအာဒိ-ဂန္ထိပဏ္ဍော၊
သဗ္ဗသီဃော-ဥဇ္ဇောတကော၊
ကရောတု-စတုပစ္စယေ။

၁၄။ ငရထေရော-ဥဇ္ဇောဂုဏာ၊
သုဝဏ္ဏဘူမိ-ဂတိသုတာ၊
စန္ဒူပမံ-ပန္ဒရသာ၊
သောဘိတ-ဗုဒ္ဓံသာသနာ။

၁၅။ တိ=နိသံဃ-ဂုဏအဂ္ဂါ၊
ဂိယထေရော-ဉာဏောတိမ္ဗာ၊
ဒသဝဿံ-ကာလံဂတာ၊
သီလာဒိ-ဂုဏဒါယဋ္ဌာ။

၁၆။ ဗုဒ္ဓကာလေ-ဌိတေဝိရံ၊
ဓမ္မဝိနယော-ဝုဍ္ဍောခရံ၊
အဋ္ဌရိယ-ဆဋ္ဌဗုရံ၊
ဒီဃာဒိ-ဂန္ထိဝိဿဋ္ဌကံ။

၁၇။ မရမ္မဝဿေ-ကာလေပတ္တာ၊
ဝိဋ္ဌာအာဒိ-ပူရိထေရာ၊

၈။ ဗုဒ္ဓဝင်ကျမ်း-ထက်တန်းရွှေစာ၊
ပညာရှိဟု-ဦးနုကျော်သာ၊
အုပ်ရေရှစ်ပါး-ထူးခြားကျမ်းလာ၊
တောင်းပန်မှု-ရေးပြုမြတ်ဆရာ။

၉။ ငွေ-ရွှေ-စိန်ဟု-ရဘုခေါ်တွင်၊
နှစ်ဆယ့်ငါးနှစ်-ရောက်လစ်အစဉ်၊
ဂုဏေးဂုဏ-ပူဇာသဘင်၊
အစဉ်သုံး-မြတ်ဆုံးပူဇော်ဆင်။

၁၀။ ဂိဋကတ်သုံး-ထိပ်ဆုံးအောင်သော်၊
စည်းစိမ်တစ်ဝက်-လှူလျက်ရွှင်ပျော်၊
ဦးသွင်-ဒေါ်သိန်း၊ဂုဏ်ဟိန်းညာဏ်မျော်
အောင်စည်ကြီး-ရိုက်ပြီးမွေခံတော်။

၁၁။ နိကာယ်ငါးရပ်-ကျမ်းမြတ်ပြည့်စုံ၊
သိသည့်တရား-ရေးသားဖုံဖုံ၊
ရေးသည့်ကျမ်းထွက်-ဟောချက်ကုံလုံ၊
ကျင့်ဆောင်ပြု-လေးဝမြတ်ထေရ်ဂုဏ်။

၁၂။ နိုင်ငံတော်ဝန်း-တင့်လျှမ်းကျော်လာ၊
မေဓသဘော-မိန့်ဟောလေရာ၊
ပါ,ဋ္ဌ,ဋ္ဌိဟု-လာမှုစဉ်သာ၊
ကြည်ညိုရ-ဟောပြထေရ်ဆရာ။

၁၃။ တိပိဋက-နာမထင်ပေါ်၊
နိကာယ်ငါးရပ်-သတ်မှတ်စာတော်၊
သိဃာအများ-ထွန်းကားရေးမျှော်၊
လေးပစ္စည်း-သီးသီးထောက်ပံ့ဖော်။

၁၄။ ဆရာတော်ဘုရား-မြင့်မားဂုဏ်ဖြာ၊
ရွှေတောင်ကြီးဟု-ခေါ်မှုတင့်စွာ၊
ဆယ့်ငါးရက်ထွန်း-လဝန်းပမာ၊
တင့်တယ်ရ-ဗုဒ္ဓသာသနာ။

၁၅။ တိ=နိသံဃာ့-ဂုဏ်ကမြင့်မော်၊
ဆရာတော်အလား- ဉာဏ်သွားထက်သော်၊
ဆယ်နှစ်ခရီး-လျှောက်ပြီးချိန်နှော်၊
စ, လယ်, ဆုံး-ထေရ်ဘုန်းမွေခံတော်။

၁၆။ ဘုရားလက်ထက်-မပျက်တည်လာ၊
သုတ္တန်,ဝိနည်း-ဆောင်ပြီးဘိဓမ္မာ၊
ခြောက်ကြိမ်မြောက်ဟု-အုံ့မှုထင်ကာ၊
တာဝန်ထမ်း-ဖြည့်စွမ်းထေရ်ဆရာ။

၁၇။ ပြည်ထောင်စုခေတ်-ရောက်လစ်ခါတွင်၊
သိကျင့်နှစ်ပါး-စုံပြားထေရ်ရှင်၊

အဂ္ဂမဟာ-ဝ့ယာသုတာ၊
ပဏ္ဍိတ-ဒိဋ္ဌလဋ္ဌိကာ။

၁၈။ ရဋ္ဌန္တရေ-ဇောတေပါလာ၊
တက္ကသီလော-ထာမောဝသာ၊
ဝုရဝဟံ-ပဏ္ဏုံကရာ၊
သံဃဿ-ဒေမပူဇိတာ။

၁၉။ သဗ္ဗရဋ္ဌေ-သန္တေကာလာ၊
ရဋ္ဌဇနော-သဒ္ဓေါဘဝါ၊
လဍ္ဍကမာ-မဟာဂုဏာ၊
ဘိက္ခဝေ-ရဋ္ဌလဍ္ဍိကာ။

၂၀ ထေရဝရော-ဥဠောဂုဏာ၊
တိသတ္တတိ-သုစိကာလာ၊
ဂုရုလဍ္ဍိတ-ဓမ္မသဘာ၊
ဒီဃာယု-ဟောတုအာသိသာ။

၂၁။ ဒိသာပါမောက္ခ-ဂုဏဝန္တာ၊
တုလဇိဝှေါ-သမောသမာ၊
ဥဘယတ္ထာ-ဟိတာပညာ၊
ကရောမိ-ကဝိအာသိသာ။

၂၂။ သာဂါရာဒိ-ပါဠိဂါထာ၊
ဂန္ထဓုရော-ကမောမူလာ၊
ဝိပဿနံ-ဉာဏံအန္တာ၊
အညောည-ဖလနိဿိတာ။

၂၃။ ဓေ့နာတိ-အာဒိသုတ္တံ၊
ပုညာဂတ-မဟာဖလံ၊
ဟောတိကမော-ဗုဒ္ဓေါဝုတ္တံ၊
ပဏ္ဍိတ-ဒိဋ္ဌကတ္တဗ္ဗံ။

၂၄။ ဂုရုဇယ-ဠာနသဘာ၊
ဝိယထေရော-ဒိဋ္ဌောဇာနာ၊
မဟာပုညေ-ပဿေအာသာ၊
မိုးမိတ်တိ-ဂုဏဝဏ္ဏနာ။

၂၅။ တထာဂတော-ဝုတ္တောဓမ္မာ၊
ဒီဃအာဒိ-သန္ဓိပိတ္တာ၊
အပ္ပမာဒေန-သမ္ပာဒေထာ၊
မာရေတု-ဂုရုဒေသနာ။ ။

အဂ္ဂမဟာ-ဝင့်စွာတင့်လှှင်၊
ပဏ္ဍိတ-ဘွဲ့ရဂုဏ်ရည်ယှင်။

၁၈။ ကမ္ဘာ့ပြည်တွင်း-ပွင့်လင်းစေရာ၊
တက္ကသိုလ်တွက်-အားတက်ဝေဖြာ၊
တာဝန်ကိုထမ်း-စ ဘမ်းပြုကာ၊
သံဃာအား-လှူဒြားပူဇော်တာ။

၁၉။ မြန်မာပြည်ကြီး-ငြိမ်းပြီးချိန်ခါ၊
ပြည်သူအားလုံး-ရွှင်ပြုံးစေရော၊
ဘွဲ့စဉ်များပြား-ကြီးမားဂုဏ်ဖြာ၊
ဘိုခဇ-ရဋ္ဌဂုရုပါ။

၂၀။ ဆရာတော်ဘုရား-မြင့်မားဂုဏ်ဖြာ၊
ခုနစ်ဆယ့်သုံး-မြဘ်ဘုန်းရောက်ခါ၊
ဂုရုအောင်ပွဲ-ထူးကဲရလာ၊
ရာကျော်သက်-ရှည်လုက်ဖြင့်စေသာ။

၂၁။ ဦးသာလှဟု-ကျော်မှုဂုဏ်ဖြာ၊
ချိန်ခွင်လျှာနှံ့-တကယ့်ညီစွာ၊
အတ္တပရ-ဟိတစုံလာ၊
နိဗ္ဗာန်နန်း-တက်လှမ်းနိုင်ဖို့ရာ။

၂၂။ ဂေါပကအားလုံး-ရွှင်ပြုံးဝေဖြာ၊
ဒကာမများ-ဉာဏ်သွားလိုက်ပါ၊
သာသနာကျိုး-မျှော်ကိုးနေတာ၊
မဂ္ဂင်ကြီး-ယာဉ်စီးနိဗ္ဗာန်သာ။

၂၃။ ဤသို့ကောင်းမှု-ကြောင်းပြုလာလျှင်၊
အနည်းငယ်များ-ပြုငြားမထင်၊
ကြီးကျယ်ဖွံ့ဖြိုး-အကျိုးပေးမြင်၊
ပဏ္ဍိတ-ပြုကြံကုသိုလ်တွင်။

၂၄။ ပြည်သူ့အောင်ပွဲ-ဆင်နွဲသူတွေ၊
ဆရာတော်အလား-သိထားမြင်ပေ၊
ဘုန်းကြီးသက်လျှာ-ကျန်းမာပါစေ၊
တိ=နိဂုံ-မြတ်တဲ့ဆုမွန်တွေ။

၂၅။ ရှင်တော်ဘုရား-ဟောကြားဓမ္မာ၊
ပိဋကတ်သုံး-ပေါင်းရုံးခြုံကာ၊
အပ္ပမာဒေန-သမ္ပာဒေထာ၊
ဤစကား-ဆောင်ထားကျင့်ကြံပါ။ ။

အရှင်ကိတ္တိသာရ (ဒိဃဘာဏက)
တိပိဋကနိကာယ၊မိုးမိတ်။

# အနန္တဂုဏ်ရှင်သို့

## (ကေပိုဒ်ရတု)

မျိုးမြင့်မြတ်မှန် ဇာတိဖန်၍
ပျော်ပြန်ပြည့်ပုံ သီလဂုဏ်နှင့်
ကြိုက်ကြုံကျိုးကံ ကောင်းပေမှန်ရှင့်
စံစစ်စေစား ထိုလူသားကား
မြားမြားမြောင်မြောင် သံဃာ့ဘောင်တွင်
နောင်နုတ်နေနွှယ် ဆိုလောက်ဖွယ်ဘည့်
ကယ်ကယ်ကူကူ ဉာဏ်တော်ထူ၍
ဆူဆူဆုဆု ပန့်ကြောင်းပြုသို့
ခုခုခါချိန် နာရဏိန်နွှယ်
ရှိန်ရှိန်ရွှေရောင် ထွန်းလင်းပြောင်သား
မြားမြောင်မြတ်မြင့် ဂုဏ်ပေါင်းတင့်၏
လွန်လင့်လူ့လည် ဝင့်ဝင့်ထည်သည်—
ဘယ်ဆီရှာ၍တွေ့လိမ့်လော....။

အရှင်နန္ဒော
ဘိပိဋကနိကာယ-မိုးမိတ်။

၁၃၄၆-ခုနှစ် ကျေးဇူးရှင် တိပိဋကဓရဆရာတော်ဘုရားကြီး၏အဘိဓဇမဟာရဋ္ဌဂုရု ပူဇော်သဘင်တွင် ရေးသားပူဇော်အပ်သော

## တောင်းဆုပဌ္ဌာန၊ နှစ်ထပ်ကျော့ပုလဲသွယ် တေးထပ်

အ တုပင် မရှိပ၊
ဘိ ဓမ္မာ့ အဆင်ခြင်ဝယ်၊
ဓ ရသုတ် သိပြီးကြွယ်တယ်၊
ဇ နာအား ရိပ်ဓမ္မတွေ၊
မ အိပ်မနေ ကြွကြွလို့၊
ဟာ ဟာ့တောင်ဓဝမသမ်း၊
ရ ဋ္ဌန့် ဒါနဝေ၊
ဋ္ဌ ဠာနီ့ပြည်ဗွေချွန်၊
ဂု ဂုရုလွန်စွာ့လွန်တယ်၊
ရု ဇကင်းတစ်ရာ့ကျော်အောင်၊

အ သိက ယဉ်ယဉ်၊
ရှင် သခင်ပိုင်သ။
ဝိ နည်းရယ် ကျွမ်းကျင်လွန်းလှ။
စိ တ်ကရှေ့ပြသ။
တ္တ ဖွဖွဟောနေ။
သာ ခွေနွှမ်း သည်းခံ ဒုက္ခ။
ရာ ဇလေ သဒ္ဒါငြိလို့၊
ဘိ သေကသွန်။
ဝံ သမွန်သာကို့နွယ်တော့်လေး။
သ ဘာ့တော်မှာ ဆုတောင်းပါရဲလေး။

အရှင်ဃောသိတ (ရေနံချောင်း)

မေဓာ့ယာဉ်ပျံ မော်ကွန်းကျောင်း
တိပိဋကနိကာယ၊ မိုးမိတ်။

F2

# ကျေးဇူးရှင် မင်းကွန်း တိပိဋကဓရဆရာတော်ဘုရားကြီးအား
# ပူဇော်အပ်သော

## မဟာဂုဏ္ဍာဘိဏ္ဍ၀၊ ထပ်တွန့်၊ ထပ်ကွန့်(၁၀)ပေါ် တေးထပ်

၁။ တစ်ဂုဏ် နှစ်ဂုဏ် ဖုံဖုံဆင့်၊
ရွှေဂုဏ်အမြင့်- ထေရ်ဘုန်းမော်။
ဖွေစုံအရှင့်- နေနှုန်းဖော်လျှင်၊
ဖွေဆုံးမပေါ်-ကုန်နိုင်ဘူး။
(ထက်စွရည်မြ-သကျသီဟ)
အဂ္ဂဘည်စွ-ဝဋ္ဋံသကာကို၊
စံပြတင်ကာ- ဘွဲ့ဘုန်းတော်ရမြူး။ ။

၂။ (အဘိဓဇ - တိပိဋက) ရှိရှိသမျှ
စာပထမပြန်၊
ဘာကွယ်မချန်- ဆွတ်ကာခူး။
ဌာကထာရယ်ပြန်- ထွတ်လှာဖူးမို့၊
ညွှတ်ခါအနူး- ရှိခိုးပူဇော။
(နှုတ်ခြွေရှင်လန်း— အုပ်ရေသွင်ဆန်း)
ဗုဒ္ဓဝင်ရွှေကျမ်း—ဖွေရှာပြုလို့။
နေကမ္ဘာတစ်ခု—ထွန်းသည့်ပမာ။ ။

၃။ (ဇွဲခေတ်ကာ မောက်-ပွဲမြတ်ပ ရောက်)—
နွဲဆင္ဌမြောက်- သင်္ဂါယနာ၊
ပြန်ဖြေလာတာ- ခေါင်အမှူးပ။
နောင်ခါတစ်ဦး- ဤလိုအရှင်၊
ထွန်းဖို့ရှဲမမြင်....။
(တိပိငယ်ပိုက်မှန်း-သိရှိကြွယ်သိုက်နန်း)
တိ=နိကာယ်တိုက်စခန်း-
ထေရ်ဘုန်းရင်ဝယ်
နေနှုန်းသွင်-အစဉ်တင့်လှလေး။ ။

(က) (တက္ကသိုလ်ဖြင့်-စက်ဗဟိုရှင့်)ဘဝင်ပိုမြင့်- ကြွယ်ရင့်သမ္ဘာ၊
ချယ်ဖွင့်ရန်သာ—လိုပြီဖျော့လေး။ ။
(ခ) (သတ္တိစုံရှဲ- ဗျတ္တိဂုဏ်ဒေ့) တတ်သိကုန်ပေ့- ထုံမွှေ့ထေရ်မဟာ၊
ဘုံရေ့မြန်မာ- ကျိုးဆောင်တုန်းမှိုလေး။ ။
(ဂ) (ချမ်းမြသာ....သို့- လှမ်းကြပါ-စို့) လမ်းပြရှာလို့- မိုးသို့ညံ့သည်၊
တိုးလို့မမွှံ—ရိုက်စည်ရွှမ်းလို့လေး။ ။

ပူဇော်သူ
ဂုဏ်သူရိန်ပင်း(နတ်မောက်)
တိပိဋကနိကာယ—မိုးမိတ်ကုန်းမြေ

၁၃၄၇ ခု၊ တော်သလင်းလဆန်း ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅ ရက်တို့၌
ကျင်းပအပ်သော ''မိုးမိတ်စေတီတော်ကြီးများ ၂၅ နှစ်မြောက် ငွေရတုသဘင်''နှင့်
စစ်ကိုင်း+မင်းဝံ+မင်းကွန်း - တောင်ရိုးကြီး သုံးဌာနတို့၌ သီတင်းသုံးနေကြကုန်သော
''ရှင်လေးရှင်''တို့အား သင်္ကန်းနှင့်ဝတ်စုံ ၂၅၀၀ ကျော် လှူဒါန်း ပူဇော်ပွဲ၌
ရေးသား ချီးကျူးအပ်သော—

## ''လူးတားညှပ် ရှစ်ဆယ်ပေါ် ထပ်တွန် တေးထပ်''

မင်းကွန်းတောင်တော် မိုးမိတ်ကုန်း၊ မညိုးမဆိတ်သည်း စေတီတွေ။ တန်ခိုးအပိတ်ဆုံး မွေသရီနေတယ်၊ ရွှေနဒီခြေ ငွေသောင်ဖျား။ ။ချုံနွယ်မြက်တို့ စုံတွယ်ယှက်သမို့ မှုံကွယ်ပျက်လို့ အမိအရဖော်တယ်၊ တိပိဋက ဆရာတော် ရွှေဦးဖော်ခဲ့တကား....။

(လူးတား)၊ ၊မိုးမိတ်ပွဲတော် ပူဇော်ဘိလျှင်း သစ်ဆင်းမာသ သာစွလေ....၊ ခေမာနိဗ္ဗာန်၊ ရည်စိတ်သန်လျက်၊ ဆုပန်ပူဇာ၊ ပွဲတော်မှာကား၊ ထောင့်သုံးရာနှစ်ဆယ့်သုံး (၁၃၂၃)၊ အစဆုံးတည့်....၊ အားလုံးစုပေါင်း၊ သူတော်ကောင်းတို့၊ ညွတ်ပျောင်းကြည်လင်၊ ဇောစိတ်ဝင်၍၊ နှစ်စဉ်နှစ်တိုင်း၊ မတုံ့ဆိုင်းပဲ၊ တူနိုင်းမရ၊ လှူဒါနကို၊ လှူကြမဆုံး၊ ပီတိပုံးလျက်၊ တစ်သုံး လေး ခုနှစ် (၁၃၄၇)၊ သက္ကရာဇ်မှန်စယ်၊ နှစ်ဆယ်ငါးကြိမ်၊ နှစ်လှည့်ကြိမ်တည့်၊ ချီးနှိမ်မာန၊ ဂါရဝဖြင့်၊ ပသာဒ လုလု၊ သူတော်စုတို့၊ ရတုသဘင်၊ ငွေပွဲယင်သည်....၊ မင်္ဂလာ - အခါတော်မြတ်တည့်လေ....၊ တေဇာတည့် ခေါင်ဖျား စေတီများ....။

(တေးထပ်ပြန်ကောက်)၊ ၊မြန်မာပြည်ထဲလွှား အာဇာနည်အများ စံဌာနီတပါး အသိရှိကြောင်း မြော်တယ်၊ တီ-နီ-ကျောင်းတော် လွန်ကျော်ကြား။ ။တိပိ- လောင်း မဟော် အချွန် အတော်များတို့။ တံခွန်အောင်တရား ကျက် ကြံ သင်။ ။စစ်ကိုင်း မင်းဝံ မင်းကွန်းတိုက်၌၊ လင်းထွန်းသိုက်မြိုက် ပျော်မွေ့ သူတော်စင်။ ။

ညီညာဖြိုဖြို စည်ကားလှုလှု ကြည်သာမြမြ ရှင်လေးရှင်ကို၊ အဆင်အသွေးဆင် ပူဇော်ပွဲပ၊ တူပျော်ပျော်နဲ့ သပြေနု မင်္ဂလာဖော်၊ ၊ငွေရတုသဘင်ခါတော်။ ။ထွတ်ဘုံလျှင်မှန်း ညွတ်ဂုဏ်ရှင်သန်း ဝတ်စုံသင်္ကန်း - နှစ်ထောင့်ငါးရာကျော်ကို၊ အခေါင်ထားကာနော် လှူဒါန်းပါလို့လေး။ ။မတရားမဆိုးအောင်ကွယ့်အများအကျိုးဆောင်ငဲ့၊ အမှားအဆိုး ရှောင်ပဲ့ ကမ္ဘာအကျော် ထင်ငယ်၊ ဆရာတော် အရှင် - ရွှေဦးတင်လို့လေး....။ ။

အရှင်ဃောသိတ (ရေနံချောင်း)
ပေဒ္ဓယာဉ်ပျံ ပေါ်ကွန်းကျောင်း
ကံပိဋကနိကာယ၊ မိုးမိတ်

# မင်းကွန်း
# သို့
# မဟာအောင်မြေ

* ကြီးကြီးလေးပါး ထွန်းကားတင့်တယ်
ဂုဏ်မြင့်ထယ် အဘယ်မင်းကွန်း မငယ်
ပါ။

(က) သင်၏ဂုဏ်ကား ဝင့်ငြားလှ၏
အင်္ဂလိပ်အုပ်စိုး ဂုဏ်ကိုချိုးလည်း
မညှိုးမလူး ဇာနည်ဦးဇွန်း
ဖော်ကျူးခြင်းဖြင့် ဘိုးနှင့်ဘွားများ
ကြီးမားရင့်ကျက် ဂုဏ်မြင့်တက်သည်
သည့်အတွက် မင်းကွန်းမငယ်ပါ။

(ခ) သင်၏ဂုဏ်ကား မြင့်မားလှ၏
သိက္ခာမြင့်မား ပတ္တမြားဟု
ထင်ရှားဆရာ တော်များစွာတို့
တည်လာသန္ဓေ မင်းကွန်းမြေသည်
တက်နေပမာ ဂုဏ်ကြီးသည်။

(ဂ) သင်၏ဂုဏ်ကား တင့်ထွားလှ၏
ဟေိပဿ ဂုဏ်ကိုပြ၍
ကျင့်ကြံစမ်းပါ ခုချမ်းသာလိမ့်
ကမ္ဘာသိမ့်အောင် ရှေ့ဆောင်ဖော်ပြ
နည်းအစကို ညွှန်ပြသူမှန်
ဇေတဝန်ဟု ထူးခြွန်ထင်ရှား
သင်၏သားတည်း။

(ဃ) သင်၏ဂုဏ်ကား ပွင့်ကားလှ၏
ကမ္ဘာထင်ရှား လွန်ကြီးမားသည့်
ကြိမ်အားခြောက်ခါ သင်္ဂါယာဝယ်
ကြီးစွာဆုပ်ကိုင် လှုပ်ရှားနိုင်သည့်
ဂုဏ်လိုင်သူကား-
သင့်သားများတည်း
သင့်အားစွမ်းက ကြီးလှသည်။

(င) သင်၏ဂုဏ်ကား ဆင့်ပွားလှ၏
သာသနာ့သန့် တည်တံ့ပြန့်ပွား
သုံးချက်ထား၍ ပူငြားခုခါ
သာသနာ၌ ရရာဂုဏ်ဆုံး
အကုန်လုံးဟု သိကုံးပန်ဆင်
ဂုဏ်ကြီးရှင်မှာ သင့်သားသာတည်း
ကြီးမားလှသည် မင်းကွန်းငယ်။

(စ) သင်၏ဂုဏ်ကား ရင့်ငြားလှ၏
သာသနာ့မူလ အရင်းကျသည့်
ဗုဒ္ဓနှုတ်မြွက် ဓမ္မစက်ကို
ကျွက်ကျွက်အံ့ရွတ် ဂုဏ်မြင့်လတ်၍
ကြီးမြတ်ဆုံးမည် တိ-နိ-နိကာယ်
ကြီးဘိဝယ်လည်း သားငယ်များမှာ
ကြီးမားစွာသည့် ဂုဏ်ဝါပန်ဆင်
ပွဲကြီးယင်၍ သင့်ကိုတင့်တယ်စေကြ
သည်။

(ဆ) အို-ဘယ့် မင်းကွန်း....
ဘုမိနက်သန် သင်မြေမှန်ဘည်း
သင့်တံစဲငြိ သန္ဓေရှိသော်
ကြီးဘိခြင်းရာ ဆက်ဆက်သာတည်း
ရှေးခါကြီးမြင့် ခုကြီးမြင့်၍
ကြီးမြင့်နောင်ခါ လွန်သေချာ၏
ရောကမ်းနှင့် ပနံသင့်သည့်
သင့်ဂုဏ်မြင့်ကြွယ် ကမ္ဘာထယ်သည်
အဘယ်မင်းကွန်း ကြီး လှသည်။

အရှင်ကေသဝ (ရွှေဒဂါး)
ကိပိဋကနိကာယ၊ မိုးမိတ်

# အလှဝေစီ ပန်းဝေစီ ကျောင်းတော်မြေမဟီ

* တောင်တန်းကယ်တဲ့ မှိုင်းပြာရီ
အလွမ်းရင်မှာသီ။

* ကောင်းကျိုးဝေစီ အလှတိုး
တိနိဆိုတဲ့ ကျောင်းဘော်မျိုး။

* ကောင်းကျိုးဝေတဲ့ ထို့ဌာနေ
ရွှေရောင်လွမ်းလို့ အောင်ပန်းဝေ။

* အာဇာနည်တွေ ထွက်ပေါ်ကြ
တစ်တိုင်းပြည်လုံး ဝမ်းသာရ။

* ဘယ်သောခါမှ မမေ့နိုင်
ပီတိတစ်ဖြိုင်ဖြိုင်။

* ကမ္ဘာဆုံးတိုင် [illegible]မေ့
မိုးမိတ်သည်ဝလေ့။

* မိုးမိတ်မင်းရဲ့ စေတီတော်
မိုးကိုထိလု စမ့်ာယ်သော်။

* စက်တော်ရာမှာ မိဖုရား
ပါရမီဖြည့်ဖက်များ။

သူဟိုတွေရဲ့ ကောင်းမှုတော်
တေရ်ရှင် ပြန်ကာပြုပြင်သော်။

ကျောင်းတော်ကြီးပါ
တည်ထောင်ထား
လူနတ်ဦးခိုက် ဖူးထိုက်သား။

* ကျောင်းတော်ကြီးမှာ လွန်သာယာ
မင်းကွန်းတောင်တန်း တစ်နေရာ။

* တည်ထောင်သူမှာ လွန်ကျော်ကြား
တိပိဋက ဆောင်ရှိထား။

* ဂုဏ်ပေါင်းခတဲ့ ထိုအရှင်
ဝိစိတ္တာဟုတွင်။

* နိုင်ငံတော်က ချီးမြှင့်သေး
ရဋ္ဌဂုရုပေး။

* သံသရာကျိုးကို သူရည်မျှော်
တည်ထောင် ထိုကျောင်းတော်။

* ကြည်ညိုလှည့်ပါ လူအများ
နိဗ္ဗာန်တူပျော် သွားစို့လား။ ။

အရှင်ကေလာသ(မြည်)
တိပိဋကနိကာယကျောင်းတိုက်
မိုးမိတ်ကုန်းမြေ
မင်းကွန်း

# တောမြိုင်ခွင်မှ ပန်းဥယျာဉ်

၁။ မြေဆွလို့ ပေါင်းသင်
လိုအပ်ယင်မြေဆွေး။
ပန်းမျိုးစုံမြေမှာကြဲ
အမြဲသာ ရေပေး။

၂။ ပင်နုငယ်ပျိုပျို
စိမ်းစိုစိုသန်လှ။
မြကမ္ဘလာဥယျာဉ်တွင်း
ခင်းထားသလိုပ။

၃။ ရောင်အသွေးစုံစီ
ဖြူနီညိုပြာအရင့်။
နှင်းငွေ့ရည်ပက်ကာဖျန်း
ပန်းတွေကပွင့်။

၄။ ပျားပိတုန်းရွှေလိပ်ပြာ
ဝဲပျံကာ ဝတ်ရည်သုံး။
ပန်းသဟင်း ဆောင်နှင်းဖြန့်
မွှေးအနှံ့မြေအဆုံး။

၅။ လေညှင်းက တသွယ်
ဆောင်သယ်ယူ ပန်းရနံ့။
ထက်နတ်ရွာမကျန်ရ
ဗြဟ္မာ့ပြည်အနှံ့။

၆။ ဥယျာဉ်မှူးလက်ရာ
လန်းဝေဖြာမာလာပန်း။
မြဲအစဉ်ရှေ့သို့ဆက်
တိုးတက်ကြိုးပမ်း။

၇။ ဥယျာဉ်နှင်းခင်လိုက်ရ
မေ့သမျှအကုန်ပြေ။
ပန်းမျိုးစုံမြင်ရတော့
လန်းဆန်းပေါ့ ကိုယ်စိတ်ဘွ။
ပြည်အနှံ့ကြိုင်သင်းဝေ
မင်းကွန်းမြေဌာန။
မြတ်ဆရာရည်ရွယ်ကောင်း
ကျောင်းတိပိဋက။ ။

မြတ်ဆု

အရှင်ဝေပုလ္လ
သန္တေ့ာသဆောင် တိပိဋကနိကာယ
မိုးမိတ်ကုန်းမြေ

# အားမာန် ကျေးဇူး

မြစ်မင်းဧရာ ကမ်းခြေသာဝယ်
သာယာမိုးမိတ် ကျောင်းတော်ရိပ်မှ
နှစ်သိမ့်မွေ့လျော် စားပျော်သောတူ
တူဖော်စုသည့် ညီမျှရှိကာ
တိ-နိ အောင်ပန်း ဆင်ကာလှမ်းမည်
ရည်မှန်းစိတ်ရှိ ရောက်လာဘိ၍
မရိလုံ့လ ရှိချေ၏။

အောင်စေ တိ-နိ ဆင်ကာရှိမှ
အာစရိကျေးဇူး ငါပြုဖူးဟု
ဆိုဖူးသည်အောင်
မှတ်တမ်းဆောင်ကာ
ရှိအောင်ပြုဖို့ လိုသတည်း။

အို....

စာဆိုသောတူ ညီနှောင်စုတို့
ရှိမှုဉာဏ်ရည် ထုတ်ကာသီ၍
မညီထိန ပယ်ရှားပြလျက်
နေ့ရက်မှန်မှန် ဇွဲထက်သန်ဖြင့်
ကောန်မှုချ ကြိုးစားကြကာ
မဆွအောင်ပန်း ဆင်ကာလှမ်းမည်
ရည်မှန်းအားမာန် အကျိုးတည်း။ ။

အရှင်ကောဝိဒ(ထားဝယ်)
တိပိဋကနိကာယ-ဖိုးမိတ်ကုန်းမြေ

# ပုဂံလမ်းမှ နိကာယ်များ

* ပုဂံသမိုင်း အောက်ခြေကိုင်းမှ
ထက်ပိုင်းထစ်ခုတ် ကိုင်ခါလှုပ်မည့်
အနုရုဒ္ဓါ မင်းရာဇာသည်
စာမျက်နှာသစ် ရဲရဲလှစ်ခဲ့....။

* အတိတ်ပုဂံ ဟိုနံရံဆီ
ပြန်လည် ကြည့်သော် ထိုရော်ညှိမျှ
ပိပြင်လှသည်မဆွခိုက်တန့်မျှသာသာ။

* နေဝင်ချိန်ရောက်
တိမ်တောက်သည့်သွင်
သခင်အရည်းကြီး ရှင်မထီးတို့
ပွားစီး တွင်ကျယ်လိုက်ပုံတွေ....။

* ပန်းဦးပန်းဖျား ဆွတ်ယူစားယင်း
အိုင်ဖားကြီးများ စားသာကြ၊
မဇ္ဇ, မစ္ဆ, မန္တရ၊ မေထုန, မံသ,
မ, ငါးစုကျင့်စဉ် နည်းထွင်ကြံထုတ်
ရေငုပ်မီးလှုံ တုံးခုန်ဇယ်ခတ်
ပရိယတ်နဲ့၊
ဗေဒ ယတြာ မန္တာလက်ဖွဲ့
အင်းကွက်ဆေးကု သာသနာပြုတဲ့
သာမုခေါ်စေကြောင်း....။

* နော်ရထာလေး....
ပြည်သူ့အတွေး မှန်ကန်ရေးတွက်
ဆေးခါးတိုက်ယင်း ခေတ်ပြတင်းအား
ဟင်းလင်းဖွင့်လှစ် ကဏ္ဍသစ်ကို
အမြစ်ကစ လှန်ချေပြီ....။

* အရိန္ဒမာ လှံစကြာနဲ့
ဒိသာစုံဆပ် တရစင်ယမ်း
ပတ်မကြမ်းတိုက် ရဟန်းတုယောင်
ဒကာယောင်တို့ နံထောင်အကြား
လှံသွားနဲ့ခတ် မြိုင်ရပ်နှင်ထုတ်
လှုပ်လှုပ်ရွရွ အုံဆူကြွမျှ
သာသနာ့အရေး အသက်ပေး၍
မနှေးဆောင်ရွက်ခဲ့....။

* ပုဂံအာရုံ လွှမ်းခြုံစီမီ
ရောင်နီပျို့သစ် ကဏ္ဍလှစ်၍
ပြည်ချစ်နော်ရထာ မင်းရာဇာအား
သာသနာ့မော်ကွန်း
ကျောက်ထက်ယှွန်းပြီး
ဖော်ညွှန်းစိုက်ထူ ကြချေပြီ....။

* ငယ်ငယ်သွက်သွက်
ချွန်ချွန်ထက်ထက်
ဖျတ်လတ်စွမ်းရည်
စုံပြုမိသည့်
ဇာနည်ယောကျ်ား
ရှာသော်ရှား....။

* ဩော်....
မင်းနော်ရထာ စွမ်းနိုင်ပါပေ့
သာသနာသစ် တိုင်းပြည်သစ်နဲ့
ချန်ရစ်ခဲ့ပြီး မြန်တိုင်းကြီးအား
ခန်းဆီးနောက်ကွယ် အသာဖယ်ကာ
ပြန်လည်ကြည့်စမ်း
အော်မြည် တမ်းလည်း
လာလမ်းကဖြင့် မသာချေပြီ....။

* မင်းနော်ရထာ သင်မလာလည်း
သင်လာသည့်လမ်း ဖြောင့်ညီတန်းရန်
ကြိုးပမ်းတို့မှာ ဘော်သာခွာသို
ဖြူစွာသီလ ဝင်းဝင်းပရန်
နေ့ညမရွေး ပွတ်တိုက်သွေး၏
ဖြူဖွေး စင်ကြယ် အောင်ကြောင်း
ရွယ်သည်
နိကာယ်သာသနာ လင်းချိန်မို့....။

* မင်းနော်ရထာ သင်မလာလည်း
သင်လာသည့်လမ်း ဖြောင့်ညီတန်းရန်
ကြိုးပမ်းတို့များကျောက်တိုင်လားသို့၊
သမာဓိတိုင် အမြဲခိုင်အောင်
မယိုင်နေ့ည ကြိုးလုံ့လနှင့်
မြဲစွာ့စိုက်ထောင် နိကာယ်ဆောင်၏
အခေါင်လူ့နယ် အောင်ကြောင်း
ရွယ်သည်
နိကာယ်သာသနာ ဝင်းချိန်မို့....။

* မင်းနော်ရထာ သင်မလာလည်း
သင်လာသည့်လမ်း ဖြောင့်ညီဘန်းရန်
ကြိုးပမ်းနေ့ဆက် တို့ဆောင်ရွက်ခဲ့
စာကျက်စာကြံ အဓိဋ္ဌာန်နှင့်
အားမာန်ဝင့်ထည် အောင်ကြောင်း
ရွယ်သည်
နိကာယ်သာသနာ ထွန်းချိန်မို့....။

အရှင်နန္ဒာဘာသ(ဥဘတောဝိဘင်္ဂရေ)
သဒ္ဓမ္မမာမက ကျောင်းဆောင်
တိပိဋက နိကာယ၊ မိုးမိတ်

# လှမ်းကြပါစို့ ဘုံနန်းဆီ

## (သို့မဟုတ်)

### ထာဝရသစ်လွင်သည့် ''သံဝေဂဓမ္မ'' လင်္ကာဟောင်း

ရုပ်နာမ်နှစ်ဖြာ ပေါင်းစုလာသည့်
တိုင်ငါသူများ လူ့ရွာသားတို့
ကိုယ်ကားဤနည်း ဖြစ်လိုချည်းမင့်
တနည်းကိုင်ဆွဲ ရှောင်ခွာဘဲသည့်
ဖောက်လွဲတံထွာ ဓမ္မတာကို
ပညာ ဖက်ယှဉ်
မျှော်ထောက်ဆင်လျက်....
ယခုပင်လျှင် မအိုခင်က မျိုးပင်ဒါန
ကြဲစိုက်ချလော့။

ယခုပင်လျှင် မနာခင်က သီလရေအေး
လောင်းထည့်ပေးလော့။

ယခုပင်လျှင် မသေခင်က
သီးပွင့်ဘာဝနာ ခူးဆွတ်ပါလော့။
နှစ်လနေ့ရက် ကိန်းမှတ်တွက်၍
စက္ကန့်ဘယ်ခါ သေရပါလိမ့်
တို့မှာထင်လင်း ရှင်သေမင်းအား
ချိန်းခြင်းအချက် ရေကာတွက်လျှင်
တစက်စမျှ မရှိကြ၍
မမေ့ဘယ်ခါ ဆင်ခြင်ပါမှ
သုံးဖြာလမ်းသွယ် လမ်းနိမ့်ပယ်ပြီး
ထက်ဝယ်ဘက်လမ်း
လျှောက်ကာလှမ်းသည်....
ဘုံနန်း နိဗ္ဗာန် တိုင်အောင်တည်း....။

အရှင် နန္ဒောဘာသ
သဒ္ဓမ္မမာမက ကျောင်းဆောင်
တိပိဋက နိကာယ၊ မိုးမိတ်

၁၃၄၇-ခု၊ တော်သလင်းလဆန်း (၁၁)ရက် (၂၅-၉-၈၅)နေ့
မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋက–နိကာယကျောင်းတိုက်၌
တိပိဋက=နိကာယ သာသနာပြုအဖွဲ့မှ ကြီးမှူးကျင်းပသည့် တိပိဋကဓရ+ဒွိပိဋကဓရ+
ဧကပိဋကဓရ–အရှင်မြတ်များအား ပူဇော်ပွဲတွင် ချီးကျူးဝမ်းမြောက်ကြောင်း
စကားဖြင့် လျှောက်ထားပူဇော်အပ်သော-

## “သပ္ပိတိက ပဋ္ဌာန ဂါထာများ”

ထေရိန္ဒို ဒွိဇယာ သုက္ကာ၊ သုသမေ+ကဇယေ ဇိဝေ။
ဝိန္ဓဓရေန ဘောဓမေန၊ ဝိဘင်္ဂဓာရဏော သုဘော။
ဒိသွာ အဘိပ္ပမောဒိံသု၊ သဇ္ဇနာ ဟိ ယထာ ပုရေ။
မယံ လဘိတု+မိစ္ဆာမ၊ ဇဝံ ဝိတ္တိံ+နုဟာယနေ။

(ဘဒ္ဒန္တေ=သာကိယဇာတ် အရှင်မြတ်တို့ဘုရား....။)ဟိ=ဥပမာဆောင် ထင်အောင် လျှောက်ကြားရပါမူ၊ (ဝါ)လျှောက်ကြားပါမည် အရှင်တို့ဘုရား....။ ပုရေ=အတိတ် ဝေးစွာ ကမ္ဘာဦးကာလ ခါသမယ၌။ သုက္ကာ-သုက္ကေန= ဘော်ငွေရောင် ဝင်းထိန်ထိန် လင်းသည့် လ-မင်းရောင်အောက် ဒုတိယမြောက် အလင်းရောက်သား ရောင်တောက်တင့် တယ် သောက်ရှူးကြယ်ဖြင့်လည်းကောင်း။ ဇိဝေ–ဇိဝေန=သောက်ရှူး ကြယ်အောက် ဒုတိယမြောက် အလင်းရောက်သား ရောင်တောက်တင့်တယ် ကြာသပတေးကြယ်ဖြင့်လည်း ကောင်း။ ဘောမေန=ကြာသပတေးကြယ်အောက် ဒုတိယမြောက် အလင်းရောက်သား ရောင်တောက်တင့်တယ် အင်္ဂါကြယ်ဖြင့်လည်းကောင်း။ သုဘော–သုနက္ခတ္တေန=ထိုမှကြွင်း ထုတ် မှတ်တုတ်မျိုးစုံ အဖုံဖုံဖြင့် ကုန်ဂဏန်းချ ရေမရသည့် များလှဘိတောင်း နက္ခတ် တာရာအပေါင်းဖြင့်လည်းကောင်း။ သုသမံ=အလွန်အကြူး အထူးစင်ကြယ် တင့်တယ် ခြင်းရှိသော။ ထုန္ဒုံ=ယုန်မင်းရိပ်ပုံ တံဆိပ်ဟန်ဖြင့် ရောင်လျှံဖြူဝင်း ထိန်ထိန်လင်းသည့် လ-မင်းရတနာ ငွေစကြာကို။ ဒိသွာ=မျက်ဝါးထင်ထင် တွေ့မြင်ရသည်ရှိသော်၊ (ဝါ)

တွေ့မြင်ရသောကြောင့်။ ဇနာ=နက္ခတ်ကြယ်တာရာ လ-စန်းရတနာတို့ဖြင့် သာယာအေးချမ်း အရောင်လွှမ်းသည်ကို မျှော်မှန်းတောင့်တ အလိုရှိကြပါဘိတောင်း ကမ္ဘာဦးသူအပေါင်းတို့သည်။ အဘိပ္ပမောဒိ သုယထာ=သာယာပေစွ+တင့်တယ်စွ(နှင့်) တို့အလိုဆန္ဒ ပြည့်ပေစွ—ဟု နှုတ်က မြွက်ဖော် ဥဒါန်းတော်ကျူးရအောင် အထူးအားရမ်း စိတ်ရွှင်လန်း၍ ဝမ်းမြောက်နှစ်သက်ကြကုန်သကဲ့သို့။ (ဥပမာနဝါကျတ္တ)

ဇဝံ–တထာ=ပမာထားယူ ထို့အတူသာလျှင်။ ဒွိဇယာ–ဒွိဇယေန=ဝိနည်း+သုတ္တန် ဓမ္မက္ခန္ဓဝယ် အောင်လံလွှင့်ထူ လွှင့်တလူလူဖြင့် မြင်သူတမ်းတ ဘဝင်ချမ်းမြ၍ ရွှင်လန်းအားရလောက်အောင် တောက်ပကွန့်မြူး ဂုဏ်ရောင်လူးသည့် ဂုဏ်ထူးလည္ဍန "ဒွိပိဋကဓရ+ဒွိပိဋကကောဝိဒ အရှင်ဝါယာမိန္ဒတည်း ဟူသော။ သုက္ကာ-သုက္ကေန=ဘော်ငွေရောင်ဝင်း ထိန်ထိန်လင်းသည့် ပေ-မင်းရောင်အောက် ဒုတိယမြောက် အလင်းရောက်သား ရောင်တောက်တင့်တယ် သောကြာကြယ်ဖြင့် လည်းကောင်း။ ကေဇယေ-ကေဇယေန=သုတ္တန်+ဝိနယ သဘာဝ+အာဂုံ နှစ်စုံဘင့်ဆန်း ကောင်းကင်လမ်းဝယ် လန်းဆန်းတောက်ပြောင် အောင်ဂုဏ်ရောင်ဖြင့် အောင်ရောင်ယှက်ကူး အောင်ရည်လူး၍ အောင်မြူးရောင်ထွက် တလက်လက်နှင့်နှစ်သက်ထွန်းပြောင် ပိဋကတ်တစ်ပုံကိုဆောင်တော်မူကြသည့်အရှင်ဉာဏာလင်္ကာရ+အရှင်ဣန္ဒာသဘ+အရှင်ပညာသာမိ+အရှင်ကေသရတို့တည်း ဟူသော။ ဇီဝေ—ဇီဝေန=သောကြာကြယ်အောက် ဒုတိယမြောက်လျှင်ရောင်တောက်တင့်တယ်ကြာသပတေးကြယ်ဖြင့်လည်းကောင်း။ ဝိနယဓရေန=ဝိနည်းထွတ်ခေါင် အာဂုံဆောင်၍ ဂုဏ်ရောင်ထွန်းတောက် အောင်ဂုဏ်ရောက်လျက် ဂုဏ်မြောက်ဝိနယဓရဘွဲ့ရှိငြား အရှင်ကောဝိဒါဘိဝံသ—စသည့် ထေရ်သံဃာအများတည်း ဟူသော။ ဘောမေန=ကြာသပတေးကြယ်အောက် ဒုတိယမြောက်လျှင် ရောင်တောက်တင့်တယ် အင်္ဂါကြယ်ဖြင့် လည်းကောင်း။ ဝိဘင်္ဂဓရဏော-ဝိဘင်္ဂဓရဏေန=ဝိဘင်းနှစ်ဖြာ ဓမ္မကွဲန္ဓာကို နှုတ်+လျှာသွက်သွက် ဉာဏ်ထက်ထက်ဖြင့် ဆတက်ထမ်းပိုး တို့၍ ဆောင်ကြ ဇွဲလုံ့လကြောင့် "ဥဘတောဝိဘင်္ဂ-ဓရ" ဘွဲ့ချီ ဘွဲ့အလီလီဖြင့် စုံညီထိန်ဝင်း ဂုဏ်ချည်လင်းသည့် ဝိဘင်းဆောင်ငြား ထေရ်သံဃာအများတည်းဟူသော။ သုဘော-သုနက္ခတ္တေန=ကောင်းမြတ်ကြည်လင် အရောင်ရွှင်သည့် သန့်စင်ဘိတောင်း နက္ခတ်တာရာ အပေါင်းဖြင့်လည်းကောင်း။ သုသမံ=ပရမ--ပရမာ=လွန်စွာ့လွန်စွာ စုံကာမြင့်ကြွယ် ကောင်းတင့်တယ်တော် မူသော။ ထေရံ=နိကာယပုင်္ဂဝ နိကာယကေသရီ ဂုဏ်အလီလီဖြင့် ချိုမြည်စကား စိတ်ထားမြင့်ကြွယ် တင့်တယ်တော်မူသည့် တိပိဋကဓရမဟာ ထေရ်ဆရာတည်းဟူသော။ ဣန္ဒုံ–သီလ+သမာဓိ+ပညာစနိဝါတ+ခန္တီ ဂုဏ်မဟီနှင့် စုံညီရောင်ဝင်း ထိန်ထိန်လင်းသည့် လ-မင်းစကြာ စန်းရတနာကို။ ဒိသွာ=မျက်ဝါးထင်ထင် ဖူးမြင်ရပါ၍၊ (ဝါ)ဖူးမြင်ရပါသောကြောင့်။ သဇ္ဇနာ=ဆရာဘော်ဘုရား၏-သက်တော်ရှည်ကြောင်း သံဃာအပေါင်း၏ အောင်သရဖူဆောင်းသည်ကို ဖူးတွေ့မြင်လို ကြားလိုကြသည့် တိပိဋက=နိကာယ သာသနာပြုအဖွဲ့နှင့်ပစ္စည်းလေးပါး လှူဖွယ်များကို စိတ်ထားမြင့်မြတ် ပေးလှူလတ်သည့် အရပ်ရပ်နယ်တကာ ရှိကြစွာတောင်း သူတော်ကောင်းတို့သည်။ အဘိပ္ပမောဒိံသု= "ငါတို့ကား လူ့ဘဝ ရတော်စွ၊

တို့အလိုဆန္ဒ ပြည့်ပေစ'' ဟု နှုတ်ကမြွက်ဖော် ဥဒါန်းများကျူးလောက်အောင် အထူးအားရမ်း စိတ်ရွှင်လန်း၍ ဝမ်းမြောက်ကြရပါကုန်ပြီဘုရား....။

ဘဒ္ဒန္တေ=သာကီယဇာတ် အရှင်မြတ်တို့ဘုရား....။ မယံ=ဘုရားတပည့်တော်တို့သည်။ (ဝါ) မယံ=ဆေရ်ဆရာဘုရား၏—သက်တော်ရှည်ကြောင်း သံဃာတော်အပေါင်း အောင်သရဖူဆောင်းသည်ကိုဖူးတွေ့မြင်လို ကြားလိုကြသည့် တိပိဋက=နိကာယသာသနာပြုအဖွဲ့နှင့် ပစ္စည်းလေးပါး လှူဖွယ်များကို ' စိတ်ထားမြင့်မြတ် ပေးလှူလတ်သည့် အရပ်ရပ်နယ်တကာ ရှိကြပါသော တပည့်တော်တို့သည်။

ဝေဝိတ္တိံ=စာအောင်သံဃာ မြောက်မြားစွာနှင့် သက်တော်ထင်ရှား တေရ်ဆရာဘုရားကို မျက်ဝါးထင်လင်း ဖူးမြင်ရခြင်းကြောင့် ဝမ်းတွင်းမဆံ့ ကိုယ်လုံးပြန့်၍ နှံ့စပ်ဖြစ်မှုဤသို့သော နှစ်သက်ဝမ်းမြောက်ခြင်း ပီတိဒေစုကို။ အနုဟာယနေ=နှစ်စဉ် နှစ်တိုင်း။ လဘိတုံ=မချွတ်ကေန် အမှန်ရပါစေခြင်းငှာ။ (ဝါ) ရဖို့ရန်အတွက်။ ဣစ္ဆာမ=ဘောင့်တလင့်ဆို အလိုရှိကြပါကုန်သည် သက်တော်ရှည် အရှင်ကောင်းတို့ဘုရား....။ ။

ဦးကောမုဒိက

တိပိဋကနိကာယ၊ မိုးမိတ်

၂၀၀၆၉

တိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု၊ မင်းကွန်း ဆရာတော်ဘုရားကြီးအား
ရည်ညွှန်း၍ ရေးသားဖွဲ့ဆို ပူဇော်အပ်သော

## ပကတိစရိတ – ဂုဏဝဏ္ဏနာ

## ထောမနာ–ဂါထာ+ပါဠိ+အတ္ထယောဇနာများ။

သာသနာ့ရှေ့ဆောင် ဆရာတော်ကြီးတစ်ပါးက မိန့်ဖူးပါသည်။ "ဘုန်းကြီးတို့က သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်ကို ကြည်ညိုတာဟာ ဘုရားဖြစ်မှ ကြည်ညိုတာမဟုတ်ပါဘူး၊ အလောင်းတော်ဘဝကပင် အင်မတန်မွန်မြတ်လှတဲ့ ပင်ကိုရိုးရာ အကျင့်စရိုက်တို့က စပြီး ကြည်ညိုခဲ့တာပါ"တဲ့။

မိမိလည်း ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ဘုရားကို တိပိဋကစသော ဘွဲ့ထူး ဂုဏ်ထူးတို့မှတပါး ပင်ကိုရိုးရာကပင် ကောင်းမွန်လှသော သဘာဝအကျင့်စရိုက်များကို ရှာကြံ ကြည့်ရှု၍ ကြည်ညိုမှုပွားမိပါသည်။ ကျွန်ုပ်တို့သည် မင်းကွန်း တိပိဋကဆရာတော်ကို ကြည်ညိုလေးစား ဂရုဂါရဝထားနေကြရခြင်းကား တိပိဋကစသော ဘွဲ့ထူး ဂုဏ်ထူးတို့ကြောင့်သာမဟုတ် တိပိဋကဓရမဖြစ်ခင် အလောင်းအလျာဘဝကပင် ချစ်ခင်လေးစား ဂရုဂါရဝ ထားထိုက်သော ပကတိစွမ်းအား၊ ပင်ကိုစရိုက် သဘာဝတရားတို့ကလဲ အတွင်းသန္တာန်၌ စွဲပိုက်တည်ရှိနေသည်ကို ရှုဆင်ခြင်က သဘာဝကျစွာ မြင်ရမည်ဖြစ်ပါသည်။

ပင်ကိုစရိုက်သဘာဝ မူမမှန်သော ပုဂ္ဂိုလ်တို့ကား သဏ္ဌာန်သရုပ်ကို ဟန်ထုတ်၍ အခိုက်အတံ့ ခဏသာ လုပ်နိုင်ကြပေသည်။ အတန်ကြာသော် လုံ့လဇွဲပျော့ အားလျော့ကာ၊ ၎င်းတို့၏ မဟုတ်မမှန် သရုပ်သဏ္ဌာန်ကို အဖန်ဖန်ပင် လှစ်ပြတတ်လွန်းကြပေသည်။ ဆရာတော်ဘုရားကြီးသည် အချိန်ကြာမြင့်စွာ ထိုင်ခြင်း ဣရိယာပုထ်ကို အသုံးပြု၍ ဒကာ-ဒကာမတို့၏ ပူဇော်မှုကို ခံယူရာ၌လည်းကောင်း၊ ရေးကြမ်းကြမ်းနုနု၊ ပရိသတ်များများ နည်းနည်း မရှောင်လွှဲပဲ တရားပွဲကို နွှဲရာ၌လည်းကောင်း ဇွဲလုံ့လကို ဘယ်သောအခါမျှ လျော့ချမထားခဲ့ပေ။

ကေသရာဇာခြင်္သေ့မင်းတို့မည်သည် သားကောင်ကို ဖမ်းယူရာ၌ သေးသေးကြီးကြီး အားသည်းသော ဇွဲလုံ့လကို အခါခါပ်သိမ်းပင် ပြုကျင့်ရိုးလမ်းစဉ်တည်း။ ဤနည်းနှင်နှင် ကျွန်ုပ်တို့၏ ဆရာအရှင်ကိုလည်း မှတ်ယူစွဲသင့်ပေသည်။

တချို့ဒကာ-ဒကာမများက ဆရာတော့်ကို လေးစားချစ်ခင် ပင်ပန်းသည်ကို မမြင်ချင်၍ ကျန်းမာရေးအရ ဘာသာ သာသနာရေးကိစ္စများကို လျော့ချဖို့အကြောင်း လျှောက်ထားသည့်အခါ "သာသနာအစစ်အမှန်နဲ့တွေ့တုန်း အစွမ်းကုန်ကြိုးစားစမ်းပါရစေဦး"တဲ့။ တနည်းအားဖြင့် အထက်တန်းရောက် လျှမ်းလျှမ်းတောက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မွန်တို့မည်သည် ကျောင်း၊ တိုင်၊ ရပ်၊ သွား လေးပါးသော ဣရိယာပုထ်တို့မှစ၍ ထိုပုဂ္ဂိုလ်တို့၏ ပြုလုပ်ဆောင်ရွက်ချက်တိုင်း သာမန်ပုဂ္ဂိုလ်တို့နှင့် မနှိုင်းသင့်အောင် ထူးခြားပြောင်မြောက်လွန်းစွာ၏။

၁။ ။ပူဇာသဝေ မဟာထေရော၊ ကာယေန အာသမံ စရံ၊
ဝသတိ နိသိန္နမ်မ္ပိ၊ ဒေသေတိ အာယုနာ သမံ။

၂။ ။သမာဓိ ဝီရိယမယ၊ သရီရေန ဉဒါဟု နော၊
ဧဝံ ကထံ ပသာဒေမိ၊ ဇော်ဂါ+ဟံ ဣမေဝ စ။ ။

၁။ (မဟာသေရ၊ သီလ သမာ ဓိပညာဟု သိက္ခာသုံးသွယ် အနှစ်တည်သည့် ဂုဏ်ကြွယ်မော်ရှင် မြတ်ထေရ်သခင်ဘုရား။)မဟာထေရော၊ အတ္တာရာ နဝါဒဘား မယှက် မြေးဘဲ လေး-ရှစ်ဒ်သာ ရုပ်မျက်နှာမှ ကျလာမုန်တိုင်း အဟုန်ရိုင်းကြောင့် နိမ့်ရှိုင်းမရှိ ပကတိကျောက်တောင် ကဲ့အယောင်သို့ မြတ်ခေါင်နှစ်တည် မဟာထေရ်သည်။ပူဇာသဝေ၊ မဟာထေရ်ရှင်ကို သဒ္ဓါဝေလွှင်၍ ပဏာဒမဘင်သ ရှင်ပျစ္စာလူ့နယ်၊ အထင်ကရ ယင်ကြရာ ပြုကြွယ်သည့် ခုဝယ်ကြိုက်ကြုံ ဒကာ ဒကာမတို့၏ ပူဇော်ပွဲအစုံစုံ၌။ (ဝါ) တံနိုအစ သာသနာ့တက္ကသိုလ်အထံ ဖရဏာပီတ် ဂွမ်းဆိထိသို့ ရွှမ်းအိရည်စူး သဒ္ဓါဦးဖြင့် ထေရ်ထူး မျက်မှောက် လူဒါန်းရန် စိတ်သန်ရောက်ကြသည့် ဒကာ ဒကာမတို့၏အလို ပူဇော်ပွဲ ရပ်ထိုထို၌။ ကာယေန၊ အမြင်မမှား-အသွင်အားဖြင့် ပါးလျားသေးသွယ် သဘင့်အလယ် မှာ တင့်တယ်မပြတ် ငုံ့ရှယ်လတ်သည့် မြတ်ထေရ့်သမူဟ-ကိုယ်ကာယနှင့်။ အသမံ၊ နှိုင်းညှိတွက်ဆ ဘက်မမျှဟု မြွက်ဟနှုတ်ခွန်း ညွှန်းဆိုသမူ ပြုရလောက်အောင်။ (ဝါ) ကာယေန အသမံ၊ ထေရ်ရှင့်ရုပ်ဟန် သမင္ဘာန်နှင့် လုပ်ရန်ကိစ္စ ယင်းနှစ်ဝကား ဉာဏ နံ့နှေး အမြင်သေးသူတို့ ကြံတွေးမရ ဘက်မမျှဟု မြွက်ဟလောက်အောင်။ နိသိန္နံ၊ ယာ ပိုက်လေးစင်း ရှိပေလျှင်းလည်း ထိုင်ခြင်းကေန် ဣရိယာပုတ်သန်သန်ကို။ စရံ-စရန္တော၊ ကြီးမှုတကျော့ စိတ်မပျော့ဘဲ လောင်းတော်ဇနက်ထုံး စဉ်ကျင့်သုံးလျက်။ ဝသတိ၊ ကောင်းမှုမျိုးကို စိုက်ပျိုးကြရာ လယ်ယာမြေကောင်း ဖြစ်တုံရှောင်းဟု ကြံကောင်းအောက် မေ့ အမလေ့ဖြင့် ရှင်မွေ့ရှည်ကြာ နေနိုင်ပါ၏။ အာယုနာ၊အာယုကပ်သက် သုံးဆဝက်၍ အထက်ရေး လွန်စွာနီးသည့် ကြီးရင့်ကြာရှည် နာမ်ဇီဝိတ ခုကာလနှင့်။ အသမံ၊ "ဝန်နှင့်

ကားအား-လေးနှင့်မြား''ဟု ဆိုထားပေါ်ဟာ ထုံးစဉ်လာကို မှန်းကာဖျက်ချေ ရှုန်းထွက်လေသို့ တွက်ရေမထိုက် ဉာဏ်ဖြင့်နှိုက်လဲ မည်သို့မျှ မလိုက်ဖက်လောက်အောင်။ ဓမ္မံ၊ ဘုရားမြွက်ဖော် ဒေသနာတော် စာအများအပြားမှ အားရဝမ်းသာ စဉ်လုန်းဖြာဖို့ သင့်ရာကြောင်းကျိုး တရားမျိုးကို။ ဒေသေတိ၊ ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ စဉ်ဆက်သာသနာ တည်စိမ့်ငှာဟု ရှည်ကြာသံချို မေတ္တာပိုကာ ဟောဆိုနိုင်ပါပေ၏။ ။

၂။ ဝံ၊ ဤသို့ ခန္ဓာမန္ဓမ်း စဉ်ခန့်ကျန်း၍ ရှင်လန်းဟောမြွက် ထူးခြားသောအချက်သည်။ ကထံ-ဧကေန ကာရဏေန၊ ဘယ်ပုံဘယ်ပန်း ဘယ်ကြောင်းဆန်းကြောင့်။ ဟောတိ၊ ဖြောင့်တန်းမသွေ ဖြစ်ရှိ၍ နေပါသနည်း။ သမာဓိမယသရီရေနနော၊ နိဝရဏဖြစ် ကိလေသည်စ်ကို စစ်ဗစ်တော်လှန် ဖော်မချန်ဘဲ ပဟာန်သတ္တိ-စွမ်းအားရှိလျက် နှမ်းချည့်မယိုင် လွန်ကြံ့ခိုင်မှု အကြောင်းပြုသော် ပေါင်းစုံပြည့် သမာဓိဖြင့် အတ်ပြီးငြားကိုယ်ခန္ဓာအားကြောင့်ပါလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ ဝီရိယမယ သရီရေနနော၊ စကြာသခင် မင်းထိပ်ဘင်၏ ရင်ခွင်ပေါက်ဖွား သားတော်များသည် ဆပ္ပွားလုံ့လ စွမ်းထာမကြောင့် ဝီရိယအတိ စုတည်ရှိသော ကိုယ်၏ပိုင်ရှင် ဖြစ်လေအင်သို့ သုံးခွင်ဉက္ကဌ် စောနေနတ်၏ သြရသ်ထင်ပေါ် မထေရ်ကျော်လည်း ''ပြောသော်ကား လုပ်-မလုပ်မပြော၊ လုပ်မှပြော၏'' သဘောခိုင်ကျည် လုံ့လတည်ရှင့်-ထေရ်၏ရုပ်ဟန် သမုဋ္ဌာန်ကား ထက်သန်ဝီရိယ စွမ်းထာမဖြင့် လုံးပြီးစေ-စုသားလေသောကြောင့်ပါလော။

စ-ဧ ကဒ္ဓေန၊ မည်သို့ဖြစ်စေ ကြော-င်းလှစ်ချေသော် ပေါင်းရစ်ဖွဲ့ကြံ ကောင်းစစ်မှန်ငြား ဧကန်အားဖြင့်။ ဒေဟံ၊ ရှစ်ရပ်ပြည့်လျှံ ဝေးရပ်ဌာန်မှ ရှင့်ထံတော်မှောက် ခဝပ်ရောက်ငြား တပည့်များလျှင် တပါးဝင်မျှော် တပည့်ဘော်သည်။ ဧကဂ္ဂံ၊ လောကမ်တွေ့စုံဝလေ့ကို ထုံးမွှဲ့ခန္ဓီ ပါရမီဖြင့် ဇာနည်ပြင် ကျော်ဖြတ်နှင်၍ ကြည်လင်ငြိမ်သက်၊ မလှုပ်ယှက်သော။ ဂူခမဝ-ဂူမ်ဓေဝ (ဝသနဒေသာကံ) တရားမခြေ တည့်နေမပြတ် မြတ်ဓမ္မကွန်၊ ခြေပြန်သောခါ လွန်စွာနက်ရှိုင်း စံနှိုင်းမယုတ် အားထုတ်ပကတိ၊ ဤနှစ်ချက်တို့-ပြည့်လျက် တည့်မတ်မကွာ မြတ်ဆရာ မဟာထေရ်ကိုပင်။ ပဿဒေမိ၊ တပည့်ရင်၌ ရှင်ဇောဆိုက်၍ ကြုံကြိုက်ခွင့်ကောင်း အရချောင်းကာ နှစ်ထောင်းကြည်ညိုမိ၏ဘုရား။ ။

၁။ အတိဒူရံ မဟာတေရော- ဂိမ္ဗေ ဝတ္တာ+ဂတော ဓမ္မံ၊
အယျာနံ ပုညသမ္ဘာဝံ၊ ဝါယာမိတ္တာ+နုဂစ္ဆာမ။
၂။ ဣတိ ပုညာနိ တုမှာကံ၊ သိဿာနံ ဝိယ ပုညာနိ၊
အာဂဏောတွာ ဗဟုံခေဒိ၊ ဝဒတေ+ဝံ ပဿဒေမိ။ ။

၁။ (မဟာထေရ) သီလ သမာ ဓိပညာဟု သိက္ခာသုံးသွယ် အနှစ်တယ်သည့် ဂုဏ်ကြွယ်မောလျှင် မြတ်ထေရ်သခင်ဘုရား။ မဟာထေရော၊ အတ္တပရာ နှဝါဒဘေး မယှက်မြေးပဲ လေးရှစ်ဒိသာ ရပ်မျက်နှာမှ ကျလာမှန်တိုင်း အဟုန်ရိုင်းကြောင့် နိမ့်ရှိုင်းမရှိ ပကတိကျောက်တောင် ကဲ့အယောင်သို့ မြဲခေါင်နှစ်တည် မဟာထေရ်သည်။ ဂိမှ၊ လောကထုံးတမ်း မဆုံးခန်းသော သုံးခန်းဥတု ရာသီစုတွင် လုလုဂိမာန် နေရှိန်ထန်ပြင်း

ပူဒဏ်ညှဉ်းသည့် မိုး နှင်းကွယ်ပ နွေကာလ၌။ အတိဒူရံ၊ ပျော်စံသာယာ ကျောင်းဝိဟာမှ ထွက်ခွာကြွမြန်း သော်တာစန်းသို့ ဖြောင့်တန်းစင်ဖြူ မြတ်နိဗ္ဗူ၏ ထောက်ကူပစ္စည်း မှီးကြွစေရန် စိတ်ရည်သန်၍ ရပ်ဌာန်လွန်ဝေး မြို့ရွာကျေးတိုင်အောင်။ ဓမ္မံ၊ ဂုဏ်နှင့် အပြစ်အညစ်နှင့် ဖြူတန်းမတူပုံ ကမ်းငူခုံသို့ လှမ်းတူစုံယှက် ဘုံညွန့်ဗွင်းမှ လွန်တက်ဖွယ် ရာ ညွှန့်ချက်သွယ်ဖြာ၍ ကထာငါးမျိုး တရားမိုးကို။ ဝတွာ၊ စွေဖြိုးရွာသွန်း ဟော်မိန့် ညွှန်းပြီး၍။ အာဂတော၊ နေရင်းပျော် စံကျောင်းအရာမ်သို့ တဖန်တုံ့ခေါက် ပြန်ရောက် လာဘည်ရှိသော်။ (မယံ) တပည့်တော်တို့သည်။ အယျာနံ၊ ဘုန်းကံကဲချွန် အရှင်မွန် တို့၏။ ပုညသမ္ဘာဝံ၊ နှုန်းစံလှစ်မည် သုံးတန်စစ်ညီတဲ့ ဘုန်းကံတို့လို ဖြစ်တည်လေအောင် (ဝါ) ဘုန်းကံတို့ကို မိရလေအောင်။ ဝါယာမိတွာ၊ အထူးကြိုးစား လို့လပွား၍။ အနုဂစ္ဆာမ(ဣတိ)၊ သိက္ခာကြီးလဲ မလျှော့ဇွဲဖြင့် အားခဲလိုက်ကြရကုန်၏ ဟု။

၂။ ဣတိ၊ ဤသို့။ တုမှာကံ၊ သာသနာ့ဦးသျှောင်ကြွယ်များနေ့ဝင်စစ် အခေါင် ဖြစ်သော များ ချစ်ထေရ်မော် အရှင် ဆရာတော်တို့၏။ ပုညာနိ၊ နှုန်းနှုန်းမရှိ ထုံးတမ်း အတိ ပြုံးပန်းပြည့်သော အမိကရကောင်းမှု ဘုန်းကံအစုစုတို့ကို။ သိဿာနံ၊ ရှင့်ထံမှီ တွယ် ညွတ်ခနွယ်သည့် များကြွယ်ဘိဖြား တပည့်သားတို့၏။ ပုညာနိဝိယ၊ ရှေးကံထောက် ပင့် ကျိုးပေးတင့်သော အမြင့်ပွင့်လန်း ဘုန်းထူးဆန်းတို့ကဲ့သို့။ (ဝါ)သိဿာနံ ပုညာ- နိဝိယ) စိန်နားကပ်ရောင်ကြောင့် ပါးပြောင်သည်ကို ပါးရောင်ဆင်းဒြပ်ကြောင့် ဝင်းလျှပ် သည့် စိန်ပမာ ဂုဏ်တင်ကာ ပြောကြား စုံလင်စွာ တပည့်သားတို့၏ ရှိထားသည့် ဘုန်းကံ တို့ကဲ့သို့။ ဗဟုံခေဒံ၊ နေပူ လေပူ ရေပူ အဓလေ့ သုံးမျိုးတွေ့ကြောင့် မဟာထေရ်ခန္ဓာ နွမ်းချည့်ပါလျက် များစွာမလန်း ပင်ပန်းခြင်းကို။ အဂဏေတွာ၊ နှလုံးသည်းပွတ် မြတ် ဗေဒထွတ်မှ လွတ်လွတ်စွန့်ပယ်- မွတ်စင်ကြွယ်သား ရင့်ကြွယ်ကာရုဏ် သမ္ဘာဟုန်တို့ အစုံ လိုင်းခတ် လောင်းသိဒ္ဓတ်ဟန် ကောင်းစိတ်သန်ကြောင့် အမှန်သက်ကြွေ တွက်မရေပဲ။ ဝဒတိ၊ ဒေါသ ဣဿာ မစ္ဆေရနှင့် မာနာမသွင်း လွန်သန့်ရှင်းလျက် သံညင်းပျောင်း ငြိမ့် ကိုယ်လုံးစိမ့်အောင် ရွှန်းဖိမ့်မနော မြတ်ရွှေဇောဖြင့် မိန့်ပြောနိုင်ပါ၏။

ဧဝံ၊ ဤသို့ မိန့်ခွန်းညွှန်းဆိုသမှု ပြုနိုင်ပါသော။ (မဟာထေရံ) သီလသမာ ဓိ ပညာဟု သိက္ခာသုံးသွယ် အနှစ်တယ်သည့် ဂုဏ်ကြွယ်မောရှင် မြတ်ထေရ်သခင်ကို။ အဟံ၊ ရှစ်ရပ်ပြည့်လျှံ ဝေးရပ်ဌာန်မှ ရှင့်ထံတော်မှောက် ခဝပ်ရောက်ဖြား တပည့်များတွင် တပါးဝင်မျှော် တပည့်တော်သည်။ ပဿာဒေမိ၊ ရှေ့ကထက်ထူး လွန်ပျော်မြူ၍ စုံဖူး ဝဲယာ လက်ဆယ်ဖြာကို ယှက်ကာအင့်ံ ကြာပဒုံသို့ တုံပဏာမ ပြုမဝတည့်များလှကြိမ် ဖန် ရှင်ဇောသန်၍ ပြန်ပြန်ရွှယ်စူး လွန်ထူးကြည်ညိုမိ၏ ဘုရား။ ။

၁။ အတ္တတ္ထာယ မဟာထေရော၊ ဒုက္ခာပေတိ ပရဋ္ဌနော။
အတ္တနာ ပရဒုက္ခံ ဝ၊ နိစ္စံ ဟိတ္ဝာ သုခေတိစ။

၂။ ဧဝံ ပကတိစရိတာ၊ ပဌ္ဌာယ ဥတ္တမုတ္တမံ၊
ထေရဿာ+ဟံ ဂုဏူပေတံ၊ ဒိသွာ ကာ႞မိ ဇီဝိတံ။ ။

၁။ ။(မဟာထေရ) သီလသမာ ဓိ ပညာဟု သိက္ခာသုံးသွယ် အနှစ်ဘယ် သည့် ဂုဏ်ကြွယ်မောရှင် မြတ်ထေရ်သခင်ဘုရား။ မဟာထေရော၊ အတ္တပရ နှဝါဒဘေး

မယှက်မြေးဘဲ လေးရှစ်ဒိသာ ရပ်မျက်နှာမှ ကျလာမုန်တိုင်း အဟုန်ရိုင်းကြောင့် နိမ့်ရှိုင်း
မရှိ ပကတိကျောက်ဘောင် ကွဲအဲယောင်သို့ မြတ်ခေါင်နှစ်တည် မဟာထေရ်သည်။
အတ္တတ္ထာယ၊ ငါကိုယ် ငါဟာ ငါဥစ္စာဟု လိပ်ပြာတပ်စွဲ မာနခဲဖြင့် ငါပဲကောင်းအောင်
အတ္တဆောင်သည့် မြားမြောင်နက်ကျယ် လောကနယ်မှ လွဲဖယ်ဆန်တက် မဖွဲ့ယှက်ပဲ
သက်သက်မကိုး မိမိအကျိုးငှာ။ ပရံ၊ မိမိမှ ထောက်ဆ-သဘာဝဖြင့် ဓလောကသမုတ်
သက်ရှိရုပ်ဟူ တပါးသူကို။ နောစ ဒုက္ခာပေတိ၊ ကာယကံမြောက် ဆင်းရဲရောက်ရန်
တွေးမကြံနှင့် ဖန်ဖန်စစ်ကြော စိတ်မနောမျှ ပူဇော့်အစဉ် မကပ်ယှဉ်အောင် ရှောင်ကြဉ်
မြဲသွေ့ မဆင်းရဲစေ။ အတ္တနာဝေ၊ သူတော်နှလုံး စဉ်ကျင့်သုံး၍ ပြည့်ဖုံးပါရမီ လာဝသီနှင့်
စာဂီမပြတ် လှန်ပြုတတ်သည့် မိမိကသာ။ ပရဒုက္ခ၊ လောကဓံလေ့ စုံအောင်တွေ့သဖြင့်
မဲ့မေမှုးမှုး သူရူးတစ်မျှ သောကတောင်ထု မျှားစွဲစ၍ လူ့ရွာနတ်ထံ နိဗ္ဗာန်ရောက်
ကြောင်းစရိုက်ကောင်းကို တစောင်းတစေ့ မအောက်မေ့နိုင် နေ့ညချိန်လုံးကြိမ်မီးအုံးသို့
အသုံးမကျ ဆုံးဘဝလား သူတပါးဆင်းရဲများကို။ ဟိတ္တာ၊ တရားကို ခြေပြသလေမှ
တည်နေဆင်းရဲ ပျောက်ရှဲနိုင်မူ ယိုသသူကို ဓမ္မ-ပဒေသ မြွက်ခြေဟလိုက် တရှိုက်မက်မက်
အာသာထက်၍ နှစ်သက်မပြီး လိုပစ္စည်းကြောင့် ထန်သည်းကိလေ သောကပွေလျက် စိတ်
နေဆင်းရဲမြင်တွေ့ဆဲလျှင် မဖဲမခွာ ဖြည့်မြဲသာတည့် ဓမ္မာ+မိသ ထိုနှစ်ဝဖြင့် ဌာနအလိုက်
ယင်းသို့ကိုက်အောင် တိုက်ရိုက်ချက်ချွင်း ပယ်ရှင်းပြီး၍။ သုခေတိစ၊ ကိုယ်နှင့်စိတ်ဝမ်း
ရေတွေ့ပန်းသို့ လန်းလန်းဘက်ကြွ ရှင်ဇောကျ၍ ဒိဋ္ဌမမှ ပရလောကာ နှစ်ဖြာလုံးလုံး
စီးပွားဖုံးအောင် အဆုံးတိုင်ချေ ချမ်းသာလည်းချမ်းသာ စေပါ၏။

၂။ ။ဇဝံ(ဣမိနာ ဝုတ္တပကာရေန) ဤသို့ဆိုပြီး ဝကားအသီးသီးဖြင့်။ ပကတိ
စရိတာ၊ နုနယ်လွန်းလှ ငယ်စဉ်ကလျှင် စွမ်းစအလွန် ပုဂ္ဂိုလ်မွန်ဝယ် အဝှန်ပြည့်အောင်း
ပင်ကိုစရိုက်ကောင်းမှု။ ပဋ္ဌာယ၊ အဦးမူလ ပဓာနမှု အစပြု၍။ ဥတ္တမတ္တမံ၊ သာသနာ့ခေတ်
ဆက်၍ဖြစ်လည်း ဂုဏ်သစ်ရဖို့ မရှိမျှ ံ့အောင် မို့မို့ခေါင်အုပ် ဦးသျှောင်ချုပ်တည့် တိပိဋကာ
အဂ္ဂမဟာ ပဏ္ဍိတာနှင့် တဖြာ အဘိဓဇ မဟာရဋ္ဌဂုရု ပြည်သူ့ဆရာ ဘွဲ့ပုံလွှာထံ မြတ်သည့်
ထက်သာ မြတ်လွန်းစွာသော။ ဂုဏူပေတံ၊ လောကသာရေ ဂုဏ်မြူတေတို့ရှိလေသမျှပေါင်းစု
ကျသို့ ပိုင်သထွတ်ဖူး ဂုဏ်တွေ့ထူးနှင့် ဒေဦ ပြည့်တည် မြတ်ဆရာ မဟာထေရ်ကို။ အဟံ၊
တပည့်တော်သည်။ ဒိသွာ၊ အာရောဂျဂုဏ် ထပ်ပြည့်စုံဟန်ပုံသဏ္ဍာန်ကို ဖန်ဖန်ကြည်နူး
ဖူးမြင်ရ၍။ ထေရဿ၊ သီလသမာဓိပညာဟု သိက္ခာသုံးသွယ် အနှစ်တယ်သည့် ဂုဏ်
ကြွယ်မောရှင် မြတ်ထေရ်သခင်၏။ ဇီဝိတံ၊ သာသနာ့သက် ရှည်စွာဆက်ဖို့ မပျက်မစီး
သည်ခရီးနှင့် သည့်နည်းတိုင်းသာ ဣဒ္ဓိပါဒ မကွာနှလုံး စဉ်ကျင့်သုံး၍ ကပ်ဆုံးတိုင်ထိ
ဇီဝိတရုပ်နာမ်သမဋ္ဌာန်တို့ ဟုတ်မှန်တည်တည် ရှည်နေ့ခြင်းကို။ အာကင်္ခါမိ၊ သာသနာ
လောက ဤနှစ်ဝတွက် ကြပ်မတ်, ဆောင်ထား ဇာနည်ဘွားမဟဲ့၊ ရင်းစားမဲ့ကြောင့်
စိုးရိမ်နှောင့်နှင့် တောင့်တလင့်ဆို လွန်ကြည်ညိုကာအလိုရှိမိ၏ ဘုရား။ ။

အရှင်ဉာဏိက (ဆင်ဖြူကျွန်း)
ဓမ္မရက္ခိတ ကျောင်းဆောင်
တိပိဋကနိကာယ၊ မိုးမိတ်

၁၃၄၇-ခု၊ တော်သလင်းလဆန်း(၁၁)ရက် (၂၅-၉-၈၅)နေ့၊ မင်းကွန်းတောင်ရိုး
မိုးမိတ်ကုန်းမြေ တိပိဋက-နိကာယကျောင်းတိုက် တိပိဋကနိကာယ
သာသနာပြုအဖွဲ့မှ ကြီးမှူးကျင်းပအပ်သည်
ကေပိဋကဓရ ဒွိပိဋကဓရ တိပိဋကဓရဘွဲ့ရ အရှင်မြတ်များအား
ပူဇော်ပွဲတွင် ချီးဖွဲ့လျှောက်ထား ဖတ်ကြားပူဇော်အပ်သော
နာမ၊ ဌာန ဂုဏကိတ္တနာ

# ထုတိဂါထာများ

၁။ ထေရော သုဏာတု မေ ဘန္တေ၊ ဂုဏေ အက္ခာမိ သောတုနံ။
ပဿထ ဝေါ မဟာဝီရ၊ အသ္မိံ ကာလေ ဇယုဿဝေ။

ဘန္တေ၊ နိကာယ်ငါးဖြာ သာသနာ၏ ရောင်ဝါနေဝန်း ထိန်ထိန်ထွန်းအောင် စွမ်းဆောင်နိုင်ကြသော မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရား။ (ဝေါ၊ အရှင်ဘုရား၏။ ဝေါ=တေ၊ ပန်းတိုင်းပွင့်ခဲ့ လန်းဆန်းဝေအောင် မဒသ္မနေ့ည ကြိုလို့လဖြင့် စံပြပြုပြင် ဖန်ဆင်းချင်သည့် ဥယျာဉ်မှူးပုံလျော် အရှင်ဆရာတော်၏။) သောတူနံ၊ မြို့နယ်ရပ်ရွာ ဂိုဏ်းစုံစွာမှ ရောက်လာစုံကြ ပန်းစုံခသည့် ဆရာ့ဥယျာဉ် (မိုးမိတ်ခေါ်သည့်)ဤမြေပြင် ဝယ် အရင်ဆုံးပွင့် အတင့်ဆုံးလှ ဂန္ဓကြိုင်သင်း ပန်းသတင်းကို သေညင်းဆောင်ကြသော စာတော်သင် အရှင့်သားတို့၏။ ဂုဏေ၊ မွှေးပုံ လှပုံ ဂုဏ်ပေါင်းစုံတို့ကို။ အက္ခာမိ၊ အရှင် ဘုရား သိပြီးသားပင် ဖြစ်မည်ထင်လည်း စိတ်တွင်မြတ်နိုး ဆန္ဒနှိုး၍ ရိုးကျိုးလျှောက် ထားပါသည်ဘုရား။ ထေရော၊ ဓမ္မနာဒ နိကာယဟု သံဃာ့ဖခင် ကျေးဇူးရှင်မထေရ်မြတ် သည်။ မေ မမ ဝစနံ၊ တိပိဋက၊ နိကာယဟု သံဃာ့ကိုယ်စား စိတ်ရည်ထား၍ ဉာဏ် အားလျော်စွာ လှရာရွေးသီ အကြောင်းညီအောင် စဉ်စီလျှောက်ထား တပည့်တော်၏ စကားကို။ သုဏာတု၊ ဓမ္မတရား ပွားများနေရာ ချိန်အခါမှ သောတာဒွါရ ဝိထိကျ လျက် သံဃာ့ကျေးဇူးရှင် ရွှေနားဆင်တော်မူပါဘုရား။ မဟာဝီရ၊ သမ္မပ္ပဓာန်လို့လ ဝီရိယနှင့် ပြည့်ဝတော်မူကြသော အရှင်ဆရာတော်ဘုရား။ ဇယုဿဝေ၊ မေးတိုင်းစာပြဲ အောင် အောင်နဲ့ကာ အောင်မြဲအောင်သူ အောင်ဆုယူသည့် ဂုဏ်မူလွှမ်းကျော် ဇာနည်မော်ဟု

ပူဇော်ဖို့ရာ ဂေါပကာတို့ အောင်စွာစီစဉ် အောင်သဘင်ဝယ် (ဝါ) အောင်သဘင်ဖြစ်ပေသော။ အသွိ ကာလေ၊ အောင်သည့်ဆရာ အောင်ဒကာတို့ အောင်စွာပွဲကျင်း အောင်ဆုနှင်းသည့် အောင်ခြင်းစုံစွာ ဤအခါ၌။ သောတာရော၊ စကြာဘုန်းမီး သားကြီးရတနာ ကဲ့ပမာသို့ ပညာရဲရင့် ပွဲလယ်တင့်သည့် ဂုဏ်ဝင့်စရာ စာသင်သား မဟာတို့ကို။ ဝေါ-တုမှေ၊ ခမည်းတော်မြတ် စောနေနတ်တို့သည်။ ပဿထ၊ အောင်ဆုယူဘော် ကိုယ်စီကျော်သည့် ကိုယ်တော်အားလုံး အပြုံးမျက်နှာ ပဒုံမှာကို စုံစွာကြည့်တော်မူကုန်ဘုရား။

၂။ ဝါယာမိန္ဒော အယံထေရော၊ မဟာဝီရော ဒွိပေဋကော။
ဓမ္မုဿဝေ အပ္ပကိစ္စော၊ ဂုဏော ဉာဏော+ထ သုန္ဒရော။

အယံထေရော၊ ထီးဖြူနှစ်လက် ကနက္ကဒဏ် ပလ္လင်ပျံ၌ ကိန်းစံနေတည် ဤမထေရ်သည်။ မဟာဝီရော၊ မပြီးမလျှော့ ဇွဲမပျော့သည့် ကိုယ်တော့်လုံ့လ ဝီရိယကို အားကျဖွယ်ရာ လက်ဖျားခါအပ် ကြီးမားသော ဝီရိယဓာတ်ရှိတော်မူသော။ ဓမ္မုဿဝေ၊ ပထမပြန် ဓမ္မာစရိယ စာမေးပွဲလောက၌။ အပ္ပကိစ္စော၊ မအောင်သေးခင် အောင်ကြေးတင်၍ အောင်မြင်ရန်ကိစ္စ ဆိုထိုက်လှသား အဂ္ဂမဟာအကျော် သိရီပဝရ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ ဘွဲ့မျိုးစုံအရှင်ယူသဖြင့် မြင်သူတို့အံ့စရာ အတန်းတိုင်းအောင်မြင်ပါ၍ ဖြေစရာစာပေကိစ္စ အနည်းငယ်မျှသာ ကျန်ရှိတော်မူပါသော။ ဒွိပေဋကော၊ ခုနစ်နှစ်မျှချိန်ကာလတွင် သာသနာ့ဇာနည် နာမည်အောင် အလီလီဘွဲ့စုံရ အချုပ်ကိုပြရလျှင် "ဒွိပိဋကဓရ+ဒွိပိဋကကောဝိဒ" ဟု ပိဋကထိုနှစ်ပုံကို အာဂုံနှင့်သဘောင် အလုံးစုံဆောင်တတ်ပေသော။ ဝါယာမိန္ဒော၊ သီလ, သုတ, ဝီရိ,ပညာ မြတ်ဆရာကို ခြေရာမပျောက် တူအောင်လျှောက်မည့် ရဲရဲတောက်ဇာနည် အရှင်ဝါယာမိန္ဒ မည်ပါသည်ဘုရား။ အထ၊ အရှင်ဝါယာမိန္ဒ မြတ်ထေရ်မှာတပါး။ ဂုဏော၊ သာသနာ့နယ်ပယ်တွင် တကယ်ပင်ရှားမှုရှား (သ-စ-အ)ထေရ်တပါးမို့ မထေရ်အား-ဘွဲ့ခေါ်လျှင် ကြားရုံပင်-ကျောချမ်းရ 'အလင်္ကာ, ဘိဝံသ' တွေနှင့် ပိဋကတစ်ပုံအောင် သုံးပန်လှဂုဏ်ကိုဆောင်သော။ ဉာဏောစ၊ 'ဝိနယဓရ, ဝိနယကောဝိဒ' ဘွဲ့ဘော်ရသည့် ဆရာတပည့် အရှင်ဉာဏာလင်္ကာရာဘိဝံသသည် လည်းကောင်း။ သုန္ဒရော စ၊ ဉာဏ်, ဝီရိယ, သီလ, သဘော မနောမစောင်း အပြောကောင်း၍ ကောင်းသတင်းဖြစ် အမျှားချစ်ခင် ကောင်းစုံလင်သည့် ကောင်းအင်ဂုဏ်ပြ 'ဒီဃဘာဏက, ဒီဃနိကာယ ကောဝိဒ, ဝိနယဓရ' ဘွဲ့ဘော်ရသည့် အရှင်သုန္ဒရမထေရ်သည် လည်းကောင်း။ ဧတေထေရာ၊ လျှောက်ခဲ့ပြီးငြား ဤမထေရ်သုံးပါးတို့သည်။ တိပိဋကဝိဟာရေ၊ ရန်ကုန်မြို့၌ သမိုက်ထင်ပေါ် တိပိဋကကျောင်းတော်၌။ ဝိဟရန္တိ၊ တိပိဋက ဓရဖြစ်ရန် အဓိဋ္ဌာန်ဖြင့် စိတ်သန်ကြိုးကုတ် ငါ့အားထုတ်ကာ နေကြပါကုန်သည်ဘုရား။

၃။ ပညာသာမိ သုဝဏ္ဏော တော၊ ဣန္ဒာသဘော စ နာယကော။
ကေသရော စ ခေမာစာရော၊ ဝါဒီဝါသိက ကောဝိဒေါ။

ပညာသာမိ စ၊ အာဇာနည်များ ထွန်းကားပေါ်ပေါက် မြို့နတ်မောက်မှ ဂုဏ်တောက်ထင်ပေါ် မထေရ်ကျော်ဟု ဖြေသော်စာမေး ခေါင်းအေးအေးဖြင့် အတွေးပြောင်ပြောင် မေးတိုင်းအောင်၍ အခေါင်ဆွတ်ခူး 'သိရိပဝရ ဓမ္မာစရိယ ဒီဃဘာဏက ဒီဃနိကာယကောဝိဒ' ဘွဲ့ထူးသခင် ပညာသာမိအရှင် လည်းကောင်း။ သုဝဏ္ဏော စ၊ သီလအဆင်း ကောင်းသတင်းကြောင့် တည်ခြင်း၊-- ဓိတိ ဝီရိ ပညာ အစုံပါ၍ ဖြေလှာတိုင်းအောင် စာပွဲဘောင်တွင် အခေါင်ဆွတ်ခူး 'သိရိပဝရ ဓမ္မာစရိယ ဒီဃဘာဏက ဒီဃနိကာယကောဝိဒ ဥဘတောဝိဘင်္ဂဓရ ဘွဲ့ထူးကို ရရှိသော အရှင်သုဝဏ္ဏ လည်းကောင်း။ ဣန္ဒာသဘော စ၊ ဂါထာတစ်ရာ သိမ်အောင်စာတို့ ရေးကာကျမ်းပြုသုတစုံလည်း ပြည့်မှုများစွာ ဘာသန္တရဆောက 'ဓမ္မာစရိယ ဒီဃဘာဏက ဒီဃနိကာယကောဝိဒ' ဘွဲ့တော်သာသည့် ဣန္ဒာသဘအရှင်မြတ် လည်းကောင်း။ တော၊ လျှောက်ခဲ့ပြီးငြား ထိုမထေရ်သုံးပါးတို့သည်။ နာယကော--နာယကဝိဟာရေ၊ မင်းကွန်းတောင်ရိပ် မိုးမိတ်သာစုနာယကကျောင်း ဌာနကောင်း၌။ ဝိဟရန္တိ၊ တိပိဋကဓရ ဖြစ်ရန် အဓိဋ္ဌာန်ဖြင့် စိတ်သန်ကြိုးကုတ် လွန်အားထုတ်ကာ နေကြပါ၏ ဘုရား။ ကေသရော စ၊ သီဟရာဇာ ကေသရာဟု မမာဆိုလောက် ခြသေ့ဟောက်သို့ မကြောက်မရွံ့ နောက်မတွန့်ပါ မေးပုစ္ဆာအား ဖြေဆိုကြား၍ 'သာသနဓဇ ဓမ္မာစရိယ ဒီဃဘာဏက ဒီဃနိကာယကောဝိဒ' ဘွဲ့များရဘိ အရှင်ကေသရ အမည်ရှိသော မထေရ်လည်းကောင်း။ ခေမာစာရော စ၊ တနင်္သာရီ တိုင်းဌာနီမှ ဇာနည်ဘွဲ့ကျော် မထေရ်မော်လျှင် ဖြေသော်မပန်း ပွဲတိုင်းလှမ်း၍ 'ဓမ္မာစရိယ ဒီဃဘာဏက ဒီဃနိကာယကောဝိဒ ဥဘတောဝိဘင်္ဂဓရ' အောင်ပန်းရဘိ အရှင်ခေမာစာရ အမည်ရှိသော မထေရ်လည်းကောင်း။ ဝါဒီဝါသိက ကောဝိဒေါ၊ အထူးစကား နောက်ဆုံးထား၍ လျှောက်ကြားပါမည် ဤမထေရ်သည် ဝါဒီဘက်မှာ အဘိဓမ္မာ၌ ရှင်ပျော်ပိုက်၍ ယူထိုက်နိမိတ် သုံးပုံချိတ်မည် သေချာသည့်ပင် ယခုတင်က 'သိရိပဝရဓမ္မာစရိယ ဒီဃဘာဏက ဒီဃနိကာယကောဝိဒ ဝိနယဓရ' ဘွဲ့တော်ရသည့် ဝါဒီဝါသိက ကောဝိဒမထေရ်လည်းကောင်း။ တော၊ ထိုလျှောက်ခဲ့ပြီးငြား မထေရ်သုံးပါးတို့သည်။ ဣမသ္မိံ ဝိဟာရေ၊ မင်းကွန်းတောင်ရိပ် မိုးမိတ်တိုက်တွင် 'လှယ်လင်, အေဝမ်း, ဝါဒီတန်းခေါ်' ဤကျောင်းတော်၌။ ဝိဟရန္တိ၊ တိပိဋကဓရ ဖြစ်ရန် အဓိဋ္ဌာန်ဖြင့် စိတ်သန်ကြိုးကုတ် လွန်အားထုတ်ကာ နေကြပါကုန်၏ ဘုရား။

၄။ ကာရိတေ သုသ္ဌာစေရေန၊ သုဂန္ဓေ သုသုအာသနေ။
ပူဇယုံ သုဇနာ ဒါနိ၊ သုမနေ သုသုဟာရကေ။

သုသ္ဌာစေရေန၊ အသက်ထက်ပင် သီလခင်၍ ဖြူစင်စေကာ ကောင်းစွာကျင့်ငြား တိပိဋကဓရ ဆရာတော်ဘုရားသည်။ ကာရိတေ၊ သာသနာအတွက် အားထက်ဖွယ်ရာ

မြော်မြင်ကာဖြင့် ကောင်းစွာရည်ဆောင် တည်ထောင် ဖန်ဆင်းအပ်သော။ သုဂန္ဓေ၊ ကောင်းသတင်းဟုန် ကောင်းခြင်းဂုဏ်တို့ လူ့ဘုံမဆံ့ ဘဝဂ်နှံ့အောင် ကောင်းရနံ့ ဆောင်ထသော။ သုသုအာသနေ၊ သဘာဝကောင်း ဌာနကောင်း၍ ကျောင်းကောင်း တိုက်တည် ကောင်းသုံးလီကြောင့် ကောင်းသည့်ရှင်များ နေကောင်းထရားကို မနားကြိုး ကုတ် လွန်အားထုတ်ရာ 'တိပိဋက နိကာယ' ကျောင်းတိုက်မဟာ၌။ ဒါနိ ဣဒါနိ၊ ကောင်းသည့်ရက်မြတ် ကောင်းနက္ခတ်နှင့် ကောင်းခတ်ကြုံရာ ခုချိန်ခါ၌။ သုမနေ၊ ကောင်းသည့်အမြင် ဆင်ခြင်ကောင်းရာ ကောင်းစွာသုံးနှုန်း ကောင်းသောနှလုံး ရှိကြ ပါကုန်သော။သုသုဟ္မာရကေ၊ ကောင်းသောဘုရား ကောင်းစွာကြား၍ သုံးပါးကောင်း ခြင်း ပြည့်တင်းစုံစွာ ပိဋကာကို ကောင်းစွာဆောင်ထား 'အရှင်သိရိန္ဒာဘိဝံသ အစရှိသော တိပိဋကဓရ ဒွိပိဋကဓရ ဧကပိဋကဓရဆွဲရှ' မထေရ်များတို့ကို။ သုဇနာ၊ ကောင်းသော အကြံ မှန်သောအကျင့် မြင့်သောနှလုံး သူတော်ထုံးကို စွဲသုံးမှန်လှ ဂေါပကတို့ ဖြဖြ ညီညာ စုပေါင်းလာ၍ မြို့ရွာဖုံဖုံ ရန်ကုန် မန္တလေး နီးဝေးစုံလှ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့သည်။ ပူဇယုံ၊ ကေမ္ဗုဒ္ဓံ ဒွိမှတ်နှင့် ပဥ္စနိကာ အောင်ပါစေကြောင်း အောင်ဆုတောင်းလျက် အောင်ဆက်နှစ်စဉ် အောင်ပွဲယင်အောင် `အောင်မင်္ဂလာ ထော မနာဖြင့် ကောင်း(အောင်)စွာပူဇော် ကြပါကုန်သည်ဘုရား။ ။

ရေးဖွဲ့ပူဇော်သူ

အရှင်သောမ(ဓမ္မရက္ခိတ)
တိပိဋကနိကာယ၊ မိုးမိတ်

ဖတ်ကြားပူဇော်သူ

အရှင်နန္ဒဝံသ
တိပိဋကနိကာယ ၊မိုးမိတ်

# မကျယ်ပြန့်သေးသော မေတ္တာပို့ဂါထာ (၃)ပုဒ်နှင့် ယင်း၏နိဿယ

"ဦးပဥ္ဇင်းဘုရား၊ ယံဒုန္နိမိတ္တံ သုဘမင်္ဂလဥ္စ ဂါထာ(၃)ပုဒ်ရဲ့အနက်ကို တပည့်တော်များအား ရေးပေးတော်မူခဲ့ပါဘုရား"

ဤကား လွန်ခဲ့သော ၁၃၄၇-ခုနှစ်၊ တပေါင်းလက မင်းကွန်း တိပိဋကနိကာယ ကျောင်းတိုက်အတွက် ဆွမ်းဆန်တော်များ အကြွေး ရေစက်ချပွဲများအဖြစ် လှည့်လည်ဟောပြောရစဉ် ဝါးခယ်မမြို့မှ တိပိဋကနိကာယ အကျိုးတော်ဆောင် ဒကာကြီး ဦးညိမ်း၏ လျှောက်ထားချက်ဖြစ်၏။

"ဦးပဥ္ဇင်းသဘောအလျောက် ထိုဂါထာများကို အနက်ပြန်ဆိုပြီး ဒကာကြီးတို့အား မပေးလိုပါ၊ အနက်ပြန်ဆိုပြီးပါက ကျေးဇူးတော်ရှင် တိပိဋကဆရာတော်ကြီးထံ တင်ပြစိစစ်မှုခံယူ၍ ဆရာတော်စိစစ်ပြီးမှသာ ဒကာကြီးတို့အား ပေးပါမည်"ဟု ဝန်ခံခဲ့၏။

ထိုသို့ ဝန်ခံခဲ့သည့်အားလျော်စွာ မိမိနေရာပြန်ရောက်ပြီး မကြာမီမှာပင် ယံဒုန္နိမိတ္တံ စသောဂါထာ(၃)ပုဒ်ကို အနက်ပြန်ဆိုပြီး ကျေးဇူးတော်ရှင် တိပိဋကဆရာတော်ထံ ဆက်ကပ်၍ တည်းဖြတ်သုတ်သင်မှုကို ခံယူပါသည်။

ဤတွင် ထိုဂါထာ(၃)ပုဒ်၏ ဇာစ်မြစ်ကို တင်ပြပါမည်။ 'ယံဒုန္နိမိတ္တံ အဝမင်္ဂလဥ္စ' စသော ဂါထာ(၃)ပုဒ်ကို ပရိတ်ကြီးပုဗ္ဗဏှသုတ်၏အစ၌ တွေ့မြင်ဖတ်ရှုနိုင်ပါသည်။ ထိုဂါထာ(၃)ပုဒ်၏ အဓိပ္ပာယ်အကျဉ်းချုပ်မှာ မကောင်းသောအတိတ်နိမိတ်,မကောင်းသောအမင်္ဂလာ,မကောင်းသော ငှက်ဆိုးငှက်ယုတ်မာများ၏အသံ,မကောင်းသောဂြိုဟ်စီးဂြိုဟ်နင်းများနှင့် မကောင်းသောအိပ်မက်တို့သည် ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကြောင့် ကင်းစင်လွင့်ပျောက် ပေးရာရောက်ပါစေသတည်း-ဟု ဆိုလိုပါသည်။ ထို့ကြောင့် ဤဂါထာ(၃)ပုဒ်သည် တဘက်သားအပေါ်၌ အကျိုးစီးပွားမဲ့ကို ဖယ်ရှားလိုသော အဟိတာပနယန မေတ္တာပို့နည်းတစ်မျိုးဟု ဆိုနိုင်ပါသည်။

မင်းကွန်း ဓမ္မနာဒကျောင်းတိုက် ဆရာတော် အရှင် ပညာစက္က မဟာထေရ် (တိပိဋက ဆရာတော်၏ ဆရာ)သည် ယံဒုန္န ိမိတ္တံ စသော (၃)ဂါထာကို အပြန်ပြု၍ အောက်ပါအတိုင်း 'ယံသန္န ိမိတ္တံ' စသော (၃)ဂါထာကို ရေးစီရင်တော် မူခဲ့ပါသည်။

''ယံသန္န ိမိတ္တံသုဘမင်္ဂလဉ္စ၊ ယောဝါမနာပေါ သကုဏဿ သဒ္ဒေါ။
သောဘာဂ္ဂဟော သံသုပိနံ သုကန္တံ၊ ဗုဒ္ဓါနုဘာဝေန ဝိပက္ကမေန္တု။''

(နောက်နှစ်ပုဒ်မှာ ဓမ္မာနုဘာဝေန, သံဃာနုဘာဝေန,ဟု ပြင်ဆိုရုံသာထူးပါသည်။)

ဤသို့ဂါထာစီလိုက်သောအခါ ဟိတူပသံဟာရ(သို့မဟုတ်)ဟိတသုခါဝိဂမပတ္ထနာ မေတ္တာ(=တဘက်သားအပေါ်၌ အကျိုးစီးပွားချမ်းသာ များပါစေတော့ဟု လိုလား တောင့်တသော မေတ္တာ)ပို့နည်းတစ်မျိုး ဖြစ်လာလေတော့သည်။ မိမိဆရာ၏ လက်ရာဖြစ် သော ယံသန္န ိမိတ္တံ စသော(၃)ဂါထာကို ကျေးဇူးတော်ရှင် တိပိဋက ဆရာတော်သည် အခါအားလျော်စွာ အမြတ်တနိုး ရွတ်ပွားသရဇ္ဈာယ်လေ့ရှိပါသည်။ ထို့ကြောင့် ဆရာ တော်၏လက်အောက်ရှိ ဓမ္မနာဒ ကျောင်းတိုက်၊ တိပိဋကနိကာယ ကျောင်းတိုက်တို့နှင့် ဆက်နွယ်ပတ်သက်နေကြသော တပည့်သံဃာ ဒါယကာ ဒါယိကာမ အများစုမှာ ထို ဂါထာ(၃)ပုဒ်ကို နှုတ်ဝယ် ဆောင်ထားနိုင်ကြသူ များပါသည်။ သို့သော် ဘယ်ဆရာ တော်၊ ဘယ်မထေရ်ကဖြင့် ထိုဂါထာ(၃)ပုဒ်ကို အနက် ပြန်ဆိုထားသည် ဟူ၍ကား ကြားလည်းမကြားဖူး, တွေ့လည်းမတွေ့ဖူးပါ။

သို့ဖြစ်၍ ဤဆောင်းပါးအစတွင် ဆိုခဲ့သည့်အတိုင်း တိပိဋကဆရာတော်၏ တပည့် ကြီးတစ်ဦးဖြစ်သူ ဝါးခယ်မမြို့မှ ဒကာကြီး ဦးညိမ်းက ယံသန္န ိမိတ္တံ စသော ထိုဂါထာ (၃)ပုဒ်ကို အနက်ပြန်ဆိုပေးပါဟု တောင်းဆိုလျှောက်ထားလာသောအခါ မိမိဘာသာ သင့်သလိုကြည့်၍ ပြန်ဆိုရပါ တော့သည်။ အနက် ပြန်ဆိုခြင်းကိစ္စ ပြီးစီးသော အခါ ရန်ကုန်တိပိဋက ကျောင်းဆောင်မှ အနုနာယကဘုန်းကြီး ဦးသောဘနမှတစ်ဆင့် တိပိဋက ဆရာတော်ထံ တည်းဖြတ် သုတ်သင် ပေးတော်မူပါမည့်အကြောင်း လျှောက်ထား ဆက်ကပ်လိုက်ပါသည်။

အနုနာယကဘုန်းကြီး ဦးသောဘနသည် ဤအရှင်၏ အနက် ပြန်ဆိုချက်များကို ဆရာတော့်ထံ ဆက်ကပ်ပြီး အနီးမှ ထိုင်စောင့်နေစဉ် စေ့စပ် လေးနက်စွာ ဆရာတော် ဖတ်နေသည်ကို မြင်ရ၍ ဆရာတော် တော်တော့်ဂရုစိုက်ဘာပဲဟု အနတွေးပေါက်ကာ သူ ကိုယ်တိုင် တစ်ချိန်ကရေးသားခဲ့ဖူးသော ယံသန္န ိမိတ္တံ စသော(၃)ဂါထာ၏ အနက်ပြန်ဆို ချက်များကိုပါ သွားရောက် ယူငင်၍ ဆရာတော့်ထံ ဆက်ကပ်ပြီး စိစစ်မှု ခံယူသည်ဟု ဆိုပါသည်။

ဦးသောဘနထံမှ ပြန်ကြားစာအရ သိရသည်မှာ ဆရာတော်ကိုယ်တိုင် စေ့စေ့ စပ်စပ်၊ လေးလေးနက်နက်တစ်ကြိမ်ဖတ်ပြီး သူ့ကို(ဦးသောဘန)လည်း တကြိမ် ဖတ်စေ၍ နားထောင်တော်မူပြီးနောက် အောက်ပါအတိုင်း အမိန့်ရှိသည်ဟု ဆိုပါသည်။

"ဦးပဥ္ဇင်း၊ယံသန္တိမိတ္တံဂါထာက ယံဒုန္နိမိတ္တံအဝမင်္ဂလဉ္စ၊ယောစာမနာပေါသကုဏဿ သဒ္ဒေါဆိုပြီး ရှေ့နောက်နှစ်ပါဒလုံး စ-သဒ္ဒါချည်းပဲ အညီထားတယ်၊ဟောဒီ တပည့်တော်တို့ ယံသန္တိမိတ္တံဂါထာကျတော့ ယံသန္တိမိတ္တံသုဘမင်္ဂလဉ္စ၊ ယောဝါမနောပေါသကုဏဿ သဒ္ဒေါ ဆိုပြီး ရှေ့ပါဒက စ-သဒ္ဒါ၊ နောက်ပါဒက ဝါ-သဒ္ဒါ ဖြစ်နေတယ်။ ဒီတော့ မသိတဲ့ပုဂ္ဂိုလ်က ကမ္ဘာတဒေါသ သင့်တယ်လို့ အပြစ်တင်စရာ ဖြစ်လိမ့်မယ်၊ နောက်တစ်ချက်က ဂါထာဟာ ဣန္ဒဝဇီရဂါထာဖြစ်နေတယ်၊ "ဣန္ဒာဒိကာတာဝဇိရာ ဇဂါဂေါ"လို့ ဆန်းကဆိုထားတော့ အဆုံးမှာဂရုရှိရလိမ့်မယ်၊ ယံသန္တိမိတ္တံ သုဘမင်္ဂလဉ္စလို့ဆိုယင် အဆုံးမှာ စ-သဒ္ဒါကလဟု ဖြစ်နေတော့ ပါဒန္တဂရုအဖြစ် ယူယင် ဖြစ်ပေမယ့်၊ သူ့ပင်ကိုကဲ့တည်းက ဂရုရှိယင် ပိုကောင်းဘာပေါ့၊ ဒါကြောင့် ပျက်အစဉ်ပြင်ခဏတဲ့။

ဦးပဥ္ဇင်း၊ တပည့်တော်တို့ ပြင်ကြရအောင်၊ ဒေါသတင်စရာလဲ မဖြစ်အောင်၊ ဆန်းနှင့်လဲ ပိုကိုက်ညီအောင်၊ ရှေ့နောက်နှစ်ပါဒလုံး ဝါသဒ္ဒါချည်းအညီလဲ ဖြစ်အောင်-

'ယံသန္တိမိတ္တံ သုဘမင်္ဂလံဝါ၊ ယောဝါမနာပေါ သကုဏဿသဒ္ဒေါ"

လို့ပြင်လိုက်ပါ၊ ပါဠိမှာကိုပဲ ယံသန္တိမိတ္တံ သုဘမင်္ဂလံဝါ၊ ယောဝါမနာပေါ သကုဏဿသဒ္ဒေါ'လို့ ဦးပဥ္ဇင်းတို့ပြင်ရွတ်ကြ၊ ဦးပဥ္ဇင်းတို့ ရေးထားတဲ့ အနက်တွေမှာလဲ စ-သဒ္ဒါတွေဖြုတ်ပြီး ဝါ-သဒ္ဒါတွေ လဲထည့်ရုံပါပဲ၊ အခြား ပြင်ဖွယ် မလိုပါဘူး"ဟု အမိန့်ရှိကြောင်း သိရပါသည်။

အောက်ပါတို့မှာ ကျေးဇူးတော်ရှင် တိပိဋကဆရာတော် သုံးသပ်စိစစ်ပြီးဖြစ်သည့် ဤအရှင်နှင့် ရန်ကုန်တိပိဋကကျောင်းတော်မှ အနုနာယကဘုန်းကြီး ဦးသောဘန (ဒီဃဘာဏက)တို့၏ အနက်ပြန်ဆိုချက်များ ဖြစ်ပါသည်။ ပညာရှင်များသုံးသပ်ချိန် အဆုံးအဖြတ်ခံသည့် အနေ,ဗဟုသုတလိုလားသူများ ဗဟုသုတတိုးပွားပါစေ,ဟူသော နှစ်လုံးဖြင့် သွင်းရေးသားတင်ပြလိုက်ပါသည်။

## အရှင်သောဘန အနက်ပြန်ဆိုသော ယံသန္တိမိတ္တံဂါထာအနက်

၁။ ယံသန္တိမိတ္တံ သုဘမင်္ဂလံဝါ၊ ယောဝါမနာပေါ သကုဏဿ သဒ္ဒေါ။
သောဘဂ္ဂဟော သံသုပိနံ သုကန္တံ၊ ဗုဒ္ဓါနုဘာဝေန ဝိပက္ကမန္တု။

၂။ ယံသန္တိမိတ္တံ သုဘမင်္ဂလံဝါ(ပ)ဓမ္မာနုဘာဝေန ဝိပက္ကမန္တု။

၃။ ယံသန္တိမိတ္တံ သုဘမင်္ဂလံဝါ(ပ)သံဃာနုဘာဝေန ဝိပက္ကမန္တု။

ယံသန္တိ မိတ္တံဝါ=တွေ့ကြုံမြင်သိ၊ ကြားနှံ့မိက၊ အလိုရှိအပ်၊ နှစ်သက်အပ်၍၊ စိတ်ဓာတ်ရွှင်ပျ၊ ဝမ်းသာရလျက်၊ သုခမင်္ဂလာ၊ ပွားရာပွားကြောင်း၊ အကြင်ကောင်းမြတ်သော တိတ်နိမိတ်သည်လည်းကောင်း။ ယံသုဘမင်္ဂလံဝါ=ကောင်းရာကြောင်းဟိတ်၊ ကောင်းနိမိတ်ကြောင့်၊ ဒိဋ္ဌသုတ၊ မုတအစဉ်၊ အမြင်အကြား၊ အတွေ့အားဖြင့်၊ စိတ်

ထားရှင်ပျ၊ လွန်အားရလျက်၊ သုခလက်ဝေ၊ အကြင်ကျက်သရေ မင်္ဂလာအပေါင်းသည် လည်းကောင်း။ သကုဏာသ=ပျော်ကာမြူးထူး၊ မြည်တွန်ကျူးက အထူးချိုသာ ကြားနာမငြောင်း၊ ဥဒေါင်းကြိုးကြာ၊ အစဖြာသား၊ မင်္ဂလာရှိတောင်း၊ ငှက်အပေါင်း၏။ မနာပေါ=ဒေါသ သောက၊ စသည်မဖုံး၊ စိတ်နှလုံးကို ရွှင်ပြုံးမှုများ၊ တိုးပွားစေဘတ်သော။ ယောသဒ္ဒေါဝါ=ညှင်းသွဲ့ချိုလေး၊ နားဝင်အေး၍၊ ယဉ်ကျေးသာယာ၊ နာပျော်စွာသည့်၊ မင်္ဂလာရှိတောင်း၊ အကြင်အသံအပေါင်းသည် လည်းကောင်း၊ ယော သောဘဂ္ဂဟောဝါ=ကောင်းကျိုးချမ်းသာ၊ မင်္ဂလာ အသွယ်သွယ်၊ ရဖွယ်ထင်ရှား၊ အမှတ်အသားဖြစ်သော၊ အကြင် ဂြိုဟ်ပြောင်းဂြိုဟ်သွား၊ ဂြိုဟ်စားဂြိုဟ်ဝင်၊ လိုအင်ပြီးစီး၊ ကောင်းမြတ်သော ဂြိုဟ်စီးခြင်းသည်လည်းကောင်း။ သုကန္တ =စိတ်လက်ရွှင်စွာ၊ သာယာစုံမက်၊ မမေ့ရက်အောင်၊ အနှစ်သက်ကြီး နှစ်သက်အပ်ပေထသော၊ ယံသံသုပိနံဝါ=ဘုရားစေတီ၊ မွေ့သရီနှင့်၊ တလီရဟန်း၊ လူဒါန်းဖွယ်ရာ၊ ဝတ်စားရှူနှင့်၊ နေရာတဖုံ၊ ကောင်းမျိုးစုံသည့်၊ အာရုံထင်ရှား၊ အကြင် ကောင်းသော အိပ်မက်အစားစားသည်လည်းကောင်း၊ သန္တိ=အမြင်အကြား၊ အတွေ့အားဖြင့်၊ ထင်ရှားပုံသေ၊ ရှိကြပါပေကုန်၏။ တေသဗ္ဗေ နိမိတ္တာဒယော=ထိုကောင်းသော အတိတ်နိမိတ် စသည်တို့သည်။ ဗုဒ္ဓါနုဘာဝေန=ကိုးဂုဏ်သခင်၊ ဘုရားရှင်ကို၊ ကြည်လင်ပြတ်သား၊ အာရုံထား၍၊ ပွားများရသော ဗုဒ္ဓါနုဿတိဘာဝနာ အာနုဘော်တော်ကြောင့်။ ဝိပက္ခံ=အကျိုးပေးခွင့်၊ အခါသင့်လျက်၊ ကောင်းစွာရင့်ကျက်ခြင်းသို့၊ နေ့ပြု ပါပုဏန္တု=မဆိုင်းမတွ၊ ထိုခဏ၌၊ ဆိုက်မြိုက်ပုံသေ၊ ရောက်ရှိကြပါစေကုန်သတည်း။

ဓမ္မာနုဘာဝေန=သွက္ခာတတာ၊ အစလာသည့်၊ ခြောက်ဖြာပေါင်းစုံ၊ တရားဂုဏ်ကို အာရုံပြု၍ဖြစ်သော ဓမ္မာနုဿတိဘာဝနာ အာနုဘော်တော်ကြောင့်။ ဝိပက္ခံ=အကျိုးပေးခွင့်၊ အခါသင့်လျက်၊ ကောင်းစွာရင့်ကျက်ခြင်းသို့။ နေ့ပြု ပါပုဏန္တု=မဆိုင်းမတွ၊ ထိုခဏ၌၊ ဆိုက်မြိုက်ပုံသေ၊ ရောက်ရှိကြပါစေကုန်သတည်း။ ။

သံဃာနုဘာဝေန=သုပ္ပဋိပန်၊အစခံသည့်၊ ကိုးတန်သော ဂုဏ်တော်တို့ကို၊ ကြည်ညိုစိတ်ထား၊ ပွားများရသော သံဃာနုဿတိဘာဝနာ အာနုဘော်တော်ကြောင့်။ ဝိပက္ခံ—အကျိုးပေးခွင့်၊ အခါသင့်လျက်၊ ကောင်းစွာရင့်ကျက်ခြင်းသို့။ နေ့ပြု ပါပုဏန္တု=မဆိုင်းမတွ၊ ထိုခဏ၌ ဆိုက်မြိုက်ပုံသေ ရောက်ရှိကြပါစေကုန်သတည်း။

## အရှင်ယုဇန (ရန်အောင်) အနက်ပြန်ဆိုသော ယံသန္တံမိတ္တံ (၃) ဂါထာနိဿယ။

ယံသန္တံမိတ္တံဝါ = မင်္ဂလာကျက်သရေ၊ အထွေထွေဖြင့်၊ ဖြိုးဝေလျှံဖိတ်၊ အကြင်ကောင်းသော နိမိတ်သည် လည်းကောင်း၊ ယံသုဘမင်္ဂလံဝါ = အမြင်, အကြား, အတွေ့အားဖြင့်၊ သုံးပါးစုံစွာ၊ အကြင်ကောင်းသော မင်္ဂလာသည် လည်းကောင်း၊

သကုဏာဿ = သံသာကျူးဟိတ်၊ ကရဝိက်ကြိုးကြာ၊ စက္ကဝါ ဥဒေါင်း၊ ဥသြစသောငှက် အပေါင်း၏။ မနာပေ ါ = ကြားတိုင်းရှင်ပျ၊ စိတ်ချမ်းသာရာ ရစေတတ်သော။ ယော-သဒ္ဒေါဝ ါ = မဂဓဘာသာ၊ သံစာစာဖြင့်၊ တီတာခွန်းဖွဲ့၊သံစဉ်ခဲ့ျ၍၊နွဲ့တဲ့အဟန်၊မြည်ကျူး သော အကြင်အသံသည် လည်းကောင်း။ ယောသောဘဂ္ဂဟော ဝ ါ = ကြမ္မာစန်းပွင့်၊ က လမ်းသင့်အောင်၊ ထောက်ပင့်ခိုင်ခိုင်၊ ပြုစွမ်းနိုင်ဟု၊ အပိုင်မုချ၊ ယုံကြည်ကြသည့်၊ မိုးဝ ဝေဟင်၊ ထက်ကောင်းကင်မှ၊ ဂြိုဟ်ဝင် ဂြိုဟ်သွား၊ ဂြိုဟ်စား, ဂြိုဟ်ပြောင်း၊ဂြိုဟ်ကောင်း ခိုမှီး၊ အကြွင် သောမဂြိုဟ်စီးခြင်းသည် လည်းကောင်း။ သုကန္တံ = ကောင်းစွာတင့်တယ်၊ နှစ်သက်ဖွယ် ရှိလှသော၊ ယံသံသုပိနံဝ ါ = ဘုရားဖူး တရားနာ၊ ပေးလှူကာဖြင့်၊ ဥစ္စာ ဓနေ၊ ရွှေငွေရသည့်၊ စသောအချက်၊ အကြင်ကောင်းသော အိပ်မက်သည်လည်းကောင်း သန္တိ = လောကတလွှား၊ မြင်တွေ့ကြားသဖြင့်၊ ထင်ရှားမသေ့၊ ရှိကြပါပေကုန်၏။ ဝါ၊ ထုံး အိုးတွင်း၌၊ လက်ကိုစိုက်၍၊ နုတ်လိုက်သည့်ခါ၊ မြင်ရပါသို့၊ လွန်စွာထင်ရှား၊ မြင် တွေ့ကြားသဖြင့်၊ ယုံမှားမသွေ့၊ ရှိကြပါပေကုန်၏။

ခေတ္တသန္တိ မိတ္တာဒယော = မင်္ဂလာကျက်သရေ၊ ထွေထွေစုပေါင်း၊ ထိုနိမိတ် ကောင်းစသည်တို့သည်။ ဗုဒ္ဓါနုဘာဝေန = ဂုဏ်တော်ကိုးချက်၊ အစွမ်းထက်သဖြင့်၊ စက် လောကဓာတ်၊ ထုတ်ချင်းခတ်အောင်၊ လွှမ်းပတ်ကျော်မိုး၊ ဖြိုင်ဖြိုင်ဖြိုးသည့်၊ တန်ခိုးရှိန် စော်၊ မြတ်ဗုဒ္ဓ၏ အနုဘော်တော်ကြောင့်၊ ဝိပက္ကံ = ကောင်းမှုရှင်တွက်၊ ကောင်းကျိုး ဆက်ရန်၊ ရင့်ကျက်ပွားတိုး၊ လွန်ဖွံ့ဖြိုးသည့် အကျိုးတရား၏ အဖြစ်သို့။ ဧန္တု = ယခုလက် ငင်း၊ ချိန်မယွင်းဘဲ၊ ချက်ချင်းတောက်လျှောက် ဆိုက်ရောက်ပါစေကုန်သတည်း။

ဓမ္မာနုဘာဝေန = ဂုဏ်ခိုင်ထွန်းထိ၊ ခြောက်ရောင်ညီးသည့်ပြင်၊ ဝင်းမီးပျော်နေ၊ များဗိုလ်ခြေကို၊ ခေမာသောင်စပ်၊ ဆောင်ယူကပ်၍၊ ဆယ်တတ်ပေသား၊ မြတ်တရား၏၊ ထင်ရှားတေဇော် အာနုဘော်တော်ကြောင့်။ ဝိပက္ကံ = ကောင်းမှုရှင်တွက်၊ ကောင်းကျိုး ဆက်ရန်၊ ရင့်ကျက် ပွားတိုး၊ လွန်ဖွံ့ဖြိုးသည့်၊ အကျိုးတရား၏ အဖြစ်သို့၊ ဧန္တု = ယခု လက်ငင်း၊ ချိန်မယွင်းဘဲ၊ ချက်ချင်းတောက်လျှောက်၊ ဆိုက်ရောက် ပါစေကုန်သတည်း။

သံဃာနုဘာဝေန = အယူသီလ၊ တူညီမျှ၍၊ နဝဂုဏ်ရည်၊ ကိုယ်၌တည်သဖြင့်၊ ပြည်ပြည်ဗိုလ်လူ၊ ခပ်သိမ်းသူတို့ ကြည်ဖြူကိုးစား၊ သံဃာများ၏၊ ထင်ရှားတေဇော်၊ အာနုဘော်တော်ကြောင့်။ ဝိပက္ကံ = ကောင်းမှုရှင်တွက်၊ ကောင်းကျိုးဆက်ရန်၊ ရင့်ကျက် ပွားတိုး၊ လွန်ဖွံ့ဖြိုးသည့်၊ အကျိုးတရား၏အဖြစ်သို့၊ ဧန္တု = ယခုလက်ငင်း၊ ချိန်မယွင်းဘဲ၊ ချက်ချင်းတောက်လျှောက်၊ ဆိုက်ရောက်ပါစေကုန်သတည်း။ ။

အရှင်ယုဇန (ရန်အောင်)

# တိပိဋကနိကာယစာပေကို သင်အံလေ့ကျက်နေသော သူသည် ဗုဒ္ဓနှင့်တွေ့နေသည်

အထက်ပါခေါင်းစဉ်ပါသော သြဝါဒစာတန်းလေးကို တိပိဋကနိကာယကျောင်းတိုက် မိုးမိတ်ကုန်းမြေ အဘိဓေအဘိဓမ္မာကျောင်းပေါ်သို့ ရောက်ရှိပါက ဘုရားဝတ်ပြုပြီး ဟိုဟိုသည်သည် လိုက်ကြည့်လိုက်သောအခါ တွေ့မြင်ရမည် ဖြစ်ပါပေသည်။ ၎င်းစာတန်းလေးကို တွေ့မြင်လိုက်တဲ့အခါမှာ ယိုပုဂ္ဂိုလ်၏စိတ်ဝယ် နိကာယ်စာပေများသည် ဗုဒ္ဓမုက္ခပါဠိတော်မှ ထုတ်ဟမြွက်ဆို ဟောကြားထားသည့် အတွက် ဘုရားရှင်ရဲ့ အဆုံးအမတွေဖြစ်နေ၍ ဘုရားနဲ့ တွေ့နေသည်ဟူသော သြဝါဒမြွက်ဟ ထားခြင်း ဖြစ်ပေလိမ့်မည်ဟု တချို့ပုဂ္ဂိုလ်ရဲ့စိတ်ဝယ် နှစ်သက်ပီတိဖြစ်ပေမည်။ တချို့ပုဂ္ဂိုလ်ကြတော့လည်း ၎င်းစာတန်းလေးကို တွေ့မြင်လိုက်တယ်ဆိုယင် သုတ် အဘိဓမ္မာ ဝိနည်း ဟူသော ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာများ၊ နိကာယ်စာပေများသည် ပရိယတ္တိ သာသနာမည်၏။ 'ပရိယတ္တိယေဝ သာသနဿမူလံ' ဟူသော စကားအရ ပရိယတ္တိသာသနာသည် သာသနာရဲ့ အခြေအမြစ် သာသနာရဲ့ မူလဘူတ ဖြစ်ပေသည်။ ပရိယတ္တိသာသနာ မကွယ်သေးသမျှ သာသနာ မကွယ်သေး။ သာသနာဟူသည် အဆုံးအမဖြစ်လို့မို့ ဘုရားရှင်ရဲ့ အဆုံးအမ မကွယ်မပျောက်သေး။

'ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ

ဒေသိတော ပညတ္တော။ သော ဝေါ မမစ္စယေန သတ္ထာ' ဟူ၍ ရှင်အာနန္ဒာကို ဘုရားရှင်မိန့်ခဲ့သည့်အတိုင်း 'အာနန္ဒာ ငါဘုရားဟောထားသော သုတ်အဘိဓမ္မာဝိနည်းတို့သည် ငါဘုရား ကွယ်လွန်ရာအခါ၌ သင်တို့ရဲ့ဆရာဖြစ်ပေလိမ့်မည်။ ဝါ-ငါဘုရားကိုယ်စား သင်တို့ရဲ့ဆရာ ဖြစ်ပေလိမ့်မည်'ဟု ဟောထားသည့်အတွက် ဘုရားရှင်မကွယ်မပျောက်သေး။ မကွယ်မပျောက်သေးသည့်အတွက် နိကာယ်စာပေ တိပိဋကစာပေများကို သင်အံလေ့ကျက်နေသော သူများသည် ဗုဒ္ဓနဲ့တွေ့နေသည်ဟူသော သြဝါဒကို ရေးသားခဲ့ခြင်း ဖြစ်ပေလိမ့်မည်ဟု စိတ်ဝယ်တွင် ထင်မှတ်မိမည်မှာ ကေန်ဖြစ်ပေသည်။ ဘယ်လိုပဲ ထင်မှတ်ထင်မှတ် အမှန်ကြီး သာဖြစ်ပေလိမ့်မည်။

ဒီစာကန်းလေးကို ရေးသားဩဝါဒပေးခဲ့သော ပုဂ္ဂိုလ်မှာလည်း ပရိယတ္တိစာပေတွင် ထူးချွန်အောင် တတ်မြောက် ကျွမ်းကျင်ထားသော အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မစိုးရိမ် ဆရာတော် ဘုရားဖြစ်လို့မို့ ဆရာတော်သည် ပရိယတ္တိစာပေရဲ့ တန်ဖိုးရှိပုံကို ထုတ်ဖော်၍ ကောက်နုတ်ချက်ချပြီး ဩဝါဒပေးခဲ့ခြင်းသာ ဖြစ်ပေသည်။

သုတ်မဟာဝါ ပါဠိတော်တွင် ဝိပဿီ ဘုရားရှင်သည် ရဟန်းတို့အား
ခန္တီ ပရမံတပေါ တိတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။

နဟိ ပဗ္ဗဇိတော ပရူပဃာတီ၊ နသမဏော ဟောတိ ပရံ ဝိဟေဌယန္တော' ဟုဩဝါဒပါတိမောက်ပေးသနားထားပေသည်။ နိကာယ်စာပေ ပိဋကတ်စာပေကို ကျက်မှတ်နေသော ပုဂ္ဂိုလ်များမှာလည်း ၎င်းစာပေဂါထာလေးကို အမြဲတမ်း ကျက်မှတ်နေရသောကြောင့် သည်းခံမှု တိတိက္ခာဂုဏ်နှင့် ပြည့်စုံပြီးသား ဖြစ်ကြပေသည်။ သူတပါးကို ညှဉ်းဆဲသောသူသည် ရဟန်းမဟုတ်ဟု စာပေအသိဉာဏ် ရှိကြသောကြောင့်လည်း သူတပါးကို မညှဉ်းဆဲကြပါ။ သူတပါးကို ပုတ်ခတ်သောသူသည် ကိလေသာကို ငြိမ်းစေတတ်သော ရဟန်းမည်သည်မဖြစ်နိုင်ဟု ဆိုထားပါသည်။ နိကာယ်စာကျက်နေသော သေတုဇနတို့သည် သူတပါးကို ပုတ်ခတ်ဖို့မနေနေသာ ဤကျောင်း၌ ရဟန်းတို့သည် ချမ်းသာခြင်းရှိပါစေ၊ ရန်မရှိပါစေနှဲ့၊ သတ္တဝါတွေ ချမ်းသာပါစေ၊ ရန်မရှိပါစေနှဲ့၊ ကြောင့်ကြမှုမှ ကင်းကြပါစေဟု အမြဲတမ်းမေတ္တာဘာဝနာ ပို့သနေကြသော ပုဂ္ဂိုလ်များဖြစ်သည့်အလျောက် သူတပါးကို မပုတ်ခတ်ကြပါ။

သဗ္ဗ ပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။

သစိတ္တပရိယောဒပနံ၊ တေံ ဗုဒ္ဓါန သာသနံ။ဟု ဘုရားအဆုံးအမကို သိရှိထားပြီးဖြစ်ကြလို့လည်း ဒုစရိုက် ၁၀ ပါး မကောင်းမှုများကို ရှောင်ရှားပြီး သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကောင်းမှုများကို ပြည့်စုံစေ၍ အဘိဇ္ဈာ ဗျာပါဒ မစ္ဆရိယ လောဘ ဒေါသ မောဟ စသောစိတ်ညစ်ညူးမှု တရားများ ပေါ်ပေါက်လာပါကလည်း သန္တုဋ္ဌိ သလ္လေခ ယောနိသော မနသိကာရ တရားလက်ကိုင်ထားကြပြီး စိတ်ကို ဖြူစင်အောင် ဖန်တီးနေထိုင်ကြလေသည်။

အနူပဝါဒေါ အနူပဃာတော- သူတပါးကို မကဲ့ရဲ့ရဟု ဘုရားရှင် ဩဝါဒကို နှလုံးသွင်းကြလို့လည်း မဒ္ဒိရိုင်ယ်၏ သက်နှံးချုပ်မှု၌ အဖော်သဟဲအဖြစ်သို့ရောက်ခြင်း၊ မထေရ်ကြီးတို့အား ခြေဆေးပေးခြင်း ရှိခိုးခြင်း ယပ်ခတ်ပေးခြင်း အရိုအသေပေးခြင်း အမူ သမ္မုဒါမေတ္တာကာယကံရှိထားပြီး ဖြစ်နေကြသည့်အတွက်ကြောင့်လည်း သူတပါးကို မကဲ့ရဲ့ကြပါ။

နိကာယ်စာသင်သားတို့သည် မဇ္ဈိမနိကာယ် အင်္ဂုတ္တရနိကာယ် ခုဒ္ဒကနိကာယ် သံယုတ္တနိကာယ် ဒီဃနိကာယ် စာပေတွေကို သင်အံလေ့ကျက် မှတ်သားနေသည့်အလျောက် စိတ်ဝယ်သန္တာန်မှာလည်း နူးညံ့ပျော့ပျောင်းချစ်စရာကောင်းလောက်အောင်

ခေါ်မှုပြောမှုမှာ အချင်းချင်း 'ဆရာကြီးဘယ်ကပြန်လာလဲ၊ ပညာရှိကြီး ပါမောက္ခကြီး' စသည်ဖြင့် ချီးမြှောက်၍ ပြောဆိုသော သမ္မုခါ မေတ္တာ ဝစီကံ၊ ငါ့ရှင်ဆရာကြီး ဘယ်သွားလဲ၊ဆရာကြီး ဘယ်ခါပြန်လာမှာလဲ၊ ငါ့ရှင်ဆရာကြီးကို တွေ့ချင်နေတာ'ဟု ပရမ္မုခါ မေတ္တာဝစီကံကလည်းရှိထားပြီး ဖြစ်ကြလေတော့ သူတပါးကို ချုပ်ချယ်မှု စော်ကားမှုမှာလည်း မရှိကြပါ။

ဝိနည်းဒေသနာများကို သင်အံလေ့ကျက်နေကြသောကြောင့်လည်း ပါတိမောက္ခ သံဝရ ပါတိမောက်ကို စောင့်ရှောက်ပြီးသား ဖြစ်နေကြပါသည်။

ဆွမ်း ဆွမ်းဟင်းမှာ မနက်ဘက် တစ်ခါတလေ သုံးခွက်၊ တစ်ခါတလေ လေးခွက်၊ နေ့လယ် တစ်ခါတလေ ငါးခွက်၊ တစ်ခါတလေ ခြောက်ခွက် ပုံမှန်မရှိ ဘုဉ်းပေးနေရစေကာမူ သန္တုဋ္ဌိသလ္လေခ ရှိကြပြီးသားမို့ နည်းတယ် များတယ် ကောင်းတယ် မကောင်းဘူး ပဓာနမထားပဲ မိမိစာပေ ကျက်နိုင်ဖို့သာ အားထား၍ အတိုင်းအရှည်ကို သိပြီး ဘုဉ်းပေးကြပါသည်။

နိကာယ်စာသင်သားတို့သည် မိမိကျောင်းတွင်း၌သာ စာပေကို အချိန်ပြည့်သင်အံလေ့ကျက်နေကြသည့်အလျောက် ဆွမ်းစားကျောင်း အချက်ပေးခေါင်းလောင်းခေါက်မှသာ၊ ဘုရားဝတ်ပြု ခေါင်းလောင်းခေါက်မှသာ မိမိကျောင်းမှဆွမ်းစားကျောင်း၊ ဘုရားဝတ်တက်ကျောင်းပေါ်သို့ စုဝေးရောက်ရှိကြသည့်အတွက် ဒကာဒကာမများ ကျောင်းတိုက်တွင်း ရောက်ရှိလာပါက တချို့ဆို နှုတ်ကပင် သံဃာတွေရှိမှ ရှိကြရဲ့လားဟုထုတ်ဟမြွက်ဆိုရလောက်အောင် ဆိတ်ငြိမ်စွာ စာပေကို နှလုံးသွင်းနေတော် မူကြပါသည်။

ဤသို့လျှင် တိပိဋက စာသင်သား နိကာယ်စာသင်သားတို့သည် တိပိဋကစာပေ နိကာယ်စာပေတွေကို အဝါးဝစွာ သင်အံလေ့ကျက်နေကြသော စာပေရဲ့ တန်ဖိုးကို သိရှိနေကြသော သံဃာတော်များဖြစ်၍ ဝိပဿိဘုရားရှင်၏ ဩဝါဒကထာကို လိုက်နာကျင့်ကြံနေကြသည်။ ဘုရားရှင်နှင့် တွေ့နေသည်ဟု ရေးပါက ပြောဆိုပါက လွန်အံ့မည် မဟုတ်ပေ။

မစိုးရိမ်ဆရာတော်ဘုရား၏ နိကာယ်စာပေကို သင်အံလေ့ကျက်နေသူသည် ဗုဒ္ဓနှင့် တွေ့နေသည်ဟူသော ဩဝါဒကထာသည်လည်း လွန်စွာ နှစ်သက် အားတက်ဖွယ်ဖြစ်သည့်အတွက် တိပိဋကဓရ ဓမ္မ ဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားသည် လွန်စွာ နှစ်ခြိုက်သဘောတော်ပိုက်ပြီး တိပိဋကနိကာယ ကျောင်းတိုက် အဘိဓေ ဗောဓိမဏ္ဍပ ကျောင်းပေါ်၌ ချိတ်ဆွဲထားသည်ကို ၎င်းကျောင်းတိုက်သို့ ဆိုက်မြိုက်စွာ ရောက်ရှိလာသော သပ္ပုရိသနွယ်ဝင် သူတော်စင်တို့သည် အထက်ပါ ဩဝါဒကထာ စာတန်းကလေးကို မြင်တွေ့ရမည်မှာ ကေန် မုချ ဖြစ်ပါပေတော့သတည်း။ ။

အရှင်ပညာဇောတ
သာသနဇောတိကပဝရ ဓမ္မာစရိယ၊ အစိုးရဒီဃဘာဏက
တိပိဋကနိကာယ၊ မိုးမိတ်။

# ကျေးဇူးသိကာ ကျေးဆပ်ကြပါ

ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်စသော လူ့အသုံးအဆောင် ရွှေထည် ငွေထည် ဝတ္ထုပစ္စည်းများကို ကိုင်တွယ်ပြုလုပ်တတ်သည့် လက်မှု အတတ်ပညာရှင် ပုဂ္ဂိုလ်ကို လောကလူတို့က ‘ပန်းထိမ်ဆရာ’ ဟု ခေါ်ဝေါ်ပြောဆိုကြပါသည်။ အဆိုပါ ပန်းထိမ်ပညာရှင်သည် မိမိ၏ ပန်းထိမ်လုပ်ငန်း၌ အတွေ့အကြုံ အလေ့အကျင့် နည်းပါးခြင်းကြောင့် အတတ်ပညာပိုင်းဆိုင်ရာတွင် မလိမ္မာ မကျွမ်းကျင်ပေ။ ပညာ မရင့်ကျက်သေးချေ။ ယင်း ပန်းထိမ်ဆရာသည် အလွန်တရာမှ အပြစ်အနာ အညစ်အကြေး ကင်းစင်၍ တငင်းဝင်း တရှိန်ရှိန် လင်းထိန်တောက်ပသစ်လွင်နေသည့် ဇမ္ဗူရာဇ် ရွှေစင်ရွှေတုံးကို ဆွဲကြိုးလက်ကောက်အဖြစ် စသည် ဖန်တီးပြုလုပ်ငြားအံ့။ ထို ပန်းထိမ်ဆရာ၏ ပညာနုနယ် အလိမ္မာ မကြွယ်မှုကြောင့် ဇမ္ဗူရာဇ် ရွှေစင်၏ ရှိန်ဝင်းထိန်လင်းသောအရောင်များသည် လျော့ပါး ကျဆင်းကာ မှေးမှိန် ကွယ်ပတတ်ကြောင်း-ကဝိဒေသတ္တု မဥ္ဇူသာကျမ်း၌-

"ရွှေဇမ္ဗူရာဇ် မှုန်တုံလစ်လည်း
ပြိန်းညစ်ပန်းထိမ် ပညာသိမ်က
ရောင်မှိန်ခိုးညှို့ ဖြစ်လတ္တံ့တည်း" ဟူ၍ ရေးသားထားသည်ကို တွေ့ရှိဖူးပါသည်။

ဤလင်္ကာကို နိဒါန်းချီ အစပျိုးရခြင်း၏ အကြောင်းကို ရှင်းပါဦးမည်။ လောကကြီး၌ ကြောင်းကျိုးမြော်မြင် အသိပညာရှင်တို့သည် ဆိုလိုသည့် အနက်အဓိပ္ပာယ်ကို ဥပမာနှင့် နှိုင်းယှဉ် ပြဆိုပါလျှင် အလွယ်တကူ သိတတ်ကြောင်း ဗုဒ္ဓ စာပေများ၌ ပရိဘာသာ လာရှိရကား ဤမျှ နိဒါန်းချီ လင်္ကာပျိုးရုံနှင့်ပင် စာရေးသူ ဆိုလိုသည့် အနက်အဓိပ္ပာယ်ကို စာဖတ် ပညာရှင်အပေါင်းတို့ သဘောပေါက် ရိပ်စားမိပြီး ဖြစ်လောက်ပါပြီ။ ပညာရှင်တို့အတွက် ဤမျှနှင့် လုံလောက်သော်လည်း လူတို့ နေထိုင်ရာ လူ့လောကဝယ် ပညာရှင်တို့ချည်းသာ ရှိသည်မဟုတ်ပဲ ပညာဉာဏ် နုံ့နဲ့သော သူများလည်း ရှိသေးသည်မို့ ယင်း ပုဂ္ဂိုလ်များအတွက် အထက်တွင် ဖော်ပြခဲ့သည့်လင်္ကာကို ရှင်းပါဦးမည်။

ဤ စာရေးသူတို့၏ ကျေးဇူးတော်ရှင် ပထမတိပိဋကဓရ ဆရာတော်ဘုရားကို အညစ်အကြေး အလွန်ဘရာကင်းစင်သည့် ဇမ္ဗူရာဇ် ရွှေစင်နှင့်ဥပမာပြုပါရစေ။ စာရေးသူကိုကား ပညာနုံ့နဲ့ ကျွမ်းကျင်လိမ္မာမှု မကြွယ်ဝသေးသောပန်းထိမ်ဆရာနှင့် တင်စား

ချင်ပါသည်။ မှန်ပါသည်။ ဤမျှ လက်ဖျစ်ခတ်တီး အံ့ချီး၍မကုန်နိုင်သည့် ပုဂ္ဂလဝိသေသ ထေရအာဇာနည်၊ ကြည်ညိုကော်ရော်၍ မဝ ဦးခိုက်ပူဇော်၍ အားမရနိုင်သည့် ဆရာတော် ဘုရားကဲ့သို့သော မဟာထေရ်မြတ်ကြီး၏ ဂုဏ်တော် ကျေးဇူးတော်တို့သည် အရောင်မမှိန် ပြောင်ရှိန်ဝင်းသစ် အနာဂတ်အပြစ်ကင်းသည့် ဇမ္ဗူရာဇ် ရွှေစင်ပမာ ရှိနေပါသည်။ ကမ္ဘာပျက်သော်လည်း ဘယ်သောအခါ ပျက်စီး ကုန်ဆုံးလိမ့်မည် မဟုတ်ပဲ၊ အစဉ်ထာဝရ တောက်ပြောင်ဝင်းလက် အသစ်အသစ်ဖြစ်နေမည်မှာ ကေနံပင်။ ယင်းသို့သော ဇမ္ဗူရာဇ်ရွှေစင်ကို စာရေးသူကဲ့သို့သော ပညာနည်းပါး အနုညာတ တပုဂ္ဂိုလ် ပန်းထိမ်သမားက လက်ကောက် ဆွဲကြိုးစသည် ပြုသောဟန်ဖြင့် ချီးကျူးစကား ရေးသားချေမည်ဆိုပါလျှင် ''သူမိုက်ချီးမွမ်း ဂုဏ်နာခွမ်း'' ဖြစ်လိမ့်မည်မှာ ကေနံမလွဲပေ။

သို့အတွက်ကြောင့် ''ချီးကျူးထိုက်သူတို့အား ချီးကျူးစကား ပြောဆိုရေးသားခြင်းသည် ပညာရှိတို့၏ ဓမ္မတာ အသုပ်ဘည်း''ဟုစည်းကမ်းချမှတ်၍ဗုဒ္ဓစာပေ၌ နယပဒေကန့် သတ်ထားခဲ့ ဟန် တူပေသည်။ ဟုတ်မှန်လှပါ၏။ချီးကျူးသူသည် ချီးကျူးရာရောက် ရသဂုဏ်မြောက်အောင် မဖွဲ့ကျူးနိုင်ချေသော် ချီးကျူးရာ မရောက်ရုံမျှမက အချီးကျူး ခံလိုက်ရခြင်းကြောင့် ချီးမွမ်းခံ ပုဂ္ဂိုလ်၏ဂုဏ်သိက္ခာများ တိုး၍ပင် လျော့ပါးကျဆင်းသွားနိုင်ပေသည်။

ထိုသို့ဖြစ်မည်ကို စိုးရိမ် ကြောင့်ကြ ရှိမိပါသောကြောင့် ဆရာတော်ဘုရားကြီးအား အထူးတလည် ဂုဏ်မြောက်အောင် ချီးကျူးခြင်းငှာ မစွမ်းနိုင်သော စာရေးသူသည် မိမိမပိုင်နိုင် မကျွမ်းကျင်သော အမှုကို မပြုပဲ၊ မလွဲ မရှောင်သာသော ချီးကျူးစကားကို သင့်လျော်သောနေရာ၌ သင့်သလို အနည်းငယ်မျှ ရေးသားမည် ဖြစ်ပါသည်။ ဆရာတော်ဘုရားတည်းဟူသော ဇမ္ဗူရာဇ်ရွှေစင်သည် စာရေးသူတည်းဟူသော ပန်းထိမ်ဆရာ မလိမ္မာသူ၏ အကိုင်အဘွယ် မကျွမ်းကျင်မှုကြောင့် ဇမ္ဗူရာဇ်ရွှေစင်၏ ဂုဏ်သိက္ခာများထိပါးခဲ့ပါသော် ဇမ္ဗူရာဇ်ရွှေစင်၏ အပြစ်တစ်စုံတစ်ရာလုံးဝမပါဘဲ လက်ဆော့မိသောစာရေးသူပန်းထိမ်ဆရာ၏ ချွတ်ယွင်းချက် အပြစ်သာ ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ဗုဒ္ဓမြတ်စွာသည် သတ္တဝါ ဟိန္ဒူ ဗိုလ်ဗိုလ်လူတို့၏ အတ္ထ- ဟိတ- သုခ ဟူသော ကောင်းကျိုးသုံးတန်ကို ပြုခြင်းငှာ ဖြစ်ထွန်း ပွင့်ပေါ်လာရ၏ ဟူသည်နှင့် အညီပင် သတ္တဝါများ အတွက် လိုအပ်ချက် မရှိရအောင် အဘက်ဘက်မှ ပြည့်စုံစွာ မိန့်ညွှန်ပြသဆိုဆုံးမထားခဲ့ပါသည်။ ၎င်းဆုံးမစကားထဲမှ အင်္ဂုတ္တရနိကာယ်၊ ပထမအုပ်၊ ဒုက နိပါတ်၊ တတိယ ပဏ္ဏာသက၊ အာသာဒုပ္ပဇဟဝဂ်၊ ဒုတိယသုတ်တစ်ခုကိုအဓိကအခြေခံကာ တင်ပြပါမည်။ဖော်ပြပါ သုတ္တန်၌ ''ရဟန်းတို့၊ လောက၌ ရနိုင်ခဲသော ပုဂ္ဂိုလ်နှစ်ဦးရှိသည်။ ထိုပုဂ္ဂိုလ်နှစ်ဦးကား နံပါတ်(၁)ရှေးဦးစွာ ကျေးဇူး ပြုတတ်သော ပုဗ္ဗကာရီ ပုဂ္ဂိုလ်နှင့် နံပါတ်(၂) သူတပါးပြုဖူးသော ကျေးဇူးကိုသိ၍ကျေးဇူးတုံ့ ပြန်ပြုသော ကတညုတ ကတဝေဒီပုဂ္ဂိုလ်တို့ပင် ဖြစ်သည်။ဤပုဂ္ဂိုလ်နှစ်ဦးကို လောက၌ ရခဲသည်။ ဤသို့ ပြဆိုထားပါသည်။

ပုဗ္ဗကာရီ ပုဂ္ဂိုလ်ကို ရှေးဦးစွာ မရွေးထုတ် စိစစ်ရလျှင် ရတနာသုံးပါးနှင့် မိဘ ဆရာတို့ကို လက်မှန်မဆွ ရှေးဦးစွာ ရွေးထုတ်ရပေမည်။ ယင်းငါးပါးအနက် ဤနေရာ၌ ဆရာအရှင်ကို ပဓာနထား၍ ရေးလိုပါသည်။ လူ့ဘောင်လောက၌ မိဘနှင့် သားသမီး၊ ဆရာနှင့်တပည့်ဟူ၍ အမှီခိုခံနှင့် မှီခိုသူတွဲလျက် ရှိကြသည်။ မိဘများသည် သားသမီးတို့၏အပေါ်၌ အာပကတူး ရှေးဦးစွာ ကျေးဇူးပြုထားသူ။ ကျေးဇူးရှိသူ။ ကျေးဇူးရှင် ပုဗ္ဗကာရီ ဒုလ္လဘ ပုဂ္ဂိုလ်ဖြစ်သကဲ့သို့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ (တစ်နည်း) ဝိနယပိဋက ဗုဒ္ဓစာပေတွင်လာသော ပဗ္ဗဇ္ဇာစရိယ စသော သရောငါးမျိုးတို့သည် မှီခိုသူ တပည့်အပေါင်းတို့အား အနုဂ္ဂဟနှစ်ခွတွဖြင့် လိုလေသေး မရှိစေရန် ရှေးဦးစွာ အထူးပင် ကျေးဇူးပြုကြသည့် ကျေးဇူးရှင် ပုဗ္ဗကာရီ ဒုလ္လဘ ပုဂ္ဂိုလ်များ ဖြစ်ပါသည်။

သားသမီးတို့သည် မိဘများ၏ မိမိတို့အပေါ်တွင် တင်ရှိနေသော ကျေးဇူး ဥပကာရကို သိမြင်ကာ တုံ့ပြန်ပေးဆပ်မည်ဆိုပါက ကတညုတ ကတဝေဒီပုဂ္ဂိုလ်စာရင်း ဝင်ဖြစ်သည့်နှယ် တပည့်တို့ကလည်း ဆရာသခင် ကျေးဇူးရှင်တို့၏ မိမိတို့အပေါ် ပြုထားခဲ့ ဖူးသော ဂုဏ်ကျေးဇူးကို သိမြင်အောက်မေ့ကာ အခွင့်သာလျှင် သာသလို စစ်မှန် သောနည်းလမ်း၊ ဆရာအရှင်တို့ ကြိုက်နှစ်သက်သော ပုံစံဖြင့် တုံ့ပြန် ပေးဆပ်ပါက ကတညုတ ကတဝေဒီ လူရည်မွန် ပုဂ္ဂိုလ်ချွန်ဖြစ်၍ သဗ္ဗညုမြတ်စွာ ချီးမွမ်းတော် မူပါ သည်။ အဖြောင့်ဆိုရသော် ဆရာသမားတို့သည် ရှေးဦး ပထမ ကျေးဇူးပြုသူ ပုဗ္ဗကာရီ ပုဂ္ဂိုလ်ဖြစ်ပြီး တပည့်များသည် ကျေးဇူးသိ၍ ကျေးဇူးတုံ့ပြန်ပြုရမည့် ကတညုတ ကတ ဝေဒီ ပုဂ္ဂိုလ်တို့ဖြစ်လေသည်။ ထိုသူနှစ်ဦးတွင် ပုဗ္ဗကာရီ ပုဂ္ဂိုလ်တို့သည် လောက၌ ကြွေး မြီချေးငှားတတ်သူနှင့်တူ၍ ကတညုတ ကတဝေဒီ ပုဂ္ဂိုလ်တို့သည် ကြွေးမြီယူသူနှင့် တူပေ သည်။ ကြွေး ယူ ထား သူ သည် ပေးဆပ်နိုင်လျှင် ပေးဆပ်၍ မပေးဆပ်နိုင်ချေကလည်း "တစ်နေ့ ကြွေးကျေအောင် ငါပေးဆပ်ရဦးမည်"ဟု အောက်မေ့ နှလုံးထားရသည်။

ဆက်၍ရေးပါဦးမည်။ စာရေးသူတို့၏ ကျေးဇူးတော်ရှင် အာဒိကမ္မိက တိပိဋကရေ ဆရာဘော်ဘုရားကြီးသည် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံအတွင်း မှီတင်း နေထိုင်ကြသော ဗုဒ္ဓဘာသာနွယ်ဝင် ရဟန်းရှင်လူ ပြည်သူအားလုံးတို့၏ အပေါ်၌ အနည်းနှင့်အများ ကျေးဇူးပြုထားသူ ပုဗ္ဗကာရီ ကျေးဇူးရှင်ကြီးဖြစ်သည်ကို အထူးချဲ့ ထွင် ဖော်ပြရေးသားစရာ မလိုတော့အောင်ပင် ပြည်သူအားလုံး သိရှိပြီး ဖြစ်ပါသည်။ သာဓုညတွေးကြည့်ရုံနှင့် အလွယ်တကူ သိနိုင်သော အချက်ပါပေ။ သို့ပင်ဖြစ်လင့် ကစား အမြွက်မျှ ဖော်ပြလျှင် ပို၍ သင့်လျော်မည် ထင်သောကြောင့် သိသာရုံမျှ ဖော်ပြ ပါဦးမည်။

ဆရာတော်ဘုရားကြီးသည် တိပိဋကရေ အောင်ပန်းကို မဆွတ်လှမ်း၊ မရယူမီ ခပ် စောစောပိုင်းမှစတင်၍ ယခုအချိန်ထိတိုင်နှစ်ပေါင်းများစွာ ကျမ်းဂန်များရေးသားခြင်း၊ တနိုင်ငံလုံးလှည့်လည်၍ တရားဓမ္မဟောကြားခြင်း၊ နိုင်ငံတော်သာသနာသန့်ရှင်း တည်တံ့ ပြန့်ပွားရေးကိစ္စရပ်များ၌ အားသွန်ခွန်စိုက် မနားမနေလုပ်ကိုင်ဆောင်ရွက်ခြင်း နိုင်ငံတော် ပရိယတ္တိ သာသနာ့ဘဏ္ဍာကိုလ် တည်ထောင် ဖန်ဆင်းနေဆဲဖြစ်ခြင်း၊ မင်းကွန်းတောင်ရိုး

မိုးမိတ်ကုန်းမြေ၌ တိပိဋက-နိကာယ စာသင်တိုက်ကြီးကို ဖန်ဆင်း၍ တိုင်းသာသနာ စည်ပင်ပြန့်ပွား ထွန်းကားအောင် ဆောင်ရွက်ခြင်း၊ စာသင်ကျောင်း၊ ဆေးရုံ ဆေးခန်း များကို ဆောက်လုပ်လှူဒါန်းခြင်း စသောအားဖြင့် ဖော်ပြ၍မကုန်နိုင်အောင် အထူးပင် များပြားလှစွာ ကျေးဇူးပြုထားပြီး ကျေးဇူးပြုနေဆဲ ဖြစ်ပါသည်။ ဤသို့ ဆိုပြရခြင်း သည်ကား ဆရာတော်ဘုရားကြီးအား နိုင်ငံတစ်ဝန်းလုံးရှိ လူ ရှင် ရဟန်း အားလုံး၏ ပုဗ္ဗကာရီပုဂ္ဂိုလ် ကျေးဇူးရှင်ကြီးအဖြစ် ကြည်ညိုဖူးမြော်နိုင်စေရန် ရည်သန်လျက် တစေ့ တစောင်း မီးမောင်းထိုး ညွှန်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ပဋ္ဌာန်းနည်းဖြင့် စစ်ကြောဝေဖန်လျှင် ရန်သူသည်ပင် မိမိ၏ကျေးဇူးရှင်ဖြစ်သေး ပါက သာသနာ ဘာသာရေးအတွေ့ယှေ့တို့၌ စွမ်းမြို့မီးတမံ-ပြင်းထန်သော ဝါယာမ ဥဿာဟတို့ဖြင့် ဇွဲလုံ့လ မလျော့ဘဲ ထာဝရ ကြိုးပမ်း ဆောင်ရွက်နေသော ဆရာတော် ဘုရားကို အဘယ်မှာလျှင် ပုဗ္ဗကာရီးကျေးဇူးရှင် မဟုတ်ဟု ဆိုနိုင်ပါအံ့နည်း။ ပုဗ္ဗကာရီ မမည်ဘဲ ရှိတုံအံ့နည်း။ ပုဗ္ဗကာရီပုဂ္ဂိုလ် စင်စစ် ဝေကန် အမည်ရထိုက်ခြင်းကား မှန်လှ သည်သာ။

အထူးသဖြင့် စာရေးသူတို့၏ မင်းကွန်းဟောင်းရိုး၊ မိုးမိတ်ကုန်းမြေ တိပိဋက နိကာယကျောင်းတိုက်ကြီးနှင့် ဓမ္မနာဒကျောင်းတိုက်ကြီး နှစ်တိုက်တို့တွင် သပ္ပါယလေးလီ ညီစွာဖြင့် သီတင်းသုံးနေထိုင်လျက်ရှိကြသည့် နောင်တော်ညီတော် သမဂ္ဂသီတင်းသုံး ဖော်အားလုံးတို့၏ ကျေးဇူးရှင် ပုဗ္ဗကာရီ အတိဒုလ္လဘပုဂ္ဂိုလ်ကြီး စင်စစ် ဝေကန်အမှန် ဖြစ်တော်မူပါသည်။ ဗုဒ္ဓချီးမွမ်းတော်မူသော လောက၌ ရခဲသည့် အစပကတူး ရှေးဦး အနေဖြင့် ကျေးဇူးပြုသော နံပါတ်(၁)ပုဗ္ဗကာရီ ဖြစ်ကြီးဖြစ်တော်မူပါ၏။

အဘယ့်ကြောင့် လက်မှန်မဆွ ကျေးဇူးအထူးပြုထားသူ ဖြစ်ပါသနည်းဟု အမေး ပုစ္ဆာ ဝင်လာငြားအံ့။ ဖြေဆိုပါမည်။ ဆရာတော် ဘုရားကြီးသည် ၎င်း ကျောင်း တိုက်ကြီးနှစ်တိုက်ရှိ တပည့်သံဃာအပေါင်းအား အစဉ်ထာဝရ ဆွမ်း၊သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးရပ်ဖြင့် ချီးမြှောက် ထောက်ပံ့ခြင်း၊ ကြိမ်ဖန်များစွာ ဆုံးမ ဩဝါဒ ပေး၍ ချီးမြှောက်ခြင်းဟူသော ချီးမြှောက်ခြင်းနှစ်မျိုး ဖြင့် လည်းကောင်း၊ ဆရာ့ဝတ္တရား ငါးပါးဖြင့် လည်းကောင်း ချီးမြှောက် ကျေးဇူးပြုကာ ဆရာ့တာဝန်ကို ကျေပွန်နိုင် သမျှ အစွမ်းကုန် ကျေပွန်အောင် အားထုတ် ဆောင်ရွက်နေသည်ကို အနီးပါးချဉ်းကပ် သူတိုင်း သိကြပါသည်။ သူမတူအောင် တပည့်များအပေါ် ဆရာတာဝန် ကျေလွန်းလှ ပါသည်။ မေတ္တာ ကရုဏာ စေတနာမိုး စွေဖြိုးရွာသွန်းတော် မူပါသည်။ ဆရာတော် ဘုရားကြီး၏ ဂုဏ်ကျေးဇူး အထူတို့ကား မြေပံသုနှယ် ချီးကျူး၍ မကုန်နိုင်၊ ပေးဆပ်၍ မကျေနိုင်အောင် အထူးများပြားကြီးကျယ်လွန်းသလောက် စာရေးသူတို့ဘက်မှ တုံ့ဆပ် မှုနှင့်နှိုင်းစာသော် မြင်းမိုရ်နှင့် ဆီးစေ့သဖွယ် မနှိုင်းယှဉ် နိုင်အောင် ကွာခြား နေပါ သေးသည်။

စာရေးသူနှင့် တကွသော သမဂ္ဂ သီတင်းသုံးဖော်တို့သည် မြင်းမိုရ်တောင်မက ကြီးမားလှသည့် မိမိတို့အပေါ် တင်ရှိထားသော ဆရာတော်ဘုရားကြီး၏ ကျေးဇူး

ဥပကာရ အဖုံဖုံကို အောက်မေ့ ဆင်ခြင် ဦးခိုက် ကြည်ညို သိမြင်လျက် ဆရာတော်ဘုရား အလိုကျ ဆုံးမဩဝါဒစကားများကို တစ်သဝေမတိမ်း လိုက်နာကာ တိပိဋက-နိကာယ ပရိယတ္တိသာသနာတော်မြတ်ကြီး အဓွန့်ရှည်ရှည်ရှင်သန်ကြီးထွားရေးကို သံမဏိအဓိဋ္ဌာန် ဗဟိုမဏ္ဍိုင်ပြု၍ ထာဝစဉ်နေ့ည လုံ့လကြိုးကုတ် အားထုတ်နေခြင်းဖြင့် ကျေးဇူး တုံ့ဆပ် နေကြပါသည်။

ဤ တိ-နိ ကျောင်းတော်သို့ ရောက်ရှိလာကြသော နောင်တော် ညီတော် သမဂ္ဂီ သီတင်းသုံးဖော်တို့အဖို့ ဆရာတော်ဘုရားကြီး မေတ္တာ အေးရိပ်အောက်ဝယ် ရှင်လန်း ချမ်းမြေ့စွာ စာပေအားထုတ်၍ တိပိဋကစာမေးပွဲ၊ နိကာယစာမေးပွဲတို့၌ ဝင်ရောက် ဖြေဆိုနိုင်ကြသည်။ ရည်ရွယ်သလို အောင်ပန်းအလီလီရရှိပြီး၊ ရရှိဆဲ၊ ရရှိလတ္တံ့ဖြစ်သည်။ ဆရာတော်ဘုရားကြီး မျှော်လင့်ရည်ရွယ်ထားသော တိပိဋက သာသနာ၊ နိကာယ သာ သနာကြီး တိုးတက်အောင်မြင်လာပြီဖြစ်သည်။ ဤသည်ပင် စာရေးသူတို့ဘက်မှ ကျေးဇူး တုံ့ဆပ်ခြင်းတစ်ခုဖြစ်ပါသည်။ သို့သော် ဆရာတော်ဘုရား ကျေနပ်အားရလောက်အောင် ကား မပေးဆပ်နိုင်သေးပါချေ။ ပေးဆပ်နိုင်ရန် ကြိုးစားနေဆဲဖြစ်သည့်အတိုင်း မကြာမီ လာမည့် နှစ်ကာလအတွင်း၌ ပေးဆပ်နိုင်အံ့ဟု မျှော်လင့် ယုံကြည် ထားကြပါသည်။ လောက၌ သူတထူး၏ ကျေးဇူးကိုခံယူဖို့ရာ လွယ်ကူသက်သာသလောက် ပြန်လည် ပေး ဆပ်ရာ၌ကား အဘယ်မျှ ခက်ခဲသည်ကို လူတိုင်း သိရှိခဲ့သည်ထင်ပါသည်။ ဥပမာဆိုရသော် ကြွေးယူလွယ်ပြီး ကြွေးဆပ်ဖို့ခဲယဉ်းသကဲ့သို့ မှတ်ယူရပါမည်။

ဆက်ပါဦးမည်။ ပုဗ္ဗကာရီကျေးဇူးရှင် ဆရာတော်ဘုရားကြီးမှာ လွန်စွာ တာဝန် ကျေသလောက် စာရေးသူတို့ တပည့်များဘက်က ကတညုတ ကတဝေဒီ-တာဝန်ကျေပွန် ဖို့ရာ အထူးကြိုးစားရပါဦးမည်။ ယခုကော ယင်းတာဝန်မကျေသလောဟု စောဒကပုစ္ဆာ ပြဿနာတင်ငြားအံ့။ တာဝန်မကျေဟု မဆိုလိုပါ။ ကတညုတ ကတဝေဒီ တာဝန်ပြုသင့် သလောက် ပြုလုပ်ပြီးဖြစ်၍ ကျေသင့်သလောက်တော့ ကျေပြီဟု ဆိုရပါမည်။ သို့သော် ကျေးဇူးပြုနှင့် ကျေးဇူးစား ကျေးဇူးတုံ့တို့၏ ကြွေးပေးနှင့် ကြွေးဆပ်ကို နှိုင်းယှဉ် ကြည့် ပါက များစွာ ကွာဟမှု ရှိနေပါသေးသည်။ ပမာဏ လုံးဝဥဿုံ တူမျှ ပြည့်စုံအောင် တင်းပြည့်ကျပ်ပြည့်အနေနဲ့ ပေးဆပ်ဖို့ရာလည်း လွယ်ကူသော အလုပ်မျိုး မဟုတ်ပါချေ။ ဘယ်သောအခါမှလည်း ကျေအံ့နိုင်လိမ့်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ကျေးဇူး ဆပ်မကုန်နိုင်သည့် ငါးဂုဏ်သောအနန္တတို့တွင် ဆရာသည် ပဉ္စမနေရာ၌ ပါရှိနေသော ကြောင့်ပင်။

သို့စေကာမူ မဖြစ်နိုင်သည်ကို မဆိုပဲ စွမ်းနိုင်သမျှ လက်ရှိ ဇွဲ လုံ့လ ဝီရိယ ဉဿာဟတို့ အပေါ် ထပ်ဆင့်၍ အမွှတ်အထွတ်ပြုကာ ကျေးဇူးဆပ်ကြပါစို့ဟု ညီတော် နောင်တော် တိ-နိ ဇာနည်ကျော်အပေါင်းတို့အား ကြည်လင်သောမေတ္တာစိတ်ဖြင့် နှိုးဆော်တိုက်တွန်း ချင်ပါသည်။ အရှင်တို့၊ တပည့်တော်တို့သည် မိမိတို့အပေါ်တွင် အလွန်အကျူးကျေးဇူး အထူးရှိသော ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးမြတ်ကို မပြတ်နေ့စဉ် သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်စေ့စေ့ လွန်အောက်မေ့၍ မမေ့မလျော့၊ မပေါ့မတန်၊ ရည်သန်ရိုးရင်း နှလုံး

သွင်းရှိကြသောအတိုင်း ယခင်ကထက် ဆတက်ထမ်းပိုး ရွှေသို့ကြိုး(တိုး)ကာ ကျေးဇူးရှင် ဆရာတော်ဘုရား နှလုံးစိတ်ဝမ်း ချမ်းသာရေးကို ချင့်တွေး ရှုမျှော်ကြလျက် တိပိဋက အောင်ပန်း-နိကာယ အောင်ပန်းတို့ကို အသီးသီး ရယူပိုင်ဆိုင်ခြင်းဖြင့် မှန်မြတ်သော ကျေးဇူးဆပ်ခြင်း ကတညုတ ကတဝေဒီဒုလ္လဘပုဂ္ဂိုလ်ဖြစ်သည်ထက် ဖြစ်ဖို့အရေး ထောက်တွေးမျှော်ဆ သတိတော်ရကြပါက လွန်စွာ့လွန်စွာ ပညာရှိသူတော်ကောင်း အပိကြီး ပီလိမ့်မည် ဖြစ်ကြောင်း ကောင်းမြတ်သော မေတ္တာစေတ် အကြည်ဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဤသို့ ဥယျောဇန သဝဏ်လွှာဖြင့် နှိုးဆော်လိုက်ရပါသော စာရေးသူကို လူပေါ် လူဇော် လုပ်သည်၊ လူတတ်ကြီးလုပ်သည်၊ ဆရာတစ်ဆူ လုပ်သည် စသည်ဖြင့် အမျိုးမျိုး အဖုံဖုံ ဒေါမနဿထားပြီး အယောနိသော မနသိကာရ မဖြစ်ပွားစေလိုပါ။ ပုထုဇဉ်နှင့် အမှားသည် အမြဲထာဝရ မဟုတ်တောင် ခဏခဏတော့ ပေါင်းဖော်ယှဉ်တွဲမှီဝဲမိတတ်ကြပါသည်။ သို့အတွက်ကြောင့် ပုထုဇဉ်ပညာရှိများ ဖြစ်တတ်ကြုံတတ်သော ဓလေ့သဘောကို ပညာရှိ သတိဖြစ်ခဲ၊ သတိမမူ ဂူမမြင် စသောအားဖြင့် ရှေး လူကြီးသူမများ ဆိုရိုးစကားထားရှိခဲ့သည် မဟုတ်ပါလော။

ကျေးဇူးတရား၏ တန်းဖိုးအတိမ်အနက်ကို အောက်ပါဥပမာဖြင့် ရှင်းပါဦးမည်။ ဗုဒ္ဓပိဋကစာပေ၌ "အကြင်သစ်ပင်တစ်ပင်၏ အရိပ်အာဝါသအောက်၌ အပန်းတော်ဖြေ ထိုင်မိ အိပ်မိငြားအံ့၊ ၎င်းသစ်ပင်၏ ပင်စည်အကိုင်းအခက်ကို မချိုးဖဲ့ မဖျက်ဆီးပေရာ။ မှန်၏။အဆွေခင်ပွန်းကို ပြစ်မှားသောသူသည် လူယုတ်မာပင်တည်း" ဤသို့ နှောင်းလူတို့ ဝိပ္ပတ္တိခေတ်သမယ၌ ကျေးဇူးရှင်ကို မပြစ်မှားမိစေရန် ရည်သန်၍ ဆုံးမထားခဲ့ပါသည်။ ယနေ့မျက်မှောက်ခေတ်တွင် အကိုင်းအခက်ကို ဖျက်ဆီးရုံမျှနှင့် အားမရ တင်းမတိမ်နိုင်တော့ပေ။ မြေလှန်၍ အမြစ်ကပါ တူးဖော်ခုတ်ဖြတ်နေကြလေပြီ။ သူတော်ကောင်းလော သူယုတ်မာလောဟူသည်ကို မိမိဉာဏ်ဖြင့် ဆုံးဖြတ်တော်မူကြပါ။ မည်သို့ဆိုစေ၊ မိမိတို့သည် အမြစ်ကို မတူးမိကြဖို့ လေးနက်စွာ သတိထာဝစဉ် ရှိနေကြရပါမည်။

ဖော်ပြပါ ဥပမာကို အကျယ်တဝင့်ရှင်းရသော် အဝိညာဏက သက်မဲ့သစ်ပင် လေးသည်ပင် ဤခရွှ့ဤမျှလောက် ကျေးဇူးရှင်ဖြစ်ကာ ကျေးဇူးကြီး၍ တန်ဖိုးအနေနှင့် ဘာမျှမပြောပလောက်သော အကိုင်းအခက် အရွက်အလက်ကိုချိုးမိ၊ဖျက်ဆီးမိရုံမျှနှင့် မိတ္တဒုဗ္ဘိပါပကဗာလ ကျေးဇူးကန်းသော ယုတ်မာသော လူမိုက်ပုဂ္ဂိုလ်ဖြစ်သည်ဟု ပြဆိုသေးပါက ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည်ကား အဘယ်မှာလျှင် ကျေးဇူးရှင်မဖြစ်ဘဲ ရှိတုံအံ့နည်း။ ကျေးဇူးကန်းခြင်း၊ ကျေးစွပ်ခြင်းပြုမည်ဆိုလျှင်ကော အဘယ်သို့ ဖြစ်သွားနိုင်သနည်း။ ဆရာတော်ဘုရားကြီး၏ကျေးဇူးတရားနှင့် မကင်းသူတိုင်း ဤအချက်ကို လေးလေးနက်နက် ကွက်ကွက်ကွင်းကွင်းပေါ်အောင် စဉ်းစားမိဖို့အရေးကြီးပါသည်။ သတိပြုသင့်လှပေသည်။ ကျေးဇူးမဆပ်နိုင်လျှင် နေပါ၊ ကျေးဇူးမကန်းမိကြရန်တော့ လွန်မင်းစွာ အလေးသတိထားကြရပေမည်။

ဆရာတော်ဘုရားကြီး အရိပ်အာဝါသအောက်တွင် ခေတ္တခဏ မှီခိုဖူးသူများ၊ သို့မဟုတ် ထာဝရမှီခိုဆဲ ရဟန်းရှင်လူ မည်သူမဆို အရိပ်နေနေ အခက်ချိုးချိုး အလုပ်မျိုး မပြုမိဖို့ရာ (ဝါ)မိတ္တဒုဗ္ဘိပါပကပုဂ္ဂိုလ်ဟူ၍ မိမိကိုယ်တိုင်ကရော သူတပါးကပါ မစွပ်စွဲ မခေါ်ဆိုမိစေဖို့ရာ ပညာသတိ ထာဝစဉ်ရှိနေသင့်ပါသည်။ ကျေးဇူးသိ၍ ကျေးဇူးဆပ်ခြင်းကြောင့် ရရှိအပ်သော အကျိုးရလဒ်နှင့် ကျေးဇူးကန်းခြင်း၊ ကျေးစွပ်ခြင်းတို့၏ မကောင်းသော ရလဒ်တို့သည် အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်ပမာ ဖီလာကန့်လန့်ဖြစ်သည်ကို ထိုထိုသော ဗုဒ္ဓပိဋက၊ ဝတ္ထု၊ ဇာတ်နိပါတ်တော်တို့၌ ပြဆိုထားပြီးဖြစ်သောကြောင့် မျက်စိကြီး နားကြီးဖြစ်သော စာတော်ဖတ်ပညာရှိများအား အကျယ်တဝင့်ပြဆိုနေပါလျှင် မိကျောင်းမင်းကို ရေကင်းပြသည့် ကိန်းဖြစ်ချေတော့မည်။ သာဓကသက်သေခင်းပြနေစရာ လိုအံ့မထင်ပေ။

စာရေးသူနှင့်တကွသော ဆရာတော်၏အရိပ်အာဝါသတွင် ရှိသူများသည် သစ်ပင်၏ကျေးဇူးကြီးပုံ၊ ကျေးဇူးရှင် ခင်ပွန်းမည်ပုံကို ထောက်ဆပြီး၊ ဆရာတော်၏ကျေးဇူး အထူးကြီးမား၍ အဘယ်ရွေ့လောက် ကျေးဇူးရှင်စစ်စစ် အဆွေခင်ပွန်းဖြစ်သည်ဆိုသောအချက်ကိုလည်း ခန့်မှန်းတွက်ဆ အာရုံယူ ဦးခိုက်ကြည်ညိုကြရပါမည်။ အသိခေါက်ခက် အဝင်နက်၊ ပိုးဖလံမျိုး မီးကိုတိုးသည့်ပမာ ဇွတ်တိုး၍ မိုက်ဇာတ်ပျိုးမည်ဆိုလျှင်လည်း ရရှိဦးမည့်အကျိုးတရား မည်သို့ပေါက်ဖွားလာနိုင်သည်ကို မိမိတို့ကိုယ်တိုင် တွေးကြည့်နိုင်ပါသည်။

ထို့ကြောင့် နိဂုံးချုပ်အနေနှင့် စာရေးသူ တိုက်တွန်းလိုသည်မှာ ဆရာတော်ဘုရားကြီး၏ ကျေးဇူးကို ခံယူသုံးဆောင်ဖူးသူများသည် မိတ္တဒုဗ္ဘိပါပက ဗာလ၊ ကျေးဇူးကန်းသော နံ့ယုတ်မာသော မြေလှန်အမြစ်တူးသူလူမိုက်စာရင်းတွင် မပါဝင်ကြရအောင် အလေးထား ရှောင်ကြဉ်ကြရမည်ဖြစ်သကဲ့သို့ ကတညုတ ကတဝေဒီ၊ ဒုလ္လဘကျေးဇူးသိကာ၊ မမေ့မလျော့ ကျေးဇူးတုံ့ဆပ်ဘတ်ကြပါသော လူ့လောကတွင် ရခဲသော ဘုရားရှင်ကိုယ်တိုင်လည်း ချီးမွမ်း၊ ပစ္စုပ်သံသရာ နှစ်ဖြာသောဘဝတို့တွင် တင့်တယ်ထည်ဝါ မင်္ဂလာကျက်သရေ လက်လက်ဝေမည့် လူရည်မွန် သူတော်ကောင်းဖြစ်ဖို့ရန်လည်း ထက်သန်မြဲမြံစွာ ထာဝစဉ် ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါသည်။ ကျေးဇူးရှင်များကို ကျေးမစွပ်မိကြပါစေပဲ တစ်သက်ပတ်လုံး ကျေးဇူးတုံ့ဆပ်နိုင်ကြပါစေဟူ၍လည်း ထပ်ဆင့်တဖန် ဆုမွန်ခြွေတောင်း မေတ္တာလောင်းကာ၊ နိဂုံးကမ္ပတ် အပြီးသတ်လိုက်ရပါသတည်း။

အရှင်ပညာသိရိ (မင်းတုန်း)
သာသနရက္ခိတကျောင်း
တိပိဋကနိကာယ၊ မိုးမိတ်

# ဘယ်သူပြုင်၍ လှပါတော့နိုင်

## ကုန်းဘောင်နေညွန့်

အာဟိန္ဒကျီး၊ ဘိုးတော်ကြီးအား၊ ဘုန်းမီးမြတ်စိတ်၊ ဗျာဒိတ်ရင့်ကျူး၊မြွက်ဖူးသည်နှင့်၊ အချိန်သင့်၍၊ ပွင့်လုနီးလျှင်၊ ဆဲဆဲတွင်၌။

(ပလိပ်စားချောင်း)

ကုန်းဘောင်ဇာတိ၊ နွယ်လာရှိသား၊ သာကီယချည်း၊ လောကီနည်းတွင်၊ ပလလည်းဝါ၊ ရွှေခွန်းမှာသည့်၊ တလာဟိန္ဒ၊ ကျီးညိုမြကား၊ အမရဇမ္ဗူ၊ ရွှေရိပ်ဖြူဝယ်၊ ဝိဒူလောင်းမင်း၊ ဇမ္ဗူချင်းလိမ့်။

(ဒုတိယနဝဒေး-ဗာဝရီမော်ကွန်း)

ဘိုးတော်ဘုရားလက်ထက် မင်းကွန်း စန္ဒာမုခိ တန်ဆောင်းတော်တွင် မှူးတော်မတ်တော် မင်းညီမင်းသား အစုံအညီနှင့် ဘိုးတော်ဘုရားရွှေတော်မှောက်ဝယ် ဥဘတောဝိဘင်းကို ဆောင်နိုင်မဆောင်နိုင် စမ်းသပ်သည့်အခါ သဇိုးလက်ဝဲရွာဇာတိ ရှင်သီလာ—စာရ မထေရ်သည် နှုတ်တက်အာဂုံ မလိပ်မလည်း ဝါစုဂ္ဂတ ရွှရွှပါအောင် ပြန်ဆိုနိုင်သဖြင့် မင်းတရားကြီး၏ အားရနှစ်သက်တော်မူကာ မြေးတော်အိမ်ရှေ့မင်းအား ပေးအပ်ကို ကွယ်စေတော်မူသည်။

(သာသနာလင်္ကာရစာတမ်း)

ထိုအထောက်အထားများအရ ရှေးကမင်းကွန်းဒေသကို သာသနာ့ဦးစွန်း မြန်မာ့ဦးစွန်းနယ်မြေတစ်ခုအဖြစ် တည်ထောင်ဖန်ဆင်းသွားသော အမရပူရမြို့တည် နန်းတည်မင်းကွန်းပုထိုးတော်ကြီး ဒါယကာ ဘိုးတော်မင်းတရားကြီးအား 'ရင့်မာတကျိပ်'တွင် ထည့်သွင်း၍ အမျိုးမျိုးအဖုံဖုံ အမွှမ်းတင်ခဲ့ကြပုံ၊အမွှမ်းတင်လောက်အောင် မင်းတရားကြီး၏ သာသနာတော်ကို မြတ်နိုးပုံတို့ကို သိရှိရပေသည်။

ဘိုးတော်မင်းတရားကြီး၏ မင်းကွန်းဒေသဝယ် ပုထိုးတော်ကြီး၊ ခေါင်းလောင်းတော်ကြီး၊ခြသေ့ကြီးများ တည်ဆောက်ရာတွင် သားတော် သမီးတော်များ၊မောင်းမ

မိသုံ ခြေရုံပရိသတ်များအပြင် မြေထူး၊ အောက်တိုက်၊ တန့်ဆည်ရွာဇာတိ မဟာဓမ္မရာဇကျော်ထင်ဘွဲ့ရ အမတ်ကြီးဦးပေါ်ဦးနှင့် မန္တလေးမြို့သို့ မဟာမုနိဘုရားကြီး ပင့်ဆောင်ရာတွင် အိမ်ရှေ့မင်းနှင့်အတူ ပါဝင်ခဲ့သည့် မြင်းဝန်ကျောင်းတိုက် မူလဒါယကာ မြင်းဝန်မင်းကြီးဦးမြတ်ထင်စသော ပုဂ္ဂိုလ်ကြီးတို့လည်း မင်းတရားကြီးနှင့်အတူ တပျော်တပါး ပါဝင်ဆောင်ရွက်ခဲ့ကြလိမ့်မည်ဟု ထင်မြင်မိပါသည်။

ဘိုးတော်မင်းတရားကြီး၏သားတော် သတိုးမင်းရဲရွှေတောင်၊ မဟာဓမ္မရာဇာဘွဲ့ခံ မိုးမိတ်မင်းသားကြီး၏ မိုးမိတ်ကုန်းမြေဝယ် မိုးမိတ်စေတီကြီး တည်ဆောက်ရာတွင်လည်း ကြင်ရာတော် သိရိသုမလ္လာနန္ဒာဒေဝီဘွဲ့ခံ မင်းကင်းမင်းသမီး (စက်တော်ရာ စေတီ မူလဒါယိကာမ) နှင့် ရံရွေခတော်များ၊ မင်းသားကြီး၏ ညာလက်ရုံးသဖွယ် ဗိုလ်မှူး၊တပ်မှူးများဖြစ်ကြသည့် ရွှေဘုန်းပွင့်စေတီတော်၊ မင်းတေဇစေတီတော်၊ မင်းဗလစေတီတော်တို့၏ မူလဒါယကာများသည် မိုးမိတ်မင်းသားကြီးနှင့်အတူ ပါဝင်ဆောင်ရွက်ခဲ့ကြပုံတို့ကို မြင်ယောင်လာမိပါသည်။

## သရုပ်ပိုင်းဆိုင်ရာ

လောကဓာတ်ကျောင်းများ ပေါ်ပေါက်သည်မှစ၍ မျက်မှောက်ခေတ် ကျောင်းသုံးဖတ်စာများကြောင့် လည်းကောင်း၊ ထိုထိုဤဤ အလီလီသော ရာဇဝင်၊ မဂ္ဂဇင်း၊ သတင်းစာ၊ ဂျာနယ်စသော စာအုပ်စာစောင်များကြောင့် လည်းကောင်း၊ လူကြီးသူမများ၏ ပြောပြချက်ကြောင့် လည်းကောင်း၊ မင်းကွန်းခေါင်းလောင်းကြီးကို အစွဲပြု၍ မင်းကွန်းဒေသကို မြန်မာနိုင်ငံအရပ်ရပ်ရှိ လူကြီးလူငယ်များပါမကျန် မရောက်ဖူးသော်လည်း သိရှိနေကြပြီးဖြစ်သည်။ စာရေးသူတို့ ရောင်ပေစူးဘဝကဆိုလျှင် မင်းဖြူမှန်မှန်ပြော၊ ရွှေလသာ ‘ဝါဝါဝင်း’စသည်ဖြင့် မြန်မာနိုင်ငံအရပ်ရပ် မှတ်သားဖွယ်များကို စကားထာဝှက်တမ်း ကစားခဲ့ကြသည်။

မင်းကွန်းဒေသသို့ ရောက်ဖူးသူများဆိုလျှင် ဘိုးတော်ဘုရား၏ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် အဆိုပါခေါင်းလောင်းကြီးကို အံ့ဖွယ်သရဲ တွေ့မြင်ကြရပေမည်။

ယခုအခါ ‘ထိလုမိုးဆီ၊ တိမ်သို့မှီသား’ ဟူသကဲ့သို့ မိုးထိဘနန်း မားမားမြင့်မြင့် မိုးမိတ်စေတီတော်ကြီးနှင့် မိုးမိတ်ကုန်းမြေ၏ ရှုခင်းသစ်တစ်ရပ်ကလည်း ကြည့်လေ့ရှုလေ မခန်း၊ လာစမ်းပခေါ်နေသယောင် ဖိတ်မန်ကြိုဆိုလျက်ပင်။

ကျေးဇူးတော်ရှင် တိပိဋကဓရ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားသည် မင်းကွန်းဒေသဝယ် မိုးမိတ်ကုန်းမြေ မိုးမိတ်စေတီတော်ကြီးနှင့် တကွ အဆူဆူသော စေတီဟောင်းများအား အသစ်ဘဖန် မွမ်းမံပြုပြင်ဆင်ပြီး၍ ၁၃၄၁ ပြည့်နှစ်မှ စ၍ မင်းကွန်း၊ စစ်ကိုင်း၊ မန္တလေးရှိ သက်တော်ရှည် ဆရာတော်ဘုရားကြီးများ အဘိဓဇမဟာရဋ္ဌဂုရု

ဆရာတော်ဘုရားကြီးများကို တိအမျုးထားလျက် တိပိဋကနိကာယ ကျောင်းတိုက်ကြီးကို တည်ထောင်ဖန်တီးတော် မူလိုက်ပြန်လေသည်။

ယင်းသို့ ကျောင်းတိုက်ကြီးကို တည်ထောင်လိုက်သည်နှင့်တပြိုင်နက် ပြည်နယ်ပေါင်းစုံ၊တိုင်းပေါင်းစုံ၊ ဂိုဏ်းပေါင်းစုံမှ တန်ခိုးပရိတ်ဘုန်းဝေသည့် မိုးမိတ်ကုန်းမြေသို့ တိပိဋကလောင်းလျာ အရှင်မြတ်တို့လည်း အလျှိုအလျှိုကြွရောက်၍ လာကြပေသည်။

## ငွေရတုပွဲတော်

မိုးမိတ်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပလာခဲ့သည်မှာ ယခု ၁၃၄၇-ခုနှစ်ပါဆိုလျှင် (၂၅)ကြိမ်မြောက် ရှိပြီဖြစ်၍ ငွေရတုပွဲတော်သို့ပင် တိုင်ခဲ့လေပြီ။

နှစ်စဉ်နှစ်တိုင်းပင် ဗုဒ္ဓပူဇနီယပွဲတော်နှင့် တွဲဖက်လျက် ရှင်လေးရှင်ပူဇော်ပွဲကိုပါ ကျင်းပလာခဲ့ကြပါသည်။

ယခုနှစ်၌မူကား....ငွေရတုသဘင်နှင့် လိုက်လျောညီစွာ မိုးမိတ်စေတီတော်ကြီးနှင့်တကွ မိုးမိတ်ကုန်းမြေရှိ အဆူဆူသော စေတီဟူသမျှ ထီးတော်သစ်များကိုပါ ထပ်မံတင်လှူသည့်ပွဲလည်း ပါခဲ့ပေသည်။

အထူးအားဖြင့်...ကျေးဇူးတော်ရှင် ဆရာတော်ဘုရား တိပိဋကဓရဘွဲ့တော် စတင်ရရှိသည့်အချိန်မှ ရေတွက်သော်(၂၅)နှစ်ပြည့်သည့် အထိမ်းအမှတ်အဖြစ် ဝဏ္ဏကျော်ထင် သမားတော်ကြီး ဒေါက်တာဦးသာလှ အမှူးပြုသော မိုးမိတ်ဂေါပက အဖွဲ့ကြီးမှ ငွေရတု၏ စိန်ရတု ပိဋက စေတီသစ်တစ်ဆူကိုသည်း ခမ်းနားဆန်းကြယ်စွာ တည်ထား ကိုးကွယ်ကြပြီး ယင်းပိဋကစေတီသစ်၏ ထီးတော်တင်ပွဲကိုလည်း ကျင်းပခဲ့ပါသည်။

ထိုနည်းတူစွာ တိပိဋကဓရ ဆရာတော်ဘုရား စီမံသည့် ကမ္မဝါများကို ကျောက်စာတိုက် တည်ဆောက်ပြီး ယင်းကျောက်စာတိုက်၏ အထက်၌ စေတီပေါက်ထားသည့် ကမ္မဝါကျောက်စာ စေတီသစ်တစ်ဆူ၏ ထီးတော်တင်ပွဲကလည်း ပါလိုက်သေးသည်။

အဆူဆူသော စေတီများအနက် ပိဋကစေတီသစ် ထီးတော်တင်ရာဝယ် ထီးတော်ကို သားသားနားနား ထားရှိကိန်းဝပ်တော်မူရာ စံကျောင်းမဏ္ဍပ်မှ ရထားပျံပေါ်သို့ ပင့်ဆောင်သည့်အခါ အလိုအလျောက် ပျံတက်ကြွတော့မည့် ယောင်ယောင်၊ ငှက်မြတ်နားဘော် စိန်ဖူးဘော်ဘို့မှ ရောင်ခြည်တော်များ ကွန့်မြူးတော့မည့်ယောင်ယောင် ဖူးမြင်ရသည်မှာ ကြည်နူးမဆုံး ဝမ်းသာမဆုံး ဖူးမြင်ရပါသည်။

ထို့နောက် ထီးတော်တင်ရန် အခါတော်ကြား၍ သံဃာတော်များက ဇယမင်္ဂလာ ဗောဓိယာမူလေဂါထာကို တညီတညွတ်တည်း ရွတ်ဆိုကြပြီး ခေါင်းပြင်းပတ်သာ တူရိယာတို့က ကောင်းကင်ကြီးကို သိဆိုတီးမှုတ်လိုက်သည်နှင့် တစ်ပြိုင်နက် ရထားပျံသည် ထီးတော်ကိုတင်၍ မိုးတိမ်ကြားသို့ တဖြည်းဖြည်းဘက်သွားသည်မှာ ဖူးမြင်ရသူတိုင်း ရင်သပ်ရှုမော၊ ညြသုတ်သုတ်၊ ရှုတ်ရှုတ်သဲသဲ၊ အံ့အဲဘနန်း လက်ပမ်းပေါက်ခတ် ဖြစ်ကြရလေသည်။

ငွေရတုပွဲတော်၌ ထီးတော်တင်ပွဲများအပြင် မိုးမိတ်ကုန်းမြေမှ ပထမဆုံး ပိဋက တစ်ပုံဆောင် နှစ်ပုံဆောင် အာဂုံရေးဖြေ အောင်မြင်တော်မူကြသည့် အရှင်မြတ်တို့အား အထူးဂုဏ်ပြုပူဇော်သည့် ပူဇော်ပွဲတွင် သံဃာတစ်ထောင်ကျော်နှင့် နိကာယ်စာမေးပွဲ အသီးသီးအောင် သံဃာတစ်ရာကျော်တို့အား သင်္ကန်းဒွိစုံစီနှင့် ထီးဖိနပ်စသည်တို့ လှူဒါန်းသည့် ပူဇော်ပွဲလည်း ပါပါသေးသည်။

ထို့ပြင် သာသနာ ၂၅၃၀-ခုနှစ် အထိမ်းအမှတ်အဖြစ် ရှင်လေးရှင်အနက် သီလ ရှင်ပေါင်း ၂၅၃၀-တို့အား ကျနစွာ ကျွေးမွေးညှော်ခံ၍ ပိတ်ဝတ်စုံ တစ်စုံကျစီ လှူဒါန်း လိုက်ကြပါသေးသည်။

ထိုပွဲတော်များကား ပျော်ပွဲရွှင်ပွဲထက် လှူပွဲတန်းပွဲ ပူဇော်ပွဲတို့သာ ဖြစ်ပါသည်။ လာလိုက်ကြသည့် ပရိသတ်များမှာလည်း တိုင်းအစုံ့စုံ့ မြို့အသွယ်သွယ် ပြည်နယ်အသီး သီးမှ ကုန်းကြောင်းတစ်ထွေ ရေကြောင်းတစ်ဝ လေကြောင်းတစ်ဖုံ အမျိုးမျိုးစုံနေလေ ဘော့သည်။ အများအားဖြင့် ထိုပရိသတ်ကြီးသည် ညအိပ်ညနေ တည်းခိုလာရောက်ကြ သည်ဖြစ်ရာ မိုးမိတ်ဂေါပကအဖွဲ့ကြီးကလည်း လာရောက်သူတိုင်း စိတ်ချမ်းမြေ့အောင် အစွမ်းကုန် ပြုစုစောင့်ရှောက်ကြသည်။

အဆောက်အအုံဟူသမျှ ကျောင်းဆောင်ဟူသမျှသည် ညှော်ပရိသတ်များနှင့် ပြည့် နှက်နေသည်။ အနီးအပါးကျေးရွာများ၊ ကျွန်းများမှ လာသူပြန်သူများကလည်း ခြိမ့်ခြိမ့်သဲ၊ မော်တော်သင်္ဘောများကလည်း အသံမစဲ သွားလာနေသည့်အတွက် ပျော် စရာပွဲကြီးပင် ဖြစ်ပါသည်။

ထိုပွဲကြီးတွင် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးနှင့် တိပိဋကလေးင်းလျှာ အရှင်မြတ်တို့အား အာမိသပူဇာ ဓမ္မပူဇာတို့ဖြင့်သည်း အမျိုးမျိုးအဖုံဖုံ ပူဇော်ကြရ လေပြီ။

ဓမ္မပူဇာဖြင့် ပူဇော်ကြရာ၌ နိုင်ငံကျော် စာပေပညာရှင်ကြီးများဖြစ်ကြသည့် မန်း တက္ကသိုလ်ဆရာကြီးဦးဆန်းထွန်း၊ ဆရာကြီးဒဂုန်ဦးစန်းငွေ၊ ဆရာကြီးဦးချမ်းသာ (လက်ဝဲ မင်းညို)၊ အကယ်ဒမီဒါရိုက်တာ ဦးသုခတို့လည်း မိမိတို့ပညာ ဖြင့် ပူဇော်ကြပါသည်။

ထို့ကြောင့် တိပိဋက နိကာယ အရှင်မြတ်တို့သည် ကျေးဇူးတော်ရှင် တိပိဋက ဆရာတော်ဘုရား၏ အရိပ်တကြည့်ကြည့် မြတ်နိုးနှစ်သက်တော်မူသည့် အနုဇာတသားလု ရတနာများ ဖြစ်ကြပြီး ရဟန်းရှင်လူ ပရိသတ်တို့၏ အလယ်၌လည်း တင့်တယ် ၁ည်ဝါ လှပမဆုံး ရှိနေကြသည့် 'ဘယ်သူပြိုင်၍ လှပါတော့နိုင်' အရှင်မြတ်တို့ပါတကား။

ဤဆောင်းပါးကို ဘိုးတော်မင်းတရားကြီး၏ မင်းတိုင်ပင် အမတ်ကြီး မဟာမေ့ သကြံ (သီလက္ခန်ဋီကာသစ် ကျမ်းပြု)ရေး သာသနာလင်္ကာရ စာတမ်း၊ လယ်တီဦးလှပိုင် ရေး စစ်ကိုင်းမြို့ အောင်မြေလောက စေတီသမိုင်း၊ ဓမ္မာစရိယဦးဒွေးလှိုင်ရေး ရဟန္တာ နှင့် ပုဂ္ဂိုလ်ထူးများကို ကိုးကားပါသည်။

အရှင်ဓမ္မပိယ

တိပိဋကနိကာယ၊ မိုးမိတ်။

# အတွေးနှင့်အဖြစ်မှန်

မောင်မိုး (ကန့်ဘလူ+မိုးကောင်း)

အရှီး....ရှီး၊ မမြင်စဖူး ထူးမှထူးလှပါပေတကား... ညလယ်သန်းခေါင် မိုက်မှောင်ကင်းပျောက် အလင်းရောက်နေတာကဖြင့် ဘယ်လိုသဘော ဉာဏ်ရည်နှော၍ သိရပါကလိမ့်။

နှစ်ချက်တီးကျော် သန်းခေါင်ယံ၌ အလင်းရောင်ကြောင့် အိပ်ပျော်ခြင်းမှ နိုးကြွားလာသော မောင်မိုးသည် မိမိဝဲဘက်ရှိ မှန်လေသာပြတင်းကို အမြန်ဆုံး ဖွင့်ပြီး အရှီး....ရှီး....ဟု အံ့ဩဖွယ်အသံ ထပ်ဆင့်ထွက်ပေါ်လာပြန်သည်။ ထိုမှနောက် အလင်းရောင်၏လာရာကို စူးစမ်းသည်။ မျက်စိကို စုံမှန်၍ စူးစမ်းသည်။ မကြည်မလင်ဖြစ်နေသော မျက်လုံးနှစ်ဘက်ကို လက်ဖြင့် အသာအယာပွတ်သပ်ပြီး အလင်းရောင်၏ လာရာအစကို ရှာသည်။

သို့သော် အလင်းရောင်၏ ထွက်ပေါ်ရာအစကိုကား မတွေ့။ တစ်သက်မှာ တစ်ခါမကြုံဖူးသည့်ဖြစ်ရပ်ဆိုတော့ မောင်မိုးတစ်ကိုယ်လုံးနတ်ပူးသလို တုန်တုန်ယင်ယင် ဖြစ်လာသည်။ ကြောက်စိတ်မွန်ထူမှုကြောင့် ချွေးသီးချွေးပေါက်များ ယိုထွက်လာသည်။ ငိုရမလို ရယ်ရမလိုဖြစ်ပြီးခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်ဟည်းလာသည်။

မှန်ပေ၏။ လောဘ၊ ဒေါသ၊ မောဟ သိုင်းခြုံရစ်ပတ်နေကြသော ပုထုဇဉ်သတ္တဝါတို့သည် ကြောက်ဖွယ်ရာအာရုံကိုမြင်လျှင် ကြောက်တတ်ကြသည်။ နှစ်သက်မြတ်နိုးဖွယ်အာရုံကိုမြင်လျှင် တသသ တလွလွ ဝမ်းမြမြနှင့် နှစ်သက်မြတ်နိုး တတ်ကြသည်။ မောင်မိုးသည်လည်း ကိလေသာကွာရှင်း ရဟန်းပဉ္စင်းမဟုတ်၊ လူသားထဲက၊ ပုထုဇဉ်လူသား ထဲကတစ်ယောက်ပေ။ ကြောက်စိတ်မွန်းထုံ တဆတ်ဆတ် တုန်ယင်လာခြင်းသည် မောင်မိုးအတွက်ဖြစ်ထိုက်စရာပင်။

ပထမ မဟာတိပိဋကဓရ မဟာထေရ်ရှင် ဖန်ဆင်း၍ မိုးမိတ်ကုန်းမြေပြင်၌ကား နှစ်ပေါင်း(၂၅၀၀)ကျော်အတွင်း တစ်ခါမှ မဖြစ်စဖူးသော နီနီရဲရဲ မီးတောက် မီးလျှံအရောင်အဆင်းတို့ဖြင့် ကုန်းမြေဝန်းကျင်တစ်ခုလုံး ပြည့်လျှံနေသည်။ အလျှံပြောင်ပြောင်

အလင်းရောင်ကြောင့် ဖြူ၊ နီ၊ ညို၊ ပြာ ဆေးမျိုးစုံတို့ဖြင့် အလှအပ ခြယ်သထားသော တိုက်တာ အဆောက်အအုံတို့သည်ပင် အနီရောင်ကလွှမ်းမိုးထားသည်ကို ညဦးအခါသမယ သန်းခေါင်ကာလ၌ သဲသဲကွဲကွဲ မြင်တွေ့နေရသည်။ ခြူးပန်း ခြူးနွယ်၊ မုခ်ဦး ပြာသာဒ်၊ အချွန်၊ အထွတ်၊ တန်ဆောင်းတို့သည်လည်းပဲ ဝါဝါဝင်းဝင်းရွှေရောင်အဆင်းသို့ ပြောင်းလဲသွားလေရော့သလားဟု ထင်မှတ်စရာ ငွေပြားသဏ္ဍာန်ထိုးသက်န်းဖြင့် တစ်ချိန်ကလွှမ်းခြုံထားသော စေတီပုထိုးများသည်ပင် ရဲရဲတောက်နေသော အလျှံရောင် ဟပ်မှုကြောင့် ရွှေပြားသင်္ကန်းများ ကပ်လှူထားသယောင်ယောင်။

ကြောက်စိတ်ကိုဖျောက်၊ ယောကျ်ားမာန်သွင်း၊ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး အလင်းရောင်၏ တည်ရာအစကိုရှာရန် မောင်မိုး တိုက်ဘာအပေါ်ထပ်မှ ဆင်းလာသည်။

ပထမပိဋကတ်တိုက်ရှေ့ အထက်လွင်ပြင် မြေပြင်၌ ရပ်၍ အရပ်လေးမျက်နှာကို မျှော်ခေါ်တမ်းတ မှန်းဆရှာသည်။ ရောင်ခြည် အလင်း၏ ပေါက်ဖွားရာ အစကိုကား မတွေ့သေး။ ဒုတိယ တိနိဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှနှင့်ဇနီး ဒေါ်ခင်ညွန့်တို့ ဆောက်လုပ်လှူဒါန်း ကျောင်းသခ်မ်း မျက်နှာစာမှ စောင်းတန်း လှေကားအတိုင်းဆင်းကာ အရှေ့ဘက် မုခ်ဦးမှထွက်ပြီး မြစ်ရေကမ်းသဲသောင်စပ်ဝယ် စိမ်ပြေနပြေထိုင်လျက် ရောင်ခြည်ဦး၏ဖြစ်တည်ရာအစကို ရှာပြန်သည်။

ညသန်းခေါင်ယံ၌ တငြိမ့်ငြိမ့်စီးဆင်းနေသော မြစ်ရေ အလျဉ်သည် ညင်ညင် သာသာတိုက်ခတ်လာသော လေနုသေအေး၏အောက်တွင် လှိုင်းနုကလေးများတဖျပ်ဖျပ် ဖြင့် မြေပေါ်တွင် ကမ္ဗလာကြီးတစ်ချပ် ခင်းထားဘိသို့ ရှိနေသည်ကို တွေ့ရသည်။

တဖန် လှိုင်းနုကလေးများ၏ အညွန့်အဖျားသို့ မဟူရာမီးနီ အလျှံပြောင်အရောင် တို့က ပက်ဖျန်းထားသောအခါ ဆေးရောင် နုနုစိုစိုနှင့် အလှသရဖူဆောင်း ပန်းချီကား ချပ်ကြီးသဖွယ် ဖြစ်နေသည်။ သမိုင်းဝင် မိုးမိတ်စေတီတော်မြတ်ဘုရားမှ ဆည်းလည်း အသံနှင့်အတူ ရွှေရောင်ဘောက်နေသော ငါးကလေးများ ခုန်ဆော့ကစား မြူးထူး နေကြလေသည်။ တံခါးနှစ်ဘက်ဘည်းဟူသော နှုတ်ခမ်းလွှာ အစုံကို ဖွင့်၍ ဦးခေါင်းကို ညိတ်ကာညိတ်ကာ မောင်မိုး မှတ်ချက်ချသည်။ ဟောဒီ....ရွှေရောင်အဆင်း ဝါဝင်း နေသည့် ငါးကလေးများ၏ မြူးပျော်ဆော့ကစားပုံကို ထောက်သောအားဖြင့် ယနေ့ ညသည်ကား ထူးသည်ထက်ထူးတဲ့ ညပါဟု ပြောလျှင် မလွဲနိုင်ပေ။

တတိယမြစ်သောင်ယံကမ်းစပ်မှ ခွာထွက်ပြီး သာသနာ့မိခင် ကုသိုလ်ရှင် ဒေါ်သန်း သန်း၏ လျှပ်စစ်အင်ဂျင် စက်ရုံယာဘက်မှ ကပ်လျှောက်ကာ လာဘ်ဇီးကွက် မုခ်ဦးတွင် ခဏရပ်လျက် မောင်မိုး စဉ်းစားပြန်သည်။ အလျှံပြောင်ပြောင် အလင်းရောင်တို့သည် ပို၍ပို၍ပင် ဘောက်ပြောင် လာရော့သလားလို့....။

နေ့လယ် အခါတုန်းက ဖြူဖြူဖွေးဖွေး ထိုးသင်္ကန်းနှင့် ကြည်ညိုဖွယ် ဖူးတွေ့ရသော သမိုင်းဝင် မင်းတေဇ စေတီတော်မြတ်သည် ညအခါ၌ အလျှံပြောင်ပြောင် အလင်း ရောင်ကြောင့် တမုဟုတ်ချင်း ရွှေရောင်အဆင်းသို့ ပြောင်းလဲသွားသည်ဟု ထင်စရာပင်။

မောင်မိုးသည် သမိုင်းဝင် မင်းတေဇ စေတီတော်မြတ်ကို ဦးတိုက်ရှိခိုး ဖူးမြော်ပြီး မဟာဗုဒ္ဓဝင် ကျောက်စာတိုက်အလယ်၌ စီရရီခင်းထားသော အုတ်လမ်းလေး အတိုင်း အရှေ့မှအနောက် ကံတော်ဦး တံတားတိုင်အောင် ငုံ့စိုက် ငုံ့စိုက်နှင့် လျှောက်သွားနေသည်။ ကန်တော်ဦးတံတား လက်ရန်းကို ညာလက်ဖြင့် ဆုပ်ကိုင်ပြီး မဟူရာ မီးနီရောင် သမ်းနေသည့် ဦးစကြီး ဒေါ်သောင်းကောင်းမှု ရေကန်တော်ကြီးဝန်းကျင်ကို ရှုမျှော်ကြည့်လျက် အလျှံပြောင်ပြောင် အလင်းရောင်၏ ဖြစ်တည်ရာအစကို တွေ့လိုတွေ့ငြား ရှာကြည့်သော်လည်းမတွေ့။

ထိုမှတဖန် ဆင်ခြေလျှော လမ်းကလေးအတိုင်း ဖွားဖက်တော် မဟာဗောဓိ ညောင်ပင်သို့ ဆက်လက်လျှောက်လှမ်းပြန်သည်။ ဖွားဖက်တော် ညောင်ဗုဒ္ဓဟေပင်ကို လက်ယာရစ်သုံးကြိမ် လက်အုပ်ချီဦးတိုက်ကာ ပိဋကစေတီ ရင်ပြင်တော်သို့ အတက်တွင် ဟော....တွေ့ပြီ....တွေ့ပြီ၊ သူတို့....သူတို့၊ သူတို့ပါကလားဟု အံ့သြဖွယ်နှင့်အတူ မောင်မိုး ပါးစပ်ဖျားမှ မထိန်းနိုင် မသိမ်းနိုင် ထ‌ဖွဖွ ထွက်ပေါ်လာသည်။ သူတို့က ဘယ်သူတွေလဲ၊ သူတို့ရဲ့ ခန္ဓာကိုယ်မှာ ထွက်ပေါ်လာတဲ့ ရောင်ခြည်တွေကလည်း နီနီ ထိန်ထိန် တောက်တောက် ဆင်မြန်းထားသည်။ အဝတ်အထည်တွေကလည်း တဝင်းဝင်း တလက်လက်နှင့် သူတို့ခန္ဓာကိုယ်မှ ထွက်ပေါ်လာတဲ့ ရောင်ခြည်တွေကြောင့် ထင်ပါရဲ့။ မိုးမိတ်ကုန်းမြေ တင်ပြင်လုံး ညသန်းခေါင်ယံ အချိန်ကြီးမှာ ဝင်းဝင်းထိန်လို့ ပတ္တမြားသွေးသဏ္ဌာန် ဖုဖုမို့မို့ လက်ချောင်းကလေးတွေ ယှက်လျက် ပိဋကစေတီတော်အား ဦးတိုက်နေကြတဲ့ သူတို့....သူတို့လို ထူးဆန်းတဲ့သူကို မောင်မိုးတစ်သက် ဘယ်သောအခါမှ မတွေ့ဖူး မမြင်ဖူး။

ပိဋကစေတီတော် အုတ်လှေကားထစ်အထက်ဆင့်တွင် ဒူးနှစ်ဘက်ထောက် ထိုင်ရပ်ပြီး မမှိတ်သောမျက်စိဖြင့် သူတို့ကို မောင်မိုးစိုက်ကြည့်နေမိသည်။ လူလား၊ နတ်လား၊ သိကြားလား၊ ဗြဟ္မာလား။ ခဏကြာတော့ သူတို့အသံ ညင်းညင်းသာသာ ထွက်ပေါ်လာသည်။ အို....အမောင် ဘယ်သူလဲတဲ့။ ဒီဘော့ တစ်ဦးသောသူက အမောင် ကျွန်ုပ်သည် မနုဿ လူ့ပြည်မှာတုန်းက ပထမ မဟာတိပိဋကဓရ မင်းကွန်း ဆရာတော်ဘုရားကြီးရဲ့ ပါရမီဖြည့်ဖက် ဆေးရုံဒါယကာ၊ ကျောင်းဒါယကာ ထားပါတော့....သာသနာပြုဒါယကာကြီး ဦးဖိုးမှိုင်ပေါ့။ လူ့ဘဝတုန်းက ပါရမီကုသိုလ်ထူးတွေ ဆည်းပူးပြုစုခဲ့လို့ စတုမဟာရာဇ် နတ်ပြည်မှာ တန်ခိုးရှင် ဒေဝဖိုးမှိုင် ဖြစ်လာပါသည်....တဲ့။ ဒီတော့ တစ်ဦးသောသူက သာဓု...သာဓု....သာဓုလို့ သုံးကြိမ်တိုင်တိုင် ကောင်းချီးပေးသံဟာဖြင့် မောင်မိုးရင်မှာ သိမ့်ကနဲ သိမ့်ကနဲ နေအောင် သာယာမိသည်၊ ကြည်နူးမိသည်၊ ခံစားမိသည်။ အမောင်ဒေဝဖိုးမှိုင် ကောင်းလှပါပေ၏။ ကျွန်ုပ်သည် အမောင်ဒေဝဖိုးမှိုင်အား မမျှော်လင့်ဘဲ တွေ့ရပေသည်။ ကျွန်ုပ်သည်လည်းပဲ ဟို....တစ်ချိန် လူ့ဘဝတုန်းက ပထမ မဟာတိပိဋကဓရ ဆရာတော်ဘုရားကြီးရဲ့ ပါရမီဖြည့်ဖက် ညီတော်တပည့်ရဟန်း ဥက္ကံသလို့ မည်တွင်ခဲ့ပါသည်။ အဲဒီတုန်းက ဖြည့်ဆည်းခဲ့တဲ့ ပါရမီထူး သိက္ခာထူးတွေကြောင့်

တာဝတိံသာ နတ်ပြည်မှာ အများနှင့်မတူ တမူအားဖြင့် ထူးမြတ်တဲ့ ဒေဝဥက္ကံသလို့ပဲ အမည်တော်ရတယ်၊ အမောင် ဒေဝဖိုးမှို။

ဒေဝဥက္ကံသ။ ။ဒါနဲ့ ဆက်ပြီးမေးဦးမည်။ အမောင်ဒေဝဖိုးမှို၊ ဒီကုန်းမြေ၊ ဒီနေရာကို အဘယ်သို့ကြောင့်လာပါသလဲလို့။

ဒေဝဖိုးမှို။ ။ဩော်....ဒါလား၊ ဒီလိုပါ၊ ကျွန်ုပ် ယခုလို တန်ခိုးရှင်ဒေဝဖိုးမှိုဖြစ်လာတာဟာ ပဓာနအားဖြင့် ပထမ မဟာတိပိဋကဓရ ဆရာတော်ဘုရားကြီးရဲ့ ကျေးဇူးကြောင့်ပါ၊ ဆရာတော်ဘုရားကြီးရဲ့ အဆုံးအမကြောင့် ဒါနပါရမီတွေ၊ သီလပါရမီတွေ၊ အထူးအားဖြင့် ခန္တီပါရမီကို လက်ကိုင်ထားကျင့်သုံးခဲ့ပါတယ်၊ ခန္တီရှိမှ ဒါနအစရှိတဲ့ ပါရမီတွေ ဖြည့်ဆည်းလို့ ရမှာမဟုတ်လား၊ ကျွန်ုပ်လေ ဆရာတော်ကြီးရဲ့ဩဝါဒအတိုင်း သည်းခံခြင်းကို လက်ကိုင်ထားပြီး ပါရမီထူးတွေကို အားထုတ်မှုကြောင့် ဖန်ဆင်းရှင်ဒေဝဖိုးမှိုဖြစ်လာတယ်လေ။ သူ့ကျေးဇူးကို အထူးသိတာကြောင့် ဆရာတော်ဘုရားကြီး ဦးစီးကြပ်မတ် တည်ထောင်ဖန်ဆင်းသည့် ဤမိုးမိတ်ကုန်းမြေမှာ ခိုအောင်ပြီး တိပိဋကသုံးပုံ နိကာယ်ငါးရပ် ဘုရားကျမ်းစာများကို ရွတ်ဖတ်နေတဲ့ သမ္မုတိနွယ်ဝင် သာကီနွယ်ဖွား ကိုယ်တော်မြတ်ဘုရားတွေ စိတ်ချမ်းသာ ကိုယ်ကျန်းမာနှင့် ပရိယတ္တိသာသနာတော်ကြီးကို ထမ်းပိုးရွက်ဆောင် နိုင်ရေးအတွက် အစောင့်အရှောက်သခြင်းပါလို့ ဆိုယင် မလွဲပါဘူး။ ပြီးတော့လေ သူတော်ကောင်းကြီးဖြစ်သည့် ပထမ မဟာတိပိဋကဓရ ဆရာတော်ဘုရားကြီး တည်းဟူသော သပ္ပုရိသူပနိဿယ စက်ကြီးနဲ့ကြုံခဲ့ရတဲ့ ဤမနုဿ လူ့ဘုံကို သတိရလွန်းလို့ လာခဲ့ပါသည် အမောင်နတ်သား။

ဒေဝဥက္ကံသ။ ။ကောင်းလှပါပေ၏၊ အမောင်ဒေဝဖိုးမှို၊ ကောင်းလှပါပေ၏။

ဒေဝဖိုးမှို။ ။ဒါနဲ့ ကြုံတောင့်ကြုံခဲ အမောင်ဒေဝဥက္ကံသကို မေးစရာရှိတာ မေးပါရစေဦး။

ဒေဝဥက္ကံသ။ ။ဩော်....မေးပါ၊ မေးပါ၊ မေးစရာရှိတာကို အားမနာတမ်း မေးနိုင်ပါတယ်၊ သိယင်တော့ ဖြေပေးရမှာပေါ့။

ဒေဝဖိုးမှို။ ။ဒီလိုပါအမောင်၊ အမောင်နတ်သားဟာ လူ့ဘဝတုန်းက နှလုံးရည် ပညာအရည်အချင်းနဲ့ ပြည့်စုံ၊ အကျင့်သိက္ခာလဲ သူမတူအောင် တက်သန်တဲ့ ပုဂ္ဂိုလ်ဖြစ်၊ ယခု နတ်ဘဝမှာသဲ့ အလွန်ထူးမြတ်သည့် နတ်ဖြစ်နေတော့ အစစအရာရာမှာ ကျွန်ုပ်ထက် သာလွန်နေတယ်ဆိုတာ ထင်ရှားပါတယ်။ သို့မို့ကြောင့် အသိတရားဟာလည်း ကျွန်ုပ်ထက် အဆပေါင်း များစွာ သာလွန်တယ်လို့ ယုံကြည်ပါတယ်၊ ကျွန်ုပ်မေးလိုတာက ဒီလိုပါ....ကျေးဇူး

တော်ရှင် တိပိဋကဆရာတော်ဘုရားကြီး ဖြုန်းကနဲဆို ဤမိုးမိတ်နိကာယ်တိုက်ကြီး ဖန်ဆင်းတည်ထောင်လိုက်တော့ အမောင်နတ်သားရဲ့ စိတ်ဟာ ဘယ်လို ခံစားရပါသလဲလို့ မေးချင်တာပါ။

ဒေဝဥက္ကံသ။ ။ဪ....ဒါလား။ ကျွန်ုပ် ထိုစဉ်အခါတုန်းက ဒီလို စဉ်းစားမိပါတယ် အမောင်၊ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်သည် စင်စစ်အားဖြင့် အနန္တနယ သမန္တ မဟာပဋ္ဌာန်းကျမ်းကြီး၌သာလျှင် ကျက်စားရာဖြစ်သလို ဤနိကာယ်တိုက်ကြီးသည်လဲပဲ ဆရာတော်ဘုရားကြီး‌ရဲ့ ကျက်စားရာဖြစ်ပါပေ၏။ တိပိဋကဓရဟူသော ဂုဏ်နှင့်ဒြပ် စပ်ဟပ်အောင် ဤတိုက်ဘာကြီးကို ဖန်ဆင်း တည်ထောင်တော် မူပါပေ၏ဟု၍ပြီး ဝမ်းမြောက်တဲ့ စိတ်တွေ ဆင့်ကဲဆင့်ကဲ ဖြစ်မိပါတယ်၊ ပြီးတော့ ဤတိုက်တ‌ာကြီးကို အမှီပြုပြီး မရဖူးသေးတဲ့ ကုသိုလ်ထူးတွေ သူသူငါငါ ရကြတော့မည်၊ များစွာသော သတ္တဝါတို့သည် ဤနိကာယ်တိုက်ကြီးက လူနတ်ချမ်းသာကို အမှန်တကယ် ပေးတော့မည်ဆိုပြီး ဝမ်းမြောက်လိုက်တာလေ မပြောပါနဲ့တော့၊ ရင်ထဲကို လှိုက်ကနဲလှိုက်ကနဲပဲ။

ဒေဝဖိုးမို။ ။ကျွန်ုပ်ကတော့လေထိုစဉ်အခါတုန်းက ဘဏ္ဍာရေးမှူးဆိုတော့ပူပင်မှုတွေကို တစ်ပုံ တစ်ခေါင်းကြီးနဲ့ ဒီလိုတောခေါင်ခေါင် တောင်မောက်မောက် ချောက်ကြိုချောက်ကြားမှာ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ဘယ်သူက ပေးလှူပါလိမ့်လို့၊ အခုတော့ အံ့ဩမကုန်လောက်အောင်ကို ပုံစံအမျိုးမျိုးနဲ့ ဆောက်လုပ်လှူဒါန်းထားတဲ့ကျောင်းဆောင်တွေမုခ်ဦးပြာသာဒ်တွေ စောင်းတန်းလှေကားတွေ စုလစ်မွန်းချွန် အထွတ်တွေ အမျိုးမျိုးအဖုံဖုံ ပြတိုက်တွေ ပြီးတော့ ရာသီမပြတ် စိမ်းစိမ်းစိုစို ဝေဝေဆာဆာနဲ့ ဖူးပွင့်နေကြတဲ့ သစ်သီးသစ်ပင်တွေကဆို ပေါမှပေါပါဘိ။ ဇီဇဝါ၊ ကြက်ရှန်း၊ မြတ်လေး၊ ခတ္တာ၊ စံပယ်၊ ညမွှေး၊ ဖွားဖက်စတဲ့ ပန်းရနံ့တွေကဖြင့် နေ့ရောညပါ ကြိုင်လှိုင်သင်းထုံနေလိုက်တာတွေ အို....စုံလို့စုံလို့၊ ပြောမကုန်နိုင်အောင် ဖြစ်လာလိုက်တာ ကျွန်ုပ်တို့နတ်ပြည်က နန္ဒဝန်ဥယျာဉ်ကြီးလားလို့ ထင်မှားစရာပဲ။

ဒေဝဥက္ကံသ။ ။အမောင်နတ်သားက 'ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ'ဆိုတဲ့ တစ်ပိုဒ်ကို မစဉ်းစားမိလို့ပါ၊ ဘုရားရှင် တရားတော်အတိုင်းသာကျင့်၊ ထိုသူ့ကို တရားတော်က ပြန်လည်စောင့်ရှောက်တာ အမှန်ပါ။

ဒေဝဖိုးမို။ ။ဒါ့ကြောင့်မို့နဲ့ တူတယ်နော်၊ နေ့စဉ်နေ့တိုင်း လှူဒါန်းသူတွေဟာ ဝင်လာမစဲ တဖွဲဖွဲနှင့်။

ဒေဝဥက္ကံသ။ ။ဟုတ်တာပေါ့ အမောင်နတ်သားရယ်၊ ဤနိကာယ်တိုက်ကြီးကို ဖန်ဆင်းတာကလဲ ထူးသည်ထက်ထူးတဲ့ ပုဂ္ဂိုလ်ထူး ဆရာတော်ကြီး၊ နေထိုင်တဲ့ ပုဂ္ဂိုလ်တွေကလည်း ဓမ္မစာရီယအောင်ပြီး နိကာယ်စာသင်သားကြီးတွေ

ဆိုတော့ နေနှင့်လ၊ ရွှေနှင့်မြ တင့်တယ်နေတာကိုး။ ပြီးတော့...ဘုရားရှင် ဆရာတော်ဘုရားကြီးက ယထာဝါဒီ တထာ ကာရီ စစ်စစ်၊ ပြောယင် ပြောတဲ့အတိုင်းဖြစ်အောင် လုပ်တယ်၊ ခုကြည့်လေ နိကာယ်စာသင်သား ကြီးတွေကို လိုလေသေးမရှိအောင် နံနက်မှာဆိုယင် ဆွမ်း၊ ရေနွေးပွဲ၊ နေ့လယ်မှာ ဟင်းလျာခြောက်ခွက်၊ သို့တည်းမဟုတ် ခုနစ်ခွက်၊ ရှစ်ခွက်နှင့် အဖျော်ယမကာ မုန့်မျိုးစုံ အချိုပွဲ အချဉ်ပွဲ၊ နံနက်နှင့် နေ့ဆွမ်းအကြား ပါစကစာတ် အားကောင်းပြီး အစာကြေလွယ်တတ်တဲ့ ရဟန်းတော် အတွက် သီးသန့်ခဲဖွယ် သောက်ဖွယ် စီစဉ်ပေးသေးတယ်။ မနေ့လယ် သုံး နာရီ အဖျော်ရည်၊ ညခုနစ်နာရီ စတုမဓု၊ အို....ကုန်ကုန်ပြောရယင် ဆေးလိပ် ကအစ လိုလေသေးမရှိအောင် သားရင်းမက ပြုစုတယ်မဟုတ်လား။

ဒေဝဖိုးမှိ။ ။ဟုတ်ပေသပေါ့၊ မှန်ပေသပေါ့၊ အမောင်ဒေဝဥက္ကံသ။

ဒေဝဥက္ကံသ။ ။ပြောလက်စနဲ့ ဆက်ပြောရတော့မှာပဲ အမောင်ဒေဝဖိုးမှိ။

ဒေဝဖိုးမှိ။ ။ပြောပါ၊ ပြောပါ ဆိတ်မသုဉ်း နားထောင်လျက်ပါ။

ဒေဝဥက္ကံသ။ ။ဆဋ္ဌ သင်္ဂီတိ ဝိသဇ္ဇက တိပိဋကဆရာတော်ကြီးက တကယ့်မဟာကရုဏာ ရှင်ကြီး သတ္တဝါတွေကို သိပ်သနားတတ်တာ။ ကျွန်ုပ်က အတူတူ သာသနာပြုဖက်ဆိုတော့ သူ့အကြောင်းကို သိပ်သိပေါ့။ လောဘ၊ ဒေါသ၊ မောဟပိတ်ဖုံး သံသရာရေလျဉ်ကြောကို တမြောင်းပြန်ပြန် မျောနေကြတဲ့ သူတွေကို မေတ္တာ၊ ကရုဏာတည်းဟူသော ရွှေလက်တော် နဲ့ ပွေ့ဖက်ပြီး နေ့မအား ညမအား ဆယ်တင်ပေးနေတယ်လေ။ သဗ္ဗ- ညုတဘုရားရှင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး သမုဒ္ဒရာ လေးစင်းအတွင်းရှိ ရေအလျဉ်တို့ အရှုံးပေးရသော သွေးတော်အလှူ၊ ဤ မဟာပထဝီ မြေကြီးရှိ မြူမှုန်မကသော အသားတော်အလှူ၊ ဦးခေါင်းဘော်အလှူ၊ မျက်လုံးတော်အလှူစတဲ့ အလှူမျိုးစုံကို သူမတူ အောင် ရက်ရက်ရောရော လှူဒါန်းခြင်းကြောင့် ပွင့်ထွန်းပေါ်ပေါက် လာသည့် ဘုရားရှင်၊ ပာင်းဘုရားရှင် ဟည်ထောင်တော် မူခဲ့သည့် သာသနာတော်ကြီးကို မမှေးမှိန်မကွယ်ပျောက်ရအောင် ထမ်းဆောင် ရမှာကား ငါတို့တာဝန်ဆိုတဲ့ အရှင်မဟာကဿပထုံး နှလုံးမူထားတာ ဘုရားရှင်ရဲ့ သာသနာတော်ကြီး မကွယ်ပအောင် မိမိရဂုဆဲ့ကိုင်ထားရ မှာက ရေသောက်မြစ်နှင့်တူသည့် ပရိယတ္တိ၊ ယင်းပရိယတ္တိ မရှိတော့ဘူး ဆိုယင် ပဋိပတ္တိ၊ ပဋိဝေဓ သာသနာ အလိုလိုကွယ်ပျောက်သွားတော့ တာ အမှန်ပဲဆိုပြီး ကြိုးစားဆောင်ရွက်နေလိုက်တာ အခုဆိုယင် မန္တလေး မြို့မှာ မဟာဓမ္မာစရိယ သာသနာ့တက္ကသိုလ်နှင့် မဟာရန်ကုန်မြို့တော်မှာ မဟာဓမ္မာစရိယ သာသနာ့တက္ကသိုလ်ကြီးတို့ မကြာခင် ဖွင့်တော့မည် မဟုတ်လား။

ဒေဝဖိုးမှို။ ။ဟုတ်ပေသပေါ့၊မှန်ပေသပေါ့၊ သူ့အကြောင်းကိုကြားရတိုင်း သာဓုပဲ အကြိမ်ကြိမ်ခေါ်နေရတယ်။လွန်ခဲ့တဲ့နှစ်ပေါင်း(၂၅၀၀)ကျော်က အရှင်မဟာကဿပ အမှူးရှိတဲ့ ပိဋကသုံးပုံ အလုံးစုံ ပရိယတ္တိအပြားကို ဆောင်နိုင်သည့် ပဋိသမ္ဘိဒါပတ္တ ဘေဝိဇ္ဇာက ခီဏာသဝ ရဟန္တာများသည်လဲပဲ ရေသောက်မြစ်နှင့်တူသော ပရိယတ္တိသာသနာတော်ကြီးကို အထူးဂရုစိုက် အလေးမူကယ်လို့ ကြားဖူးတယ်။

ဒေဝဥက္ကံသ။ ။ဟုတ်မှ ဟုတ်ပ အမောင်....တကယ့်ကို ဟုတ်ပေါ့။

ဒေဝဖိုးမှို။ ။ဒါနဲ့ ဒီစကားခဏရပ်ထားပြီး လူ့ဘဝငယ်ငယ်တုန်းက ကျွန်ုပ်၏ ဖြစ်ရပ်တစ်ခုကို ပြောရဦးမယ်။

ဒေဝဥက္ကံသ။ ။ပြောတော့လဲ နားထောင်ရဘာပေါ့လေ။

ဒေဝဖိုးမှို။ ။လူ့ဘုံ လူ့လောကမှာ တချို့သောသူတွေဟာ ငါ ပညာရှိကွဆိုပြီး ကြုံးဝါးနေတဲ့ သူတွေကို တွေ့ခဲ့ဖူးတယ်။ ကျွန်ုပ်လဲ အစကတော့ သူတို့ကို အဟုတ်မှတ်မိဘာပေါ့။ တဆိတ်လောက် ဆည်းကပ်မိတော့ သူတို့၏ မျက်နှာဟန်အမူအရာက မာနအဆိတွေ ဝေ့နေတာတို့၊ ငါနှင့် ငါသာ နိုင်းစရာဟူသော မာန်ခိုးမာန်ငွေ့တွေ ထောင်းထောင်းထနေတာတို့၊ အချို့ကျတော့ အများအပေါ် လှည့်ပတ် အစားကောင်း အသောက်ကောင်းတွေစားပြီး မောဟအဆီတွေ ရစ်နေတာတို့ သူတို့နှုတ်ဖျားမှ ထွက်လာနေတဲ့ စကားသံက ရှုတ်ချသံ ကဲ့ရဲ့သံတွေ။ ဤသာ မစ္ဆရိယအစွယ်ကြီးက ဖြင့် ငေါငေါထွက် ကြောက်ခမန်းလိလိ အဲ့ဒီဝန်းကျင်က အမြန်ဆုံးခွာထွက်ပြီး ဆဋ္ဌသံဂီတိ ဝိသဇ္ဇက ဆရာတော်ဘုရားကြီးထံ ခိုလှုံလိုက်မိတာဟာ ကျွန်ုပ်အတွက် လွန်စွာကြီးမားသော မဟာလာဘ်ကြီးပါလားဆိုပြီး ခုမှပဲပြီး ဝမ်းသာနေမိတယ်။

ဒေဝဥက္ကံသ။ ။ဟုတ်ပေါ့....ကျွန်ုပ်ကတော့ ရိုရိုနဲ့ အေးအေးနေချင်တဲ့ စရိုက်ရှိတော့ ဘုရားရှင်ရဲ့ အဆုံးအမအတိုင်း ပြင်ပ ဗဟိဒ္ဓကို မကြည့်ဘူး၊ မတွေးဘူး၊ သတိတရား အမြဲရှေ့ထားပြီး အတွင်းအဇ္ဈတ္တကိုသာ ကြည့်တယ်၊ တွေးတယ်၊ ကြံတယ်၊ ဆဋ္ဌသံဂီတိ ဝိသဇ္ဇက ဆရာတော်ကြီး အမိန့်ရှိဖူးတယ်။ ညီတော်ဦးပဉ္စင်း ကိုယ့်ကိုယ်ကိုသာ ကြည့်ပါ၊ ဝေဖန်ပါ၊မြင်ပါ၊ သူတပါးကို မကြည့်ပါနဲ့၊ မဝေဖန်ပါနဲ့တဲ့။ သူသူငါငါ သတ္တဝါတွေဟာ ပြင်ပဗဟိဒ္ဓကိုသာ ကြည့်ပြီး သူတပါးကိုသာ မြင်ကြလို့ သံသရာမဆုံးနိုင်ပဲ ဆင်းရဲဒုက္ခမျိုးစုံနဲ့ ဝိုင်းအုံနေရခြင်း ဖြစ်တယ်တဲ့။ အမှန်တကယ် အေးချမ်းတဲ့ ဘဝ၊ ငြိမ်းအေးတဲ့ အဖြစ်ကို လိုချင်တယ်ဆိုယင် ပြင်ပဗဟိဒ္ဓကို မကြည့်နဲ့၊ မတွေးနဲ့၊ မိမိကိုယ်ကိုသာကြည့်၊ မိမိကိုယ်ကိုသာရှု၊ ရှုဖန်များလာယင် ငြိမ်းအေးမှုဆိုတာ အလိုလိုရောက်လာမှာဟု အမိန့်ရှိဖူးတယ်။

ဒီတော့ ကျွန်ုပ်က သူ့အဆုံးအမအတိုင်း နေခဲ့တယ်လေ၊ ဒါ့ကြောင့်နဲ့တူတယ်။ ကျွန်ုပ် အခု အများနှင့်မတူ ထူးတဲ့ နတ်သားဖြစ်လာတာ။ ဒါပေမယ့်လို့လေ၊ ကျွန်ုပ်ကတော့ နတ်သားဘဝကို နှစ်သက်လှကြီးမဟုတ်ပါဘူး။ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းအပိုင်းက မလွန်သေးတော့ ရုပ်နာမ်ခန္ဓာ ချုပ်ငြိမ်းရာကိုပဲ မြန်မြန်လိုချင်မှု၊ စိတ်ဇောအဟုန် ပြင်းပြနေတာပါ။

ဒေဝဖိုးမို့။ ။ဒါနဲ့ အမောင် ဒေဝဥက္ကံသကို ကြုံတုန်း ဆုံတုန်း စကားဆက်ရှိတာနဲ့ မေးပါရစေ။ ဆဋ္ဌသင်္ဂါယနာ ဝိသဇ္ဇနာဆရာတော်ကြီးက ဒီဂေါတမဘုရားသာသနာတွင်းမှာပဲ ပစ္ဆိမဘဝိကအဖြစ် ကျွတ်တမ်းဝင်ရပါလို၏ဟု ဆုတောင်းတယ်ဆို ဟုတ်များ ဟုတ်ရဲ့လား။

ဒေဝဥက္ကံသ။ ။ဟုတ်ပေါ့ အမောင်၊ တကယ့်ကို ဟုတ်ပေါ့၊ သူလေ ဤဂေါတမဘုရားရှင် သာသနာတော်တွင်းမှာပဲ ပစ္ဆိမဘဝိကအဖြစ် ကျွတ်တမ်းဝင်ရပါလို၏ဟု ဆုတောင်းတာ အမှန်ပါ။ ဘာလိုလို့နဲ့ ဤဂေါတမဘုရားရှင်ရဲ့ သာသနာတော်ကြီးလဲ လူတို့သက်တမ်းနဲ့ဆိုယင် နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်တောင် ကြာသွားပြီ....တဝက်ကျိုးပြီလို့ ဆိုရမှာပေါ့။ ကျွန်ုပ်တို့ တာဝတိံသာနတ်သက်နဲ့ဆိုယင် 'မာနုသကံ ဝဿ သတံ ဒေဝါနံ တာဝတိံသာနံ ဧသော ရတ္တိံဒိဝေါ'လို့ ဘုရားရှင်ဟောထားတော့ များများမရှိသေးဘူး။ ၂၅-ရက်ပဲ ကျန်တော့တယ် အမောင်.... သူလေ ဒီ ၂၅-ရက်အတွင်းမှာပဲ ကျွတ်တမ်းဝင်ဖို့ သေချာသလောက် ဖြစ်နေပြီ။ ဘာလို့သေချာသလောက်ဖြစ်နေပြီလို့ ပြောရသလဲဆိုယင် သူ့ရဲ့လုပ်ဆောင်ချက်တွေကိုပဲ ကြည့်၊ ပစ္ဆိမဘဝိကရဟန္တာအရှင်မြတ်ကြီးများ လုပ်ဆောင်ချက်နဲ့ တစ်ထေရာတည်းတူနေတာကိုး။ သူလေ ပါရမီဖြည့်လို့ အကောင်းဆုံးဖြစ်တဲ့ လူ့ဘုံကို လာပြီး နောက်ဆုံး ပါရမီဖြည့်နေတာ၊ သူ့အဆုံးအမကို လိုက်နာပြီး သူ့အလိုကို ဆောင်ရွက်ပေးကြတဲ့ သူတွေကတော့ တန်ဖိုးဖြတ်လို့မရနိုင်တဲ့ ကြီးစွာသော မဟာလာဘ်ကြီး ပိုင်ဆိုင်ရမှာ အမှန်ပေါ့။

ဒေဝဖိုးမို့။ ။ဟုတ်ပေါ့ အမောင်၊ သိသူဖော်စား၊ မသိသူတွေကတော့ ကျော်သွားကြမှာပေါ့၊ ကျွန်ုပ်တို့ အခု ကြည့်လေ၊ သူ့ရဲ့ဩဝါဒကို ယစ်သဝေမတိမ်း မှန်မှန်ကန်ကန် စေတနာကောင်းနဲ့ လိုက်နာဆောင်ရွက်ခဲ့ကြလို့ နတ်စည်းစိမ်တွေကို မှိုင်မှိုင်ဆိုင်ဆိုင်ကြီး ခံစားနေကြရပြီ မဟုတ်လား၊ အမောင် ဒေဝဥက္ကံက နတ်စည်းစိမ်ကို ခုံခင်ခြင်းမရှိလှဘူး ဆိုပါသော်လဲပဲ ကျွန်ုပ်ကတော့ မြတ်မြတ်နိုးနိုးနဲ့ မျှော့လိုတွယ်ကပ်ထားရဦးမှာပဲ၊ ဘာလို့လဲဆိုတော့ နတ်စည်းစိမ်နဲ့တူတဲ့ ခံစားမှုမျိုး ဘယ်ဘုံဌာနမှ မရနိုင်ဘူးလို့ ယနေ့တောင်

သူရိယဝဏ္ဏသာ နတ်သမီးချော သုဓမ္မာသဘင်မှာ ကပြဖြေဖျော်မှာ မဟုတ်လား။

ဒေဝဥက္ကံသ။ ။ဟုတ်ပါ့ဗျာ.... ဟုတ်ပါ့.... ရောဟိဏီနတ်သမီးရဲ့ ကိုယ်ကာယအလှပြရယ်၊ ပြီးတော့ သူရိယဝဏ္ဏသာနတ်သမီး ခေါင်းဆောင်ပြီး နတ်သမီးချောတွေချည်း စတိတ်ရှိုးအကရှိပါသတဲ့ဗျာ။ ကဲ.... ဒါလောက်တောင် သဲလွန်းမတော့....။

ဒေဝဖိုးမို။ ။ဒီလိုဆို... ပြန် ပြန်....ပြန်ကြစို့လေ....။

ဒေဝဥက္ကံသ။ ။ကောင်းပါပြီ အမောင်၊ ကောင်းပါပြီ....

တခဏချင်း သူတို့နှစ်ယောက် ကွယ်ပျောက်ကြလေပြီ။ သူတို့နဲ့ အတူ နီနီထိန်တောက်၊ အလျှံပြောင်ပြောင် အရောင်များလည်း လွင့်စဉ်ပြေးသွားကြလေပြီ။ သူတို့ရဲ့ပြောဆို နှီးနှောသံကဖြင့် မောင်မိုး၏နားဝတွင် ရစ်ဝဲနေလျက်....။

(ကန့်ဘလူ - မောင်မိုး)

# ၂၀ ရာစု သာသနာပြု ပုဂ္ဂိုလ်ကျော်နှင့် အာရှတိုက်၏ သာသနာ့သမိုင်း အကျဉ်း

၁၃၄၀-ပြည့် နှစ်မှ စတင်တည်ထောင် အကောင်အထည်ဖော်ခဲ့သော တိပိဋက နိကာယတိုက်ကြီး၏ သာသနာပြုအသင်းကြီးမှ ပထမ သုံးနှစ်ရေးစာစောင် ထုတ်ဝေပြီးနောက်၊ ယခု ဒုတိယ သုံးနှစ်ခရီးထုတ်ဝေရန် စိုင်းပြင်းကြရာ၌ အဖွဲ့၏ဥက္ကဋ္ဌ အထူးကု ဆရာဝန်ကြီး ဦးသာလှ (ဝဏ္ဏကျော်ထင်,ပါမောက္ခ)က တိုက်တွင်းရှိ သံဃာတော်များသို့ မိမိတို့နှစ်သက်ရာ သတ်မှတ်ထားသည့် အချက်အလက်များမှ ဆောင်းပါး၊ ကဗျာ စသည် ရေးကြပါရန် မေတ္တာရပ်ခံ လျှောက်ထားပါသည်။ စာရေးသူအနေဖြင့်လည်း တိပိဋက ဆရာတော်ဘုရားကြီး၏--

"တာဝန်သိသူမှာ တာဝန်ရှိတယ်"

ဆိုတဲ့ အဘိဓမ္မာကို ထိပ်ဝယ်ပန်ဆင်၍ ဆောင်းပါးတစ်ခု ရေးသားရန် ဆန္ဒဖြစ်မိပါသည်။ စာရေးသူ့ဘို့မျက်မှောက်ဝယ် သမိုင်းအဆက်ဆက်တွင် တွေ့ရခဲမြင်ရခဲကြားရခဲသော တိ+နိသာသနာပြုအဖွဲ့ကြီးနှင့် တိပိဋကဆရာတော်ဘုရားကြီးတို့၏ တိပိဋကနိကာယ သာသနာနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဆောက်လုပ်ရေး လုပ်ငန်းကြီးများ စသည့် တိပိဋက ဆရာတော်ဘုရားကြီး၏ ကြီးမားလှသော အမြော်အမြင် ဘုန်းကံပါရမီ တို့ကို ကံအားလျော်စွာ တွေ့နေရပါသည်။ ထို့အတူပင် အတိတ်သမိုင်းကြောင်း နှစ်ပေါင်းများစွာက သာသနာ့တာဝန်ထမ်းရွက်ခဲ့ကြ၍ အခက်အခဲပေါင်းများစွာကို ဖြတ်သန်းခဲ့ရပြီး မျက်မှောက်ခေတ် သားစဉ်မြေးဆက်သို့ ဓမ္မလက်ဆောင်တို့ကို အမွေပေးခဲ့ကြသည့် ရှေးခေတ် သမိုင်းဝင်အရှင်တို့၏ လုပ်ရှားခဲ့မှု ကြိုးပမ်းချက်တွေကိုလည်း လက်လှမ်းမီရာစာအုပ်တွေမှာ ရှာဖွေလေ့လာကြည့်မိပါသည်။

ဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသကို အဋ္ဌကထာများ၌ အိန္ဒိယနိုင်ငံအတွင်း သတ်မှတ်၍ ပြတော်မူပါသည်။ အလျားယူဇနာ ၃၀၀၊ အနံယူဇနာ ၂၅၀၊ အဝန်းယူဇနာ ၉၀၀ရှိ၏ဟု ပြသည်။ ဗုဒ္ဓသာသနာတော်ကြီးမှာ အိန္ဒိယသာမက စတုရန်းမိုင်ပေါင်း ၁၉,၁၄၀,၇၅၄ကျယ်ဝန်းသော အာရှတိုက်ကြီးတစ်ခုလုံးသို့ ပျံ့နှံ့ခဲ့သဖြင့် အာရှတိုက်

ကြီးတစ်ခုလုံးသည် ဗုဒ္ဓခေတ်ဖြစ်သည်ဟု ကာလကတ္တားတက္ကသိုလ် ပါမောက္ခဒေါက်တာ ဂန်ဂူလီက သူ၏ The Buddha and His Message စာအုပ်တွင်ပြပါသည်။

ဤအာရှတိုက်မှ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူများမှာ သန်းပေါင်း၅၀၀ခန့် ရှိသည်ဟု ဆိုပါသည်။ ၁၂၉၃-ခု စာရင်းအရ--

## ထေရဝါဒ ဗုဒ္ဓဘာသာဝင်မှာ

| | | |
|---|---|---|
| မြန်မာပြည် | ၁၂, ၃၄၈, ၀၃၇ | ယောက် |
| ယိုးဒယား (ထိုင်း) | ၈, ၀၀၀, ၀၀၀ | ကျော် |
| ကမ္ဘောဒီးယား(ကမ်ပူးချား) | ၁, ၅၀၀, ၀၀၀ | ကျော် |
| သီဟိုဠ်(သီရိလင်္ကာ) | ၂, ၇၇၀, ၀၀၀ | |
| စုစုပေါင်း | ၂၄, ၆၁၈, ၀၃၇ | |

ဤသို့အားဖြင့် ထေရဝါဒဗုဒ္ဓဘာသာဝင် ၂၄သန်းကျော်ရှိလေသည်။

## မဟာယာန ဗုဒ္ဓဘာသာဝင်မှာ

| | | |
|---|---|---|
| တရုတ်ပြည် | ၃၈၇,၄၀၀,၀၀၀ | |
| ဂျပန်ပြည် | ၄၂,၀၀၀,၀၀၀ | ခန့် |
| ရုရှားပြည် | ၁၀,၇၄၅,၇၇၆ | |
| တိဗက်ပြည် | ၄,၀၀၀,၀၀၀ | |
| အိန္ဒိယပြည် | ၁၂,၇၈၈,၈၀၆ | |
| စုစုပေါင်း | ၄၅၆,၉၃၄,၅၈၂ | |

ဤသို့အားဖြင့် မဟာယာနဗုဒ္ဓဘာသာဝင် သန်းပေါင်း (၄၆၀-ခန့်) ၄၆ကုဋေ ခန့်ရှိပေသည်။

ဤအချက်များအရ အာရှတိုက်ကြီး တစ်ခုလုံးကို ဗုဒ္ဓခေတ်ဟု တင်စားခေါ်ဝေါ် ခြင်းဖြစ်လိမ့်မည်။ ဤမျှ များပြားသော ပုဂ္ဂိုလ်တို့ ယုံကြည်မှု ရရှိလာအောင် မည်သို့ သမိုင်းတွင် ဖြစ်ခဲ့ကြသည်ကို နောက်ကြောင်းပြန်ကာ ဆင်ခြင် ကြည့်ကြပါစို့။

# အိန္ဒိယ

ဗုဒ္ဓမြတ်စွာ ပွင့်တော်မူမီကပင် အိန္ဒိယနိုင်ငံ၌ ဗြာဟ္မဏဝါဒသည် ကြီးစိုးလျက်ရှိပါသည်။ ဗုဒ္ဓ၏ ဆွေစဉ်မျိုးဆက်တို့လည်း ဤဝါဒကိုပင် ကိုးကွယ်ကြပါသည်။

အချို့ပညာရှင်များ အဆိုအရ ဘီစီ ၆၂၃ မေလ၊ ကဆုန်လပြည့်သောကြာနေ့၌ လုမ္ဗိနီအင်ကြင်း ဥယျာဉ်တွင် ဗုဒ္ဓလောင်းလျာကို ဖွားမြင်သည်။ လုမ္ဗိနီအပါအဝင်သကျ သာကီဝင်တို့ နယ်ပယ်မှာ ယနေ့ နီပေါနိုင်ငံတောင်ပိုင်းမှ ဂင်္ဂါမြစ်အထိ စတုရန်းမိုင် ၉၀၀ ခန့်ရှိသည်။ ရင်းနယ်ကို ယခုအခါ တာဒရာဟုခေါ်သည်။ ဗုဒ္ဓလောင်းလျာမွေးဖွားရာ အရပ်ဒေသကို ဘီစီ ၂၃၉ က အသောကမင်းတရားသည် ကျောက်စာတိုင် စိုက်ထူခဲ့သည်ကို ယနေ့တွေ့နိုင်သေးသည်။ အလောင်းတော် သက်တော် ၁၆ နှစ်တွင် ခမည်းတော်က ယသော်ဓရာနှင့် ထိမ်းမြား၍ ထီးနန်းစည်းစိမ်ပေးသည်။ ၂၉ နှစ်တွင် တောထွက်၍ ၃၅ နှစ်တွင် ဘုရားဖြစ်တော်မူသည်။

ဘုရားဖြစ်တော်မူပြီး သစ္စာတရား ဟောကြား၍ တပည့်သာဝကရဟန္တာ ၆၀ ရှိသောအခါ ထိုရဟန္တာသာဝကတို့ကို အိန္ဒိယပြည်ရှိ ခရီးလမ်းကြောင်းတို့၌ တစ်လမ်းကို တစ်ဦးစီ အရပ်ဒေသ အသီးသီးသို့ သာသနာပြုစေလွှတ်တော်မူသည်။ ထိုအရှင်မြတ်တို့လည်း တစ်နေ့တည်း အရပ်ဒေသအသီးသီးသို့ သာသနာပြု ထွက်ကြတော်မူကြလေသည်။

ဗုဒ္ဓကိုယ်တော်တိုင်လည်း ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်၊ ရသေ့ ညီနောင်ရှင် တစ်ထောင်၊ ဗိမ္ဗိသာရနှင့် ပရိသတ်၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့နှင့် ပရိသတ် စသည်စသည်ဖြင့် အချိန်အနည်းငယ်အတွင်း ဗုဒ္ဓဘာသာ အင်အားစုသည်တစ်နေ့တစ်ခြား တိုးတက်လာပါသည်။ ၄၅ ဝါကာလကြာသောအခါ၌ကား အိန္ဒိယနိုင်ငံ အနှံ့အပြား ဗုဒ္ဓဘာသာ ပျံ့နှံ့၍ သာသနာထွန်းကားခဲ့ပါသည်၊ မဟာသက္ကရာဇ် ၁၄၈ ခရစ်မတိုင်မီ ဘီစီ ၅၄၄ တွင် ကုသိနာရုံ၌ ပရိနိဗ္ဗာန်ဝင် စံတော်မူပါသည်။

ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးသည့် နောက်၌လည်း အိန္ဒိယ၌ သာသနာပြု လုပ်ငန်းများကို အားတက်သရော ပြုကြပါသည်။

ပထမ သင်္ဂါယနာကို မဟာသက္ကရာဇ် ၁၄၈ ခု ဝါခေါင်လပြည့်ကျော် ၅ရက်မှစ၍ (ဘီစီ ၅၄၄)၌ အဇာတသတ်မင်းကို အမှီပြု၍ ဝေဘာရတောင်၌ အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာတို့ သင်္ဂါယနာတင်ကြသည်။

တဖန် သာသနာသည် အနှစ်တစ်ရာအတွင်း အရှုပ်အထွေး ရှိလာပြန်၍ သာသနာနှစ် ၁၀၀ (ဘီစီ ၄၄၄)၌ ဝေသာလီပြည်တွင် ကာလာသောကမင်းကို အမှီပြု၍ အရှင်မဟာယသ အမှူးရှိသော ရဟန္တာတို့ ဒုတိယ သင်္ဂါယနာတင်တော်မူကြသည်။

ထို့နောက် အိန္ဒိယတွင် သာသနာသည် အတိုးတက်ကြီး မဟုတ်သည့်တိုင် မှန်မှန်ပင် အဆက်မပြတ် ရှိခဲ့ပြီး သာသနာ ၂၃၅ (ဘီစီ ၃၀၉)တွင် ပါတလိပုတ်ပြည်၌ အသောကမင်းကို အမှီပြု၍ အရှင်မောဂ္ဂလိပုတ္တတိဿ အမှူးရှိသော ရဟန္တာတို့ တတိယ သင်္ဂါယနာတင်တော်မူကြပြန်သည်။

အိန္ဒိယနိုင်ငံတွင် ဒုတိယသင်္ဂါယနာမှစ၍ မဟာယာနဂိုဏ်းပေါ်ထွန်းကာ သံဃာ့ဂိုဏ်းကွဲခဲ့ကြသည်။ ထိုတွင် သာသနာ ၆၂၂မှ ၆၆၄တွင် (အေဒီ၇၈မှ ၁၂၀အထိ)နန်းတက်သော ကက်ရှမီယား-ဂန္ဓာရတို့ကိုအုပ်ချုပ်သော ကနိရှက မင်းလက်ထက်၌သင်္ဂါယနာတင်သေးသော်လည်း ၎င်းကို မြောက်ပိုင်း ဗုဒ္ဓဘာသာက အသိအမှတ်ပြု၍ တောင်ပိုင်းဗုဒ္ဓဘာသာက အသိအမှတ်မပြုပေ။ အိန္ဒိယ၌ ဗုဒ္ဓဘာသာသည် အသောကလက်ထက်၌တိုးတက်၍ နိုင်ငံရပ်ခြားသို့ သာသနာပြုအဖွဲ့များစေလွှတ်သည်။ ထိုနိုင်ငံများမှာ အိန္ဒိယမြောက်ပိုင်း၊ အာဖဂန်နစ္စတန်နှင့် အာရှတိုက်အလက်ပိုင်း ဆီးရီးယား၊ အီဂျစ်၊ နီပေါ၊ တိဘက်၊ သီဟိုဠ်နှင့် အိန္ဒိယတောင်ပိုင်းတို့ ဖြစ်ကြပါသည်။

အသောက၏နောက်ပိုင်း၌ သာသနာသည် လင်းလိုက် မှိန်လိုက်ဖြစ်၏။ မဟာယာနဗုဒ္ဓဘာသာမှာလည်း ဟိန္ဒူဘာသာနှင့်ရော၏။ စုန်း နတ် ကဝေ တစ္ဆေ မြောက်တို့နှင့် ပတ်သက်သည့် တန္တရ မန္တရဘာသာတဲ့ ဖြစ်လာသည်။ အရှင်မဟာဗုဒ္ဓဃောသ ပိဋကတ်ကူးရန် အိန္ဒိယမှ သီဟိုဠ်သို့ကြွရန်စိုင်းပြင်းနေချိန်တွင်အိန္ဒိယ၌ စာပေပိဋကတ်မပြည့်စုံတော့ဟုယူဆကြ၏။ သာသနာနှစ် ၉၇၉ (အေဒီ၄၃၁)ကာလ၌ ဖြစ်ပါသည်။

နောက်ဆုံး သာသနာ တစ်ထောင်ခန့်အတွင်း ခရစ်သက္ကရာဇ် ၁၂၀၀ကျော်သို့ ရောက်သောအခါ မဟာမေဒင်ဘာသာဝင်တို့ အိန္ဒိယကို တိုက်ခိုက်၍ ဖျက်ဆီးပြီးနောက် အနှစ်၁၀၀ကျော် ၂၀၀လောက်တွင် ဗုဒ္ဓဘာသာသည် အိန္ဒိယတွင် ကွယ်ပျောက်သွားလေတော့၏။

သို့သော်အနည်းငယ်သော အရေအတွက်ကား ယနေ့ထက်တိုင် ကျန်ရှိနေပေသေးသည်။ ထိုအထဲမှ ကုသိနာရုံတွင် ဟင်ဒီ၊ သက္ကတ၊ ပါဠိ၊ အင်္ဂလိပ်စာပေ တတ်ကျွမ်းသော အိန္ဒိယရဟန်းတော်တို့သည် သာသနာပြန့်ပွားရာ ပြန့်ပွားကြောင်း ပြုလုပ်နေကြပါသည်။

သီဟိုဠ်နိုင်ငံမှ အနာဂါရိက ဓမ္မပါလသည် မဟာဗောဓိအသင်းကို ၁၉၂၀ပြည့်နှစ်၌ တည်ထောင်၍ သာသနာပြုစာစောင်များကို အင်္ဂလိပ်ဘာသာဖြင့် အိန္ဒိယနိုင်ငံ ကလကတ္တားမြို့၌ရိုက်နှိပ်ကာ အရှေ့တိုင်းနိုင်ငံများ အိန္ဒိယ၊ သီဟိုဠ်၊ တရုတ်၊ မြန်မာ၊ တိဘက်၊ ဂျပန် ဗုဒ္ဓဘာသာ စာဖတ်ပရိသတ်တို့အတွက်သာမက အနောက်နိုင်ငံများအထိ ဖြန့်ဝေပေသည်။ ထို အသင်းကပင်အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဘာသာဆိုင်ရာဘုရားဖူးဌာနတို့ကို ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။

## သီဟိုဠ်နိုင်ငံ

အသောက မင်းတရားကြီး လက်ထက်တော်တွင် သားတော် မဟိန္ဒနှင့်သမီးတော် သင်္ဃမိတ္တာတို့ သီဟိုဠ်သို့ သာသနာပြုကြသည်။ ထို၌ ဘိက္ခုနှင့် ဘိက္ခုနီသာသနာကို တည်ထောင်သည်။ များစွာသော အမျိုးသမီး အမျိုးသားတို့ သာသနာ့ဘောင် ဝင်ရောက်ကြသည်။ နာမည်ကျော် မဟာဝိဟာရကျောင်းတိုက်ကြီးနှင့် ထူပါရာမ အပါအဝင် ဘုရားကျောင်းကန်တို့ကို တည်ထောင်သည်။ အနုရာဓမြို့၌ ဗောဓိပင် စိုက်ပျိုးကြသည်။

အရှင်မြတ် မဟိန္ဒထေရ် ပရိနိဗ္ဗာန်ပြုပြီးနောက်နှစ်တစ်ရာကျော်ကာလ(ဘီစီ ၃၀၀) ခုနှစ်အစောပိုင်း၌ သီဟိုဠ်မင်းတို့ သာသနာကို အစွမ်းကုန်ပြုစုပျိုးထောင်အားပေးကြသည်။

သီဟိုဠ်ကျွန်းတွင်ပင် ဘီစီ ၉၄တွင် ပိဋကတ်သုံးပုံကို ပေယက်ဝင်၍ စတုတ္ထသင်္ဂါယနာတင်ခဲ့သည်။

သီဟိုဠ်မဟာနာမ်မင်း လက်ထက် သာသနာနှစ်၉၅၃-၉၇၅(အေဒီ၄၀၉-၄၃၁)တွင် အိန္ဒိယမှ အရှင်မဟာ ဗုဒ္ဓဃောသသည် သီဟိုဠ် ပိဋကတ်တော်များမှ ပါဠိဘာသာသို့ပြန်ရန် ရောက်ရှိလာ၏။အရှင်မဟာ ဗုဒ္ဓဃောသ၏ နောက် အနှစ်တစ်ရာ ရောက်သောအခါ အိန္ဒိယမှပင် ဓမ္မပါလ အမည်ရှိသော ဋီကာဆရာသည် သီဟိုဠ်သို့ ရောက်၍ ဋီကာကျမ်းတို့ကို ပြုစုသည်။ ထိုအချိန်လောက်မှာပင် မဟာနာမ၊ ကဿပအမည်ရှိသောအရှင်တို့လည်း ဋီကာကျမ်းတို့ကို ရေးကြသည်။

ထို့နောက် သာသနာ အေဒီ ၆ရာစုမှ ၁၂ရာစုအတွင်း အနှစ် ၆ါးရာနီးပါးမျှ သီဟိုဠ်နိုင်ငံတွင် စစ်ရေးစစ်ရာများကြောင့် တိုင်းပြည် ဖရိုဖရဲဖြစ်ခဲ့သည်။ မြို့တော်ကို အနုရာဓမှ ပေါလုန္နရုဝ်သို့ ရွှေ့ခဲ့ကြရသည်။ ထိုအချိန်အတွင်း ဘိက္ခုနီသာသနာ အဆက်ပြတ်လေသည်။

သာသနာ ၁၆၀၉၊ (အေဒီ၁၀၆၅၊)ဝိဇယဗာဟုမင်းလက်ထက်၌ကား သာသနာသည် အတော်ဆုတ်ယုတ်လျက်ရှိသည်။ တစ်ချိန်တည်းမှာ ရဟန်း၉ပါး ဆုံစည်းမိရန်ပင် မလွယ်သည့်အခြေအနေ ရောက်နေ၏။ ရှင်ဘုရင်သည် မြန်မာပြည်တောင်ပိုင်းမှ ရဟန်းခံရန် ရဟန်းတို့ကို ပင့်သည်။ ၎င်းတို့ရောက်သောအခါ ထောင်ပေါင်းများစွာသော သီဟိုဠ်သားတို့ ရဟန်းခံကြ၊ သာသနာ့ဘောင် ဝင်ကြသည်။

ထို့နောက် ရာစုနှစ် နှစ်ခုကျော်သောအခါ အရှင်သာရိပုတ္တရာ ဋီကာကျမ်းကို ပြုစုသည်။ မင်းက သာသနာပိုင် (သံဃရာဇာ) ခန့်သည်။ အရှင်အနုရုဒ္ဓါလည်း ထိုအချိန်လောက်တွင် အဘိဓမ္မာကျမ်းစာတို့ကို ပြုစုသည်။

ဗုဒ္ဓသာသနာ ၁၉၀၀အစပိုင်းလောက်မှ ပေါ်တူဂီလူမျိုးတို့ သီဟိုဠ်သို့ ရောက်လာသည့်တိုင် (အေဒီ ၁၂၅၀ မှ ၁၅၀၅ အထိ) အိန္ဒိယမှ ကျူးကျော်သူများကြောင့် သာသနာသည် အနှောင့်အယှက်များနှင့် တွေ့ရသည်။ သို့သော်လည်း အခက်အခဲများကို ဖြတ်ကျော်၍ သာသနာကိုစောင့်ရှောက်ကြသည်။

သာသနာ ၂၀၁၉၊ (အေဒီ—၁၄၇၅)၌ မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့များ သိမ်ထပ်ရန် သီဟိုဠ်သို့ ရောက်ရှိလာကြပြီး ကိစ္စပြီးလျှင် ရနိုင်သမျှ ကျမ်းစာများကိုယူ၍ မြန်မာပြည်သို့ပြန်သွားကြသည်။

ပေါ်တူဂီတို့ ရောက်ရှိလာပြီးနောက် သာသနာသည် အပျော် ဆိုးရွားသွားသည်။ ကက်သလစ်ဘာသာသို့ အဘင်းကူးခိုင်းကြသည်။ လူမျိုး၏ တိုးတက်မှု ရပ်ဆိုင်းသွားသည်။ ပေါ်တူဂီတို့အောက်တွင် သီဟိုဠ်ပြည်သူပြည်သားတို့ ဆင်းရဲဒုက္ခခံကြရသည်။ထိုအချိန်မှာပင် မြန်မာပြည်မှရဟန်းတို့ကိုပင့်၍ သိမ်ထပ်ကြပြီး သာသနာတော်ကို

အခက်အခဲများကြားမှ စောင့်ရှောက်ကြပြန်သည်။ အမျိုး, ဘာသာ, ယဉ်ကျေးမှုတို့ကို ထိန်းသိမ်းကြသည်။

ပေါ်တူဂီတို့ကို နှင်ထုတ်ရန် ဒတ်ချ်လူမျိုးတို့ကို သီဟိုဠ်သားတို့ ခေါ်ကြ၏။ သာသနာ ၂၂၀၀ (အေဒီ ၁၆၅၆)၌ ပေါ်တူဂီတို့ အပြီးထွက်သွားသောအခါ၌ ဒတ်ချ်တို့က စိုးမိုးကြပြန်သည်။ ဒတ်ချ်တို့သည် ပရိုဘက်စတင့်ဝါဒကို တည်ထောင်ရန် နည်းလမ်းရှာဖွေကြပြီး ဗုဒ္ဓသာသနာကို ပိတ်ပင်တားမြစ်ကြသည်။ သို့သော်မအောင်မြင်။

သာသနာ ၂၂၉၄ (အေဒီ ၁၇၅၀)တွင် လက္ခဏာပေသလ သိက္ခာကားမဖြစ်၍ သတ္တိဗျတ္တိနှင့်ပြည့်စုံသော ဘိက္ခုသရဏင်္ကရသည် မင်းကိုတိုက်တွန်း၍ ထိုင်းနိုင်ငံသို့ သံအဖွဲ့တစ်ဖွဲ့လွှတ်ကာ သံဃာ ၁၀ပါးကို ပင့်စေ၍ ကန္ဒီတွင် သီဟိုဠ်သား ၃၀၀၀ကို ရဟန်းခံစေသည်။ ဘိက္ခုသရဏင်္ကရကို သံဃရာဇာခန့်သည်။

သာသနာ ၂၃၄၀ (အေဒီ ၁၇၉၆)တွင် ဗြိတိသျှတို့သည်ဒတ်ချ်တို့ကိုမောင်းထုတ်၍ ပင်လယ်အနီးတစ်ဝိုက်ဒေသတို့ကို အုပ်စိုးသည်။ နောက် ၁၉နှစ်အတွင်း၌ တစ်တိုင်းပြည်လုံး ဗြိတိသျှလက်အောက်ရောက်သည်။ ပထမ၌ သံဃာကို လွတ်လပ်ခွင့်ပေးသည်၊ နောက်ပိုင်းနှစ်များ၌ သီဟိုဠ်သံဃာအဖွဲ့များ မြန်မာပြည်သို့ သိမ်ထပ်ရန်ကြပြီး သီဟိုဠ်တွင်သိမ်သမုတ်ကြသည်။ ခရစ်ယာန်သာသနာပြုများကြောင့် အခက်အခဲများ တွေ့ကြရသည်။ မည်သို့ပင် အခက်အခဲများရှိသော်လည်း အားလုံးကို ဖြတ်ကျော်၍ ယနေ့ခေတ်အထိ သာသနာကိုစောင့်ရှောက်ခဲ့ကြသည်မှာ အံ့ဖွယ်ပင်။ ထို့ကြောင့် သီဟိုဠ်တို့ အဆင့်မြင့်စွာ ပိဋကတ်တို့ကို လေ့လာခဲ့ကြ၊ ကျင့်ကြံခဲ့ကြသည့် သမိုင်းကို ဗုဒ္ဓဘာသာနိုင်ငံများက လေးစားကြပါသည်။ ပင်လယ်ထဲက ဗုဒ္ဓဝါဒမီးပြတိုင် (The Beacon Light of Buddhism)ဟုပင် တင်စား၍ ဆိုကြပါတော့သည်။

## မြန်မာပြည်

သာသနာသည် မြန်မာပြည်သို့ ဗုဒ္ဓ သဗ္ဗညုတဉာဏ်ရရှိပြီးနောက် မကြာမီမှာပင် ရန်ကုန်မြို့မှ တဖုဿဘလ္လိကညီနောင်နှစ်ဦးတို့ ဗုဒ္ဓဂယာကို ကုန်ရောင်း ကုန်ဝယ်ကိစ္စဖြင့် ဖြတ်သန်းယင်း ရေးသာ၀ဆွေမျိုးတော်သောနတ်က တိုက်တွန်း၍ဗုဒ္ဓနှင့်တွေ့ကာဥပါသကာ အဖြစ်ခံယူခဲ့ကြပြီး ဆံတော်ဓာတ်တို့ကိုလည်းရရှိခဲ့ကြကာ ရန်ကုန်မြို့လယ်တွင် ကမ္ဘာ့အံ့ဖွယ် အပါအဝင် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဥက္ကလာပ တရင်မင်းမြတ်က တည်ထား၍ ထိုစေတီတော်တွင် ဆံတော်ဓာတ်တို့ကို တည်ထားကိုးကွယ်ခဲ့ကြသည်မှ ယနေ့အထိပင်။

ဒုတိယသင်္ဂါယနာ တင်သောအချိန်နောက်တွင် ဗုဒ္ဓသာသနာသည် ပြည်မြို့သို့ ရောက်ရှိသည်ဟု ဆိုပါသည်။ သာရဒေတ္တရာပြည် ဒွတ္တဘောင်မင်းလက်ထက်၌လည်း အရိယာ သံဃာ ၅၀၀ အသုံးဆောင်ရှိ၏ ဟူ၍လည်း ရာဇဝင် အဆိုရှိပါသည်။

မွန်တို့၏တိုင်းပြည် သထုံတွင်လည်း သာသနာ ဘုရားလက်ထက်တော်ကပင် ရောက်ရှိသည်၊ မြတ်စွာဘုရား ရှစ်ပါးအနတွင် သထုံသို့ ကြွသည်ဟုဆိုပါသည်။ မြတ်စွာဘုရား

မဟာပရိနိဗ္ဗာန်ပြုပြီးနောက် သထုံသို့ ရဟန်းတော်တစ်ပါး ကြွရောက်လာပြီး မှစ်နှစ်မျှ သာသနာပြုသည်ဟုဆိုပါသည်။ ဤအဆက်အနွယ်ဖြင့် အသောကလက်ထက်၌ သောဏထေရ်၊ ဥတ္တရထေရ်တို့ သထုံသို့ ကြွတော်မူ၏။

မြတ်စွာဘုရား ဝါတော် ၂၀ ရောက်သောကာလ သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမ ရွာသား စူဠပုဏ္ဏ၊ မဟာပုဏ္ဏ ကုန်သည်ညီနောင် နှစ်ယောက်ကို အကြောင်းပြု၍ စန္ဒကူး တန်ဆောင်း ဆောက်လှူသည့်အခါ မြန်မာပြည်သို့ ကြွသည်ဟု သာသနာလင်္ကာရတွင် ဆိုသည်။ သို့သော် အပရန္တတိုင်းကား အစိတ်အပိုင်း ငါးဒေသပါဝင်သော အိန္ဒိယပြည် အနောက်ပိုင်းဒေသဖြစ်ကြောင်းလည်း အဆိုရှိကြပါသည်။

အသောက မင်းလက်ထက်၌ သထုံသည် အိန္ဒိယနှင့် အရှေ့တောင်အာရှတိုင်းပြည်တို့ အကြား ဝင်ထွက်သွားလာရာ ဆိပ်ကမ်းမြို့ဖြစ်ပြီး။ သောဏထေရ်၊ ဥတ္တရထေရ်တို့ သာသနာပြု ကြွတော်မူပြီးနောက် အိန္ဒိယပြည် ထင်ရှားသော သာသနာပြုကျောင်းများ ဖြစ်ကြသော အမရဝတီ၊ ကန္နဂျီဗာရမ်တို့မှ သာသနာပြု ပုဂ္ဂိုလ်များလည်း ကြွရောက်လာကြရာ ၎င်းတို့ အကူအညီဖြင့် ဗုဒ္ဓသာသနာသည် သထုံမှတစ်ဆင့် ထိုင်း၊ ကမ္ဘောဒီးယား၊ ဂျာဗားကျွန်း၊ စသော အင်ဒိုနီးရှား ကျွန်းစုများသို့တိုင် ပြန့်နှံ့သွားပါသည်။ ထေရဝါဒနှင့် မဟာယာနတို့ သာသနာ အပြိုင်ပြုနေကြရာ တရုတ်ပြည် ကမ္ဘောဒီးယား မလယ အိန္ဒိယ မြောက်ပိုင်းမှ မဟာယာနတို့ကလည်း မြန်မာအပါအဝင် နေရာအနှံ့ သာသနာပြုလျက် ရှိပါသည်။ ထို့ကြောင့် မြန်မာရာဇဝင်တွင် သမုဒ္ဒရာဇ်လက်ထက်မှ အနော်ရထာသို့ တိုင် အရည်းကြီးခေါ် မဟာယာနတို့ရှိကြောင်းဆိုသည်။ အမှန်မှာအနော်ရထာခေတ်နောက်ပိုင်း ၌လည်း သမိုင်း၊ တစ်လျှောက် အရည်းကြီးတို့ကို တွေ့ရသေးသည်။

အနော်ရထာမင်းလက်ထက် သာသနာ ၁၅၈၈ (အေဒီ-၁၀၄၄) မှ (အေဒီ ၁၀၇၇) အတွင်း ပုဂံပြည့်ရှင်ဘုရင် အနော်ရထာသည် တိုင်းပြည်ကို ပြုပြင်သည်။ ဆည်မြောင်း တူးဖော်၍ နိုင်ငံစီးပွားရေး၊ စိုက်ပျိုးရေး အားပေးသည်။ ရှင်အရဟံကိုပင့်၍ ထေရဝါဒ သာသနာကို ပြုစုသည်။ အရည်းကြီးတို့ကို လူဝတ်လဲစေသည်။ လက်ရာမြောက် သမိုင်းဝင် အနုပညာလက်ရာများဖြင့် ကြွယ်ဝပြည့်သိပ်နေသော ကျောင်းကန်ဘုရား တန်ဆောင်းတို့ကို ဆောက်လုပ်ခဲ့သည်။ ထိုနှင့်တစ်ချိန်တည်းမှာပင် ဗိသုကာပညာဆိုင်ရာ ဒီဇိုင်းအလှအပ တို့ဖြင့် အင်အားပြည့်နေသော နော်မံဘုရားရှိခိုးကျောင်းကြီးများကိုလည်း ဥရောပနိုင်ငံ များတွင် ဆောက်လုပ်လျက်ရှိခဲ့ကြသည်ဟု သိရပါသည်။ ယခုအခါ စတုရန်းမိုင် ၁၆ မိုင် အတွင်းရှိ ပုဂံ၏ ဘုရား တန်ဆောင်း၊ ဂူကျောင်း ပြာသာဒ်နှင့် ပုထိုးတော်တို့မှာ ကမ္ဘာ့ အံ့ဖွယ်များတွင် တစ်ခုအပါအဝင် ဖြစ်နေပေသည်။

အနော်ရထာနောက် ၁၈၃၁ (အေဒီ ၁၂၈၇) ၌ ကူဗလေခန်၏ စစ်တပ်များ ဝင်ရောက်ထိုးဖောက်၍ တိုင်းပြည်ချောက်ချားကြသော်လည်း သာသနာကား အရှိန်မပျက်၊ ကူဗလေခန်ကိုယ်တိုင်က ဗုဒ္ဓဘာသာဖြစ်နေ၍ လောမသိ၊ ဤဟွင် ငြိမ်းချမ်းရေးစကား ဆိုရန် ဆရာတော် ဦးကျည်ပွေ့ တရုတ်ပြည်သို့ ခရီးထွက်ခဲ့ရကြောင်း ဖတ်မိမှတ်မိဖူး

ပေသည်။ တိုင်းခြားမှ စာရေးဆရာအချို့က ကုဗလေခန် စစ်တပ်ဝင်ရောက်ပြီးနောက်၊ သာသနာ ဆုတ်ယုတ်လေဟန်ရေးကြသည်။ သူတို့ဆိုတိုင်း မဆုတ်ယုတ်ခဲ့ကြပါ။

သာသနာ ၂၀၀၄ မှ ၂၀၃၅ (အေဒီ ၁၄၆၀ မှ ၁၄၉၁)၌ ပဲခူးတွင် ဓမ္မစေတီမင်း မင်းပြုသည်။ သာသနာကို သီဟိုဠ်နှင့် ဆက်သွယ်၍ မြန်မာပြည်မှ ရဟန်းတော်များကို သီဟိုဠ်တွင် သိမ်ပြန်ထပ်စေသည်။ သာသနာ သန့်ရှင်းရေး လုပ်ခဲ့သည်။ ထိုမင်းလက်ထက်ထွင်အဓိကကျောင်းကြီးခြောက်ကျောင်းရှိရာ တစ်ကျောင်းမှာ ကမ္ဘောဒီးယားအဆက်အနွယ်ဖြစ်၍ ငါးကျောင်းမှာ သီဟိုဠ်အဆက်အနွယ်ဖြစ်သည်ဟု ဆိုကြသည်။

သာသနာ ၂၄၁၂ နှင့် ၂၄၁၅၊ မြန်မာသက္ကရာဇ် ၁၂၃၀ နှင့် ၁၂၃၃(အေဒီ ၁၈၆၈နှင့်၁၈၇၁)တွင် မန္တလေးမြို့၌ မင်းတုန်းမင်းတရားကြီးပဥ္စမသင်္ဂါယနာတင်တော်မူသည်။ ကျောက်ပြားရေ ၇၂၉ ချပ်ပေါ်တွင် ပိဋကတ်သုံးပုံကို အဋ္ဌကထာနှင့်တကွ ရေးထု၍ကုသိုလ်တော် စေတီတိုင်းအတွင်း ဂူငယ်များနှင့် ထားသည်။

သာသနာ ၂၄၉၈၊ ကောဇာ ၁၃၁၆ ခုနှစ် ကဆုန်လပြည့် တနင်းလာနေ့မှစ၍ သာသနာ ၂၅၀၀ ပြည့်၊ ကောဇာ ၁၃၁၈ ခုနှစ် ကဆုန်လပြည့်နေ့အထိ ၂ နှစ်အတွင်း ဆဋ္ဌသင်္ဂါယနာကို ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေး မဟာပါသာဏ လိုဏ်ဂူတော်တွင် ကျင်းပသည်။ အမေး- အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော် ဘုရားကြီး၊ အဖြေ-တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု မင်းကွန်း ဓမ္မနာဒ ဆရာတော်တို့ ဖြစ်ကြပါသည်။

ဤသို့စသည်ဖြင့် သာသနာတော်ကြီးသည် အိန္ဒိယ၊သီဟိုဠ်၊မြန်မာ၊ထိုင်း၊ ကမ္ဘောဒီးယား၊ လော၊ ဗီယက်နမ်၊ တရုတ်ပြည်၊ မွန်ဂိုလီယ၊ ဆိုက်ဗေးရီးယားစသော ရုရှားပြည်၊ မလေး၊ ဆုမတြာ၊ ဂျဗား၊ ဘာလီ၊ ဘိုနီယိုစသော အင်ဒိုနီရှားကျွန်းစုများ၊ ပါကစ္စတန်၊ ဘလူးချစ်စတန်၊ အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ် ပါးရှားပြည် (အီရန်)၊ ပါလက်စတိုင်း၊ ဆီးရီးယား၊ အီဂျစ်တို့သို့တိုင် သာသနာ ပျံ့နှံ့ခဲ့ပါသည်။ သို့သော် ယင်းနေရာအချို့တွင် သာသနာ ကွယ်လျက်ရှိပါသည်။

ယခုအခါ၌ကား ဆဋ္ဌသင်္ဂါယနာ၌ အဖြေတာဝန်ကို ယူခဲ့သည့် သမိုင်းဝင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ၂၀ရာစုသာသနာပြု ပုဂ္ဂိုလ်ကျော် ဆရာတော်ဘုရားကြီး၏ ဘဝမှတ်တမ်း တစ်စိတ်တစ်ဒေသကို တင်ပြရန် အခွင့်သို့ရောက်ရှိပါပြီ။

တိပိဋက ဆရာတော်ဘုရားကြီးသည် မန္တလေးတိုင်း မြင်းခြံမြို့နယ် ကျည်းပင်ရွာ သူကြီး ဦးဆုံ သူကြီးကတော် ဒေါ်ဒေါ်ဆင်တို့မှ သက္ကရာဇ် ၁၂၇၃ ခုနှစ် တန်ဆောင်မုန်းလဆန်း (၁၁)ရက် ဗုဒ္ဓဟူးနေ့ နေ့ဂက်(၃)နာရီ အချိန်တွင် ဖွားမြင်ခဲ့ပါသည်။ (၆)နှစ်သား အရွယ်တွင် အဘိုးဆရာကြီး ဦးချယ် အဘွားဒေါ်အုံတို့က ပထမဆုံး ရှင်ပြု၍ (၁၀)နှစ်သားအရွယ်တွင် တဖန် မယ်တော် ဒေါ်ဒေါ်ဆင်က ဒုတိယအကြိမ် ရှင်ပြုမင်္ဂလာဆင်ယင်ပါသည်။

သက္ကရာဇ် ၁၂၉၂ ခုနှစ် နှောင်းတန်ခူး လဆန်း (၆)ရက် ကြာသာပတေးနေ့တွင် မင်းကွန်းတောင်ရိုး ငွေဒေါင်းတောရ ရွှေကျင်တိုက် ဓဏ္ဍာသိမ်တော်ဝယ် ဓမ္မနာဒ ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန် အိမ်ကြီးချောင် သစ္စဝါဒီ ပါဠိဘာသာ ဋီကာကျမ်းပြု ဆရာကြီးဒေါ်ဓမ္မစာရီကို အမှူးပြု၍ ရန်ကုန်မြို့ စက်သဌေး ဆာဦးသွင် သဌေးကတော် ဒေါ်ဒေါ်သိန်းတို့က စတုပစ္စယ သာသနာ့ဒါယကာအဖြစ် ခံယူကြလျက် ကျေးဇူးရှင် ဆရာတော်ကြီးများက ရဟန်းအဖြစ် ချီးမြှောက်ကြသည်။

ရဟန်း(၃)ဝါအရ ၁၂၉၆ ခုနှစ် သကျသီဟဝဋံသကာဘွဲ့ရ၏။ ထိုနှစ်မှာပင် အစိုးရ ပထမကျော်အောင်ပါသည်။ ၁၃၀၂ ခုနှစ်၌ ပထမဆုံး ကျင်းပသည့် အစိုးရ ဓမ္မာစရိယ စာချတန်း၌ နှစ်ချင်းစွဲ ဂုဏ်ထူးသုံးကျမ်းဖြင့် အောင်မြင်၍ သာသနဓဇ သိရိပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူသည်။

၁၃၁၀ ပြည့်နှစ် တပို့တွဲလဆန်း (၆)ရက် ကြာသာပတေးနေ့မှ စ၍ ကျင်းပသော တိပိဋကစာမေးပွဲကြီးတွင် ၁၃၁၅ ခုနှစ် ခြောက်ကြိမ်မြောက် စာမေးပွဲတွင် 'တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့' ရရှိတော်မူ၍ ထိုနှစ် တပို့တွဲလဆန်း (၁၀)ရက်နေ့တွင် နိုင်ငံတော် သမ္မတအိမ်၌ ချီးကျူးပူဇော်ပွဲ ကျင်းပသည်။

သာသနာနှစ် ၂၄၉၈၊ ကောဇာ ၁၃၁၆ ခု ကဆုန်လပြည့် တနင်္လာနေ့မှ စ၍ သာသနာတော်နှစ် ၂၅၀၀ ပြည့်၊ ကောဇာ ၁၃၁၈ခုနှစ် ကဆုန်လပြည့်နေ့အထိ (၂)နှစ်အတွင်းသန္နိပါတ(၅)ကြိမ်တိုင် ကျင်းပသည့် ဆဋ္ဌသင်္ဂါယနာပွဲကြီးတွင် အဖြေတာဝန်ကို ယူတော်မူ၏။ ထိုပွဲတော်ကြီးတွင် ထေရဝါဒနိုင်ငံများမှ သံဃာရာဇာ ဆရာတော်များ၊ ဘုရင်မင်းမြတ်များ၊ အိမ်ရှေ့မင်းစသော ပုဂ္ဂိုလ်တို့ပါဝင် လာရောက်ကြည်ညိုကြသည်။

စာအုပ်ရှစ်အုပ် စာမျက်နှာပေါင်း ၅၅၁၆ ရှိ နိုင်ငံတော် ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ပြုစုခဲ့သည်။

သက္ကရာဇ် ၁၁၅၀ပြည့်နှစ်ပိုင်း ကုန်းဘောင် ခေတ်ဦး ဗဒုံမင်းခေါ် ဘိုးတော်မင်းတရား မင်းကွန်းပုထိုးတော်ကြီး တည်စဉ် မိုးမိတ်မင်းသားသည် အစောင့်အဖြစ် မိမိနေထိုင်ခဲ့ရာ တန်းမြင့်ရွာအနီး တောင်ကုန်းတွင် ဉာဏ်တော် (၇၃)တောင်ရှိ မိုးမိတ်စေတီတော်ကြီးကို တည်ခဲ့၏။ ၎င်း၏ ကြင်ရာတော် ဟင်္သာမော် ထိပ်ခေါင်တင်ကလည်း မိမိစီးသည့် ယဉ်နှင့်ပုံစံတူသည့် ဘုံခုနစ်ဆင့်ပါ ပါဒနက်သံ စက်တော်ရာ စေတီတစ်ဆူ တည်ထားခဲ့လေ၏။ တပ်မှူး မင်းတေဇကလည်း သူနေခဲ့ရာ တောင်ကုန်း၌ မင်းတေဇဘုရား တည်ခဲ့သည်။ ကာလအတော်ကြာသော် ယိုယွင်း ပျက်စီးခဲ့ကြသည်။

၁၃၂၃ခုနှစ်ကစ၍ တိပိဋက ဆရာတော်ဘုရားကြီးနှင့် ပါမောက္ခ ဝဏ္ဏကျော်ထင်၊ အထူးကုဆရာဝန်ကြီး ဦးသာလှတို့က ကျေးဇူးတော်ရှင် မစိုးရိမ် ဆရာတော်ဘုရားကြီးကို ဦးစီးပဓာန နာယကချုပ်တင်လျက် မိုးမိတ်စေတီတော်များ ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ကြီးကို ဖွဲ့စည်း၍ ပြန်လည်ပြုပြင်ခဲ့ကြသည်။

ထိုကုန်းမြေ၌ပင် ၁၃၄၀ပြည့်နှစ် ကဆုန်လမှစ၍ တိပိဋက နိကာယသာသနာပြု အဖွဲ့ဖွဲ့ကာ စတင် အကောင်အထည်ဖော်ကြသည်။

၂၅ဦးကော်မတီက ကြီးမှူး၍ ၁၃၄၀ပြည့် နယုန်လ ပြည့်ကျော် (၅)ရက်နေ့၊ (၂၅-၆-၇၈)နေ့တွင် တိပိဋကဆရာတော်ဘုရားကြီး စာမေးပွဲအောင်မြင်ခဲ့ရာ သာသနာ့ ရိပ်သာ ဇေယျာမြေခံ ဖာလ်ယဉ်ဓမ္မာရုံကြီး၌ ရန်ကုန်မြို့ရှိ ဗုဒ္ဓဘာသာ အသင်းအဖွဲ့များ စွာတို့နှင့် ပုဂ္ဂလိက အလှူရှင်များစွာတို့ စုပေါင်း၍ တိပိဋကရေဘွဲ့ရ ငွေရတုပူဇော်ပွဲ ကျင်းပခဲ့ကြသည်။

၁၃၄၂ခုနှစ်၊ တော်သလင်း လပြည့်ကျော် (၄)ရက်နေ့တွင် (၅)သိန်းကျော် တန်ဖိုးရှိသော စာအုပ်များနှင့် ပိဋကတ်တိုက်ကို မင်းကွန်း တိပိဋက နိကာယတိုက်အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပ ဖွင့်လှစ်ခဲ့ကြသည်။

တိပိဋက ဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့သော မဟာဗုဒ္ဓဝင် ကျမ်းကြီး ကို ကျောက်ထက်အက္ခရာတင်၍ ကျောက်စာတိုက်ပေါင်း (၁၄)တိုက် တစ်တိုက်လျှင် ကျောက်စာချပ်ရေ (၇၀)ထားရှိသည်။ ကျောက်စာတိုက်များကို အိန္ဒိယ၊ သီဟိုဠ်တို့မှ ပင့်လာခဲ့ကြသော ဗောဓိပင်ပျိုး(၆)ပင် စိုက်ပျိုးပွဲနှင့် အတူ ၁၃၄၄ ခုနှစ်တွင် အလွန် စည်ကားစွာ ကျင်းပ ပူဇော်ခဲ့ကြသည်။

၁၃၄၁ ခု နယုန်လပြည့်၊ (၉-၆-၇၉)၌ ဆဋ္ဌလိုဏ်ဂူတွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ကို ခံယူရရှိတော်မူသည်။

၁၉၈၅ခု ဇန်နဝါရီ (၄)ရက် လွတ်လပ်ရေးနေ့တွင် သာသနာ့တော်တွင် အမြင့် ဆုံးဖြစ်သော အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူသည်။

၁၃၄၂ခု နယုန်လဆန်း (၁၁)ရက် (၂၄-၅-၈၀)နေ့ ရန်ကုန်မြို့ ဆဋ္ဌလိုဏ်ဂူ တော်ကြီးတွင် ဂိုဏ်းပေါင်းစုံ ညီညွတ်ရေး သံဃာ့ အစည်းအဝေးပွဲကြီးကို ကျင်းပခဲ့ကြ သည်။

မြန်မာနိုင်ငံတွင် သံဃာ တစ်သိန်းကျော်တို့၏ကိုယ်စား သံဃာသမ္မုတိရ ၁၂၂၆-ပါး တက်ရောက်ကြ၍ ၎င်းအထဲမှ ဗဟိုသံဃာ့ဝန်ဆောင် ၂၉၉ ပါးရွေးရာတွင် တိပိဋက ဆရာတော် ဘုရားကြီးပါဝင်၍ ၎င်းအထဲမှဆရာတော် (၃၀)ပါဝင်သော နိုင်ငံတော်သံဃာ မဟာနာယကအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ရာတွင် သံဃာမဟာနာယကအဖွဲ့ အကျိုးတော် ဆောင် ဆရာတော်အဖြစ် တစ်ညီတစ်ညွတ်တည်း ရွေးကောက် တင်မြှောက်ကြသည်။

ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအကြိမ် အစည်း အဝေးက အတည်ပြုသော ပရိယတ္တိပညာရေးစီမံကိန်း (၄)ချက်ပါ ရန်ကုန်မြို့၊မန္တလေး မြို့တို့၌ ပရိယတ္တိပညာရေး တက္ကသိုလ်ကျောင်းကြီး တစ်ကျောင်းစီ ဆောက်လုပ်ရေး၌ ထို တက္ကသိုလ်ကြီး နှစ်ခုစလုံး ဆောက်လုပ်လှူဒါန်းရေးတာဝန်ကြီးကို မိမိ၏ ပခုံးပေါ်၌ ဓမ္မနာဒတိုက် တိပိဋက နိကာယတိုက်ကြီးတို့၏ တာဝန်တွေရှိနေသည့် အကြားက မိမိ၏ အင်အားကို စိတ်ချယုံကြည်၍ ရဲရဲကြီးတာဝန်ယူ ထမ်းရွက်တော်မူသည်။

ဆရာတော်ဘုရားကြီး၏ အုံ့မခန်း ဘဝမှတ်တိုင် သို့မဟုတ် သာသနာ့ သမိုင်းမှတ်တိုင်များတွင် မင်းကွန်းအလယ်တန်းနှင့် တွဲဖက်အာဘော်တို့အပြင် မင်းကွန်းတိုက်နယ်ဆေးရုံ၊ မန္တလေး သံဃာ့တက္ကသိုလ်နှင့်အတူ ဆောက်မည့် သံဃာ့ဆေးရုံကြီးများအပြင် သဲဖြူဝရွာ ကျည်းပင်ရွာရှိ ကျေးရွာကလေးများ ပညာသင်ကြားနိုင်ရန် ဆောက်လုပ်ခဲ့သော မူလတန်းကျောင်းလည်း ပါဝင်ပါမည်။

အကြောင်းကိစ္စတစ်ခုဖြင့် စာရေးသူသည် တိပိဋကဆရာတော်ဘုရားကြီး၏ ဓမ္မနာဒတိုက်သို့ သွားရောက်ဖူးမြော်စဉ် ဆရာတော်ဘုရားကြီးက ကမ္ဘာ့လက်ရှိ နိုင်ငံရေးအခြေအနေများအပေါ် သုံးသပ်၍—

တစ်နေ့နေ့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မသင့်ကြလို့ အဏုမြူတွေ သုံးကြယင် အဲဒီအန္တရာယ်ပေးမယ့် အခိုးအငွေ့ဘေးကို ငြိမ်းပျောက်စေဘတ်တဲ့ မိုးကြီးရွာသွန်းလိမ့်မယ်။ ဘုရား တရား သံဃာရတနာသုံးပါး အားကိုးသူတွေအတွက် အန္တရာယ်ကင်းကြမယ်လို့ မိန့်တော်မူတာကို ကြားနာခဲ့ရပါတယ်။ ဟုတ်မဟုတ်ဆိုတဲ့ ကိစ္စကတော့ စာရေးသူဉာဏ်မမီပါဘူး၊ သို့သော်လည်း ငယ်ငယ်က သင်္ဂြိုဟ်တွေ ကျက်ရတုန်းက—

ပဥ္စဗလာနိ။ သဒ္ဓါဗလံ ဝီရိယဗလံ သတိဗလံ သမာဓိဗလံ ပညာဗလံ။

ပဥ္စိန္ဒြိယာနိ။ သဒ္ဓိန္ဒြိယံ ဝီရိယိန္ဒြိယံ သတိန္ဒြိယံ သမာဓိန္ဒြိယံ ပညိန္ဒြိယံ။ ဟု အဘိဓမ္မာတွင် တွေ့ရသည်။

(ပဥ္စဗလာနိ)၊ ငါးပါးသော အားတို့သည်။ သဒ္ဓါဗလံ၊ ယုံကြည်ချက်အင်အားလည်းကောင်း။ (ဝီရိယအား, သတိအား, သမာဓိအား, ပညာအားလည်းကောင်း။)

(ပဥ္စိန္ဒြိယာနိ)၊ ငါးပါးသော အစိုးရခြင်းတို့သည်(စိုးမိုးခြင်း)သဒ္ဓိန္ဒြိယံ၊ ယုံကြည်ချက်တို့ ခန္ဓာကိုယ်တွင် စိုးမိုးနေခြင်းလည်းကောင်း စသည်ဖြင့် ဝီရိယ၊ သတိ၊ သမာဓိ ပညာတို့ (စိုးမိုးခြင်း)ဟု လေ့လာခဲ့ဖူးသည်။

အဘိဓမ္မာဖြင့် ချိန်ကိုက်ကြည့်လျှင် တိပိဋကဆရာတော်ဘုရားကြီး၏ ဘုရားအပေါ် တရားနှင့် သံဃာတော်တို့အပေါ်မှာ (ဝ၁) ရတနာသုံးပါးအပေါ်မှာ မည်မျှလောက် ယုံကြည်ချက်အင်အားတွေ (သဒ္ဓါဗလ)ဒီယုံကြည်ချက်တွေနဲ့ အားထုတ်ခဲ့တဲ့(ဝီရိယဗလ) ဝီရိယအင်အားတွေ မပျောက်ပျက်နိုင်လောက်အောင် သတိရနိုင်တဲ့ (သတိဗလ) သတိရမှုအားအစုတွေ အဏုမြူဗုံးကဲ့သို့ ဘေးအန္တရာယ်တို့ကို စိတ်ထဲဟာ မတုန်လှုပ်မှု(သမာဓိဗလ) သမာဓိအင်အားအစုတွေ မိုးရွာပြီး ဒီအငွေ့တွေ ပျောက်သွားမယ်လို့ ဆင်ခြင်တဲ့(ပညာဗလ) အသိဉာဏ်ပညာအင်အားတွေ၊ ဣန္ဒြေဆိုတဲ့ တရားဘက်က (ဝ၁) ခန္ဓာကိုယ်ကို ဘယ်တရားတွေက အုပ်ချုပ်စိုးမိုးနေသလဲဆိုတဲ့ ကဏ္ဍကနေကြည့်မယ်ဆိုယင်လည်း ရတနာသုံးပါးအပေါ် အထက်ပါအတိုင်း ယုံကြည်ချက် စသည်တို့ စိုးမိုးနေပုံတို့ကို တွေ့နိုင်ပါသည်။

သို့မှလည်း ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ သရဏာ ဣတိ၊ ဘေးကိုဖျောက်တတ်၏ဟူ၍။ ဂစ္ဆာမိ၊ သိပါ၏။ ဝါ အသိအမှတ်ပြုပါ၏လို့ ဗုဒ္ဓဘာသာ

ငင်တို့၏ သရဏဂုံနဲ့ အံကိုက်မယ်။ ဣန္ဒြေငါးပါး အားကြီးငါးတန်ဖြင့် ဆေးကြော သုတ်သင်ထားတဲ့ တိပိဋကဆရာတော်ဘုရားကြီးရဲ့ သရဏဂုံက `စင်ကြယ်လှပါပေသည်။

သူ့အသက်သတ်ခြင်းစတဲ့ ပြစ်မှုကျူးလွန်သူတွေမှာ ခြေပြတ်လက်ပြတ် မွေးဖွား လာကြပြီးတော့ အသက်လည်းတိုကြ၊ အနာလည်းများရ ဖြစ်ကြရတဲ့ ဘေးဒဏ်တွေ ဟာ သူ့အသက်မသတ်ခြင်းစတဲ့ သီလလုံခြုံသူမှာ ခြေလက်အင်္ဂါ ပြည့်စုံစွာ မွေးဖွား၍ အသက်ရှည်စွာ အနာမဲ့ကြောင့် အခုစ ကောင်းသွားတာဟာ ရတနာသုံးပါးက ဘေး ရန်ကို ဖျောက်တာပါပဲ။

အတိတ်သမိုင်းကြောင်းတွေမှာလည်း သူတော်ကောင်းတွေ စောင့်ရှောက် အား ထုတ်ခဲ့ကြတဲ့ သီလ သမာဓိ ပညာတွေဟာ ကောင်းကျိုးတွေ အများကြီး ပေးခဲ့တယ်၊ ယခု တိပိဋက ဆရာတော်ဘုရားကြီးတို့ လက်တွေ့ ကျင့်သုံးနေတော့လဲ ဒီကောင်းကျိုး တွေပေးတာပဲ၊ နောင် တရားကို စောင့်ရှောက်သူ(ဝါ)သဘာဝကို ရိုသေသူတွေကိုလည်း တရားက(ဝါ)သဘာဝက(ဝါ) သစ္စာတရားက စောင့်ရှောက် ထောက်ပံ့ အားပေးကူညီ နေမှာပဲ။ဘယ်သောအခါမှ တရားဓမ္မတို့ရဲ့ အင်အားစွမ်းရည်တို့ဟာ အိုမင်းဟောင်းနွမ်းပြီး အားတွေ ကုန်ခန်းသွားတယ်လို့ မရှိဘူး။ အမြဲတမ်း လတ်လတ်ဆတ်ဆတ်ကြီး ရှိနေပါ တယ်။

သတဉ္စဓမ္မော နဇရံ ဥပေတိ။
သူတော်ကောင်းတို့၏ တရားသည် အိုမင်းခြင်းသို့မရောက်နိုင်။

(သုတသောမဇာတ်)

## မဟာတ္တမဂန္ဓိကြီး

အဲဒီ အင်အားအစုကို ယနေ့ မြန်မာ့ဒေသမျှမက တစ်ချိန်က အာရှတိုက်တစ်ခွင်လုံး ဓမ္မအသင်းရောင်များ လင်းထိန်ခဲ့ကြသလို ဓမ္မ၏အင်အားအစုကို (ဝါ) ဣန္ဒြေငါးပါး၊ အားကြီးငါးတန်တို့ကို ကမ္ဘာသို့ပြန့်စေရန် (ဝါ)ဣန္ဒြေငါးပါး၊ အားကြီးငါးတန်တည်း ဟူသော ဓမ္မစက်ကြီး လူတိုင်း လူတိုင်း၏ ရင်တွင်း၌ လည်ပတ်နိုင်ရန် တိပိဋက ဆရာ တော်ဘုရားကြီးသည် တိ+နိ ကျောင်းတိုက်ကြီး၊ သာသနာ့ပရိယတ္တိတက္ကသိုလ်ကြီးများ တည်ဆောက်ပြီး သာသနာပြုနေပါတယ်လို့ ရေးယင်း၊ ၁၉၃၈-ခု တရုတ်-ဂျပန်စစ်ပွဲ အတွင်း မဟာတ္တမဂန္ဓိကြီးထံ အလည်အပတ်ရောက်ခဲ့သော ဂျပန်နိုင်ငံ၏ခေါင်းဆောင်ကြီး တစ်ယောက်ကို မဟာတ္တမဂန္ဓိကြီး မိန့်ကြားခဲ့တဲ့ ဩဝါဒကို တင်ပြယင်း နိဂုံးချုပ်ပါတယ်။

"ကျွန်ုပ်တို့ အာရှတိုက်ကြီးဟာ ဒီကမ္ဘာကြီးကနေ သူ့ချည်း ခွဲခြား၍ ရပ်တည် နေရမယ်ဆိုယင် အာရှတိုက်ဟာ တစ်ကမ္ဘာလုံးအတွက် လက်ဆောင်ပေးစရာ တရား ရတနာတွေရှိပါတယ်။ အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ မြန်မာ၊ သီဟိုဠ်နဲ့ မလေးနိုင်ငံတွေ အပါ

အဝင် အာရှတိုက်ကြီးတစ်ခုလုံးမှာ ဗုဒ္ဓဝါဒီတွေရဲ့ ဩဇာလွှမ်းမိုးမှု အထောက်အထားတွေ ရှိပါတယ်။ အာရှတိုက်ဟာ အာရှတိုက်အတွက်သာမဟုတ် တစ်ကမ္ဘာလုံးအတွက် ဖြစ်တယ်လို့ ဘာပြုလို့ ပြောရတာလဲဆိုတော့ အာရှတိုက်ဟာ ဗုဒ္ဓရဲ့ တရားဓမ္မတွေကို ပြန်လည်လေ့လာပြီး တစ်ကမ္ဘာလုံး ဖြန့်ဖြူးဖို့ တာဝန်ရှိလို့ပါပဲ။ ယနေ့ခေတ်မှာ ဒီတာဝန်တွေကို နေရာတိုင်းကပဲ ငြင်းဆိုနေကြပါတယ်။ ကျွန်ုပ်အနေနဲ့တော့ ခင်ဗျားကို 'သင်သည် သင်၏ ရှေးဟောင်းအမွေအနှစ်ကို သစ္စာရှိရမည်' ဆိုတဲ့ စကားလက်ဆောင်မှတပါး အခြားပေးစရာမရှိပါဘူး။ အဲဒီ ရှေးဟောင်းအမွေအနှစ်ဖြစ်တဲ့ တရားရတနာတွေကတော့ နှစ်ပေါင်း ၂၅၀၀-ကြာမြင့်ခဲ့ပေမယ့် ယနေ့တိုင်အောင်ပဲ ရှင်သန် လတ်ဆတ်နေတုန်းပါပဲ"

ဘိက္ခု=ဣန္ဒာသဘာ
ဒီဃနိကာယ ကောဝိဒ

(ဒေါက်တာဂနန်ဂူလီ၏ The Buddha and His Message အမည်ရှိစာအုပ်၏ စာမျက်နှာ ၂၇-မှ ကိုးကားသည်။)

# ရှေ့ပင်နားတော့ရှေ့ကျေး

အချိန်ကား နေပူပြင်းပြ မှေ့လယ်ဟို၏ နောက်ဆုံးချိန်ခါဖြစ်ပေ၏။ ငယ်၊ လတ်၊ ကြီး ဓမ္မာစရိယစာသော စာမေးပွဲများလည်း ပို့မြို့သည်နယ် ကြီးကျယ်စွာ ကျင်းပပြီးချိန် လည်းဖြစ်ပါသည်။ အလွန်ပူအိုက်သည့် ရာသီအားလျော်စွာ နွေဥတုဒဏ်ကို ပြင်းထန်စွာ ခံစားကြရပါသည်။ ထိုအချိန်တွင် ဦးပဥ္စင်းတို့ မြန်အောင်မြို့နယ်သို့ မင်းကွန်းတိပိဋက ဆရာတော်ဘုရားသည် ရာသီဥတုဒဏ်၊ လှိုင်းဒဏ်၊ လေဒဏ်စသော လောကဓံများကို မှန့်ညင်းစေ့ကလေးမျှ အလေးမထားမူ၍ သာသနာပြု ခရီးကြွတော်မူလာပါသည်။ ထိုသို့ ပင်ပန်းဆင်းရဲစွာ သာသနာပြုခရီး ကြွလာသည်ကို ဖူးမြင်ရသော ဦးပဥ္စင်း၏ စိတ်ထဲဝယ် ဆရာတော်ဘုရား၏ ညည်းချင်းသဖြန်လေးကို သတိရအောက်မေ့မိပါသည်။

ညည်းချင်းသဖြန်လေးကတော့--

''တိပိဋကရေ၊ ဖြစ်ရတဲ့အာနိသင်။ ဒီကိုယ်တော်ဖတ်ဖတ်မောပေါ့၊ ပြောမပြချင်။ ကိုယ့်ကျောင်းနှင့် ကိုယ့်ရပ်ခွင်၊ နေချင်လျက် မနေရ။ ပူအဒအား၊ ယှက်ထွေးကာ ဒဏ်ခံလို၊ စုန်အဆန်မြန်းရတဲ့ ခရီးမှာ၊ ကြီးတဲ့ဒုက္ခ။''

''မငြင်းတဲ့ မဆန်သာ။ နိုင်ငံဘော်သာသနာရေးပေမို့၊ ပြေးမလွတ်ပါ။ သူ့ာကာ၊ ချမ်းသာဟု ထင်မြင်ကြ။ သို့ကတဲ၊ စိတ်ထဲမှာ သံဝေယူလို့၊ ကံမမှုဟူ၊ ဤအဖြစ်ကို၊ နှစ်လို့ခံရ။''

သာသနာပြုရမည့် ကံပါလာသော ဆရာတော်ဘုရားသည် ယခုလို ပင်ပန်းဆင်းရဲစွာ ဦးပဥ္စင်းတို့ ထူးကြီးမြို့သို့ သာသနာပြု ခရီးကြွရောက်လာချိန်ဖြစ်ပါသည်။ ဦးပဥ္စင်းကိုလည်း မိဘများဆန္ဒအရ သိက္ခာတင်ပွဲ ပြုလုပ်လိုသည့်အတွက် မိမိနေရပ်သို့ တဖန်ပြန်လာချိန်နှင့် ဆုံနေပါတော့သည်။ သို့ဖြင့် 'ဟာ....တို့ တိပိဋကဆရာတော်ဘုရား ကြွလာတယ်' ဆိုပြီး ခရီးရောက်မဆိုက်ဘဲ ဝမ်းသာအားရ ရှိလှစွာနှင့် ဆရာတော်ဘုရားကို ဝင်ပြီး ဖူးပါသည်။

ဆရာတော်ဘုရား၏ သဘောကား ရဟန်းနှင့်လူ အတူဝင်ဖူးကြလျှင် ဒါယကာ ဒါယိကာမတို့က မည်မျှပင် ဆရာတော်နှင့် ရင်းနှီးနေသော်လည်း ရဟန်းတော်ကိုသာ ရှေးဦးစွာ ဝမ်းမြောက်ဝမ်းသာ စကားပြောကြား နှုတ်ဆက်ရိုးရှိပါသည်။ ယခုအခါမှာလည်း ဦးပဥ္ဇင်းနှင့်သာ အာလာပ သလ္လာပစကားများ ပြောဆိုပြီး ဆရာတော်ဘုရားက ‘မောင်ပဥ္ဇင်းက ဘယ်ကလဲ’ဟု မေးပါသည်။

မှတ်ချက်။ ။(အမြို့မြို့ အနယ်နယ်ရှိ ကျောင်းတိုက်ကြီးများ၊ စာသင်တိုက်ကြီးများတို့တွင် ဆရာတော်ဘုရားများသည် ပညာရေးတွင် ထူးချွန်သော တပည့်များကိုသာ သတိထားအမှတ်ရကြပါသည်။ ဦးပဥ္ဇင်းလည်း ထိုကဲ့သို့သော ပုဂ္ဂိုလ်များဖြစ်နိုင်ရန် ကြိုးစားပါမည်။)

ထို့နောက် ဦးပဥ္ဇင်းက ဆရာတော်ဘုရားယံ ပညာသင်ကြားနေသော တပည့်စာသင်သားဖြစ်ကြောင်း ဝမ်းသာအားရ လျှောက်ထားရာ ဆရာတော်ဘုရားက “မောင်ပဥ္ဇင်း ဘယ်အချိန် စာကျက်မလဲ”ဟု မေးပါသည်။ ဆရာတော်ဘုရား၏ မေးခွန်းကားတိကျပြတ်သားလှပေ၏။ ပညာရှိ ပီသလှပေတော့၏။ ထိုမေးခွန်းကို ကြားလိုက်ရသော ဦးပဥ္ဇင်းမှာလည်း နှလုံးသည်းမြှာ ဆတ်ဆတ်ခါလျက် တုန်လှုပ်ချောက်ချား မိုးသီးမိုးပေါက်များပမာ ချွေးများပင် ယိုစီး၍ ကျလာပါတော့သည်။ ဦးပဥ္ဇင်းလည်း သိက္ခာထပ်ပွဲအတွက် ပြန်လာခဲ့ကြောင်း ဆရာတော်အား လျှောက်ထားဖြေကြား ရပါတော့သည်။

ဆရာတော်ဘုရားသည် ရွှေပင်ကြီးနှင့် တူပါသည်။ ဒီရွှေပင်ကြီးကို လာနားသော ကျေးငှက်တို့ကိုလည်း ရွှေကျေးများ ဖြစ်စေချင်ပါသည်။ မိမိတိပိဋကအောင်ပန်း ဆင်မြန်းနိုင်သကဲ့သို့ တပည့်များကိုလည်း တိပိဋကဓရ ဖြစ်စေချင်ပါသည်။ မိမိ တိပိဋက စာပေများ သင်ယူခဲ့စဉ်က ဆင်းရဲပင်ပန်းခဲ့သော်လည်း တပည့်များကိုမူ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် ပညာသင်ကြားစေချင်ပါသည်။ မိမိသည် ကိုယ်နှုတ်နှလုံး ယဉ်ကျေးသိမ်မွေ့သူဖြစ်သကဲ့သို့ တပည့်များနှင့် ဒါယကာ ဒါယိကာမများကိုလည်း ယဉ်ကျေးသိမ်မွေ့စေလိုပါသည်။ မိမိသည် ခန္တီတရားကို လက်ကိုင်ထား၍ မေတ္တာတရားကို ရှေးရှုသူ ဖြစ်သကဲ့သို့ တပည့်များနှင့် ဒါယကာ ဒါယိကာမများကိုလည်း သည်းခံကြရန်၊ မေတ္တာတရား ပွားများရန် တိုက်တွန်းတော်မူပါသည်။ ဆရာတော်ဘုရား၏ မေးခွန်းကို ယခုလို အဓိပ္ပာယ်များစွာ ဖွင့်ဆို၍ ရမည်ထင်ပါသည်။

## ဂုဏ်နှင့်ဒြပ်လွန်ဟပ်စပ်

ဆရာတော်သည် ဂုဏ်နှင့်ဒြပ် လိုက်ဖက်သော မထေရ်မြတ် ဖြစ်ပါသည်။ “ဝဏ္ဏပ္ပတ္တိခေါ ပန န ဘာရိယာ၊ ဉပ္ပန္နသာ ဝဏ္ဏသာ ရက္ခဏမေဝ ဘာရိယံ ’ဟုဆိုသည့်အတိုင်း

မဖြစ်ပေါ် မရရှိသေးသောဂုဏ်တို့ကို ဖြစ်ပေါ်စေ၊ ရရှိစေဖို့ထက် ဖြစ်ပေါ်ပြီး ရရှိပြီးသော ဂုဏ်တို့ကို ထိန်းသိမ်းထားဖို့ရန် အလွန်ပင် ဝန်လေးခဲယဉ်းလှပါသည်။ ဆရာတော်ဘုရားကား ဖြစ်ပေါ်ပြီး၊ ရရှိပြီးသော ဂုဏ်တို့ကို ဒြပ်နှင့်လိုက်ဖက် ဟပ်စပ်အောင် ထိန်းထားနိုင်သော သာသနာ့ဦးသျှောင် ဆရာတော်ဘုရားဖြစ်ရကား လက်ဖျစ်တီး၍ အံ့ချီးဖွယ်ပင် ဖြစ်ပါတော့သည်။

## မစောဒနာထိုက်သော ဆရာတော်

စောဒနာထိုက်သော ဆရာများမှာ သုံးမျိုးသုံးစား ရှိပါသည်။

ထိုသုံးမျိုးကား....

၁။ မိမိသည် လောကီလောကုတ္တရာ ပညာကြွယ်ဝမှု မရှိပါဘဲလျက် တပည့်များကိုမူ နာယူစေ၊ သင်ကြားစေ၏။ တပည့်များကား မနာယူ၊ မသင်ကြားကြ၊ ထိုကဲ့သို့သော ဆရာတစ်ယောက်။

၂။ မိမိသည် လောကီလောကုတ္တရာ ပညာကြွယ်ဝမှုမရှိပါဘဲလျက် တပည့်များကို နာယူစေ၊ သင်ကြားစေ၏။ ဆရာ့စကား နားထောင်၍ နာယူကြ၊ သင်ကြားကြသော တပည့်ရှိသော ဆရာတစ်ယောက်။

၃။ မိမိသည်ကား လောကီလောကုတ္တရာ ပညာကြွယ်ဝမှု ဗဟုသုတနှင့် ပြည့်စုံပါ၏။ သို့သော် တပည့်များက မိမိသင်ကြားပို့ချသည့်အတိုင်း မနာယူ၊ မသင်ကြားသော တပည့်ရှိသောဆရာတစ်ယောက်ဟူ၍ ဖြစ်ပါသည်။

ထိုသုံးမျိုးတို့တွင် ဆရာတော်ကား မိမိသည်လည်း လောကီလောကုတ္တရာ ပညာပြည့်စုံစွာ ဆည်းပူးဖြည့်ကျင့်ပြီးပြီ။ တပည့်များကလည်း ဆရာတော်ဘုရား၏ ဩဝါဒကို လိုက်နာကျင့်သုံး၍ စာပေကျမ်းဂန်များကို လေ့လာလိုက်စား ကြိုးစားကြသည့်အတွက် ဆရာတော်ဘုရား၏ ဂုဏ်ကျေးဇူးများကြောင့် တပည့်များတို့မှာ ဖွံ့ဖြိုးတင့်အသရေ တင့်တယ်သေကဲ့သို့ တပည့်များ၏ ကောင်းစွာကျင့်မှု ကြိုးစားမှုတို့ကြောင့်လည်း ဆရာတော်ဘုရားအား ကျက်သရေမင်္ဂလာ ထပ်ဆင့်ပြာရကား စောဒနာခြင်းငှာ မထိုက်သော ဆရာတော်ဖြစ်ပါတော့သည်။

## ကံကောင်းထောက်မ တို့ဘဝ

ဆရာတော်ဘုရားသည် ရွှေပင်ကြီးကဲ့သို့ ဖြစ်ပါသည်။ ဆရာတော်ဘုရား၏ အမြှိုမြှို အနယ်နယ်သို့ကြွ၍ ဟောကြားအပ်သော နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းများသည် ရွှေပင်ကြီးမှ ထွက်ပေါ်လာသော တင့်တယ်လှပသော ရွှေရောင်များနှင့်တူပါသည်။ ရွှေပင်ကြီးမှ ထွက်ပေါ်လာသောရွှေရောင်များကြောင့် သတ္တဝါများ ပျော်မွေ့နေသကဲ့သို့ ဆရာတော်ဘုရား၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ရောင်များကြောင့် ဖူးမြင်ရသူ၊ တရား

နာကြားရသူ တပည့်များ၊ ဒါယကာ ဒါယိကာမများ ပီတိနှလုံး ရွှင်ပြုံးကြည်သာ ရှိကြပါသည်။ ဆရာတော်ဘုရားတည်းဟူသော ရွှေပင်ကြီးကို မှီခိုရသည့်အတွက် တပည့်များစွာ ဒါယကာ ဒါယိကာမတို့မှာလည်း ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အကျိုးဖလတို့ကို ပိုင်ပိုင်မိမိ ရရှိသုံးဆောင် ခံစားနိုင်ကြပေသည်။ ''ပညာကို တန်ဆောင်၊ သီလကို ဂန္ဓာဆောင်၊ ဝီရိယကို ရွှေဂူချောင်၊ သမာဓိကို မြင်းမိုရ်ဘောင်၊ မာနကို မြေအဆောင်၊ စာဂကို တွေ့မရှောင်သော ဆရာတော်ဘုရား၏ဂုဏ်''တို့သည်ကား စာဖြင့်ရေးဖွဲ့၍မမီနိုင်အောင်ပင် ရှိပါတော့သည်။

## ချစ်ကြည်ညိုထိုက်သူ

ဆရာတော်ဘုရားသည် မိမိကျောင်းတိုက်တွင် စာပေသင်အံ လေ့ကျက်နေသော တပည့် သံဃာတော်တို့အား ဩဝါဒ ပေးသည်မှအစ ကိစ္စကြီးငယ် အသွယ်သွယ်တို့၌ တပည့်ပင်ဖြစ်စေကာမူ 'ဘုရား တပည့်တော်' 'အရှင်ဘုရား' စသည့် အသုံးအနှုန်းတို့ဖြင့် နူးညံ့သိမ်မွေ့သော ဩဝါဒ ကထာတို့ကို မိန့်ကြားတော်မူပါသည်။ ပညာရှိတို့၏ အညစ်အကြေးဖြစ်သော အမျက်ဒေါသ ထွက်ခြင်းမှလည်း ကင်းဝေးတော်မူပါသည်။ အားလုံးသော တပည့်များ ဒါယကာ ဒါယိကာမများကို 'ယောနိသော မနသိကာရ' ရှေးရှုထားရှိ၍ အကောင်းမြင်တတ်သော ဆရာတော်ပင်ဖြစ်ပါသည်။

မိမိ၏ တပည့်သံဃာတော်တို့အား တိပိဋက စာပေများကို ကြိုးစားအားထုတ်နိုင်ရန်အတွက် ဝိဝေကအရပ်နှင့် ဆွမ်းကွမ်းစသော ဝေယျာဝစ္စများကို မပင်ပန်းမဆင်းရဲစေမူ၍ ရန်ကုန်မန္တလေး၊ တိပိဋက နိကာယ သာသနာပြုအဖွဲ့တို့ကို ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှအမှူးပြု၍ ဖွဲ့စည်းစောင့်ရှောက်စေပါသည်။ ထို ပင်မ သာသနာပြုအဖွဲ့ကလည်း ဆရာတော်ဘုရား၏ ဆန္ဒကို ကြိုးစားကာ ရာနှုန်းပြည့် ပါရမီဖြည့် စောင့်ရှောက်ကြပါသည်။

ထို့ပြင် မိုးမိတ်စေတီတော်ကြီးများ ဗုဒ္ဓပူဇနိယ(၂၅)ကြိမ်မြောက် ငွေရတုပူဇော်ပွဲ ထီးတော်တင်ပွဲများ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာ၊ အာစရိယပူဇာပွဲတော်ကြီးများနှင့် ရဟန်းတော် အရှင်မြတ်များ၊ ရှင်သာမဏေများ၊ ထေရီအသွင် သီလရှင်များ၊ ကျေးဇူးရှင်ကြီးများတို့အား ပူဇော်လှူဒါန်းသည့် ရှင်လေးရှင် ပူဇော်ပွဲ၊ မဟာဒါန အလှူတော်ကြီးများကိုလည်း ပြုလုပ်လှူဒါန်းခဲ့ပါသည်။

ထိုမှတဖန် တိပိဋက နိကာယကျောင်းတိုက် အနီး၌ရှိကြသော ချိုင့်ကြီးကျေးရွာ၊ ညောင်ပင်သာရွာ၊ ပေါက်ဝဲကျေးရွာ၊ အာလောင်ကျေးရွာ၊ သမင်ခြံတောင်ရွာ၊တန်းမြင့်တောင်ရွာ၊ မြောက်ရွာ၊ အနောက်ကျွန်းမြောက်ရွာ၊ ဆင်ရွာ၊ သံဘိုကျွန်းကျေးရွာ၊ မင်းရဲလှကျေးရွာ၊ ရွာသာအေး၊ မြသီတာရွာ၊မင်းကွန်းအုပ်စုဝင်ကျေးရွာများ၊ ဟင်းရွက်စုရွာ၊ ဆယ်ဘာရွာ၊ အရှေ့ကျွန်းဆင်ရွာ၊ မင်းကွန်းဘောင်းရိုးချောင်အသီးသီးရှိ သီလရှင်

ဆရာကြီး၊ ဆရာလေးများနှင့် ကျွန်းထဲတွင်ရှိကြသော ညောင်ပင်သာအုပ်စု၊ ပေါက်ဝဲအုပ်စု၊ မြသီတာအုပ်စု၊ ဆူးလေးကုန်းအုပ်စု၊ သုံးဆယ်ပေါ်အုပ်စုဝင် ကျေးရွာများမှလည်းကောင်း၊ မတ္တရာမြို့နယ် သာသနာပြုအဖွဲ့တို့မှလည်းကောင်း၊ ဘုရားပွဲတော်ရက်များတွင် နှစ်စဉ် ဆွမ်းတော်ပွဲများကို အတီးအမှုတ် အကအခုန်တို့ဖြင့် အသီးသီး သူ့ထက်ငါ ပျော်ရွှင်ချမ်းမြေ့စွာ ပို့ဆောင်လှူဒါန်းကြခြင်း ကောက်ပဲသီးနှံများ ပေါချိန်တွင် ဆီ ပဲ ဟင်းသီးဟင်းရွက်များကို ပို့လှူဒါန်းခြင်းဖြင့် တိပိဋကနိကာယကျောင်းတိုက်ကြီး၏ ဆွမ်းကွမ်းအတွက် အဓိကအခန်းမှ သာသနာပြုခြင်းသည်လည်း အထူးဝမ်းမြောက်ဖွယ်ပင် ဖြစ်ပါတော့သည်။

အထူးအားဖြင့် မန္တလေးမြို့ကျွဲရိုင်းဖိနပ် ဒါယကာ ဦးလှိုင်ကြည်–ဒေါ်တင်ဦး မိသားစုတို့မှ စာအောင် သံဃာတော်တို့အား နှစ်စဉ်ဖိနပ်ကစ်ရန်စိနှင့် မန္တလေးတောင်ခြေ၊ ငွေစေတီ ဘုရားအမကြီး ဒေါ်ပုညမှ တစ်ပါးလျှင် ၁၀ ကျပ်စီ လှူဒါန်းခြင်း၊ မန္တလေးမြို့ အိမ်တော်ရာမြောက်ပေါက်၊ ရွှေလရောင် သက်နုံးတိုက်မှ ဒါယကာ၊ ဒါယိကာမများကလည်း ကျောင်းတိုက်၏ ကျက်သရေဆောင် ယပ်တောင်များဖြင့် နှစ်စဉ်လှူဒါန်း ကုသိုလ်ပြုကြခြင်းမှာလည်း ဝမ်းမြောက်ဖွယ်ကောင်းလှပေတော့သည်။

## ဆရာတော်ဘုရား၏ဩဝါဒ

ဆရာတော်ဘုရားသည် တပည့်သံဃာတော်တို့အား ဤကဲ့သို့ ဩဝါဒပေးတော်မူပါသည်။ ထိုဩဝါဒကား တိပိဋကရေရွေးချယ်ပွဲသို့ ကြီးကဲသော ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာ လေးဖြာသော အဓိပတိ ဇွဲလုံ့လရှိရှိဖြင့် ဝိနယအောင်ပန်းကို ဆွတ်လှမ်းရန် သမ္မာဆန္ဒဖြင့် ဝင်ရောက်ပြန်ဖြေကြမည့် သာသနာ့အလျှာ၊ သိက္ခာသုံးပါး၊ လိုလားဘိတောင်း၊ အရှင်ကောင်း အရှင်မြတ်တို့ဘုရား၊ အရှင်မြတ်တို့သည် သဗ္ဗညုမြတ်စွာ၊ သာသနာတော် သုံးရပ်တို့တွင် ရေကန်ကြီး၌ ကန်ပေါင်ရိုးနှင့် ဥပမာတူသော၊ သစ်ပင်ကြီး၌ ရေသောက်မြစ်နှင့်ဥပမာတူသောပရိယတ္တိသာသနာကို အခါလေးမြင့် ရှည်ကြာတင့်အောင် မြောက်ပင့်အားပေးမည်ဟူသော မှန်မြတ်သောရည်ရွယ်ချက်ဖြင့် ဤတိပိဋကရေရွေးချယ်ရေးစာမေးပွဲကြီးသို့ ဝင်ရောက်ပြန်ဆို ဖြေဆိုတော်မူကြရန် နှစ်တန်သော အာဂုံသဘော၊ ပရိယတ္တိ သာသနာတော်၏ အဆီအနှစ်များကို အားထုတ်ဆည်းပူးပြီး အသင့်ရှိနေကြပြီဖြစ်ပါသည် ဘုရား။

ဆန္ဒဝတော မေ ကိံ နာမ ကမ္မံ နသိဇ္ဈတိ။ (ဆန္ဒကဲမို့၊ ငါသို့သူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာသည်၊ ဘယ်မှာမပြီး ရှိအံ့နည်း။) ဝီရိယဝတော မေ ကိံ နာမ ကမ္မံ နသိဇ္ဈတိ။ (စိတ်ဓာတ်ကဲမို့၊ ငါသို့သူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာသည်၊ ဘယ်မှာမပြီး ရှိအံ့နည်း။) ဝိမံသ ဝတော မေ ကိံ နာမ ကမ္မံ နသိဇ္ဈတိ။ (ပညာကဲမို့၊ ငါသို့သူ၊ ပြုမူဆောင်ရာ၊

အဖြာဖြာသည်၊ ဘယ်မှာပြီး ရှိအံ့နည်း။)ဟူသော အဓိပတိသေးပါး အရှင်ဘုရားတို့မှာ အထင်အရှားရှိပြီးသား ဖြစ်ကြသဖြင့် ယခု တိပိဋကစာပြန်+ဖြေကိစ္စမှာ မုချကေန်ပင် အောင်မြင်ပြီးမြောက်လိမ့်မည်ဟု ယုံကြည်ချက် သဒ္ဓါတရား ထက်သန်စွာထားကြဖို့ အားပေးစကား တပည့်တော် ပြောကြားအပ်ပါသည်ဟု ဩဝါဒကထာ မိန့်ကြားတော်မူပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမတို့အားလည်း အသက်ရှည်စွာ အနာမဲ့ကင်း ချမ်းသာခြင်းရှိကြရန် ဘုရားရှင်သည် ကောသလမင်းအား ဟောကြားအပ်သောဂါထာကို ဩဝါဒပေးတော်မူပါသည်။ ထိုဂါထာကား....

မနုဇဿ သဒါ သတိမတော၊ မတ္တံဇာနတော လဒ္ဓဘောဇနံ။
တနုကဿ ဘဝန္တိ ဝေဒနာ၊ သဏိကံ ဇီရတိ အာယုပါလယံ။

အနက်။ ။ သဒါ၊ ခပ်သိမ်းသောအခါ၌။ သတိမတော၊ သပ္ပါယ အသပ္ပါယ ဆင်ခြင်အောက်မေ့သော သတိရှိသော။ လဒ္ဓဘောဇနံ၊ လဒ္ဓဘောဇနေ၊ မိမိအတွက်ရအပ်သော အစာအာဟာရ၌။ မတ္တံဇာနတော၊ စားသုံးသောအခါ အတိုင်းအရှည်ကို သိသော။ မနုဇဿ၊ လူအား။ ဝေဒနာ၊ ရောဂါဝေဒနာတို့သည်။ တနုကံ၊ နည်းပါးကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဏိကံ၊ ဖြည်းဖြည်းမှ။ ဇီရတိ၊ မျက်စိ၊ နား၊ နှာ၊ အင်္ဂါကြီးငယ် အိုမင်းရ၏။ အာယုံ၊ ရုပ်ဇီဝိတ နာမ်ဇီဝိတ နှစ်ပါးသည်။ ပါလယံ၊ ဤကိုယ်ကို အချိန်ကြာကြာ စောင့်ရှောက်၏။

အဓိပ္ပာယ်ကား။ ၁။ မိမိနှင့် သင့်တင့်သော အစာအာဟာရကို သတိထားစားပါ။
၂။ သင့်တော်သော အာဟာရကို လေးလုပ် ငါးလုပ်လျော့စား၍ ရေသောက်ပါ။
ထိုသို့ အစာအာဟာရကို ဆင်ခြင်စားသောက်ခြင်းဖြင့်—
၁။ ရောဂါဝေဒနာ နည်းပါးတယ်၊
၂။ ဖြည်းဖြည်းမှအိုမယ်၊
၃။ အသက်တမ်းပြည့် အသက်ရှည်မယ်၊ ဤသို့သော အကျိုးများကို ရရှိနိုင်ပါတယ်ဟု ဩဝါဒပေးတော်မူပါသည်။

## တပည့်တော်များ ဆုတောင်း

"မဟာဗြဟ္မာ၊ လျှာကုဋေဖြင့်၊ သခင်္ချာအာယု၊ ကပ်လုံးပြု၍၊ ဂဏာပဒေ၊ တွက်ကိန်းရေလည်း၊ မဟာဗြဟ္မာ၊ ရှုံးလေရာ၏၊ တေဇာရှင့်ဂုဏ်၊ ဘယ်မှာကုန်အံ့၊ ဝသုန်သိန္ဓု၊

သိနေရုထက်၊ ဗဟုတရ၊ ကြီးမြတ်စွရှင့်''ဟူသော ကဗျာအတိုင်း ဆရာတော်ဘုရား၏ ကျေးဇူးဂုဏ်တို့ကား ကြီးကျယ်များမြတ်လှပေ၏တကား။ ဆရာတော်ဘုရား သာသနာပြုလုပ်ငန်း စွမ်းဆောင်နိုင်ချိန် ဆရာတော်ဘုရားတည်းဟူသော ရွှေပင်ကြီး၏အရိပ်အာဝါသ၌ ခိုလှုံ၍၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ ပညာသင်ကြားနေရချိန်မျိုးသည်ကား အလွန်မှ ရခဲလှစွာသော အခွင့်ကောင်းကြီး ဖြစ်ပါတော့သည်။ ''အခွင့်သာဆဲက၊ မခဲချင်လျှင်၊ အလွဲနှင့်ပြင် ရှိသေးလိမ့်လား။ အခွင့်သာခိုက်က၊ မလိုက်နာလျှင်၊ အမိုက်နှင့်ပြင် ရှိသေး လိမ့်လား။ အခွင့်သာတုန်းက၊ မရုန်းချင်လျှင်၊ အရှုံးနှင့်ပြင် ရှိသေး လိမ့် လား''ဟု ဆိုသည့်အတိုင်း ယခုကဲ့သို့ အခွင့်ကောင်း၊ အခါကောင်းနှင့် ကြုံသည့်အခိုက် ကြိုးစား ထိုက်လှပေတော့သည်။ 'ဆရာတော်ဘုရားလည်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သက်တော် ရာကျော်ရှည်၍ သာသနာပြုလုပ်ငန်းကို ဆတက်ထမ်းပိုး ကြိုးစားအားထုတ်တော်မူနိုင်ပါစေ။ တပည့်တော်များလည်း ကြိုးစားအားထုတ်နိုင်ရပါလို၏'ဟု ဆုတောင်း ဆန္ဒပြုယင်း ဆရာတော်ဘုရား၏ အောက်ပါ သာသနာပြုကြေးကြော်သံ သုံးရပ်ဖြင့်ပင် ဆရာတော်ဘုရားအား ဂုဏ်ပြု၍ (၇၅)နှစ်မြောက် ဓိနိရတုကို ကြိုဆိုသောအားဖြင့် ရေးသားပူဇော်အပ်ပါသတည်း။

တို့သာသနာ၊ တို့ဘာသာ၊ ညီညာငါတို့ ပြုကုန်စို့။

အရှင်ခေမာစာရ(မြန်အောင်)
တိပိဋကနိကာယ၊ မိုးမိတ်

# ဖူးပွင့်လာသည့်ပန်းကလေးများ

၁၃၄၀ ပြည့်နှစ် ဝါဆိုလဆန်း (၅)ရက်နေ့တွင် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေဝယ် တိပိဋက နိကာယကျောင်းတိုက် သာသနာ့ဥယျာဉ်ကြီးကို တိပိဋကဓရ သရာတော် ဦးဆောင်ကာ တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။

တိပိဋက နိကာယကျောင်းတိုက် တည်ထောင်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို တစေ့တစောင်းကြည့်မိသောအခါ တိပိဋကဆရာတော်၏ စေတနာနှင့် ဆန္ဒတော်ကို ဤသို့ ကြားနာခဲ့ရပါသည်။

"တာဝန်သိတဲ့ ပုဂ္ဂိုလ်မှာ တာဝန်ရှိပါတယ်၊ အဲဒီလို တာဝန်သိတော့ တာဝန်ရှိလာပါတယ်၊ တာဝန်ကိုသိလို့ တာဝန်ကို ဆောင်ရွက်လျှင် ဆောင်ရွက်ယင်းပင် သိတဲ့အတွက် တာဝန်တက် လာပါတယ်၊ တက်လာပုံကို အနည်းငယ်ရှင်းပြလိုပါတယ်၊ တိပိဋက စာမေးပွဲ၊နိကာယ်စာမေးပွဲ ဝင်နိုင်ဖို့ အရှင်မြတ်များဟာ နိကာယ်ငါးရပ်၊ ပိဋကတ်တော်ဆိုတဲ့ ဘုရားစကားတော်တွေကို နှုတ်ဘက်ရအောင် ပင်ပန်းကြီးစွာ ကျက်ရ အံ့ရပါတယ်၊ စာမရဘဲ ရပြီးလျှင်လဲ စာမကျေဘဲ ဒီစာမေးပွဲနှစ်ခုကို ဝင်လို့မဖြစ်ပါဘူး။

အင်း စာမရပဲနှင့်သာဆိုလျှင် တိပိဋကဓရစာမေးပွဲဟာ သာပြီး ကြောက်စရာကောင်းပါတယ်၊ စာရေလျှင် စာချေကျေလျှင် ပလ္လင်ပေါ်က ထီးဖြူဘော်အောက်မှာ ငုတ်တုတ်ပင် အရှက်ကွဲနိုင်ပါတယ်၊ ဒီတော့ နိကာယ်စာမေးပွဲ၊ တိပိဋကစာမေးပွဲဝင်ကြမည့် သာသနာ့အာဇာနည် အလောင်းအလျာ အရှင်မြတ်တို့အဖို့ အချိန်များများစာကျက် စာအံ စာကြံ စာကြည့်နိုင်ဖို့ အလွန်အရေးကြီးပါတယ်၊ နိကာယ်စာမေးပွဲ အောင်လာပြီ၊ တိပိဋကစာမေးပွဲ အောင်လာပြီဆိုတော့ ဒကာ ဒကာမများကရော နိုင်ငံတော်အစိုးရကပါ အားလုံး ခြိမ့်ခြိမ့်သဲသဲ ပူဇော်ကြပါတယ်၊ ပူဇော်တဲ့ပွဲပေါ့ကိုး။

ပူဇော်ပွဲဆိုတာ တစ်ရက်ကျင်းပရတာ ဆိုတော့ တစ်ရက်အလုပ် ပျက်ခံနိုင်ကြပါတယ်၊ သို့သော်လဲ....အဲဒီ အရှင်မြတ်တွေ နေ့စဉ်နေ့စဉ် စာကျက်ချိန်ပိုရအောင် ချီးမြှောက်ပြုစုဖို့ကျတော့ နေ့စဉ်ဘာဝန်ယူဖို့ မလွယ်တဲ့အတွက် အခက်အခဲကြုံရပါတယ်။

ဘာပဲပြောပြော ပထမငယ်မှ ပထမလတ်သို့၊ ထိုမှ ပထမကြီးသို့ ထိုမှ ဓမ္မာစရိယသို့၊ ထိုမှ နိကာယသို့၊ ထိုမှ တိပိဋကဓရသို့ ချီတက်ကြတဲ့ သာသနာ့အာဇာနည် သိန္ဒော

မြင်းအလျှာဖြစ်ကြတဲ့ အရှင်မြတ်တွေအဖို့ ဆွမ်းကိစ္စ နေရေးထိုင်ခင်းကိစ္စ အားလုံးသပ္ပာယ အကုန်မျှပြီးတော့ ကြောင့်ကြကင်းစွာ စာပေကိုသာ အာရုံအထူးပြု လေ့လာပြီး နိကာယ ဘာဏက ဖြစ်နိုင်အောင် ဝိနယဓရ-အဘိဓမ္မိက-ဓိဿဘာဏက တိပိဋကဓရဖြစ်နိုင်အောင် တစ်နေ့တစ်နေ့ စာကျက်ချိန်များများ ရနိုင်အောင် ငါတို့ဆောင်ရွက်ပေးရမယ်၊ ငါတို့ရဲ့ ကိုယ်တော်ကလေးတွေသည် နိကာယဘာဏကဲ အလျာလေးတွေ တိပိဋကဓရအလျာလေး တွေ၊ နိကာယ ဘာဏက ဖြစ်ဖို့ တိပိဋကဓရ ဖြစ်ဖို့ အင်မတန်သေချာတယ်'' ဆိုပြီးတော့ ဘုန်းကြီးသည် တာဝန်ကိုသိပြီး မိမိအားနိုင်ငံတော်က ဆက်ကပ်လှူဒါန်းတဲ့ ဆွမ်းဆန် တော်ရတာကို မိမိ၏ တိပိဋကဓရဘွဲ့ရလို့(၂၅)နှစ်မြောက်ရောက်တဲ့ နေ့တုန်းက နိကာယ် ငါးရပ် ပိဋကတ်တော်ဘည်းဟူသော ပရိယတ္တိသာသနာတော်အား လှူဒါန်းခဲ့ပါတယ်။

တိပိဋကဆရာတော်သည် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရသောအခါ၌လည်း အဂ္ဂမဟာပဏ္ဍိတ နှစ်စာဆွမ်းဆန်တော်ကိုလည်းကောင်း၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံ ဆိပ်တော်ရသောအခါ၌လည်း အဘိဓဇမဟာရဋ္ဌဂုရု နှစ်စာ ဆွမ်းဆန် တော်ကို လည်း ကောင်း၊ တိပိဋကနိကာယ သာသနာပြုအဖွဲ့ကြီးအား ကပ္ပိယကာရကအဖြစ်အပ်နှင်းကာ နိကာယ်ငါးရပ် ပိဋကတ်သာသနာတော်အား ဗောဓိညာဏ်ကိုဆုမွန်း၍ လှူဒါန်း ခဲ့ပါ သည်။

တိပိဋကဆရာတော်ဘုရား၏ စေတနာနှင့်ဆန္ဒတော်သည် တိပိဋကဓရပုဂ္ဂိုလ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းရေးကို ရည်သန်၍ အခြေခံဖြစ်သော ပရိယတ္တိသာသနာ့ဥယျာဉ် ကြီးကို ဖန်တီးရေးပင်ဖြစ်ပါသည်။

နိကာယ်ငါးရပ် ပိဋကတ်စာပေတို့ကို ကျက်အံကြံ ကြည့်လိုကြသော ဓမ္မာစရိယ အရှင်မြတ်တို့သည် သာသနာ့ဥယျာဉ်ဘွင်းသို့ လာရောက်၍ ပိဋကတ်စာပေတို့ကို မပင်မပန်း ချမ်းချမ်းသာသာဖြင့် အချိန်များများ စာကျက် စာအံ စာကြံ စာကြည့်၍ နေကြရခြင်း သည် တိပိဋကဆရာတော်၏ ဆပ်၍မကုန်နိုင်သော ဂုဏ်ကျေးဇူးများဖြစ်ပေသည်။

တိပိဋက-နိကာယ သာသနာပြုအဖွဲ့ကြီးကလည်း တိပိဋကဆရာတော် လှူဒါန်း သော ဆွမ်းဆန်တော်များကိုလည်းကောင်း၊ အမြိုမြို့အနယ်နယ် အလှူရှင်များ ထံမှ အမျိုးမျိုးသော အလှူငွေများကိုလည်းကောင်း၊ ပရိယတ္တိသာသနာတော်အတွက် အသုံးပြု ရန် တိပိဋကဆရာတော် လမ်းညွှန်သြဝါဒ ပေးသည့်အတိုင်း နိကာယ်စာသင်သား၊ တိပိဋကစာသင်သား အရှင်မြတ်များ ဆွမ်းမခံရဘဲ ဝိဝေကအရပ်ကို ကောင်းစွာ ရအောင် ဆောင်ရွက်လျက် တစ်နေ့ဆယ်နာရီ၊ ထို့ထက်အလွန်အချိန်များများ စာကျက် စာအံ စာကြံ စာကြည့်နိုင်ကြစေရန် ကပ္ပိယကာရကအဖြစ် အသီးသီးခွဲဝေ တာဝန်ယူပြုစု ကြ၍ ပရိယတ္တိသာသနာပြုလုပ်ငန်းကို တိုးတက်သည်ထက် တိုးတက်ကြီး ပွားလာအောင် အဘက်ဘက်မှ ဆောင်ရွက်လျက်ရှိပေသည်။

ယင်းသို့ဆောင်ရွက်ပြုစုကြသော ဒကာဒကာမအပေါင်းသည် တိပိဋကစာသင် သားတို့၏ ကျေးဇူးရှင်များပင် မဟုတ်ပါလော။ တိပိဋကနိကာယ ကျောင်းတိုက်သည် နိုင်ငံကျော်တိပိဋကဆရာတော်ဦးဆောင်သည့်အတွက် နိုင်ငံတော်တွင် နာမည်သတင်းကြီး

လှသည်။ တိပိဋကဓရလောင်းလျာတွေ မွေးထုတ်ပေးသောအခါ ပို၍ပို၍ နာမည်သတင်းကြီးလာသည်။ ကျောင်းတိုက်နာမည် ထင်ရှားကျော်စော လာသောအခါ လေ့လာကြည့်ရှုရန် နိုင်ငံတွင်းကရော နိုင်ငံခြားသားတွေပါ ပရိသတ်စုံ ရောက်လာကြ၊ အကဲခတ်ကြသည်။

ကျောင်းအဆောက်အအုံကလေးက အစီအရီ၊ ကျောင်းစာတိုက်တွေကလည်း ညီညီညာညာ၊ စီစီတန်းတန်း၊ သစ်ပင်ပန်းပင်တွေကလည်း စိုစိုပြည်ပြည်၊ တံခွန်တိုင်တွေကလည်း ငွားငွားစွင့်စွင့်၊ တင့်တင့်တယ်တယ် ရှုချင်စဖွယ်။ ဘုရား စေတီတွေကလည်း ဆည်းလည်းသံယဉ်ယဉ်၊ ဖြောင့်တန်းသော မဂ္ဂင်မုခ်ဦး စောင်းတန်းကြီးများကို မြင်ရတွေ့ရသောအခါ အံ့သြဘနန်း ရွှင်လန်းပီတိ စိတ်ချမ်းမြေ့ခြင်းဖြစ်ရသည်။ ကျောင်းအဆောက်အအုံများစွာကို မြင်ရတွေ့ရသော်လည်း ယင်းကျောင်းထဲတွင် တိပိဋကစာသင်သား မည်မျှရှိသည်ဟု မသိကြရပေ။

ဆွမ်းစားချိန်ရောက်၍ ကြေးစည် ခေါင်းလောင်း တီးခတ်မှသာလျှင် မိမိတို့ကျောင်းအသီးသီးမှ အလျှိုအလျှိုထွက်လာကြသော တိပိဋကစာသင်အရှင်တို့ကို တွေ့မြင်ရကြည်ညိုကြရပေသည်။

ဆွမ်းစားချိန် ညနေ လမ်းလျှောက်ချိန် ဘုရားဝတ်တက်ချိန်တို့မှအပ ကျန်အချိန်များတွင် မိမိတို့ကျောင်းအတွင်း၌သာ ပိဋကစာပေတို့ကို ကျက် အံ ကြံ ကြည့် နေကြသည့်အတွက် ကျောင်းအပြင်ထွက်ခဲလှသည်။ ကျောင်းတိုက်အတွင်း ဝင်ရောက်လာပါက တိပိဋကစာသင်သားများ ရှိမှရှိပါလေစဟု အောက်မေ့ထင်ရလောက်အောင် ဆိတ်ငြိမ်အေးချမ်းလှသည်။ သို့သော် တိပိဋကစာသင်အရှင်တို့သည် မိမိတို့ ကျောင်းအသီးသီး၌ ကာယစွမ်းအား၊ ဉာဏစွမ်းအားရှိသလောက် ပိဋကစာပေတို့ကို ကျက် အံ ကြံ ကြည့်၍ တိပိဋကဓရ စာမေးပွဲ နိကာယ်စာမေးပွဲများ၌ အောင်ပန်းဆွတ်လှမ်းနိုင်ရန် လုံ့လကြိုးကုတ် အားထုတ်နေကြပါသည်။

"မေတ္တာရှေးဦး ပြုပေဖူးကို၊ ကျေးဇူးသိမှု၊ ကတညုတည့်၊ ထိုသူထက်ပင်၊ ကျေးဇူးအင်ကို၊ ထင်ထင်မချွတ်၊ ပြောဆိုတတ်က၊ သူမြတ်နှန်လှ၊ ကတဝေဒီ၊ ဟူတံပြီရှင့်၊ လောကီလူစု၊ ဉာဏ်မြင်နုတို့၊ သူပြုအထူး၊ သူ့ကျေးဇူးကို၊ ကြည်နူး ဝမ်းမြောက်၊ မခေါက်မရက်၊ နှစ်သက်အင်ရွဲ၊ သိတတ်ခဲ၏၊" ဟူသော မဃဒေဝ (၂၅၅)လင်္ကာ မိန့်ဆိုသည့်အတိုင်း ကျေးဇူးရှိသောသူကို ကျေးဇူးရှိမှန်းသိတတ်ဖို့ ခဲယဉ်းလှပေသည်။ ထိုထက်ပင် ကျေးဇူးရှင်ကို ပြန်၍ ကျေးဇူးဆပ်နိုင်ဖို့ရန် ခဲယဉ်းလှပေသည်။

ပရိယတ္တိသာသနာတော်အား အကျိုးရှိ၍ ရည်ရွယ်ချက်အပြည့်ဖြင့် လှူဒါန်းထားသော လေးပါးသောပစ္စည်းများကို မပင်မပန်း ချမ်းချမ်းသာသာဖြင့် သုံးဆောင် မှီဝဲနေကြသော တိပိဋက စာသင်အရှင်တို့သည် ပိဋကစာပေတို့ကို ကျက် အံ ကြံ ကြည့်နေရုံ

ကလေးနှင့် ကျေးဇူးရှင်များအား ကျေးဇူးဆပ်ရာ ရောက်ပြီဟု ပေါ့ပေါ့တန်တန် မမေ့လျော့မနေသင့်ပေ။ မိမိတို့တာဝန်ကား အပြီးအဆုံးတိုင် မကျေပွန်သေး။

ဆွမ်းဘောဇဉ်အတွက် ဆောင်ရွက်နေသော (ဓမ္မရက္ခိတာ ကျောင်းအမကြီး) ဒေါ်ရွှေညွန့်ကလည်း အရှင်တို့အား ရင်းရင်းနှီးနှီးပင် "ကိုယ်တော်တို့တာဝန် မကျေပွန်သေးဘူး၊ တိပိဋကဓရ ပုဂ္ဂိုလ်ဖြစ်မှ ကိုယ်တော်တို့ တာဝန်ကျေပွန်မှာ" ဟုပြောရှာသည် မဟုတ်လော။ ပစ္စည်းလေးပါး အားမိသမျှား၏ တန်ဖိုးကျေပွန်အောင် မည်သည့်နည်းဖြင့် ကျေးဇူးရှင်များအား ကျေးဇူး ဆပ်ကြမည်နည်း။

ရှေးရှေးသော ပညာရှိသူတော်ကောင်း စိတ်ကောင်းရှိသူများသည် မိမိတို့ပေါ်တွင် တင်ရှိနေသော ကျေးဇူးတရားများကို အကုန်အစင် မပေးဆပ်နိုင်လင့်ကစား မိမိတို့စွမ်းအားရှိသလောက်တော့ ပေးဆပ်ခဲ့ကြတာချည်းဖြစ်ပေသည်။

သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်သည် တာဝတိံသာ နတ်ပြည်၌ သတ္တမဝါ ကပ်တော်မူ၍ မယ်တော်မိနတ်သား အမှူးပြုသော နတ်ပြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားဟောတော်မူခြင်းဖြင့် မယ်တော်မိနတ်၏ နို့ကျေးဇူးကို ပေးဆပ်ခဲ့ပါသည်။

တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာသည်လည်း မိမိ၏ မွေးရာတိုက်ခန်း၌ပင် မယ်တော်သာရိပုဏ္ဏေးမအား သောတာပန်ဖြစ်အောင် တရားဓမ္မအေး အမြိုက်ဆေးဖြင့် နို့ကျေးဇူးကို ဆပ်ခဲ့သည်။ အယျမိတ္တမထေရ်သည်လည်း မိမိတို့ ဆွမ်းဘောဇဉ်ဖြင့် ပြုစုလုပ်ကျွေးနေသော ဆွမ်းဒါယိကာမကြီးအား တစ်လုပ်စားဖူး သူ့ကျေးဇူးကို ဆပ်သည့်အနေဖြင့် ကိုယ်တိုင် အရဟတ္တဖိုလ်ပေါက်ရောက်အောင် အားထုတ်ခြင်းဖြင့် ပေးဆပ်သွားပေသည်။

တိပိဋကဆရာတော်သည်လည်း နိုင်ငံတော်က တိပိဋကဓရ လောင်းလျာကို ရှာဖွေနေသော လက်အုပ်ကြွေးကို လည်းကောင်း၊ ကျေးဇူးရှင်ကြီးများဖြစ်ကြသော မင်းကွန်း မဟာဂန္ဓာရုံ သာသနာ့မိခင် ဆရာကြီး ဒေါ်ဓမ္မစာရီ၊ ရဟန်းဒါယကာကြီး သင်္ဘောဆရာဦးသွင် ဒေါ်ဒေါ်သိန်းတို့၏ ကျေးဇူးများကို လည်းကောင်း၊ တိပိဋကဓရ အဖြစ်ဖြင့် ပေးဆပ်ခဲ့ပေသည်။

ဤသို့ကျေးဇူးဆပ်ခြင်း နည်းအမျိုးမျိုး ရှိသည့်အနက် တိပိဋက စာသင်အရှင်တို့သည်ကား တိပိဋက ဆရာတော်၏ တပည့်များ ဖြစ်သည့် အားလျော်စွာ ဆရာကောင်း တပည့် ပန်းကောင်းပန်ဟူသကဲ့သို့ တိပိဋက ဆရာတော်သည် "အရှင်မြတ်တွေသည် သာသနာမှာ အာဇာနည်အလျာတွေဖြစ်တယ်။ အာဇာနည်ကို အာဇာနည်ရဲ့ အဆောင်အယောင်ပေးမှ အာဇာနည်ရဲ့ အလုပ်ကို အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ကြမယ်" ဟု မမှိတ်မသုန် ယုံကြည်သည့်အတိုင်း တိပိဋကဓရ အာဇာနည်အဖြစ်ဖြင့် ကျေးဇူးဆပ်ကြမည်ကား မြေကြီးလက်ခတ်မလွဲအောင် ဖြစ်ပေသည်။

တိပိဋက နိကာယကျောင်းတိုက် တည်ထောင်သည့်နှစ်မှစ၍ နှစ်စဉ် နှစ်တိုင်း တိပိဋက စာမေးပွဲကို ဝင်ရောက် ဖြေဆိုခဲ့ကြရာ အောင်မြင်ခဲ့သော ဘွဲ့ရပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသယ်။

| | | | |
|---|---|---|---|
| ၁၃၄၀-ခုနှစ်- | တိပိဋကရေစာမေးပွဲ၌ | ဒီဃဘာဏကဘွဲ့ရ | (၇)ပါး |
| ၁၃၄၁-ခုနှစ်၌ | ။ | ဒီဃဘာဏကဘွဲ့ရ | (၁၄)ပါး |
| ၁၃၄၂-ခုနှစ်၌ | ။ | ဝိနယကောဝိဒဘွဲ့ရ | (၁)ပါး |
| ။ | ။ | ဒီဃနိကာယကောဝိဒဘွဲ့ရ | (၂)ပါး |
| ။ | ။ | ဒီဃဘာဏက-ဘွဲ့ရ | (၁၆)ပါး |
| ။ | ။ | သံယုတ္တဘာဏက-ဘွဲ့ရ | (၁)ပါး |
| ။ | ။ | မဇ္ဈိမဘာဏက-ဘွဲ့ရ | (၁)ပါး |
| ၁၃၄၃-ခုနှစ်၌ | ။ | ဒီဃဘာဏကဘွဲ့ရ | (၇)ပါး |
| ။ | ။ | မဇ္ဈိမ ဘာဏက ဘွဲ့ရ | (၁)ပါး |
| ။ | ။ | ဉဘာ တောဝိဘင်္ဂရေဘွဲ့ရ | (၁၄)ပါး |

(ယင်း၁၄-ပါးထဲတွင် ဉဘာတောဝိဘင်္ဂ ရေးဖြေအောင်(၁)ပါး ပါဝင်သည်။)

| | | | |
|---|---|---|---|
| ၁၄၄၄-ခုနှစ်၌ | တိပိဋကရေစာမေးပွဲ၌ | ဝိနယရေဘွဲ့ရ | (၂)ပါး |
| ။ | ။ | ဉဘာတောဝိဘင်္ဂရေဘွဲ့ရ | (၂၃)ပါး |
| ၁၃၄၅-ခုနှစ်၌ | ။ | မဇ္ဈိမနိကာယကောဝိဒဘွဲ့ရ | (၁)ပါး |
| ။ | ။ | ဝိနယရေဘွဲ့ရ | (၄)ပါး |
| ။ | ။ | ဉဘာတောဝိဘင်္ဂရေဘွဲ့ရ | (၂၄)ပါး |
| ၁၃၄၆-ခုနှစ်၌ | ။ | ဝိနယကောဝိဒဘွဲ့ရ | (၁)ပါး |
| ။ | ။ | ဒီဃနိကာယကောဝိဒဘွဲ့ရ | (၄)ပါး |
| ။ | ။ | ဝိနယရေဘွဲ့ရ | (၉)ပါး |
| ။ | ။ | ဉဘာတောဝိဘင်္ဂရေဘွဲ့ရ | (၂၄)ပါး |

သို့ဖြစ်သည့်အတိုင်း ဒုတိယသုံးနှစ်ခရီး တိပိဋကနိကာယကျောင်းတိုက် သာသနာ့ ဉယျာဉ်တော်ကြီးတွင် တိပိဋကဆရာတော် ဦးဆောင်သော သာသနာပြုအဖွဲ့ ဉယျာဉ်မှူး တို့၏ "သီတာရေအား၊ လောင်းဖန်များသဖြင့်၊ တရားဝေဘိ၊ အအေးလည်းမမိရလေ အောင်၊ သီတာရေချမ်း၊ မဆွတ်ဖျန်းသဖြင့်၊ ညှိုးနွမ်းဆူဘိ၊ အပူလည်းမမိရလေအောင်၊ ပြုစုယုယ မြေးတာင်မြောက် ရေလောင်းပေးမှုကြောင့် တိပိဋကစာသင် ပျိုးမျှစ် သော သစ်ပင်တို့၏ အသီးအပွင့်ဖြစ်သော—

(က) ဒွိပိဋကဓရ+ဒွိပိဋကကောဝိဒ (နှစ်ပုံဆောင်) အရှင်ဝါယာမိန္ဒ
(ခ) ဒွိပိဋကဓရ+တေပိဋကကောဝိဒ (နှစ်ပုံဆောင်) အရှင်သုန္ဒရ
အရှင်ကောဝိဒါဘိဝံသ

(ဂ) တေပိဋကဓရ+တေပိဋကကောဝိဒ၊
ဥဘတောဝိဘင်္ဂဓရ (တစ်ပုံခွဲဆောင်) အရှင်ဝေမာစာရ (မြိတ်)
အရှင်သုဝဏ္ဏ

(ဃ) တေပိဋကဓရ+တေပိဋကကောဝိဒ
(တစ်ပုံဆောင်) အရှင်ဉာဏာလင်္ကာရာဘိဝံသ
အရှင်ဝေရောစန
အရှင်ဉာဏသာမိ (နတ်မောက်)
အရှင်ကုန္ဒာသဘ
အရှင်ကေသရ

အားဖြင့် (၁၀) ပါးပေါ်ထွန်းခဲ့ပါသည်။

တေပိဋကဓရ အရှင်မြတ်တို့သည်ကား များပြားလှသည်ဖြစ်၍ အောင်စာရင်းကြည့်ရှု၍ ပီတိဖြစ်တော်မူကြပါကုန်။

ယင်းသို့ တိပိဋကဓရစာမေးပွဲ နိကာယ်စာမေးပွဲတို့၌ အောင်ပွဲအလီလီ ရခဲ့ခြင်းသည် တိပိဋကနိကာယ သာသနာပြုအဖွဲ့ဝင် ဒကာ ဒကာမများ၏ အဘက်ဘက်မှလိုလေသေးမရှိအောင် ထောက်ပံ့ပေးမှုတို့ကြောင့်လည်းကောင်း၊ တိပိဋကဆရာတော်ဘုရား၏ ဆုံးမပဲ့ပြင်လမ်းညွှန်မှုတို့ကြောင့်လည်းကောင်း အောင်မြင်မှုရခဲ့ခြင်းပင်ဖြစ်ပေသည်။

သာသနာ့ဥယျာဉ်မှူးတို့၏ ဂရုတစိုက်ပြုစုပျိုးထောင်ခဲ့သော သာသနာ့ဥယျာဉ်တွင်းမှ ပန်းကလေးများသည် ငွာငွားစွင့်စွင့် ကြွားကြွားဝင့်ဝင့် ပွင့်လန်းခဲ့ပြီ။

ရှေ့ဆက်၍ တိပိဋကဓရအဖြစ်ဖြင့် ပွင့်လန်းလာကြမည့် တိပိဋက စာသင်အရှင်တို့၏ နိုးကြားမှု ကြိုးစားမှု ရိုးသားမှု တိုးပွားမှုတို့ကို မကြာမီ မြင်တွေ့ရ ပေတော့ မည်သာတည်း။ ။

အရှင်ပဏ္ဍိစ္စ (ကျောက်ပန်းတောင်း)
တိပိဋကနိကာယ၊ မိုးမိတ်

# အတွေးပေါင်းများစွာ ဝင်မိပါတော့သည်

မသိဘာ မတတ်တာ မရှိခြင်းကို မကာရလောပ 'မတစ်လုံးကျေ' ဟု ခေါ်ပါသည်။

သက္ကရာဇ် ၁၀၈၆ မှ ၁၁၂၄ ခုအတွင်း ထွန်းပေါ်ပေါက်၍ ကျမ်းပေါင်းများစွာပြုသော ရှင်ဉာဏဘွဲ့အမည်ရှိ တောင်ဝင်းဆရာတော် ခင်ကြီးဖျော်အား 'မသိတာ မတတ်တာမရှိ'ဟု ယုံကြည်သဖြင့် 'မကာရလောပ ဆရာတော်'ဟု အသိအမှတ် ပြုခဲ့ကြပါသည်။

(လှသမိန်၏ ဂန္ထဝင် ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိ၊ နှာ ၂၈)

ဆရာတော်၏ မ,တလုံး ကျေပုံများမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

အခါတစ်ပါး၌ ဆရာတော်သည် မသိသောအရာ မတတ်သောအရာ ဟူ၍ မရှိကြောင်းနှင့် နိုင်ငံတော်တွင် ကျော်ကြားနေလေရာ အချို့သောသူများက ဆရာတော်ဟာ စာပေကျမ်းဂန် ဗဟုသုတများကိုသာ ရဟန်းကိစ္စဖြစ်၍ တတ်သိပေလိမ့်မည်။ ရဟန်းနှင့် ဆန့်ကျင်ဘက်ဖြစ်သော တူရိယာ အတတ်ကိုကား တတ်ပေလိမ့်မည် မဟုတ်ဟူ၍လည်းကောင်း၊ ရင်းပြင် တံငါတို့၏ အသုပ်ဖြစ်သော ကွန်ပစ်ခြင်း အတတ်ကိုလည်း တတ်ပေလိမ့်မည် မဟုတ်ဟူ၍ လည်းကောင်း ပြောဆိုနေကြပေသည်။ ထိုစကားကို ကြားသိရသော ခင်ကြီးဖျော်သည် ဗုံများကို ကိုယ်တိုင် ကြပ်မတ်၍ ဤဗုံကြီးကိုကား ဤမျှလောက် ပတ်စာထည့်၊ ဤဗုံလတ်ကိုကား ဤမျှလောက် ပတ်စာထည့်၊ ဤဗုံငယ်ကလေးကိုကား ဤမျှလောက် ပတ်စာထည့်ဟု မိန့်တော်မူပြီး ဒါယကာတစ်ယောက်အား ဤသို့ ဤသို့တီးဟု အတီးခိုင်းလေရာ ဗုံသံတို့မှာ နတ်ပြည်၌ဖြစ်သော နတ်တူရိယာတို့၏ အသံများ ကဲ့သို့ သာယာနာပျော်ဖွယ်ရှိအောင် ကောင်းနေသောဟူ၏။

တစ်နေ့သ၌ ဆရာတော်သည် အထက်ပါနည်းအတိုင်း ရောဝတီမြစ်ဆိပ် တစ်ခုတွင် ဒါယကာ တစ်ယောက်အား ပိုက်ကွန်ကို အရှာခိုင်း၍ ပိုက်ကွန်ရလာသောအခါ ပိုက်ကွန်ကို ဤသို့ ကိုင်ပြီး ဤသို့ ပြန့်ကားအောင်ပြု၍ ရေထဲသို့ ပစ်ချဟု ကွန်ပစ်ခိုင်းလေရာ ပိုက်ကွန်သည် အထူးသဖြင့် ပြန့်ကား၍ ရေထဲသို့ကျပြီးနောက် ပြန်ဆွဲတင်သောအခါ များစွာသော ငါးကြင်း ငါးသိုင်းတွေ မိနေသောဟူ၏။ ထိုငါးတွေကို ချက်ချင်းပင်

ကွန်မှ ဖြုတ်၍ ရေထဲသို့ ပြန်လွှတ်ခိုင်းတော်မူသည်။ (ဒဂုန်နတ်ရှင်၏ စာပြုစာဆို ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိ၊ နှာ ၈၁)

မင်းကွန်း တိပိဋကရေ ဆရာတော်ကြီးသည် လောကီ လောကုတ် စွယ်စုံ ကျွမ်းကျင်သော ပုဂ္ဂိုလ်ထူး ဖြစ်ပေသည်။ ပထမကျော်အောင်ခြင်း၊ စာချတန်းကို ဂုဏ်ထူးဖြင့် အောင်ခြင်း၊ စာသင်တန်း စာချတန်း နှစ်မခြားဘဲ အောင်မြင်သဖြင့် ပထမဆုံး သကျသီဟ ဓမ္မာစရိယဝဋ္ဋ်သကာဘွဲ့ ဆက်ကပ်ခံရခြင်း၊ ပိဋကတ်သုံးပုံကို အာဂုံရေးဖြေနှစ်ထွေလုံး ဂုဏ်ထူးဖြင့် အောင်မြင်ခြင်းကြောင့် ပထမဦးဆုံး တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ရရှိခြင်း၊ ပိဋကတ်သုံးပုံကို မှေ့နှောက်၍ မဟာဗုဒ္ဓဝင်ကျမ်းကြီး ရေးသားပြုစုခြင်း၊ စီ ၆၀ တိပ်ခွေပေါင်း ၁၄၀ ရှိ ဇာတ်ကြီးဆယ်ဘွဲ့၊ စီ ၆၀ တိပ်ခွေ ၇၇ ခွေရှိ သာသနာ့ချိန်ခွင်ကြီးလေးလက်၊ တရားတော်များနှင့် ပိဋကတ်သုံးပုံကို မွှေနှောက်၍ တရားဟောတော်မူခြင်း၊ ဆဋ္ဌသင်္ဂါယနာ အဖြေ ပုဂ္ဂိုလ်ဖြစ်ခြင်း၊ ဆဋ္ဌသင်္ဂါယနာ ပါဠိဝိသောဓကတာဝန်နှင့် ပါဠိပဋိဝိသောဓက တာဝန်နှစ်ရပ်ကို ဆောင်ရွက်တော်မူခြင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဖြစ်ခြင်းတို့က တိပိဋကရေ ဆရာတော်ကြီး၏ လောကုတ္တရာအရာ၌ မသိတာ မတတ်တာ မရှိဟူသော သဘောကို ဆောင်သကဲ့သို့ ဖြစ်နေပါသည်။ တိပိဋကရေ ဆရာတော်ကြီး လောကီအတတ်ကျွမ်းကျင်ပုံကို အောက်ဖော်ပြပါ ရေးသားချက်များနှင့် ပြောဆိုချက်တို့က ခိုင်ခိုင်လုံလုံ သက်သေခံလျက် ရှိပါသည်။

အဋ္ဌာရသသိပ္ပ အပါအဝင်ဖြစ်သော 'ဓနုဗ္ဗေဒသိပ္ပလေးအတတ်'ကို အရွယ်နှင့်မမျှအောင် ကျွမ်းကျင်တတ်မြောက်... (သာသနာ့ အလင်းရောင် ဦးဖေမြင့်၏ မဟာထေရုပ္ပတ္တိကထာ၊ နှာ ၁၁)

၁၄ နှစ်သားမျှသာ ရှိသေးသည့် ရှင်ဝိစိတ္တသာရသည် (ပ) သုဝဏ္ဏသာမ ဇာတ်တော်ကြီးကို လိုရင်း အကျဉ်းချုပ်လျက် တရားချီး တစ်ပုဒ်ကို ယပ်ထောင်လေသွားဖြင့် ရေးသားပြီးလျှင်....(ရင်းစာအုပ်၊ နှာ ၃၄၃)

ဝက်ချက်ရွာ သမ္မာသတိ ဆရာတော်ကြီး၏ ဇာတာတော်ဘွဲ့ သဟာသ်ကောရာ ဒွယချီ ရှစ်ဆယ်ပေါ် တေးထပ်နှင့် ဇာတာလီဒွေးသတချီ တေးထပ်ရိုး (ရင်းစာအုပ်၊ နှာ ၃၅၁။ ရင်းတေးထပ် နှစ်ပုဒ်တို့က တိပိဋကရေ ဆရာတော်၏ ဗေဒင်တတ်ကျွမ်းနိုင်နင်းပုံကို ဖော်ပြနေပါ၏။)

သ မဏောဘဝမှစ၍ ရေးသားတော်မူခဲ့သော(ပ)အတုယူဖွယ်ဖြစ်သည့် လက်ရာမွန် ဂါထာဗန္ဓလင်္ကာသြဘာသထောမနာရတုအနုပညာ ကဗျာစာပေ စသည်များ... (ရင်းစာအုပ်၊ နှာ ၃၄၀မှစ၍ ပကိဏ္ဏက ကာဗျမဥ္စရီအခန်း)၌တွင် ကဗျာပညာရှင်ကြီးအား ထပ်မံပူဇော်ရပြန်ပါသည်၊ (တိ=နိ ပထမသုံးနှစ်ရေး၊ စောမုံညင်းဆောင်းပါး၊ နှာ ၂၃၅)

ရန်ကုန်မြို့၊ ဒေါက်တာသိန်းမောင်အိမ်ဟင် ဆွမ်းကျွေးရာ၌ ဆရာတော်နှင့် ဆရာဇော်ဂျီတို့ ဆုံမိကြသည်။ ဆရာတော်က''ဦးဇော်ဂျီကို သိပါတယ်။ ဦးဇော်ဂျီရဲ့ လွင်ပြီတဲ့ ကျွတ်ပြီ ကဗျာကို အလွန်နှစ်ခြိုက်ပါတယ်''ဟု ပြောလျက် လွပ်လပ်ရေးကဗျာကို

ဆရာတော်ကိုယ်တိုင် ရွတ်ပြဖူးကြောင်း ဤသို့ကြားခဲ့ရသည်။ (တိ=နိ ပထမသုံးနှစ်ခရီး ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)ဆောင်းပါး၊ နှာ၂၀၂)

၁၃၄၅ခု၊ တန်ဆောင်မုန်းလဆန်း ၈-ရက်နေ့ ရန်ကုန်မြို့နယ်၌ ကျင်းပသော ဆရာတော်မွေးနေ့အကြို ပူဇော်ပွဲ၌ ဒဂုန်ဦးစန်းငွေ၏ ဂျင်ဆယ်ပေါတေးထပ်ဖြင့် အဆိုတော် မာမာအေးက ဖတ်ကြားပူဇော်ပါသည်။

ဆရာတော် ဩဝါဒပေးသောအခါ ''မန်လည်ဆရာတော်အား အနုပညာရှင်များက ပူဇော်လိုသည်''ဟု လျှောက်ထားရာ ''အေး....ပူဇော်လိုက ပူဇော်ကြ''ဟု အမိန့်ရှိသဖြင့် ပူဇော်ရာတွင် လူရွှင်တော်များ ခွန်းထောက်ဆိုရာ၌ ခွန်းထောက်အချဝယ် အပေါက်မမိသဖြင့် ဆရာတော်ကြီး ကွမ်းညှပ်ဖြင့်ခေါက်၍ အသံပြုလျက် အချမှန်သေးကြောင်း ပြောကြားရာ လူရွှင်တော်များက အမျိုးမျိုးဆိုပြမှ မှန်သွားတယ်။ မန်လည်ဆရာတော်ကြီးက ဒြပ်သံပေါ်အောင်(ဝါ)အောက်မြစ်သံပေါ်အောင် အဆိုခိုင်းခြင်းဖြစ်တယ်။

ယခု မန်လည်ဆရာတော်ရှိက ဒီနေ့ပူဇော်တဲ့ အဆိုကျော်လေးကို ကွမ်းညှပ်ဖြင့် ခေါက်၍ အသံပြုပေလိမ့်မည်။

လွှမ်းပြုံ ပန်းစုံ ထုံတာထုံ့နဲ့
မကြုံ စကြုံ့ ကြိုင့်တကြိုင်

ဒီအလိုက်သည် ဒြပ်သံပါသည်၊(ဝါ)အောက်မြစ်သံပါသည်။ အာသံပါမှ ကောင်းသည်ဟု မိန့်ကြားသွားပါသည်။ (ဤဩဝါဒသည် ခင်ကြီး ဖျော်ဗုံတီးခိုင်းသည်နှင့်တူနေပါသည်။)

ဓမ္မနာဒ တိုက်ကြပ်ဘုန်းတော်ကြီး ဦးစန္ဒသိရိထံရောက်စဉ်က....

စာရေးသူ ။ ။ဘုန်းကြီးဘုရား တိပိဋကဓရ ဆရာတော်ကြီး အဆောက်အအုံနဲ့ ပတ်သက်လို့ နားလည်ရဲ့လားဘုရား....

ဦးစန္ဒသိရိ။ ။နားလည်တာပေါ့ ဦးဇင်း၊ ပင်လုံဓမ္မာရုံကြီးကို ဆရာတော်ကြီးကိုယ်တိုင် ပုံဆွဲပေးခါပေါ့၊ ၃×၂ ဘယ်လောက်ကုန်မယ်၊ ၄×၂ ဘယ်လောက်ကုန်မယ်၊ ဆိုတာကော သံအမျိုးအစားဘယ်လောက်ကုန်မယ်ဆိုတာကော အတိအကျ သိတာပဲ၊ဓမ္မနာဒရဲ့ အဆောက်အအုံတိုင်း ဆရာတော့်လက်ရာ မကင်းလှပါဘူးဟု အမိန့်ရှိပါသည်။ မင်းကွန်းမြောက်ရွာ လက်သမားဆရာကြီး ဦးတင်မြင့်နှင့်တွေ့စဉ်က...

စာရေးသူ ။ ။တိပိဋကဓရ ဆရာတော်ကြီး၊ အိမ်တို့ ကျောင်းတို့ ပုံချိုးတတ်တယ်လို့ ဘုန်းကြီး ဦးစန္ဒသိရိက ပြောဘယ်၊ ဟုတ်ရဲ့လား ဒကာကြီး။

ဦးတင်မြင့် ။ ။ဟုတ်ပါတယ်ဘုရား။ ကုန်မည့်ပုဉ် ကုန်မည့်သံ အတိအကျသိတယ်ဘုရား။ ချိုးတတ်ရုံဘယ်ကမလဲ၊ ပင်လုံဓမ္မာရုံ အပေါ်တပ်တဲ့ စိန်တောင်ကြာဖတ် ဇာတာခေါင်းတွေကို ဆရာတော် ဆွဲပေးတာပေါ့။ မင်းကွန်းရွာသစ်က

ပန်းချီဆရာ ဦးဘဖေတို့၊ ဦးဘလွန်းတို့ လုပ်တာ ဘုရား (ပြောယင်းဆိုယင်း သူ့အိတ်ထဲမှ မှတ်စုစာအုပ်ထုတ်၍ ဆရာတော်၊ အင်္ဂတေ စပ်နည်းပြပါသည်။ စပ်နည်းမှာ အုတ်နီမှုန့်၁၊ ဘိလပ်၁၊ ထုံး၂၊ သဲ၄၊ ကျောက်၈၊ ဖြစ်ပါသည်။) ဆက်၍ပြောသည်မှာ အုတ်မှုန့်ဆိုတာ ရှေးဘိလပ်မြေတဲ့ ဘုရား၊ ဒါကြောင့်ထည့်တာ၊ ဆရာတော် ညွှန်ပြတဲ့အတိုင်း ဓမ္မနာဒမှာ တပည့်တော် ဗီရို ၂၇ လုံးရိုက်ပေးခဲ့ပါတယ်ဘုရား မိုးမိတ် ဒေါ်ခမ္မစာရီရဲ့ ဝိဝေကကျောင်း ကသထားတဲ့ ယင်းလိပ်တွေ ဆရာတော်ထိုးတာပေါ့ဘုရား အိပ်ကင်း (ကြက်ခြေခတ်ခေါက်အိပ်ရတဲ့ ကားဘောင်) ကုလားထိုင်ခင်း၊ စကော၊ စကာ၊ တံမြက်စည်း အကုန်လုပ်ဘတ်တယ်ဘုရား၊ ဆရာတော်က ကြိမ်သပ်သိပ်ကောင်းတာ သပ်ပြီးသားကြိမ် ခွေလိုက်ယင် ညီနေတာပဲ။ ပိန်းခြင်းဖောင်းခြင်းမရှိဘူး၊ ဆရာတော်က သပ်ပြီးသားကြိမ် သိပ်နှံ့မြောတာ၊ သံငါးဆယ်သား မနှံ့မြောဘူး၊ သပ်ပြီးသား ကြိမ်တစ်ချောင်း နှံ့မြောတာ၊ ဆရာတော်က လူပုံကြည့်ယင် အင်္ကျီလုံချည် ဘယ်နှစ်ကိုက် ချုပ်ရမယ်ဆိုတာ သိတယ်ဘုရား။ ရွာထဲက သက်ကြီး ရွယ်အိုတွေကို မကြာခဏ အင်္ကျီလုံချည် စွန့်တယ်ဘုရား။ စက်သမားခေါ်ပြီး အချုပ်ခိုင်းတဲ့အခါ စက်သမားကို ဟောဒီအတိုင်းအတွက် ဘယ်လောက်ကုန်မလဲ မေးလို့ အနှုန်းပြောရမှာကို မပြောတဲ့ ပိုးပြောယင် ဒီစက်သမား ငိုဘ (ငါ့ဖို့) သမား ဆိုပြီး မခိုင်းဘူး၊ တခြားစက်သမားကိုခိုင်းတာပဲဘုရား။

ဆရာတော် မှတ်ဉာဏ်ကောင်းပုံ ဩအံ့စရာတစ်ခု လျှောက်ရဦးမယ် ဘုရား။

ဆရာတော်က သဒ္ဒါကြီးကို ပညာရှေအိုးမူ ဘယ်မျက်နှာ ဘယ်နံပါတ်မှာ ဘယ်သုတ်၊ ဇမ္ဗူ့မိတ်ဆွေမူ ဘယ်မျက်နှာ ဘယ်နံပါတ်မှာဘယ်သုတ်၊ သုခမ္မတေီမူ ဘယ်မျက်နှာ ဘယ်နံပါတ် ဘယ်သုတ်မှာရှိတယ် ဆိုတာ အတိအကျ သိတာ ဘုရား။ အလွန်အံ့ဩစရာပါပဲဟု ပြောပါသည်။

(မင်းကွန်းမြောက်ရွာ လက်သမားဆရာကြီး ဦးစံထိုက်နှင့်တွေ့စဉ်က—)

စာရေးသူ။ ။ဒကာကြီးက ဆရာတော့်တပည့်ကြီးဆိုတော့ သိမှာပေါ့။ ဆရာတော် လက်မှုပညာဘတ်ပုံလေးတွေ သိသလောက် ပြောစမ်းပါဦး။

ဦးစံထိုက်။ ။မိုးမိတ်ဦးဘိုးမို့ ဒေါ်ရွှေညွန့်တို့ကျောင်း မူလက ခေါင်နည်းနည်းပြန့်တယ် ဘုရား။ ပျဉ်ကြွပ်မိုးမှာ ပိုမိုခိုင်အောင် တမင်ခေါင်ကို အစောက်ပြင်အချိုး ခိုင်းတာ ဘုရား။ မင်းကွန်းဆေးရုံ အင်ဂျင်နီယာရဲ့မူသပုံစံကခေါင်စောက် ပါ၊ ဆရာတော် ခေါင်ပြန့်ပြင်ချိုးပေးတာ ဘုရား (ဤခေါင်မိုး နှစ်ခုက ဆရာတော်၏ ဗိသုကာအမြင်ကို အပြစ်ဘင်ရနိုင်အောင် ညွှန်ပြသည့် သဘော) သင်ဖြူးဖျာ၊ ဖျာကြိမ်း ရက်တတ်တယ်ဘုရား၊ တံမြက်စည်းထိုး တတ်ဘယ်၊ ခမောက်လုပ်ဘတ်တယ်၊ ဆရာတော်ကအလုပ်တွေလုပ်နေပေမယ့်

စာကြည့်ပျက်မယ် မထင်နဲ့ မပျက်ဘူး ဘုရား၊ချိုင်းကြားညှပ် တံမြက်စည်း ထိုးလို့၊စာလဲကြည့်လို့။ ကြမ်းကို လက်ကသပ်လို့၊ မျက်လုံးက စာကြည့်လို့၊ အဲလိုထူးတာဘုရား။

ဆရာတော်က ကြမ်းကို အစိမ်းလိုက် မထိုးဘူး ဘုရား၊ မန်ကျည်းရွက် ဒါမှမဟုတ် သဘော်ရွက် ရရာနဲ့ ပွတ်ပြီးမှ ထိုးတာ၊ ကြမ်းသေတ္တာလဲ လုပ် တတ်တယ် ဘုရား၊ (ရင်းသေတ္တာ ဦးစံထိုက်ထံ ယခုတိုင်ရှိပါသေးသည်။) ကိုရင်တွေဖို့ သင်္ကန်း ကိုယ်တိုင် လက်ချုပ်ချုပ်ပေးတယ်။ကိုရင်တွေရဲ့ဖိနပ် သည်းကြိုး ခွေးစားယင် ကိုယ်တိုင်ချုပ်ပေးတယ် ဘုရား။အဆောက်အအုံ အတွက် လေးလက်မသံ ဘယ်လောက်၊ သုံးလက်မသံ ဘယ်လောက် အတိ အကျ တွက်ပေးတာ ဘုရား။ ဆရာတော် အကောက်အတွက်မပါသေးဘူး ဘုရားလို့ လျှောက်ယင် သံကောက်အောင်ရိုက်ရသလားဗျ ဆိုပြီး အပိုထုတ် ပေးတာပဲဘုရား။ ကြမ်းကွပ်တာဆိုယင် ဖောင်တော်ထိုး၊ ရက်ကန်းထိုးနဲ့ ကွပ်နည်းအမျိုးမျိုး တတ်တာပဲ။ တခြားသူတွေ ကြမ်းကွပ်ယင်ဘယ်ပြန်ဆို ဘယ်ပြန်ချည်းပဲ၊ ညာပြန်ဆိုညာပြန်ချည်းပဲ။ ဆရာတော်က အဲလိုမကွပ် ဘူး၊ ကြမ်းမလျှော့အောင်၊ ကြာကြာခိုင်အောင်ဆိုပြီး ဘယ်ပြန် ညာပြန် ကွပ်တာဘုရား။ ဆရာတော်ငယ်ငယ်က စာကျက်ပုံပြောရဦးမယ်။ မအိပ် ချင်အောင် အုန်းသီးထက်ခြမ်းခြမ်း ခေါင်းအုံးပြီးစာကျက်တာ၊အုန်းသီး ခြမ်းကို အုံ့ထားတော့ ငိုက်လို့မဖြစ်ဘူး၊ ငိုက်လဲ ခေါင်းနဲ့ အောက်ခံနဲ့ ရိုက် မိမှာကိုး ဘုရားဟုပြောဆိုပါသည်။

ဤသို့ ကြားရတိုင်း ကြားရတိုင်း....

ဤသို့ ဖတ်ရတိုင်း ဖတ်ရတိုင်း....

အတွေးပေါင်းများစွာ အတွေးပေါင်းများစွာ ဝင်မိပါတော့သည်။
တိပိဋကဓရ ဆရာတော်ဟာ မကာရဒလာပ ဖြစ်များနေရော့သလား....ဟု။

အရှင်ဃောသိတ (ရေနံချောင်း)
တိပိဋကနိကာယ၊ မိုးမိတ်

# တသက်တာမှတ်စရာ

စာရေးသူသည် မိုးမိတ်ကုန်းမြေ တိပိဋကဘ နိကာယကျောင်းတော်သို့ ၂-၅-၈၅ နေ့တွင်ရောက်ရှိပါသည်။ စာရေးသူရောက်ရှိပြီး ၁၇-၅-၈၅ရက်နေ့တွင် တိနိကျောင်းတိုက် အဘိဓမ္မာကျောင်းဆောင်အပေါ်တွင် တိ-နိကျောင်းတိုက် အနုနာယကအဖွဲ့အစည်းအဝေး၌ ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးက လမ်းညွှန်ဩဝါဒကထာ မြွက်ကြားတော်မူသည်မှာ-

ဗဟုံဒန္တံ၊ အပ္ပံဂဏှန္တိ ဟူ၍ ဖြစ်ပါသည်။ မြန်မာလို 'များများပေးသော်လည်း နည်းနည်းသာယူပါ'ဟု ဆိုလိုပါသည်။

(၁) အလှူဝတ္ထုများသော်လည်း အလှူဒါယကာက နည်းနည်းသာလှူလိုလျှင် နည်းနည်းသာအလှူခံပါ။

(၂) အလှူ ဝတ္ထုများ၍ အလှူဒါယကာက များများလှူလိုလျှင် တောင်းမှု အတိုင်းအတာကို သိ၍ အလှူခံပါ။

(၃) အလှူဝတ္ထုကလည်းနည်း အလှူဒါယကာကလည်း နည်းနည်း လှူလိုလျှင် နည်းနည်းသာ အလှူခံပါ။

(၄) အလှူကနည်း၍ အလှူဒါယကာကများများလှူလိုသော်လည်း အတိုင်းအတာကိုသိ၍ အလှူခံပါဟု သဘောသက်ဝင်ပါသည်။

အလှူခံမှု၌ အတိုင်းအတာမသိသော ရဟန်းသည် လှူဒါန်းသူ လူဒါယကာတို့၏ အကြည်ညိုကို ပျက်စေတတ်၏။ လှူအပ်သော ဝတ္ထုကို ပျက်စီးစေတတ်၏။ သာသနာပြုရာ၌ရောက်၊ အမိပင်ဖြစ်စေကာမူ (အတိုင်းအတာမသိ များများ အလှူခံမိလျှင်) စိတ်မချမ်းမသာ ဖြစ်စေတတ်၏ဟု ဖွင့်ဟပြထားသည်။

ဤနေရာ၌ (အပ္ပံဂဏှန္တိ) နည်းနည်းယူ ဟူသောစကား၏ ဆန့်ကျင်ဘက် များများယူသော စကားများအရ များများယူမိသဖြင့် (တနည်း) အတိုင်းအတာမသိ များများလိုချင်မှု များများတောင်းမိသဖြင့် လူတို့စိတနာ သဒ္ဓါတရား ပျက်သွားရသော အဖြစ်အပျက်များကိုလည်း ပါဠိတော် ကုဋိကာရသိက္ခာပုဒ်အဖွင့်၊ နိဿဂ္ဂိပါစိတ်၊ အညာ

တကဝိညတ္တိ သိက္ခာပုဒ်အဖွင့်၊ ပါစိတ္တိယ ပါဠိတော်၊ လသုဏ သိက္ခာပုဒ်အဖွင့် စသည်၌ များစွာတွေ့ရပါသည်။

လောက၌လည်း အခွင့်အရေးကို ရတိုင်းမယူကြနဲ့ဟု လူကြီးသူမတို့က ဆုံးမစကားဆိုကြခြင်းသည် ဤသဘောနှင့် ဆင်တူပင်ဖြစ်ပါသည်။

ဤသို့လျှင် လောက ဓမ္မ နှစ်ဌာနတို့၌ အမြော်အမြင် ကြီးမားစွာဖြင့် ဆရာတော်ဘုရား ပေးသနားတော်မူအပ်သော 'များများပေးသော်လည်း နည်းနည်းသာ ယူပါ' ဟူသော ဩဝါဒ ကတာမှာ မိမိတို့အဖို့ တစ်သက်တာ မှတ်သားစရာ သာရတ္ထိယ ကထာပင် ဖြစ်ပါတော့သည်။

ထိုသို့ ဩဝါဒပေးတော်မူရာ၌ပင် ဆက်လက်၍ ဆရာတော်ဘုရားက....

''ဦးပဉ္စင်းတို့ မိမိ၏ ရဟန်း ဒါယကာကြီးများမှာ (ဆ. ဦးသိုင်းနှင့် ဇနီးဒေါ်ဒေါ်သိန်းကို ဆိုလိုပါသည်) ရဟန်းပေါင်းများစွာ ကိုလျက် ပစ္စည်းလေးပါး ထောက်ပံ့ပါသော်လည်း မိမိသို့ တိပိဋကဓရ အောင်မြင်သည့်အတွက် ပို၍ညွှတ်ပါကြောင်း၊ သို့သော်လည်း မိမိက 'ဒါယကာကြီး၊ ဦးပဉ္စင်း ဘာလိုသေးသည်'ဖြင့် တစ်ခါမျှ အလှူမခံဖူးပါ ဟု မိန့်ကြားပါသေးသည်။

ဒုတိယအကြိမ် ၁၃၄၇ ခု၊ ဝါဆိုလပြည့်ကျော် (၁)ရက် (၂-၈-၈၅)နေ့တိ-နိ ကျောင်းတိုက် သံဃာများ ဝါဆိုအပြီးတွင် ပေးတော်မူသည့် ဩဝါဒမှာ ဗုဒ္ဓဘာသာဝင်အားလုံးလောက်နီးပါး သိပြီးဖြစ်သည့် ဗုဒ္ဓဘာသာ၏ အနှစ်ချုပ်တရားလည်းဖြစ်သော

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿူပသမ္ပဒါ။

သစိတ္တ ပရိယောဒပနံ၊ ဧတံဗုဒ္ဓါန သာသနံ။

ဟူသော ဘုရားရှင်၏ စကားတော်ပင် ဖြစ်ပါသည်။

မြန်မာလိုပြန်ရလျှင်မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား ဟူ၍ဖြစ်သည်။

ခွဲ၍ ဆိုရသော်-

(၁) မကောင်းမှုဟူသမျှ (အသေးအဖွဲ့ကစ၍) မပြုလုပ်ခြင်း၊

(၂) ကောင်းမှုဟူသမျှ(အသေးအဖွဲ့ကစ၍) ပြုလုပ်ခြင်း၊

(၃) မိမိစိတ်ကို ဖြူစင်အောင် ထားခြင်းပင် ဖြစ်ပါသည်။

ထိုဩဝါဒကို ပေးတော်မူရာ၌ ဆရာတော်ဘုရားက-

ဦးပဉ္စင်းတို့ ဤဂါထာလေးကို နံနက်အိပ်ရာထတိုင်းရွတ်ဆို၍၊ ရွတ်ဆိုသည့်အတိုင်းလည်း လိုက်နာကျင့်ကြံကြပါဟု လေးလေးနက်နက် တိုက်တွန်းတော်မူပါသည်။

တတိယအကြိမ် ပေးတော်မူသည့် ဩဝါဒမှာ ၁၇-၉-၈၅ရက်နေ့ မှတ်တမ်းတင် ဗွီဒီယိုရိုက်ကူးသည့် အခမ်းအနား၌ ဆရာတော်ဘုရားက-

သုခေါ ဗုဒ္ဓါန မုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မ ဒေသနာ။

သုခါ သံဃဿ သာမဂ္ဂီ၊ သာမဂ္ဂါနံ တပေါ သုခေါ။

ဟူသော ဂါထာလေးကို ပေးတော်မူသည်။

မြန်မာပြန်မှာ—

(၁) ဤလောကကြီးအတွင်း၌ ဘုရားရှင်တို့ ပွင့်တော်မူလာခြင်းသည် သတ္တဝါတွေ ချမ်းသာဖို့ဖြစ်၏။

(၂) ဘုရားရှင်တို့ ပွင့်လာ၍ သူတော်ကောင်းတရား ဟောကြားတော်မူကြခြင်းသည်လည်း သတ္တဝါတွေ ချမ်းသာစေဖို့ပင်ဖြစ်၏။

(၃) ရှင်အပေါင်း လူအပေါင်း၊ ရှင်လူအပေါင်း၏ ညီညွတ်ကြခြင်းသည်လည်း ချမ်းသာခြင်းတစ်မျိုးပင်ဖြစ်၏။

(၄) ညီညီညွတ်ညွတ်နေကုန်သော သူတို့၏အကျင့်သည်လည်း လောကမှာ ချမ်းသာရန်ပင် ဖြစ်၏ဟူ၍ဖြစ်ပါသည်။

ထိုသို့ ဩဝါဒပေးရာ၌ ဆရာတော်ဘုရားက တပည့်တော်တို့၏ ဘုရားရှင်သည် မိမိတာဝန်ဖြစ်သည့် လောကအတွင်း ပွင့်ထွန်းလာ၍ သူတော်ကောင်းတရား ဟောကြားခြင်းဟူသော တာဝန်တို့ကို ကျေပွန်စွာ ထမ်းဆောင်သွားပါသည်။

"တပည့်တော်တို့ ဦးပဉ္ဇင်းတို့နှင့် ဘုရားရှင်၏ တပည့်သာဝကမှန်သမျှ၏ တာဝန်ဖြစ်သော ညီညီညွတ်ညွတ်နေကြရန်နှင့် ညီညွတ်ကြောင်း အကျင့်ကို ကျင့်ကြဖို့ဟူသော တာဝန်တို့ကိုကား ကျေပွန်အောင် ထမ်းဆောင်ကြဖို့ အရေးကြီးပါသည်"ဟု တိုက်တွန်းပြောကြားတော်မူပါသည်။

ထိုဩဝါဒပေးချိန်၌ ဘုရားပွဲတော်နှင့်စပ်၍ 'ဦးပဉ္ဇင်းတို့ မကြားမိ မိုးမိတ်စေတီတော်များ ထီးတော်တင်ပွဲနဲ့ ဒီနှစ်က တိပိဋက(၂၅)နှစ်မြောက် ငွေရတုပူဇော်ပွဲလည်းဖြစ်တော့ ဓါတိုင်းနှစ်ထက် စည်စည်ကားကားကျင်းပရန်ရှိသည်။ ပျော်ပွဲရှင်ပွဲများနှင့်လည်း အထိုက်အလျောက် ပူဇော်ကြလိမ့်မည်။

"အဲဒီပျော်ပွဲရှင်ပွဲများဟာ (ကပ္ပိယဘူမိ)မှာ ဖြစ်တဲ့အတွက် ကြည့်လိုကလည်း ကြည့်နိုင်ပါသည်။ မကြည့်ဘဲလည်းနေ၍ မိမိတို့၏စာ (သို့မဟုတ်)မိမိနှစ်သက်ရာကမ္မဋ္ဌာန်းအာရုံတစ်ခုခုလည်း ယူ၍ နေနိုင်ပါသည်။

"ပြီးတော့ ဒီနှစ်က စည်စည်ကားကား ပြုလုပ်ကြမှာဆိုတော့ ဓါတိုင်းနှစ်ထက်လူလည်း နည်းနည်းတော့ ပိုများမည်။ မိမိတို့ပွဲကို မိမိတို့ပင် အုပ်ရန်ဖြစ်သည်။ ပွဲအုပ်ချုပ်ဆိုသည်မှာလည်း တုတ်စသည်နှင့် အုပ်ရန်မဟုတ်ဘဲ ပွဲတော်ကြီး စည်စည်ကားကား၊ အေးအေးချမ်းချမ်း ပြီးသွားစေရန် မေတ္တာပို့သနေကြပါ"ဟု တိုက်တွန်းတော်မူပါသည်။

ဤသည်တို့ကား စာရေးသူ မိုးမိတ်ကုန်းမြေ တိ--နိကျောင်းတိုက်သို့ ရောက်သည့် (၂၅-၄-၇၅)ရက်နေ့မှ(၃၀-၁၁-၇၅)ရက်နေ့အတွင်း ကျေးဇူးရှင်မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ပေးသနားတော်မူအပ်သော တစ်သတ်ဘာ မှတ် သား ဖွယ် ရာ သာရဏီယကထာလည်းဖြစ်သော သုံးကြိမ်သော ဩဝါဒကထာများပင်ဖြစ်ပါသည်။ အကြိမ်အားဖြင့် နည်းသော်လည်း လိုက်နာသူမှန်သမျှ အကျိုးများလှသဖြင့် အခြားသူ များလည်း လိုက်နာကျင့်ကြံနိုင်ကြစေရန် ရေးသားအပ်ပါသည်။ ။

မောင်အောင်မေတ္တာ(ကျောက်တန်း)
တိပိဋကနိကာယ၊ မိုးမိတ်

# အားလုံးပဓာနပါ

လူအများသည် အိပ်ရာမှလန့်နိုးလာကြရသည့်ပမာ ခံစားလိုက်ကြရ၏။ အချို့က အံ့သြကြ၏။ ဝမ်းသာသူများကလည်း ဝမ်းသာကြ၏။ တစ်ချို့က မဝံ့မရဲ အကဲခတ်ကြ၏။ တစ်ချို့ကလည်း မယုံတစ်ဝက် ယုံဘစ်ဝက်ဖြင့် ဆက်လက်နားစွင့်ကြ၏။ မျှော်လင့်ချက်ကြီးစွာဖြင့် အားကိုးနေကြသူတို့လည်း ရှိ၏။

ဤကား လွန်ခဲ့သော ခြောက်နှစ်ကျော်ကာလက 'မင်းကွန်း တိပိဋကဓရဆရာတော်ဘုရားကြီး ဦးစီးပြီး တိပိဋကနိကာယ သာသနာပြုအဖွဲ့ ဖွဲ့စည်းကာ မိုးမိတ်ကုန်းမြေ၌ တိပိဋကဓရ စာသင်သား သံဃာတော်များ သီးသန့်သုံး စာကျက်နိုင်ရန် ကျောင်းတိုက်တည်ဆောက်နေသည်' ဟူသော သတင်းနှင့်အတူ ရဟန်းသံဃာ ဒါယကာ ဒါယိကာမတို့အတွင်း၌ အမျိုးမျိုးသော ရောင်ပြန်ဟပ်မှုများ ဖြစ်ပေါ်ခြင်းပင်ဖြစ်သည်။

တစ်ဆက်တည်းမှာပင် တစ်ချို့က ချက်ချင်းခိုဝင်လာကြ၏။ တစ်ချို့က နားစွင့်အကဲခတ်ချိန်ကလေး လျှာထားကြ၏။ ဘာသိဘာသာ နေလိုက်သူတို့ကလည်း နေလိုက်ကြ၏။ ခြုံ၍ပြောရလျှင် ရဟန်းသံဃာဘက်ကရော လူဒကာ ဒကာမများဘက်ကပါ စိတ်ဝင်စားသူများရှိခဲ့သလို စိတ်မဝင်စားနိုင်အား သူများလည်း ရှိခဲ့သည်မှာ အမှန်ပင်ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ၊ စိတ်ဝင်စားကြသော ထက်သန်သော စိတ်ထားရှိကြသော သံဃာတော်များနှင့် လူဒါယကာ ဒါယိကာမများကို ပေါင်းစပ်လိုက်သောအခါ မင်းကွန်းမိုးမိတ်ကုန်းမြေ၌ တိပိဋကနိကာယကျောင်းတိုက်ဟူသော သာသနာ့ဥယျာဉ်တော်ကြီးသည် မားမားစွင့်စွင့် မြင့်မြင့်ထည်ထည်၊ တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရဖြင့် ပေါ်ထွက်စည်ပင်လာခဲ့သည်မှာ ယခုအခါ ဒုတိယသုံးနှစ်ခရီးကို ကျော်ဖြတ်လာခဲ့ပြီးပင် ဖြစ်ပါသည်။

ဤကဲ့သို့ စည်ပင်ခိုင်ဖြိုးသော သာသနာ့ဥယျာဉ်တော်ကြီးတစ်ခု ဖြစ်လာရန်မှာ တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် တည်ဆောက်စိုက်ပျိုး၍ ရနိုင်သည်မဟုတ်ပေ။ အင်အားစုများစွာကို သူ့နေရာနှင့်သူ ပေါင်းစပ်ထားခြင်းဖြင့်သာ ရနိုင်ပေသည်။ ဤတိပိဋကနိကာယ ဥယျာဉ်ကြီး ဖြစ်ပေါ်စည်ပင်ရေးအတွက် ပေါင်းစပ်ပါဝင်သော ပဓာန အင်အားစုများကို ဆန်းစစ်လျှင်....

(၁) အလွန်တရာ ဩဇာကောင်းမွန်ထက်သန်သော မြေ ကောင်း မြေ သန့် နှင့် တူတော်မူသည့် တိပိဋကဓရဆရာတော်ဘုရားကြီး။
(၂) မြေကောင်းနှင့်ရေလောင်းကြုံလျှင် အစွမ်းကုန် ရှင်သန်ကြီးပွား ပူးပွင့်နိုင်ကြမည့် တိပိဋကဓရလောင်းလျာ မျိုးမှန် ပျိုးပင်ပျိုးများ။
(၃) အခြေအနေမှန်ကို ဝေဖန်ကာ ရေလောင်းပေါင်းသင် မြေတောင်မြှောက်ပေးတတ်သော တိ-နိ သာသနာပြုအဖွဲ့ဟူသော ဥယျာဉ်မှူး။

ဤအင်အားစုကြီး သုံးရပ်ကို တွေ့မြင်ရမည်ဖြစ်ပေသည်။

အဆိုပါ အင်အားစုကြီး သုံးရပ်တို့တွင် အမှတ်(၁) အင်အားစုကြီး ဖြစ်သည့် တိပိဋကဓရ ဆရာတော်ဘုရားကြီးတည်းဟူသော ဥယျာဉ်ယာမြေကြီးမှာ ပင်ကိုယ်ကပင် အလွန်တရာ မြေဩဇာပြည့်ဝသော၊ ပေါက်ရောက်သော အပင်ဟူသမျှကို ကြီးပွားစေနိုင်သော တစ်နေ့ထက်တစ်နေ့ တစ်ရက်ထက်တစ်ရက် မြေဩဇာများ လျော့ပါးမသွားပဲ တိုးပွားလျက်သာ နေကြသောမြေ၊ အဘက်ဘက်မှပြည့်စုံပြီးသား အကောင်းစားမြေ ဖြစ်သဖြင့် မြေအတွက်ကား အထူးစစ်ဆေး ရွေးချယ် ပြုပြင်ဖန်တီးစရာမလိုတော့ပြီ။

အမှတ်(၂)အင်အားစုကြီးဖြစ်သော မျိုးမှန် ပျိုးပင်ပျိုးများနှင့် တူသည့် တိ-နိ သံဃာတော်များနှင့် အမှတ်(၃)အင်အားစုကြီးဖြစ်သော ဥယျာဉ်မှူးနှင့် တူသည့် တိ-နိ သာသနာပြုအဖွဲ့တို့ကိုသာ အကြောင်းအားလျော်စွာ စစ်ဆေးရွေးချယ်ပြုပြင်စရာ လိုအပ်ကောင်း လိုအပ်လိမ့်မည်ဟု ယူဆမိပါသည်။

ဥယျာဉ်ကြီးတစ်ခုတွင် ခိုင်ဖြိုးကြီးပွားသော အပင်ကောင်းများဖြစ်နိုင်ရန် အတွက် မျိုးမှန်ကောင်းမွန်သော ပျိုးပင်ပေါက်ရနိုင်ဖို့ အရာသည် အမှန်ပင် အရေးကြီးပေသည်။ ထို့အတူပင်တိပိဋကနိကာယ ဥယျာဉ်ကြီးအတွင်းစိုက်ပျိုးပြုစုမည့်တိပိဋကဓရလောင်းလျာ သံဃာတော်များကိုလည်း အရည်အချင်းကောင်းမွန်စွာ ရနိုင်ဖို့ရန် အမှန်တကယ် အရေးကြီးသောကြောင့် ကျောင်းတိုက်ဝင်ခွင့်ကို ပညာအရည်အချင်းဖြင့် ကန့်သတ် ဆုံးဖြတ်ထားသည်မှာ သဘာဝကျပြီး အလွန်မှန်ကန်သော လုပ်ရပ် ဆောင်ရွက်ချက်ပင် ဖြစ်ပေသည်။ ဤသို့ ဆိုသဖြင့် တိ-နိ သံဃာတော်များ အားလုံးပင် တိပိဋကဖြစ်နိုင်ရေးအတွက် အရည်အချင်း ပြည့်ဝသော ရဟန်းတော်များချည်း ဖြစ်သည်ဟု မဆိုလိုပါ။ ပျိုးခင်းထဲမှာ သန်ရိပ်သန်ခြေရှိသော၊ တော်သင့်သည်ထင်ရသော ပျိုးပင်ငယ်များကို ဥယျာဉ်ကြီးထဲ၌ လက်ခံစိုက်ပျိုးသလို ဖြစ်နိုင်ခြေရှိသော နီးစပ်သော ပုဂ္ဂိုလ်များဖြစ်သည်ဟုကား ဆိုလျှင် ရနိုင်ပေသည်။

တိပိဋကဓရလောင်းလျာ ရွေးချယ်ခြင်းသည် တိပိဋကဓရ ရွေးချယ်ခြင်းထက် ပိုမို ခက်ခဲသည်ဟု ဆိုချင်ပါသည်။ တိပိဋကဓရ ပုဂ္ဂိုလ်ကို ရွေးချယ်ရသည်မှာကျက်မိပြီးသား၊ ဆောင်မိပြီးသား ပုဂ္ဂိုလ်ကို ရွေးသည် ဖြစ်သောကြောင့် အမှားအယွင်းမရှိနိုင်၊ အခက်အခဲ

မရှိနိုင်သော်လည်း တိပိဋကဓရ လောင်းလျာကို ရွေးချယ်ရန်မှာကား ဤမည်သောသူသည် တိပိဋကဓရ ဖြစ်နိုင်စွမ်းရှိမည်ဟု ခန့်မှန်းရန်ပင် မလွယ်ကူပါ။ ရွေးချယ်ရန်မှာကား အလွန့်အလွန်ပင် မလွယ်ကူသောကိစ္စဖြစ်ပါသည်။

ဥပမာအားဖြင့် ထီပေါက်သူကို ရွေးချယ်ရလွယ်သလောက် ထီပေါက်မည့်သူကို ရွေးချယ်ရဖို့ မလွယ်ကူသလိုပင် ဖြစ်ပါသည်။ ထို့ကြောင့် တိ-နိသာသနာပြု အဖွဲ့သည် 'ကျောက်မျက် ရတနာတူးသူများမှာ ကျောက်ခဲစရစ်များကိုပါ ဆယ်ယူသယ်မပြီး ဆေးကြောကာ ကျောက်ကောင်းကို ရွေးချယ်ကြရသကဲ့သို့' အများစုထဲမှ ရွေးထုတ်သောစနစ်ကို ကျင့်သုံးကာ 'အရေအတွက်များလျှင် အရည်အချင်း ပြည့်ဝသော ပုဂ္ဂိုလ်များ ပါဝင်လိမ့်မည်။ ထိုအရည်အချင်း ပြည့်ဝသော ပုဂ္ဂိုလ်များဖြင့် ရည်ရွယ်ချက်ကြီး ထမြောက်အောင်မြင်လိမ့်မည်သာ ဖြစ်သည်' ဟူသော ယုံကြည်ချက်နှင့်အညီ တစ်ရာကျော်သော တိပိဋကဓရလောင်းလျာ သံဃာတော်များကို ထောက်ပံ့ လှူဒါန်း ပျိုးထောင်ရေသောင်းထားခြင်းသည်လည်း အမြော်အမြင် ကြီးမားသော ဥယျာဉ်မှူးဖြစ်ကြောင်း သက်သေပြနေခြင်း ဖြစ်ပါသည်။

တိ-နိသံဃာတော်များအနေဖြင့် မြေကောင်းမှာလည်း ကြုံနေပါသည်။ ရေလောင်းသူလည်း စုံနေပါသည်။ မြေကောင်းနှင့် ရေလောင်းစုံခိုက် ဖွံ့ဖြိုးကြီးထွားအောင်မြင်နိုင်အောင် အစွမ်းကုန်ကြိုးစား အားထုတ်ရန် တာဝန်သည် တိ-နိသံဃာတော်များ၏ တာဝန်ပင် ဖြစ်ပေသည်။ ဒကာ ဒကာမများက မိမိတို့အား စွမ်းနိုင်မည်ဟု ယုံကြည်ချက်ထားကာ ပြုစုလှူဒါန်းကြသည်ကို တကယ်ပင် စွမ်းနိုင်ကြောင်း သက်သေပြနိုင်ရန်မှာ -တိနိသံဃာတော်များ၏ တာဝန်ပင် ဖြစ်ပါသည်။

ဥယျာဉ်မှူးဟူသည် ဥယျာဉ်ကို ပြုပြင်တတ်ရန် အလွန်အရေးကြီး၏။ ဥယျာဉ်မှူး မလိမ္မာလျှင် ဖြစ်ထွန်းကြီးပွားသင့်သလောက် မဖြစ်ထွန်းမကြီးပွား နိုင်ပါ။ ဥယျာဉ်မှူး မိုက်မဲလျှင်ကား ဥယျာဉ်ကြီး တစ်ခုလုံး ပျက်စီးသွားနိုင်ပေသည်။ တစ်ချို့ဥယျာဉ်မှူး များသည် မိမိစိတ်ထဲ ဖြစ်ထွန်းမည် ထင်နေသော အပင်များကိုသာ ဦးစားပေးရေလောင်း ပေါင်းသင် မြေတောင်မြှောက်မှုများ ပြုလုပ်တတ်ကြပေသည်။ ဤဥယျာဉ်မှူးသည် အထင်ကို ဦးစားပေးပြုပြင်သူ ဖြစ်သဖြင့် တခြားဖြစ်နိုင်ခြေရှိသောအပင်များ ဖြစ်ထွန်းသင့်သလောက် မဖြစ်ထွန်းနိုင်သလို တိ-နိသာသနာပြု ဥယျာဉ်မှူးသည်လည်း အထင်ကို ဦးစားပေး၍ ပြုစုထောက်ပံ့ ဆောင်ရွက်မှုများကို ရှောင်ကြဉ်ရန် လိုပေသည်။

တဖန် တစ်ချို့ဥယျာဉ်မှူးများသည် မိမိနှင့် နီးစပ်ရာအပင်များကိုသာ ပြုစုမှုများပြီး ဝေးသောအပင်များကို ပြုစုမှုလစ်ဟင်း တတ်ကြပေသည်။ ဤဥယျာဉ်မှူးမျိုး၏ လက်အောက်၌ သူနှင့် အလှမ်းကွာသောအပင်များမှာ ဖြစ်ထွန်းသင့်သလောက် မဖြစ်ထွန်း နိုင်ပေ။ တိ-နိသာသနာပြု ဥယျာဉ်မှူးသည်လည်း မိမိတို့နှင့် ကျွမ်းဝင် ရင်းနှီးသော ပုဂ္ဂိုလ်တစ်ချို့ကိုသာ ကွက်ကြည့်ပြီး ထောက်ပံ့လို့လစိုက် ဆောင်ရွက်မှုမျိုး မဖြစ်သင့်ပေ။

ဤသို့ဆိုသဖြင့် တိ-နို သံဃာဆိုလျှင် အားလုံးကိုပင် အတန်းအစားမရွေး ဆန် ကောင်း ဆန်ကွဲတစ်ဈေးတည်းထားရမှာလားဟု မေးရန်ရှိ၏။ ဤသို့ကားပဆိုလိုပေ။ ထူး ချွန်သော ဖြစ်နိုင်ခြေကို သက်သေပြ အကောင်အထည်ဖော်နိုင်သော ပုဂ္ဂိုလ်များကို ထိုက်တန်သော ဂုဏ်ပြုပူဇော်ပွဲမျိုးကဲ့သို့သော မျိုးမြှောက် ထောက်ပံ့မှုမျိုးကို ပြုလုပ်ပေးရ မည်မှာကား အမှန်တကယ်ပင် လိုအပ်လှပါသည်။

ဆိုလိုသည်မှာ ပြုစုဆောင်ရွက်သောအခါ အညီအမျှပြုစုဆောင်ရွက်ပါ၊ အောင် မြင်မှုအလျောက် ချီးမြှောက်ပူဇော်ပါဟူ၍ပင်ဖြစ်ပါသည်။ ထိုသို့ပူဇော်ပါဆိုရာ၌ အပင် ကြီးကို မြေသြဇာကျွေးရန် အပင်ငယ်ခြေရင်းမှ မြေဘူးယူခြင်းကဲ့သို့သော လုပ်ရပ်မျိုး ကိုကား အမှန်ပင်ရှောင်ရှားရမည်ဖြစ်ပေသည်။

တစ်ပင်သည်သာ မိမိတို့အတွက်မဟုတ်၊ ဥယျာဉ်ကြီးတခုလုံးသည် မိမိတို့အတွက် ဖြစ်သည်ဟူ၍ သဘောပေါက်ကာ သာသနာပြုကြရမည်ဖြစ်ပေသည်။ ဤကား တိ-နို သာသနာ့ဥယျာဉ်တော်ကြီး ကြီးပွားစည်ပင်ရေးအတွက် ကိုယ်စီကိုယ်စီတာဝန်ပိုင်းဆိုင်ရာ များဖြစ်၍ တည်တံ့ခိုင်မြဲရေးအတွက်ကား ကိုယ့်ဘက် တာဝန်ကျေပွန်ရုံ ဆောင်ရွက်ခြင်း ဖြင့် လုံလောက်ပြည့်စုံခြင်း ဖြစ်နိုင်လိမ့်မည်မဟုတ်ပေ။ အင်အားစုတင်ခုနှင့် တစ်ခု အတွဲ ညီညီဖြင့် ပူးပေါင်းနိုင်ရန်လည်း အမှန်ပင်လိုအပ်သည်သာဖြစ်သည်။

သံဃာတော်များအနေဖြင့်ဤမျှတွေ့ပြားမြားမြောင်လှသောကိစ္စအဝဝဝေယျာဝစ္စ အဖုံဖုံကို ပြုလုပ်ဆောင်ရွက်ပေးမည့် ဒကာ ဒကာမများသာ မရှိခဲ့၊ မလုပ်ခဲ့လျှင် ဤကဲ့သို့ အေးငြိမ်းချမ်းသာစွာ ပရိယတ်တရားကို ကြိုးစားနိုင်ကြလိမ့်မည်မဟုတ်ပါချေ။ ထွေပြား များမြောင်လှသော ဝေယျာဝစ္စအဖုံဖုံအကြား ပက်ချာလည်ကာ လိုရင်းမရောက်ဘဲ အချိန်ကုန် လူပင်ပန်းမှုများဖြင့် တဝဲလည်လည်နေရမည်ပင် ဖြစ်ပါသည်။ စားကျက်ချိန် ထဲမှ မီးဖိုဆောင်ဝင်ချိန်၊ ဝေယျာဝစ္စ လုပ်ချိန်တို့ကို မလွဲမသွေ ဖဲ့ထုတ်ထားရမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသင်္ခမ်း ဆေးမှသည် မီးဖိုချောင်ကိစ္စအထိ ဂရုတစိုက် လုပ်ကိုင်လှူဒါန်းနေကြသော ဒကာ ဒကာမများသည် မိမိတို့နှင့် ဟန်းတူထက်မနည်း အရေးပါ ကျေးဇူးကြီးမားကြသော သူများဖြစ်ကြသည်။ ဤဒကာ ဒကာမများကြောင့် သာ မိမိတို့မှာ ကြောင့်ကြမရှိ ပရိယတ်တရားကို ကြိုးစားကျက် အံ ကြံ ကြည့်နိုင်ကြရ ပေသည်ဟု ရှုမြင်ကာ ဒကာ ဒကာမတို့အပေါ် မေတ္တာပွားကြရမည်သာဖြစ်ပါသည်။

တစ်ဖန် ဒကာ ဒကာမများဘက်က မိမိတို့တာဝန်ယူ လှူဒါန်း၍ ဤမျှကြီးပွား စည်ပင်သည်ဟူသည်မှာ မှန်ပါ၏။ သို့သော် အကြောင်းရင်းကို ဆန်းစစ်လျှင် လှူဒါန်းသူ ဟူသမျှ၏ အာရုံစိုက်ရာ လှူဒါန်းရာမှာ သံဃာသာဖြစ်ကြောင်း၊ မိမိတို့မှာ သံဃာတော် များအား ဝိနည်းတော်နှင့်အညီ ဝေယျာဝစ္စပြုလုပ်ပေးရသော ကပ္ပိယကာရကများသာ ဖြစ်ကြောင်း၊ ကပ္ပိယကာရကဟူသည်မှာလည်း သံဃာသဘောအတိုင်းသာ ပြုလုပ်ပေးရသူ ဖြစ်၍ သံဃာ့သဘောကို ကျော်လွန်ကာ ကိုယ့်သဘောပြုလုပ်ပေးရသူ မဟုတ်ကြောင်း ထင်ရှားလာပါလိမ့်မည်။

ထို့ကြောင့် ဒကာ ဒကာမမျာ:အနေဖြင့် ဤအောင်မြင်မှုမှာ 'မိမိတို့သာပမာန' အတွေးအမြင်ကိုဖျောက်ပြီး ဤသံဃာများကိုမှီ၍ မိမိတို့ ဝေယျာဝစ္စကုသိုလ်တွေ ရနေပါလားဟု သဘောပေါက်ကာ သာသနာပြုကြရမည်ဖြစ်ပါသည်။

အချုပ်ဆိုရလျှင် ဤသာသနာ့ဥယျာဉ်တော်ကြီး စိုက်ပျိုးမှု ရည်ရွယ်ချက်သည် ဘာလဲ။

ဆရာတော်ဘုရားကြီး ရည်ရွယ်ချက်က ပိဋကတစ်ပုံဆောင်၊ နှစ်ပုံဆောင်၊ သုံးပုံဆောင် ပေါ်ထွက်လာရေး။

သံဃာတော်များ ရည်ရွယ်ချက်လည်း ပိဋကတစ်ပုံဆောင်၊ နှစ်ပုံဆောင်၊ သုံးပုံဆောင် ပေါ်ထွက်လာရေး။

ဒကာ ဒကာမမျာ:၏ ရည်ရွယ်ချက်မှာလည်း ပိဋကတစ်ပုံဆောင်၊ နှစ်ပုံဆောင်၊ သုံးပုံဆောင် ပေါ်ထွက်လာရေးပင်ဖြစ်ပေသည်။

ရည်ရွယ်ချက် တူညီကြသည်သာ။

ဤရည်ရွယ်ချက် အောင်မြင်ရန်အတွက် ငါသည်သာ ပမာနလူမဟုတ်၊ ငါရော သူပါ ဆိုင်ရာဆိုင်ရာ ပမာနတာဝန်ကို လုပ်ငန်းသဘောအရ ခွဲဝေ ယူထားကြရသည့် ပမာနပုဂ္ဂိုလ်များချည်းသာ ဖြစ်သည်ဟု သဘောပေါက်ကာ သံဃာတော်များကလည်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ဦးဆောင်မှုနောက် သံဃာစင်ပေါ်မှ ဣန္ဒြေရရဖြင့် ပရိယတ် ပဋိပတ် တရားကြိုးစားယင်း သာသနာပြုနိုင်ကြပါစေ။ ဒကာ ဒကာမမျာ:ကလည်း တိပိဋကဓရဆရာတော်ဘုရားကြီး ဩဝါဒကို လိုက်နာလျက် သံဃာစင်အောက်မှ လက်အုပ်ချီယင်းဖြင့် သာသနာပြုနိုင်ကြပါစေဟု ပတ္ထနာပြုလိုက်ရပါသတည်း။

အရှင်ဣန္ဒဝံသ(လေးဝတီ)
တိပိဋကနိကာယ၊ မိုးမိတ်

# အရှင့်ထံသို့....

## ရွှေနားတော်သွင်း

အို....အရှင်မြတ်။

''ကိုယ်ပေါ်ကိုယ်တွင်း၊ မလျော်းတံထွာ၊ ဖြစ်ဘတ်စွာသား၊ ကြမ္မာခိုက်ရန်၊ ဘေးဒဏ်ဥပဒ် ရှင်းရှင်းလွတ်၍၊ ရာမြတ်တည်ပါစေသတည်း။''

''နိုင်ငံဘက်မဆံ၊ ရှင်တော့်ထံဝယ်၊ ခါရံမပြတ်၊ ဝန်းပတ်ဖြိုးထူ၊ နတ်နှင့်လူတို့၊ အူအူသောင်းသောင်း၊ တင်စုံပေါင်း၍၊ ပွဲကောင်းစည်ပါစေသတည်း'' ဟူ၍ပင် မင်္ဂလာနိဒါန်းခြွမိပါ၏ အရှင်မြတ်။

အို....အရှင်မြတ်။

တပည့်တော်များအား သနားသဖြင့် အရှင်မြတ်၏ ခြေတော်အစုံကို နမ်းစုပ်ခွင့်ပြုတော်မူပါ အရှင်။

အရှင်မြတ်သည် ဖွားမြင်သည်မှ ယနေ့တိုင်အောင် အောင်ပန်းကို အမြဲပန်ဆင်၍ အောင်လံကို အမြဲလွှင့်ထူကာ အောင်သူတို့၏ပွဲတွင် ပိုလ်စွဲသူကြီးလည်း ဖြစ်ပါပေ၏။ အောင်စည်အောင်မောင်းကို အမြဲတီး၍၊ အောင်ဂီးတော်ကိုလည်း အမြဲဆောင်းသူကြီး ဖြစ်ပါပေ၏။

အရှင်မြတ်။

တပည့်တော်များသည် လောဘ၏ တပ်မက်မှု၊ ဒေါသ၏ ဘောက်လောင်မှု၊ မောဟ၏ တွေဝေမှုတို့ဖြင့် ထိုင်းမှိုင်းမှုးဝေလျက် ရှိကြပါကုန်၏။ ထို့ကြောင့်ပင် အောင်နံ့သာကြိုင် အောင်ပန်းတွေလှိုင်နေသည့် အရှင်မြတ်ကြီး၏ ခြေတော်အစုံကို မူးဝေခြင်းပြေပျောက်စေရန် နမ်းရှုခွင့်ပြုတော်မူပါ အရှင်။

အို....အရှင်မြတ်။

တပည့်တော်များသည် ရှေးပဝေဏီအခါက မဟာဒါနကြီးများ၏ အကြောင်းကို ကြားဖူးသည်မှာ တစ်နေ့တစ်ရက်သော အတိုင်းအတာအားဖြင့် လည်းကောင်း၊ တစ်ဆယ့်နှစ်နှစ်ဟူသော အရေအတွက်အားဖြင့် လည်းကောင်း၊ ခုနစ်ရက် ခုနစ်လီဟူသော အပိုင်းအခြားအားဖြင့်လည်းကောင်း ဤသို့ စသည် စသည်ဖြင့် ရေတွက်၍ရကောင်းသော မဟာဒါနကြီးများကိုသာ ကြားဖူးခဲ့ပါကုန်၏ အရှင်။

ထိုထိုအလှူရှင်တို့ကို တုပခြင်းမျိုးဘော့မဟုတ်ပါ။

အရှင်မြတ်သည်ကား လွန်ခဲ့သော ၁၃၄၀ပြည့်နှစ် ဝါဆိုလဆန်း(၅)ရက်နေ့မှစ၍ မင်းကွန်းတောင်ရိုး၊မိုးခိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်ကျော်ကြီးတည်ထောင် ဖန်ဆင်းတော်မူပြီးလျက် တိပိဋကနိကာယ လောင်းလျာသခင် အာဇာနည် အရှင်မြတ်တို့အား ဆွမ်း သင်္ကန်း ကျောင်း ဆေး လေးပါးသော ပစ္စည်းတို့ဖြင့် လိုလေသေးမရှိ အမြဲလှူဒါန်းသော မဟာဒါနကြီးကို လှူဒါန်းတော်မူလျက် ရှိပါ၏။

မြန်မာပြည်သားလွှားမှလည်းကောင်း၊ ကမ္ဘာအရပ်ရပ်မှလည်းကောင်း ရောက်ရှိသွားသော ဧည့်သည်တော်များအား မွန်မြတ်သောဘောဇဉ်၊ ကြည်လင်သောသောက်သုံးရေ၊ ထိန်ဝေထွန်းလင်းစေသောဆီမီးတို့ဖြင့် အမြဲတစေလှူဒါန်း ပြုစုစောင့်ရှောက်တော် မူပါပေ၏။

လှူဒါန်းပြီး၊ လှူဒါန်းဆဲ၊ လှူဒါန်းလတ္တံ့သော အရှင်မြတ်၏ နိဗဒ္ဓမဟာဒါန အလှူမင်္ဂလာတော်ကြီးသည် မည်သည့်ခေတ်၊ မည်သည့်နှစ်၊ မည်သည့်သမယ၊ မည်သည့်ကာလတိုင်အောင်ဟု မရေတွက်အပ်၊ မပိုင်းခြားကောင်း၊ မတိုင်းတာနိုင်ရိုး အမှန်ပါ အရှင်။

အို....အရှင်မြတ်။

တပည့်တော်များသည် ရှည်မြင့်စွာသောကာလမှစ၍ လောဘဖြင့်ငတ်မွတ် ကြပါကုန်၏။ ဒေါသဖြင့် ဆူဝေကြပါကုန်၏။ မောဟဖြင့် မိုက်ကန်းကြပါကုန်၏။

ထို့ကြောင့်ပင် အသာ လောဘ ငတ်မွတ်ခြင်းကို ပြေပျောက်စေသော အရှင့်ဘောဇဉ်၊ ပူလောင်မှုကို ငြိမ်းအေးစေသော အရှင့်ရေကြည် ရေချမ်း၊ အမိုက်မှောင်ကို ပယ်ပျောက်စေနိုင်သော အရှင့်ဆီမီးရောင်တို့ကို ခံလှူခွင့်ပြု၍ ပြည့်ဝဝေ၊ အေးမြစေ၊ ထွန်းလင်းစေသော အရှင်မြတ်၏ခြေတော်အစုံကို နမ်းစုပ်ခွင့်ပြုတော်မူပါအရှင်။

* * *

အို....အရှင်မြတ်။

လက်ထက်တော်အခါမှစ၍ မျက်မှောက်ခေတ်သာသနာတိုင်အောင် သာသနာသုံးတန်ကို သင်္ဂါယနာခြောက်တန် တင်ခဲ့ကြပါကုန်ပြီ၊ ဆရာ့ဆရာ အရှင်မြတ်ကြီးများသည် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဝယ် ဆောင်ရွက်အားထုတ်ခြင်းများ၌ စွမ်းစွမ်းတမံ အချင်မြတ်များသာဖြစ်ကြပါကုန်၏။

ထိုအရှင်တို့ကို တုပခြင်းမျိုးတော့မဟုတ်ပါ။

ထိုထိုအရှင်တို့သည် ပရိယတ္တိကိုထမ်းဆောင်ရာ၌ ဝေပုံကျစနစ်ဖြင့် တာဝန်ယူဆောင်ရွက်ကာ စောင့်ရှောက်တော်မူကြပါကုန်၏။

အချို့အရှင်မြတ်များကား သုတ္တန်ပိဋကတ်ကိုလည်းကောင်း၊ အချို့ အရှင်မြတ်များကား ဝိနည်းပိဋကတ်ကိုလည်းကောင်း၊ အချို့အရှင်မြတ်များကား အဘိဓမ္မာပိဋကတ်ကိုလည်းကောင်း ပိဋကသုံးပုံကို ခွဲခြမ်းဝေဖန်၍ စောင့်ရှောက်တော် မူခဲ့ကြပါကုန်၏။ နိကာယ်အားဖြင့်လည်း ခွဲခြမ်းဝေဖန်ရာ၌ ဆောင်ယူစောင့်ရှောက်တော် မူကြပါကုန်၏။

အရှင်မြတ်သည်ကား ပိဋကတ်အားဖြင့် အဋ္ဌကထာနှင့်တကွ သုံးပုံလုံးကိုလည်းကောင်း၊ နိကာယ်အားဖြင့်လည်း အဋ္ဌကထာနှင့်တကွ ငါးပုံလုံးကိုလည်းကောင်း၊ တစ်ကိုယ်တော် တာဝန်ထား၊ တစ်ပါးတည်းတာဝန်ယူ၊ ဆရာတစ်ဆူဘည်း ဆောင်ရွက်တော်မူပါပေ၏။

ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်၊ ဓမ္မစေတီတော်ပေါင်း ရှစ်သောင်းလေးထောင်တို့ကို အရှင်မြတ်၏ နှလုံးသားတော်၌ အမြဲတည်တော်မူ၍၊ သာသနာ့တာဝန်ကို ရှပ်ရှပ်ချွံချွံ ထမ်းဆောင် ထမ်းရွက်တော်မူပါပေ၏။

အရှင်မြတ်သည် သာသနာ့တာဝန်၊ ဆရာ့တာဝန်၊ ဒကာ့တာဝန်များကို ကျေပွန်ရုံမျှမက မိုလျှံလွန်ကဲ ထူးခြားကြီးစွာ ဆောင်ရွက်တော်မူပါပေသော အရှင်မြတ်ကြီးပါပေ။

ထို့ကြောင့်ပင် အမြဲဓမ္မစေတီထိုက်၍ နေတော်မူသော အရှင်မြတ်ကြီး၏ ခြေတော်အစုံကို တပည့်တော်များအား သနားသဖြင့် နှပ်းစုပ်ခွင့်ပြုတော်မူပါ အရှင်။

*

အို... အရှင်မြတ်

အရှင်မြတ်ကြီး၏ သီလ၊ သမာဓိ၊ ပညာ၊ ခန္တီ၊ မေတ္တာစသော ကျေးဇူးဂုဏ်များကို မှန်ဆ၍မျှ ပြည့်စုံစွာ ရေးသားပြခြင်းငှာ မစွမ်းနိုင်ပါ အရှင်။ သမုတိနတ်ဖြစ်တော်မူကြကုန်သော ပြည်ပိုင်မင်းတို့သည်ပင် အရှင်မြတ်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ကြည်ညိုလွန်းလှသဖြင့် ပြည်တော်၌ရှိသမျှ ဘွဲ့တံဆိပ်တော်အားလုံးတို့ကို အရှင်မြတ် ထံမှောက် ဆက်သတော်မူခဲ့ပါကုန်ပြီ။

အရှင်မြတ်၏ ဂုဏ်ရှိန်တို့သည် ထိုဂုဏ်များစွာ ဘွဲ့တံဆိပ်တော်များဆက်ကပ်သင့်ပါလျက်၊ သတ်မှတ်ထားသော ဘွဲ့တံဆိပ်တော်များ ကုန်ကုန်းဆိတ်သုဉ်းနေခြင်းကြောင့်ပင် ပြည်တော်မင်းများ နှလုံးပင်ပန်းကြပါကုန်၏ အရှင်။

အနယ်နယ် အရပ်ရပ်မှ မင်း၊ ပုဏ္ဏား၊ သဌေး၊ သူကြွယ်၊ ဆင်းရဲသား ဟူသော အမျိုးလေးပါးတို့သည် အမြိုက်သုခအကျိုးငှာ မိမိတို့၏ ရွှေရည် ငွေရည် ပတ္တမြားရည်

စသော ရတနာခုနစ်ပါးဖြင့်ပြီးသော ရတနာရေစဉ်တို့ဖြင့် အရှင်မြတ် ခြေတော်အစုံကို ဆေးကြောကြပါကုန်၏။

ထိုမှုမက ထို့ထက် ထိုက်တန်လှသော အရှင်မြတ်၏ ခြေတော်အစုံကို တပည့်တော်များအား သနားသဖြင့် နမ်းစုပ်ခွင့်ပြုတော်မူပါ အရှင်။

*   *   *   *

အို....အရှင်မြတ်။

အရှင်မြတ်၏ သီတင်းသုံး စံနေတော်မူရာ မင်းဝံတောင်အပါအဝင် မင်းကွန်းတောင်တော်သည် ပကတိအားဖြင့် အလွန်မြင့်လှသည် မဟုတ်ပါ။ ယခုသော် အရှင်မြတ်၏ သီတင်းသုံး စံသည်ရာဖြစ်ခြင်းကြောင့် တောင်အားလုံးတို့ထက် အမြင့်ဆုံးဖြစ်၍ နေပါ၏ အရှင်။

မြင့်မားသော မြင်းမိုရ်တောင်မင်း၊ ဝေရက်တောင်တော်စသော ထိုထိုတောင်တို့သည် မင်းဝံ၊ မင်းကွန်းတောင်တော်တို့၏ ခြေတော်အောက်၌သာလျှင် ရှိကြပါကုန်၏ အရှင်။

မင်းဝံ၊ မင်းကွန်းတောင်တော်သည် ပကတိအားဖြင့် သဲကျောက်များဖြင့်ပြီးသော တောင်တော်အမျိုးအစားသာပါ အရှင်။

အရှင်မြတ်ဘည်းဟူသော သာသနာ့ မဟာအာဇာနည် အရှင်မြတ်ကြီး၏ စံပယ်ရာဌာနဖြစ်ခြင်း၊ တိပိဋကလေးငါးလျှာ သာသနာ့အာဇာနည်အရှင်များ၏ မွေးဖွားပေါ်ထွန်းရာဖြစ်ခြင်းတို့ကြောင့် ပြည်တန်မြကျောက် ကျောက်ပတ္တမြားတို့ ထွက်ကုန်းစုဝေးရာ ရတနာရောင်ပြီး ပတ္တမြားတောင်တော်ကြီး ဖြစ်၍နေပါ၏ အရှင်။

ပကတိသော ရွှေတောင်၊ ငွေတောင်၊ ပတ္တမြားတောင်စသော ရတနာတောင်တို့သည် မင်းဝံ၊ မင်းကွန်းတောင်မင်းအား အမြဲတစေ ဦးညွှတ် အရိုအသေပေးလျက်ရှိပါ၏ အရှင်။

တောင်းပန်ပါ၏ အရှင်မြတ်။

အရှင်မြတ်တည်းဟူသော ပတ္တမြားတောင်ကြီးသို့ တက်ရာ၊ ပတ္တမြားတောင်ငယ်များအား ရစ်ခွေစောင့်ရှောက် ချီးမြှောက်ပြုပြင် အလှဆင်ပေးကြသော မြစ်မင်းရောရစ်ပြာခွေသန်း မိုးမိတ်ဆိပ်ကမ်းသာသည် အလွန်အေးမြ ကြည်လင်လှပါ၏။

ထို့ထက် ထို့ထက် ထာဝရ တိုးတက် ကြည်လင်အေးမြစေရန် ပတ္တမြားကျောက်မျက်ရတနာ တည်းဟူသော အရှင်မြတ်၏ခြေတော်ကို အမြဲ ဆေး ကြော တော် မူ ပါ အရှင်မြတ်။

အရှင်မြတ်တည်းဟူသော ပတ္တမြားကျောက် တောင်တော်ကြီးနှင့် ပတ္တမြားတောင်ငယ်များကို ပတ်ကာလှည့်အုပ် ထိန်းသိမ်းချုပ်ထားသော အောက်ခြေ မြေအပြင်သည်

ဆုံးမြောင့် ကျောက်ပြုတ် ခလုတ်ကိုသင်း ချိုင့်ကျင်းကင်းစွာ ညီညာလှပါကုန်၏။ အက်ကြောင်းမထင် သန့်စင်ပြေချော လှပါကုန်၏ အရှင်။

ဟိုထက် ယို့တက် အဆက်ဆက် ထာဝရ ကောင်းမွန်ပြေချောနေ့နှ် အရှင်မြတ်၏ ခြေတော်အစုံဖြင့် အမြဲထိတွေ့တော်မူပါ အရှင်။

ဆန္ဒပြု ဆုမွန်တောင်းပါ၏ အရှင်မြတ်။

မင်းဝံ၊ မင်းကွန်းတောင်ဘော်မင်းသည်လည်း တောင်အားလုံးဟုံ့တက် အမြဲ မြင့်မောက်နေပါစေသတည်း။

မင်းဝံ၊ မင်းကွန်းတောင်ဖော်သည် ရဟန္တာစိမ့် ပြည်တန်မြဲကျောက် မမောက် ပတ္တမြားတို့ကိုလည်း သာသနာတော်ငါးထောင် တည်သည့်တိုင်အောင် ဟွန်းပေါ် ထုတ်ဆောင်ပေးနိုင်ပါစေသတည်း။

တောင်ဖော်မြတ်၏ အမိုးအပေါ်၌ အလှဆင် ပူပြင်ပေးကြကုန်သော ရေကြည် မြေလွှာအဖြာပြာတို့သည်လည်း ထာဝရအားမြဲ သာယာပါစေကုန်သတည်းဟု ဆန္ဒပြု ဆုပန်လျက် အရှင်မြတ် ခြေတော်အစုံကို ဆယ်စုံဖူးအုပ် ကြာကုမုဒ်ပန်း လက်နှုတ်ခန်းပြင့် အဖန်ဖန် နမ်းစုပ်ပါ၏ အရှင်မြတ် ဘုရား။

အို....ကျေးဇူးတော်သခင် အရှင်မြတ်။

"ကိုယ်ပေါ် ကိုယ်တွင်း၊ မကင်းတံထွာ၊ ဖြစ်တတ်စွာသား၊ ကြမ္မာ ခိုက်ရန်၊ ဘေးဒဏ် ဥပဒ်၊ ရှင်းရှင်းလွတ်၍၊ ငြမ်ဘြဲဘည်ပါစေသတည်း။"

"နိုင်းဘက်မဆံ၊ ရှင်တော့်ထံဝယ်၊ ခါရံမပြတ်၊ ဝန်ပတ်ဖြိုးထူ၊ နတ်နှင့် လူတို့၊ အူအူသောင်းသောင်း၊ တစုပေါင်း၍၊ ပွဲကောင်းစည်ပါစေသတည်း။"

ညောင်ဦးမှ နိကာယ်ဝသင်သားဘစ်ဦး
ဓမ္မရက္ခိတ--ကျောင်းဆောင်
တိပိဋကနိကာယ၊ မိုးမိတ်

# လိုအပ်သော မြန်မာဗုဒ္ဓဘာသာ စွယ်စုံကျမ်း

(၁)

ဘာသာတစ်ရပ်၏ ပြန့်ပွားမှုဟူသည် ထိုဘာသာရပ်ကို အများသူငါ အလွယ်တကူ သိနားလည်မှု ဖြစ်ပါသည်။ လူများစု နားလည်သိရှိလိုက်နာသည်နှင့်အမျှ ထိုဘာသာ၏ ထွန်းကားမှု ကျယ်ပြန့်ပါမည်။ လူတို့ကား အများအားဖြင့် လွယ်လွယ်သဘောရှိကြပါသည်။ ထိုလွယ်လွယ်သဘောရှိသော လူသားတို့အား လွယ်လွယ်နှင့် သိနိုင်ကျင့်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးနိုင်လျှင် ထိုဘာသာသည် တည်တံ့ပြန့်ပွားနိုင်မည်သာ ဖြစ်ပေသည်။ မှန်ပါသည်။ 'မြန်မာဗုဒ္ဓဘာသာ စွယ်စုံကျမ်း' ကား လိုအပ်နေပြီဖြစ်ပါသည်။

(၂)

ဗုဒ္ဓဘုရားရှင်သည် ကိုယ်တော်မြတ်၏ အဆုံးအမ သာသနာတော်ကို မည်ကဲ့သို့ တည်တံ့ပြန့်ပွားအောင် ရွက်ဆောင်တော် မူခဲ့ပါသနည်း။

ရှင်းလှပါသည်။ ကိုယ်တော်၏ အဆုံးအမတော်တို့ကို အများနားလည်သဘောပေါက်အောင် ထိုခေတ်သုံး ဘာသာစကားဖြင့် အဆုံးအမခံ ပုဂ္ဂိုလ်ကို လိုက်၍ ရိုးရိုးရှင်းရှင်း ဟောပြတော်မူခဲ့ပါသည်။ (ဒေသနာ ဝိလာသဉာဏ်၊ ဝေနေယျဇ္ဈာသယတို့ကို ဆိုလိုပါသည်။)

သို့ကြောင့်သာလျှင် ဗုဒ္ဓသာသနာတော်သည် ထိုခေတ်ရှိရင်းစွဲဘာသာ အယူဝါဒများအပေါ် လွှမ်းမိုး၍ စည်ပင်ပြန့်ပွားခဲ့ပါသည်။ တဖန်တုံလည်း ဘုရားရှင်၏ သာဝကကြီးများ ဖြစ်တော်မူကြသော ရှင်မဟာသာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်၊ ရှင်မဟာကဿပ စသော ရဟန္တာ အရှင်မြတ်များသည် ဘုရားရှင်၏ အဆုံးအမတော် တည်တံ့ပြန့်ပွားရန်အတွက် စူဠနိဒ္ဒေသ မဟာနိဒ္ဒေသ ဝိမာနဝတ္ထု၊ ပေတဝတ္ထု စသော ပိဋကဝင် ပါဠိတော်ကျမ်းများကို ဖွင့်ပြဟောကြားတော်မူခဲ့ကြပါသည်။

သို့ဖြင့် စတုတ္ထ သင်္ဂါယနာတိုင် မြတ်စွာဘုရား၏ အဆုံးအမ တော်များသည် သာဝကကြီးများ ဗုဒ္ဓဘာသာဝင်များတို့၏ နှလုံးသားဌ် နားလည်သိကျွမ်းစွာ တည်နေခဲ့ပါသည်။ ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားခဲ့ပါသည်။ မှန်ပါသည်။ 'မြန်မာ ဗုဒ္ဓဘာသာစွယ်စုံကျမ်း'ကား လိုအပ်နေပြီ ဖြစ်ပါသည်။

(၃)

စတုတ္ထ သင်္ဂါယနာ သို့တိုင်အောင် ဘုရားရှင်၏ဟောကြားတော မူရင်းပိဋကတို့သည်လည်းကောင်း၊ ပကိဏ္ဏကဒေသနာ (မူလအဋ္ဌကထာ)တို့ သည်လည်းကောင်း ဗုဒ္ဓသာသနာတော် ထွန်းကားစည်ပင်အောင် အထောက်အကူပြု တည်နေခဲ့ပါသည်။ အချိန်ကာလကြာမြင့်လာပြီဖြစ်၍ လည်းကောင်း၊ ပါဠိတော် ဝေါဟာရများကို အခြားဘာသာ ဝေါဟာရ ဒေသသုံး ဝေါဟာရတို့ အနှောင့်အယှက်ပြုလာပြီဖြစ်၍ လည်းကောင်း၊ ဘုရားရှင်၏ အဆုံးအမတော်ဆိုလိုရင်းကို အချို့ကဏ္ဍတို့၌ မှန်ကန်စွာ မသိနိုင်ကြတော့ပါ။ ဘုရားရှင်၏ အလိုတော်ကျ ဖြစ်ရအောင် နားလည်ကျင့်ကြံကြရအောင် ရှင်းလင်းဖွင့်ပြရန် လိုအပ်လာပြီဖြစ်ပါသည်။

သို့ကြောင့် ရဟန်းတော် ပညာရှင်ကြီးများသည် မဟာပစ္စရီ အဋ္ဌကထာ၊ စူဠပစ္စရီ အဋ္ဌကထာ(ဖေါင်ပေါ်ရေး အဋ္ဌကထာ) ကုရုန္ဒီ အဋ္ဌကထာ(ကုရုန္ဒီဝလ္လိကျောင်း၌ ရေး အဋ္ဌကထာ) အန္ဓကအဋ္ဌကထာ၊ အရိယ အဋ္ဌကထာ၊ သင်္ခေပ အဋ္ဌကထာ(အဋ္ဌကထာကျဉ်းများ)စသော အဖွင့်ကျမ်းများကို ရေးသားဖွင့်ဆို ပြုစုတော်မူခဲ့ကြပါသည်။ ဗုဒ္ဓသာသနာတော်ကြီး ပြန့်ပွားစည်ပင်ရန်အတွက် ပညာရှင်မထေရ်ကြီးများသည် ဗုဒ္ဓဘာသာဝင်များ နားလည်သည်ထက် နားလည်လာရအောင် သဘောပေါက် ကျင့်သုံးနိုင်အောင် ကျမ်းများ ဖွင့်ဆိုပြုစုတော်မူကြကြောင်း ထင်ရှားလှပါသည်။ မှန်ပါသည်။ 'မြန်မာ ဗုဒ္ဓဘာသာ စွယ်စုံကျမ်း'ကား လိုအပ်နေပြီ ဖြစ်ပါသည်။

(၄)

သာသနာတော် (၁၀)ရာစုအဦးတိုင် အထက်ဖော်ပြရာပါ အဋ္ဌကထာကြီးများသည် သာသနာ့မဏ္ဍိုင် ကျမ်းမှန်များဖြစ်ခဲ့ကြပါသည်။ အထူးအားဖြင့် သီရိလင်္ကာ (သီဟိုဠ်)၌ များစွာ တွင်ကျယ်လျက်ရှိနေခဲ့ကြပါသည်။ သာသနာတော်နှစ် (၁၀)ရာစုသို့ ရောက်သော် ထေရဝါဒ သာသနာ့ဇာနည် အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသ ပေါ်ထွန်းတော် မူခဲ့ပါသည်။ အရှင်မဟာဗုဒ္ဓဃောသသည် အထက်ပါ သီဟိုဠ်ဖြစ် အဋ္ဌကထာများဖြင့် ဗုဒ္ဓသာသနာတော်အတွက် မလုံလောက်တော့ကြောင်း (ဗုဒ္ဓသာသနာတော် ပြန့်ပွားရေးအတွက် အပြည့်အဝ အထောက်အကူ မပေးနိုင်တော့ကြောင်း)ကို ရှု သဘောပေါက်တော် မူပါသည်။

သို့ဖြင့် အထက်ပါ အဋ္ဌကထာကြီးများကိုအမှီသဟဲပြု၍ အဋ္ဌကထာသစ်များ ရေးသားပြုစုတော် မူခဲ့ပါသည်။ပြုစုသော အဋ္ဌကထာသစ်များမှာ ဆင့်ဘာဂ်ါယနာမူတော် (၃၅)အုပ်၊ စာမျက်နှာ(၁၃၀၀၀)ကျော်ရှိပြီး ဝိနည်း ပိဋက အဋ္ဌကထာများ၊ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ် အဋ္ဌကထာများ၊ အဘိဓမ္မပိဋကအဋ္ဌကထာများ၊ ခုဒ္ဒကပါဌ အဋ္ဌကထာ၊ ဓမ္မပဒ အဋ္ဌကထာ၊ ဇာတက အဋ္ဌကထာ၊ သုတ္တနိပါတ အဋ္ဌကထာ၊ပါတိမောက္ခ အဋ္ဌကထာ၊ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာများဖြစ်ပါသည်။

အရှင်မဟာ ဗုဒ္ဓဃောသသည် ခေတ်အလိုက် လိုအပ်လာသည်နှင့်လျော်စွာ ဤသို့ အဋ္ဌကထာများကို ပြုစုတော်မူခဲ့သောကြောင့် ဗုဒ္ဓသာသနာတော်သည်(ယနေ့ခေတ်အခါအထိ)ဤမျှထွန်းလင်းနေကြောင်း ငြင်းကွယ်မရနိုင်သည့်အချက်ပင်ဖြစ်ပါသည်။ဤသို့ဖြင့် အရှင်အာနန္ဒာ၏ မူလဋီကာ(သာသနာ ၁၃ ရာစု)၊ အရှင်ဓမ္မပါလ၏ အဋ္ဌကထာ ဋီကာများ(သာသနာ ၁၅ ရာစု)၊အရှင်သာရိပုတ္တရာ၏ ဋီကာများ(သာသနာ ၁၇ရာစု)စသည်ဖြင့် ပါဠိဘာသာရေး ကျမ်းမွန်များ ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့ကြပါသည်။ သာသနာတော်ကြီးအတွက် လိုအပ်သည့်အလျောက် ဖြည့်စွက်ပြုစုတော် မူခဲ့ကြခြင်းဖြစ်ပါသည်။မှန်ပါသည်။ 'မြန်မာ ဗုဒ္ဓဘာသာ စွယ်စုံကျမ်း' ကား လိုအပ်နေပြီဖြစ်ပါသည်။

(၅)

ဗုဒ္ဓသာသနာတော်သည် သာသနာ ၁၆ ရာစုမှအစပြု၍ အနော်ရထာမင်း၏ကျေးဇူးကြောင့် မြန်မာနိုင်ငံတော် တစ်ဝန်းလုံး တည်တံ့ပြန့်ပွားခဲ့ပါသည်။အနော်ရထာမင်းကြီးသည် အရည်းကြီးဝါဒ(တန္တရ၊မန္တရ ဝါဒ)စသော အယူများကို သက်ဝင်နေကြသောပြည်သူအများအတွက် ထေရဝါဒ ဗုဒ္ဓဘာသာမှန်ကို အခိုင်အမာ ယုံကြည်သက်ဝင်စေခဲ့ပါသည်။ အာဏာပိုင်ဘုရင် ကေရာဇ်တို့ကလည်း အားပေးပြုစုကြ၊ ပြည်သူတို့ကလည်း ဘာသာ၏ အနှစ်သာရကို သိရှိကျင့်ကြံကြသောကြောင့် ဗုဒ္ဓသာသနာတော်သည် လွန်စွာထွန်းလင်း ဝေဆာခဲ့ပါသည်။

မြန်မာ ရဟန်းတော် အရှင်မြတ်များကလည်း မြန်မာပြည်သူတို့နှင့် လိုက်လျောညီထွေရှိသော ပါဠိကျမ်းများ၊ ပါဠိ-မြန်မာ နိဿယကျမ်းများ၊ မြန်မာ ပြန်ကျမ်းများ နီတိကျမ်းများ၊ ကဗျာလင်္ကာကျမ်း စသည်များကို ပြုစုစီရင်တော်မူကြပါသည်။

ဤသို့ဖြင့် မြန်မာနိုင်ငံတော် သမိုင်းတစ်လျှောက်၌ ပညာရှင်မထေရ်ကျော် ပုဂ္ဂိုလ်ကျော်တို့သည် ဘာသာရေးကျမ်းစာများကို ကောင်းမွန်သည်ထက်ကောင်းမွန်ရန် လူအများတို့ ကြည့်ရှုနားလည်သည်ထက် နားလည် သဘော ပေါက်ရန် ရေးသားပြုစုတော်မူခဲ့ကြကြောင်း ထင်ရှားလှပါသည်။ ထိုသို့ အများသုံး နားလည်နိုင်သည့်ကျမ်းဂန်များ ပြုစုတော်မူခဲ့ကြခြင်းကြောင့် မြန်မာနိုင်ငံတော်၌ ဗုဒ္ဓသာသနာ သန့်ရှင်းတည်တံ့ ပြန့်ပွား ခြင်းဖြစ်ကြောင်း သိသာလှပါသည်။ မှန်ပါသည်။ မြန်မာ ဗုဒ္ဓဘာသာ စွယ်စုံကျမ်း' ကား လိုအပ်နေပြီဖြစ်ပါသည်။

(၆)

သာသနာတော် ၂၆ ရာစု ယနေ့ခေတ်သို့ ရောက်လာပါပြီ။ ယနေ့ခေတ်၏ အခြေအနေ အရပ်ရပ်သည် ယခင်ခေတ်နှင့် မတူတော့ကြောင်း အများသိပြီး ကိစ္စရပ်ပင် ဖြစ်ပါသည်။ မြန်မာ ဗုဒ္ဓဘာသာဝင် ရင်သွေးငယ် အများစုသည် သံဃာတော်များ၏ သင်ပြသွန်သင်မှုအောက်၌ မရှိကြတော့ပါ။ တိုက်ရိုက်ဆိုရသော် ရင်သွေးငယ်များသည် ဗုဒ္ဓဘာသာ အခြေခံသွန်သင်မှုများမှ ဝေးကွာလျက်ရှိကြပါသည်။ သိနားလည်ကြရန် ဝေးစွ ဘာသာရေး ဝေါဟာရများနှင့်ပင် စိမ်းလျက် နားဝေးလျက် ရှိနေကြပါသည်။ ပါဠိပါဠိသား ပါရှိသောစာပေကို ဖတ်ရန် ဝန်လေးလျက် ကြောက်ရွံ့လျက် ပါဠိကြောက် (ပါဠိဘီရုက)များ ဖြစ်နေကြပါသည်။ ဤသည်မှာ ဗုဒ္ဓသာသနာတော်အတွက် ကောင်းသော လက္ခဏာမဟုတ်ပါ။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များသည် ဤပြဿနာကို စုပေါင်းဖြေရှင်းကြရန် တာဝန်ရှိကြပါသည်။ ဗုဒ္ဓဘာသာဝင်တို့ ဘာသာ၏ အနှစ်သာရမှန်များကို သိရှိနားလည်ကြရန် စိစဉ်ဆောင်ရွက် ပေးကြရပါမည်။ လိုက်နာကျင့်ကြံနိုင်ရန် လမ်းညွှန်ပြသကြရပါမည်။ အနှစ်သာရကို အနှစ်သာရဟု အမှန်အတိုင်း သိနားလည်လာကြပါလျှင် တန်ဖိုးထားလာကြမည် ကေန်ပင်ဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံတစ်ဝန်း၌ ကျောင်းသားသူငယ်များအတွက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ၊ စာမေးပွဲများ သင်ကြားပြသ ကျင်းပလျက်ရှိပါသည်။ အထက်ပါပြဿနာကိုဖြေရှင်းရာ၌ ထိရောက်အကျိုးရှိလှပါသည်။

ဤအတိုင်းအတာမျှဖြင့် ပြီးပြည့်စုံပြီဟူ၍ကား မဆိုနိုင်သေးပါ။ အခြားဖြစ်နိုင်သော နည်းများဖြင့်လည်း ဖြေရှင်းကြရဦးမည် ဖြစ်ပါသည်။ ထိုနည်းအမျိုးမျိုးတွင် မြန်မာဘာသာသက်သက်သာ တတ်သိကြသော ဗုဒ္ဓဘာသာဝင်တို့ ဖတ်ရှု နားလည် နိုင်သည့် မြန်မာဗုဒ္ဓဘာသာရေးကျမ်းများ ပြုစုပေးခြင်းသည် အထက်ပါပြဿနာကို ဖြေရှင်းရာ၌ အဓိကအခန်းမှ ပါဝင်မည်ဖြစ်ပါသည်။ လွယ်ကူစွာ စိစဉ်ပေးထား ပါလျှင်၊ စီစဉ်ပြီးရှိနေပါလျှင် အလွယ်တကူပင် နားလည်ကျင့်ကြံနိုင်ကြပါမည်။ မှန်ပါသည်။ မြန်မာဗုဒ္ဓဘာသာ စွယ်စုံကျမ်းကား လိုအပ်နေမည်ဖြစ်ပါသည်။

(၇)

အရှင်မဟာ ဗုဒ္ဓဘာသာ၏ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းကို 'ဗုဒ္ဓဘာသာစွယ်စုံကျမ်း' ဟု ခေါ်နိုင်ပါသည်။ အသားတူပင် စွယ်စုံကျမ်းဟူ၍ ခေါ်ဆိုနိုင်သည့်ကျမ်းများ ပေါ်ထွန်းခဲ့ပါသည်။ မုံရွေ ဆရာတော်၏ သမန္တစက္ခုဒီပနီ၊ ကျည်းကန်ရှင်ကြီးနှင့် ကျီးသဲလေးထပ်ဆရာတော်တို့၏ စွယ်စုံကျော်ထင်ကျမ်း၊ မင်းကွန်း တိပိဋကဆရာတော် ဘုရား၏ စာမျက်နှာ(၅၀၀၀)ကျော်ရှိ မဟာဗုဒ္ဓဝင် သောကျမ်းများ ဖြစ်ကြပါသည်။ မြန်မာ နိုင်ငံသာသနာရေးဦးစီးဌာနမှထုတ်ဝေသော တိပိဋကပါဠိ-မြန်မာ အဘိဓာန်ကျမ်းများ၊ ပါဠိပဒကျမ်းညွှန်းများသည်လည်း စွယ်စုံကျမ်းများပင်ဖြစ်ကြပါသည်။

သို့သော် စွယ်စုံကျမ်းစစ်စစ်များကား မပေါ်ထွက်ကြသေးပါချေ။ စွယ်စုံ ကျမ်း၏ လက္ခဏာနှင့် ပြည့်ဝစွာ ကိုက်ညီမှုမရှိသေးပါ။ ယင်းကျမ်းများမှာ မြန်မာဘာသာ သက်သက် တတ်သိသူများထက် ပါဠိ-မြန်မာ နှစ်ဘာသာ တတ်ကျွမ်းသူများ အတွက် ပိုမို အကျိုးရှိသော ကျမ်းများဖြစ်ကြပါသည်။

အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုသော ဗုဒ္ဓဘာသာအဘိဓာန်ကျမ်း၊ ဗုဒ္ဓဘာသာ စွယ်စုံကျမ်းများကား ရှိခဲ့ပေါ်ထွန်းခဲ့ပါသည်။ ဂျာမန်ဗုဒ္ဓစာပေပညာရှင် ရှမစ်(Schmidt)ပြုစုသော ဗုဒ္ဓဘာသာ အဘိဓာန်(Buddhist Dictionary) ဂျာမန် ဘုန်းတော်ကြီး အရှင်ဉာဏတိလောက ပြုစုသော ဗုဒ္ဓဘာသာအဘိဓာန် (Buddhist Dictionary)သီဟိုဠ်ပညာရှင် ပါမောက္ခမာလာသေကရရေးသားပြုစုသော ပါဠိအမည်အဘိဓာန် (Dictionary of Pali Proper Names) ယင်း ပါမောက္ခ မာလာသေကရပင် တည်းဖြတ်သော ဗုဒ္ဓဘာသာစွယ်စုံကျမ်း(Encyclopaedia of Buddhism)စသည်တို့ ဖြစ်ကြပါသည်။ ယင်းအင်္ဂလိပ်ဘာသာဖြင့် ရေးသားသောကျမ်းများသည်ကား အင်္ဂလိပ် ဘာသာကျွမ်းကျင်သူများ အတွက်သာ အသုံးဝင်ကျေးဇူးများပါမည်။ မှန်ပါသည်။ 'မြန်မာဗုဒ္ဓဘာသာစွယ်စုံကျမ်း' ကား ကေန်ပင်လိုအပ်နေပါသည်။

မြန်မာနိုင်ငံတော်သည် 'မြန်မာဗုဒ္ဓဘာသာ စွယ်စုံကျမ်း'ကြီးကို ရေးသားပြုစုနိုင်ပါမည်လော။ ပြုစုနိုင်မည်ဟု စာရေးသူအနေဖြင့် ယုံကြည်ပါသည်။ မြန်မာ နိုင်ငံတော် တစ်ဝန်း၌ ထေရဝါဒဗုဒ္ဓဘာသာပညာရှင်များ၊ ပါဠိမြန်မာစာပေပညာရှင်များ မြောက်မြားစွာရှိပါသည်။ အထူးအားဖြင့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော် ဘုရားကြီးသည် တိပိဋက-နိကာယကျောင်းတိုက်ကြီးကို တည်ထောင်တော်မူလျက် လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကို အဦးပြုလျက် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးကို ဆောက်လုပ်လှူဒါန်း(ဖွင့်လှစ်)လျက်လည်းကောင်း ပညာရှင် အများကို မွေးထုတ်လျက်ရှိပါသည်။

တင်စား၍ဆိုရသော် ထေရဝါဒဗုဒ္ဓဘာသာ အချက်အလက်များပြည့်ဝစွာ သိုမှီး စုဆောင်းထားသည့် 'သက်ရှိကွန်ပျူတာများ'ကို ထုတ်လုပ်လျက်ရှိပါသည်။ 'မြန်မာ ဗုဒ္ဓဘာသာစွယ်စုံကျမ်းကြီး' ခန့်ထည်စွာ ပေါ်ထွန်းလာရန်အတွက် ခလုတ် နှိပ်ရန် သာ လိုပါမည်။ မြန်မာနိုင်ငံဘော် ဗုဒ္ဓသာသနာတော်အတွက် ဂုဏ်ယူငမ်းမြောက်ဖွယ်ဖြစ်ပါ မည်။ မှန်ပါသည်။ 'မြန်မာဗုဒ္ဓဘာသာ စွယ်စုံကျမ်းကြီး'ကား စင်စစ်ကေန် အမှန်ပင် လိုအပ်နေပြီ ဖြစ်ပါသတည်း။ ။

မောင်ဉာဏ်ဝ

(အရှင်ဉာဏဝရ)

တိပိဋကနိကာယ၊မိုးမိတ်

# ကျူးမိဥဒါန်း

မင်္ဂလာချက်ဗွေ....၊ လက်လက်ဝေတည့်၊ ခေတ်မွေ့ပါဒါ၊ စေတီယာတို့၊ ရောမြှစ်ပျို၊ စိမ်းညိုညိုလျှင်၊ စီးယိုရစ်ဝိုင်း၊ တောင်လုံးမှိုင်းလျက်၊ အုံ့ဆိုင်းရွက်ချပ်၊ ပွင့်ချင်းထပ်ရာ၊ စံရာသွယ်သွယ်၊ သာမောဖွယ်ရှင့်၊ နိကာယ်ထွတ်ထိပ်၊ ထေရ်ပဏ္ဍိတ်၏၊ မိုးမိတ်မည်ချင့်၊ ပင်နန်းမြင့်ဝယ်၊ နားလင့်ကြိုးကြာ၊ ဝိနယာနှင့်၊ ဟာသ်ဘိဓမ္မ၊ သံသုတ္တမူ....၊

ရွှေဝပြည်စိုး၊ ဇီဝဇိုးကား၊ လွန်ကြိုးအင်္ဂ၊ မဇ္ဈိမလျှင်၊ ဒီဃညြ၊ ဥဒေါင်းနှော၍၊ သောသောတုန်ကျူး၊ ပျော်ရှင်မြူးကာ၊ နိဗ္ဗူရှာသည်....၊ မင်္ဂလာချက်ဗွေသာတကား။ ။

''ခေတ်တစ်ခေတ်အောင်း၊ လူစွမ်းကောင်း၊ ပေါ်ကြောင်းကေန်ပင်''

ဟူသော ရှေးသူတို့စကားအတိုင်း ဤခေတ် ဤအချိန်အခါဝယ် ပေါ်ထွန်းကြသော လူစွမ်းကောင်း၊ ရှင်စွမ်းကောင်းတို့၏ အဦးအမှူးခေါင်းဆောင်၊မတစ်ထောင်-တစ်ကောင်ဖွား ''ကျားဆိုမှကျား၊ လားလားမျှမယှဉ်နိုင်၊ ပြိုင်စံရှား၊ မြန်မာနိုင်ငံသားဟော့''ဟု ကြွေးရလောက်အောင် ဘုန်းကံသမ္ဘာ ဉာဏ်လွှာကွန့်မြူးပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ချွန် အာဇာနည်မှန်ဖြစ်သော ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး၏ ''ဘ-ဘုရားသာသနာ ရောင်ဝါနေသို့ လင်းပါစေ''ဟူသော ကြီးမားသော ရည်ရွယ်ချက်။

''ဦးပဉ္စင်း.... (မစိုးရိမ်ဆရာတော်ဘုရားကြီးက ဆရာတော်ကို ဤသို့ ချစ်စနိုးခေါ်စမြဲ။) နိကာယ်စာကို သင်အံလေ့ကျက်နေသူမှ ဘုရားနှင့်အမြဲတွေ့နေရဘာ၊ မောင်ပဉ္စင်းငယ်တော့ ဘုရားနှင့် အမြဲတွေ့နေအောင် နိကာယ် သာသနာပြုစမ်းပါ''ဟူသော ကျေးဇူးရှင်မစိုးရိမ်ဆရာတော်ဘုရားကြီး၏ဩဝါဒကို လိုက်နာသောအားဖြင့် ''နောင်လာနောက်သားညီတော်ဖွား သားတော်ရဟန်းများလည်း မိမိကဲ့သို့ ယဉ်ကျေးလိမ္မာ သာသနာစိတ်ဓာတ်ပြင်းထန်ကြကာ၊ အားကြိုးမာန်ပါ ထက်သန်စွာ သာသနာပြုရစ်ကြပါစေ၊ သာသနာပြု ရှင်ကောင်းရဟန်းကောင်းများထွန်းကားပါစေ''ဟူသော မွန်မြတ်သောစိတ်ထား၍-

''နောင်တခေတ်ဝယ် တို့မြန်မာနိုင်ငံမှာ သာသနာဘက်ကလည်း ရှေ့တန်းမှ အဆင့်မြင့်မြင့် မားမားမတ်မတ် တန့်ရပ်ခိုင်ကျည် အရှည်ကြာမြင့်စွာ ရပ်တည်နိုင်ပါစေ''

ဟူသော အရှည်အမြင်များဖြင့် ဤမိုးမိတ်ကုန်းမြေ၌ တည်ထောင်ဖွင့်လှစ်ခဲ့သည့် ''တိပိဋကနိကာယကျောင်းတိုက်''ဟူသော သာသနာ့ပြုလုပ်ငန်းကြီးကား ဆရာတော်ဘုရား၏ မလျှော့သော ဇွဲ လွန်ကဲသောဆန္ဒ၊ ပြင်းထန်သောစိတ်ဓာတ်တို့ဖြင့် ဉာဏ်ဖေးကူမလျက် တရွေ့ရွေ့ချီတက်ခဲ့ရာ နာရီကိုရက်စား၊ ရက်ကိုလစား၊ လကိုနှစ်စားဖြင့် ''ဒုတိယ'' သုံးနှစ်ခရီးသို့ပင် ပေါက်ရောက်အောင်မြင်ခဲ့ပြီတကား။

ဤကျေးဇူးရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ မိုးမိတ်ကုန်းမြေကျောင်းတိုက်ကြီးကား ''ပတ္တမြားရှိရာ ကျောက်ကောင်းစု၊ မင်္ဂလာရှိရာ မင်္ဂလာစု''ဟူသကဲ့သို့ စကြဝဠာ လောကဓာတ်၊ မဇ္ဈိမလောကဓာတ်၊ မဟာလောကဓာတ်ဟူသော လောကဓာတ်ကြီးသုံးခုအတွင်း ရှိရှိသမျှ မင်္ဂလာအပေါင်းတို့ လာရောက်စုဝေးသည့်နှယ် တလက်လက်တဝေဝေ တရွှန်းရွှန်း တပြောင်ပြောင်၊ နေအထောင် လအထောင်၊ နေလအရောင်တို့ကဲ့သို့ အလွန်တရာမှ ကြည်လင်ပဝင်းတောက်ပထွန်းလင်းဘိ၏။

မှန်၏။ လောကထွတ်ထား သယမ္ဘူမြတ်ဘုရားသည် လောကဝယ် ရှိရှိသမျှသော မင်္ဂလာအပေါင်းတို့၏ ဇစ်မြစ်ရင်းဖြစ်၏။ ထိုသယမ္ဘူမြတ်ဘုရား၏ ဓာတ်တော်(၁၈)ဆူတို့ကိန်းဝပ်ရာ မိုးမိတ်စေတီတော်ကြီးနှင့် စက်တော်ရာ စေတီတော်ကြီးတို့ကလည်း စန်းရဘားလည်ကာ၊ ဆရာတော်ဘုရားကြီး၏ ဗုဒ္ဓဝင်ကျမ်းစာ ဆဋ္ဌသင်္ဂါယနာ အမေးအဖြေကျောက်စာတိုင်များနှင့် ယင်း၏ အဆောက်အအုံများကလည်း ဆန်းပြားစည်စွာ၊ ဘုရားရှင်၏ အမွေအနှစ် တရားအစစ်ဖြစ်သော နိကာယ်ငါးရပ် ပိဋကသုံးပုံ၊ ယင်းကျမ်းစာအစုံစုံကို ဆရာတော်ဘုရားကြီး၏ နည်းနာနိဿယကို အရယူကာ သဒ္ဓါနှင့်၊ ပညာဝီရိယနှင့် သမာဓိအားပြည့်စွာညှိ၊ သတိကို သညာအမှတ်အသားအားဖြင့် စွမ်းပကားရှိသမျှ ဟဒယနှလုံးအိမ်ဝယ် အချက်ကျကျမှတ်သားလျက် သဘောအာဂုံ နှစ်စုံအတွက် ကျက်ကြကြံကြပြန်ကြ ကြည့်ကြဖြင့် အားသွန်ကြိုးပမ်း သာသနာ့တာဝန်ကို စွမ်းအားရှိသမျှ ထမ်းဆောင်နေကြသည့် ဘုရား၏ သားတော်၊ ဆရာတော်ဘုရား၏ ညီတော်။

တနည်းအားဖြင့်''ဥပဇ္ဈာယော ဘိက္ခဝေ သဒ္ဓိဝိဟာရိကမှိ ပုတ္တစိတ္တံ ဥပဋ္ဌပေဿတိ'' ကျမ်းရှိအတိုင်း ဆရာတော်ဘုရား၏ သားတော် နိကာယ်ဆောင် သဃ်ာများကလည်း ညီညီညာညာ ကြည်ကြည်သာသာ-မဟာဗောဓိ၊ အာနန္ဒာဗောဓိ၊ သဃ်ာမိတ္တာဗောဓိ အမည်ရှိ အရွက်ကြီးများတဖားဖား၊ အညွန့်ကြီးများ တလူလူ ဇမ္ဗူကိုအေးစေမည့် ခြောက်ပင်သော ဗောဓိပင်ပျိုများကလည်း စည်စည်ဖြိုးဖြိုး ဝေဝေဆာဆာ ဝမ်းမြောက်ကြည်နူး-သဒ္ဓါမြူးဖွယ်ရာ ဤ မိုးမိတ်ကုန်းမြေ၌ တည်ရှိနေကြသည်ကို ဖူးတွေ့ရမည့်အပြင်-

ကျေးဇူးရှင် တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ တိပိဋကဓရ မွေ့ဘဏ္ဍာဂါရိကဘွဲ့ရ (၂၅)နှစ်မြောက် (၁၃၁၅ခုမှ ၁၃၄၀ခု) ငွေရတုနှစ်။ (၇၅)လမြောက်(၁၃၄၆) စိန်ရတုပူဇော်အဖြစ် ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တို့ကို အဋ္ဌကထာ-ဋီကာမြန်မာနိုင်ငံရှိနိဿယများအမျိုးမျိုးနှင့်တကွ ဆရာတော်ရရှိအပ်သော ဘွဲ့တံဆိပ်တော်တို့ပါ စာတိုက်ဗီရိုထဲမှာ သပ်ရပ်စွာ စီရီထားသောပုံအဖြစ်။

အလယ်ပစ္စယံတော်ဝယ် လဆန်း-လဆုတ်(၈)ရက်၊ လဆန်း-လဆုတ်(၁၄)ရက်၊ လပြည့်-လကွယ်နေ့များ၌ အစဉ်အတိုင်း စတုမဟာရာဇ်နတ်မင်းကြီးတို့၏ အလုပ်အကျွေး အမှတ်များ၊ ၎င်းတို့၏ သားများ၊ စတုမဟာရာဇ်နတ်မင်းကြီးတို့ ကိုယ်တိုင်အားဖြင့် သုံးဦးသားတို့ ကုသိုလ်ကောင်းမှု ပြုသူ၊မပြုသူ လူအပေါင်းကို မှေ့ပြားရှေ့ပုရပိုက်များဖြင့် လူ့ပြည်လာ သန်းခေါင်စာရင်းကောက်ကြသည့် ပုံများ။

အောက်ဆုံးပထမပစ္စယံ၌ ဘုရားမှုင်သက်တော်ထင်ရှား ရှိစဉ်အခါက တစ်သောင်းသော လောကဓာတ်ရှိ နဂါး၊ ဂဠုန်၊ ကုမ္ဘာန်၊ ယက္ခ၊ ဂန္ဓဗ္ဗ၊ ဓတရဋ္ဌ စသည့် နတ်မင်းကြီးလေးပါး၊ သိကြား၊ ဗြဟ္မာတို့ပါ မဏ္ဍပ်ယာမ်၌ လာရောက်ဖူးမြော်ကာ လိုရာ လိုရာ မရှင်းလင်းရာ ပြဿနာများကို မေးမြန်းလျှောက်ထားသည့် ပုံတို့ကို ပေါ်လျက် မြန်မာနိုင်ငံရှိ မည်သည့်ဘုရားနှင့်မျှ မတူ၊ တမူထူးခြားစွာ တည်ထားကော်ရော် ပူဇော်ထားသည့် အမြင့်ဉာဏ်တော် ၂၄ ပစ္စည်းရည်၍ ၂၄ တောင်၊ ၃၆ ပေအမြင့်ရှိသည့် ပိဋကတ်စေတီတော်နှင့် ဝန်ကြီးချုပ်ဟောင်း ဦးနု-ဒေါ်မြရီတို့မှ တစ်ဆင့် ဂျပန်၊ ထိုင်းနိုင်ငံ၊(ယိုးဒယား) ကမ္ဘောဒီးယား(ကမ်ပူးချား)၊ အိန္ဒိယ၊သီဟိုဠ်(သီရိလင်္ကာ)စသည့် ဗုဒ္ဓဘာသာနိုင်ငံအသီးသီးတို့က လှူဒါန်းအပ်သော ရုပ်ပွားဆင်းတုတော်တို့ကို ကိန်းဝပ်စံပယ်ရာ ဂန္ဓကုဋိတိုက်တော်စသည်တို့ကိုလည်း တစ်နှစ်နှင့် တစ်နှစ်မတူ၊ တစ်မူထူးခြားကြည်ညိုဖွယ်ရာ ဖူးတွေ့မြင်ကြရသည် မဟုတ်တုံလော့။

ကျေးဇူးရှင် တိပိဋက ဓရ ဆရာတော်ဘုရားကြီး၏ သာသနာပြုလုပ်ငန်းကြီးတည်ရာ အနီ့ မိုးမိတ်ကုန်းမြေသည် ယင်းကဲ့သို့ မင်္ဂလာအပေါင်း ခြောင်းစုဝေးတောက်ပထွန်းလင်းသည်သာ မကသေး၊ တောတောင်ရေမြေ သဘာဝရှုခင်းအနေဖြင့်လည်း ဝိဝေကသုံးပါးတို့၏ အခြေ ဒါ ကာယဝိဝေက ဖြစ်သဖြင့် သူတော်ကောင်းစိတ်ဓာတ် ကိန်းဝပ်သူတို့အဖို့ ဤမိုးမိတ်ကုန်းမြေသို့ ရောက်တိုင်း လောကုတ္တရာဘက်သို့ စိတ်စက်ယိုင်ကြရကား "ကျေးဇူးရှင် ဆရာတော်ဘုရားကြီးလို ကိုယ်ကျိုး၊ သူကျိုး နှစ်မျိုးရှိသည့် သာသနာ့လုပ်ငန်းဆောင်တာ ကိစ္စများကို သယ်ပိုးစမ်းပါ၊ ထမ်းဆောင်စမ်းပါ"ဟု မပြောသော်လည်း ပြောသည့်နှယ်၊ မတိုက်တွန်းသော်လည်း တိုက်တွန်းသည့်နှယ် ဖြစ်ပေ၏။ ကိုယ်စိတ်နှစ်ပါး လန်းဆန်းစင်ကြယ် စက္ခုပသာဒအမြင်ဝယ်လည်း အေးမြကြည်လင် အလွန်ပင် သာမောဖွယ်အတိ ရှိဘိ၏။

အနည်းငယ် ရှင်းလင်းရပါမူ—ဤ မိုးမိတ်ကုန်းမြေပေါ်မှ နေထွက်ရာအရပ်သို့ မျက်နှာမူလျှင်ပင် မြစ်ခင်းရေသည် အမြဲတစေ တသွင်သွင်စီးဆင်းနေရကား အမြဲတစေ နုံပျိုနေ၏။ အမြဲတစေ လန်းဆန်းနေ၏။ အမြဲတစေ တက်ကြွနေ၏။ သို့စိတ်မှာ ထင်ဘိ၏။ မြစ်အရှေ့ဘက်ရှိ စိမ်းညို့အုံ့ဆိုင်း မှုန်မှိုင်းပြာရီနေသည့် မန္တလေးတောင်၊ ရှမ်းရိုးမတောင်တန်းကြီးများ၏ အရိပ်မှာ တသွင်သွင်စီးဆင်းနေသော ရေအလျဉ်ဝယ် လာဟပ်သဖြင့် ရေ၏ အရောင်သည်လည်း မြင်သူတို့၏ အပူအညစ်အကြေး အနွမ်းအလျကို တစ်ခဏချင်း ဆေးကြောဘိသို့ အေးမြလှပါ၏။ အနီ့ မြစ်ရေလျဉ်သည်လည်း ရေတက်သည့်အခါတိုင်း ကျောင်းတံတိုင်းခြေသို့ ရောက်ရကား ကျောင်းတိုက်ရှိ ရတနာသုံးပါး

ကို လာရောက်ဦးခိုက်သည့်နှယ်၊ ကျောင်းတိုက်ရှိ မြင်ရ၊ မမြင်ရသည့် အမှိုက်သရိုက်ကို ဆေးကြောသုတ်သင်သည့်နှယ်၊ သံဃာတော်များ၏ သောက်ရေ သုံးရေတည်ရာ မိုးမိတ်ရေကန်ပေါ်မှ ကြည့်လျှင်လည်း ကျောင်းတိုက်ကို အရှေ့ဘက်မှ ကွေ့ပတ်ရစ်ဝိုင်းသည့်နှယ် ရှိဘိ၏။

ရောဝတီမြစ်ရေထဲမှ တစ်ဖန် မိုးမိတ်ကုန်းမြေသို့ ပြန်၍ ကြည့်လျှင်လည်း ကျောင်းတိုက်အနောက်ဘက်ဝယ် စိမ်းစိုအုံ့ဆိုင်း ညို့ညို့မှိုင်းနေသည့် မင်းဝံတောင်ရိုးကြီး၊ မြောက်ဘက်၌ မင်းကွန်းတောင်ရိုး၊ တောင်ဘက်၌ စစ်ကိုင်းတောင်ရိုးဟု တောင်ရိုးကြီး သုံးခုတို့မှာ သာသနာပြု သူတော်ကောင်း ရှင်ရဟန်းအပေါင်းတို့အား ဘေးရန်အပေါင်းကို ကာကွယ်ပေးသည့်နှယ်၊ နိကာယ်ဆောင် သံဃာများ၏ ဇွဲစိတ်ဓာတ်ကို ကျားကန်ပေးသည့်နှယ် ရှည်ရှည်လျားလျား ကြီးမားစွာ တန့်ရပ်တည်နေဘိ၏။

တစ်ဖန် မိုးမိတ်ကုန်းမည်သာ, အောင်မြေဟာပေါ် ရောက်မိလျှင်လည်း အရိပ်ခိုနားဖွယ်ရာ စိမ်းစိုအုံ့ဆိုင်း လန်းဆန်းသည့် သစ်ပင်ပျိုများ၊ ငှက်ပျော, သရက်, မာလကာ စသည့် စားပင်များ၊ စံပယ်, မြတ်လေး, မုလေး, မိုးစွေ, ဇွန်, ဇီဇဝါ, ကံ့ကော်, သရဖီ, ပိတောက်, လုမ္ဗိနီ အင်ကြင်း, နှင်းဆီစသည့် အပွင့်နံ့သာပင်များ၊ သနပ်ခါး၊ စန္ဒကူး၊ ကရမက်စသည့် အခေါက်, အနှစ်နံ့သာပင်များမှာ အညွန့်ကြီးများတလူလူ၊ အရွက်ကြီးများ တဖားဖား၊ အသီးကြီးများက ထွားရှား၊ အပွင့်ကြီးများက ပေါပေါ၊ တကယ့် မဟာဝုန်တောကြီးအတွင်းသို့ ရောက်ရှိသည့်အလား စိတ်မှာထင်မှတ်မှားဘိ၏။

ဟိမဝန္တာတောင်ခြေရှိ မဟာဝုန်တောကြီးအတွင်း၌ လူသူတို့ကို စိုးရွံ့လှသည့် ရွှေပြည်စိုး၊ ကြိုးကြာ၊ ဟင်္သာ၊ ဇီဝဇီဝ၊ ဥဩနှင့် ဥဒေါင်းစသည့် ငှက်အပေါင်းတို့ ချိုမြသောအသံဖြင့် တသောသော, တွန်ကျူး၊ အတောင်များ တဖျပ်ဖျပ်ဖြင့် ပျော်ရွှင်မြူးထူးကြသည်ကို မြင်ရ ကြားရသူတို့အဖို့ သာယာရွှင်လန်း စိတ်လက်ချမ်းသာ မင်္ဂလာ့မင်္ဂလာဖြစ်ဘိသို့။

နိကာယ ပုင်္ဂ နိကာယကေသရီ နိကာယ်ထွတ်ထိပ် နိကာယ်အရာတွင်ပဏ္ဍိတ်တစ်ဆူ ဖြစ်တော်မူသော ကျေးဇူးရှင် တိပိဋကဓရ ဆရာတော်ဘုရားကြီး တည်ထောင်ဖွင့်လှစ်ခဲ့သည့် မဟာဝုန်တောကြီးသဖွယ် တင့်တယ်သာယာ နတ်ဘုံနတ်နန်းကြီးတမျှ ခမ်းနားထည်ဝါလှသည့် မိုးမိတ်ကုန်းမြေရှိ တိပိဋက=နိကာယ ကျောင်းတိုက်ဟူသော အပင်မြင့်ဝယ် ခိုနားကြကာ လူသူအပေါင်းမှ တိတ်ဆိတ်၊ ကိလေသာကိုယ်တွင်းရန်ကို စွမ်းအားရှိသမျှ အံကြိတ်တွန်းလှန်လျက် ခုဒ္ဒကနိကာယ်အပါအဝင် ဝိနည်းအဘိဓမ္မာ၊ သံယုတ်၊ အင်္ဂုတ္တရ၊ ဒီဃ၊ မဇ္ဈိမဟူသော ငါးရပ်သော နိကာယ်တွင် ဆိုင်ရာဆိုင်ရာ နိကာယ်ကျမ်းစာများကို ကျက်ကြ၊ ပြန်ကြ၊ ကြံကြ၊ ကြည့်ကြသည့် နိကာယ်အရှင်တို့၏ သာယာချိုညင်းသော အသံ၊ ဟိတ်ဟန်မပါ=ပကတိဖြူစင်လှသည့် အမူအရာတို့ကို မြင်ရကြားရသူတို့အဖို့ အလွန့်အလွန် သာယာရွှင်လန်း စိတ်လက်ချမ်းသာ မင်္ဂလာ့ မင်္ဂလာအစစ်ဖြစ်ဘိ၏။

ဤကဲ့သို့ နိကာယ်အရှင်မြတ်များ ဝေျာ်ရွှင်စိတ်ချမ်းမြေ့စွာ နိကာယ်ဆိုင်ရာ ကျမ်းစာများကို အေးအေးလူလူ အပူအပင်အကြောင့်အကြမရှိ နိကာယ်စာများ ကျက်နိုင်၊ ကြံနိုင်၊ ပြန်နိုင်၊ ကြည့်နိုင်ကြ၍ ချိုညင်းသာယာ မင်္ဂလာ မင်္ဂလာအစစ်ဖြစ်သော နိကာယ်စာသံကို ကြားနိုင်ကြသည်မှာ ကျေးဇူးရှင် တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ အစောင့်အရှောက် အပြုအစု အယုအယ အကြင်နာ ပို့မှုကြောင့်သာ ဖြစ်၏။ မှန်၏၊ လူ့ဘဝသို့ ရောက်စ နုနယ်သေးကွေးလှသည့် ကလေးသူငယ်များမှာ မိဘစသူတို့ မပြုစု မပျိုးထောင် မစောင့်ရှောက်က ကြာရှည်စွာ အသက်မရှင်နိုင်၊ လျင်မြန်စွာ မကြီးထွားနိုင်သကဲ့သို့တည်း။

ယခုသော်ကား ကျေးဇူးရှင် ဆရာတော်ဘုရားသည် မိမိ၏ အနန္တကျေးဇူးရှင် ဓမ္မနာဒ ပထမတိုက်အုပ် ဆရာတော် အရှင်ပညာစက္ကစသည့် ဆရာကြီးသခင်ကြီးတို့ မိမိအားယုံကြည်ကိုယ်စား စိတ်ချလွှန်း၍ မျက်နှာလွှဲရစ်ခဲ့သော ဓမ္မနာဒတိုက်နေ ညီတော် ဖွား သားတော်ရှင်ရဟန်းများအပေါ်မှာ ကဲ့သို့ပင် နိကာယ် အရှင်တို့အပေါ် အစား အသောက်အရာမှာလည်း ဆွမ်းဟင်းချက်ရာသို့ ကိုယ်တိုင်ကြွရောက်တော် မူ၍ "ယနေ့ ငါ့သားတော်တွေအတွက်ဘာတွေ စီမံထားကြသလဲ၊ ပြကြပါဦး" ဟု မိန့်တော်မူ၍ ကပ္ပိယကာရကတို့ စီမံပြီးသော ဆွမ်း ဟင်း၊ ယင်းဌာနသို့ အလုပ်မအားလင်၍ မကြွရောက်နိုင်သော် နိကာယ်အရှင်များ ဘုဉ်းပေးဆဲဖြစ်သော ဆွမ်းနှင့်ဟင်းကို အလျဉ်းသင့်သလို ကြည့်ရှုတော်မူလျက် မိမိကိုယ်တိုင်ကား တစ်လက်ခုပ်မျှသော ဆွမ်း၊ လက်တစ်လှမ်းသော သင်းကိုဘာ ဘုဉ်းပေးကာ မျှဘောဘ်မူသော်လည်း နိကာယ်အရှင်တို့အတွက်မူ "ဤဟင်းကား ဆီနည်း၏၊ ဤဆွမ်းကားဆန်ကြမ်း၏၊ နောက်ဆိုလျှင် ဆီကိုမျှအောင် ခတ်ပါ၊ ကောင်းသည့်ဆန်ကို ချက်ပါ" စသည်ဖြင့် တစ်မျိုး....

အဝတ်သင်္ကန်းအရာမှာလည်း တစ်နှစ်လျှင် ဝါဆိုဦး တစ်စုံ၊ ဘုရားပွဲတစ်စုံ၊ မွေးနေ့တစ်စုံအားဖြင့် သုံးစုံကျ လှူဒါန်းရာ ဝါဆိုရောက်တိုင်း၊ ဘုရားပွဲ ရောက်တိုင်း၊ မွေးနေ့ရောက်တိုင်း ကပ္ပိယကာရက အမှုဆောင်လူကြီးတို့အား လှူ....မလှူ စေ့စေ့ငငဖြစ် မဖြစ်မေးမြန်း၍ "လှူပါသည် စေ့ငှာပါသည်ဘုရား" ဆိုမှ အားရနှစ်သိမ့်တော်မူ၏။ အကယ်၍များ ကပ္ပိယကာရကအမှုဆောင် လူကြီး တို့က မလှူဖြစ်ခဲ့သော် "ဟာ....ဒီနှစ်ဘော့ တို့များမှာ ကုသိုလ်တွေ တိုးပြန်ပေါ့၊ သင်္ကန်းအလှူကြီးပေးရပြန်ပေါ့" ဟု အားရရွှင်လန်းဝမ်းပန်းတသာ ရှိသမျှ သင်္ကန်းကို လုံလောက်စေ့ငှစွာ ယူလျက် နိကာယ်အရှင်တို့အား လှူဒါန်း၍ တင်ဖို့....

ကျန်းမာရေးနှင့် နိကာယ်အရှင်တို့ သိတင်းသုံးရန် ကျောင်းသခ်မ်းဆေး အရာတွင်လည်း အမြဲဘစေသပ္ပာယဖြစ်-မဖြစ် သတိ မလစ်ရအောင် မေးမြန်း၍ တသွယ်... ဖွယ်ဖွယ်ရာရာ ပိုသည်ထက် ပိုအောင်သာ ပြုစုယုယ သနားကြင်နာတော် မူ၏။

နိကာယ်အရှင်တို့အပေါ် ဘေးအန္တရာယ်များ မကျရောက်ရလေအောင် ဆုံးမ ဟန့်တား ကာကွယ်စောင့်ရှောက်သည့် အရာမှာလည်း ဓမ္မနာဒတိုက်နေ ညီတော် ဖွား သားတော်များ နည်းတူ....

အတ္တာ၁၀ ယဒိ ဝိနိတော၊ နိဇဿံတာ မဟာဇနာ။
ဝိနိတံ ယန္တံသဗ္ဗေပိ၊ ကောတံနာသေယျပဏ္ဍိတော။
အတ္တာ၁၊ မိမိကိုယ်ကိုသာလျှင်။ ယဒိဝိနိတော - အကယ်၍ ဆုံးမအပ်ပြီးပါမူ၊ နိဇဿံတာ-မိမိကိုမှီ၍ နေကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော၊ မဟာဇနာ၊ အောက်လက်ငယ်သားများစွာသော သူတို့သည်၊ ဝိနိတံ - ဆုံးမအပ်ပြီး သူတို့၏ အဖြစ်သို့။ ယန္တံ၊ ရောက်ကုန်၏။ ကောပဏ္ဍိတော၊ အဘယ် ပညာရှိသည်။ တံ၊ ထိုဆုံးမမှုကို။ နာသေယျ၊ ဖျက်ဆီးနိုင်ရာ အံ့နည်းဟူသော နီတိနှင့်အညီ၊ မိမိကိုယ်တိုင် ကျင့်ကြံပြ၍ တစ်မျိုး၊ ရံဖန်ရံခါ ဩဝါဒများပေး၍တစ်ဖုံ၊ အမြဲတမစ မေတ္တာဓာတ်ရောင်ခြည်လွှတ်၍ တစ်သွယ်၊ ဆုံးမဟန်တွား ကာကွယ်စောင့်ရှောက်တော် မူပါပေ၏။

ဆုံးမဟန်တွား၊ ဩဝါဒပေးပုံမှာကား-

ဆရာတော်သည် ဓမ္မနာဒတိုက်အပေါ် မေတ္တာတော် ကြီးမားဘိသကဲ့သို့ နိကာယ်အရှင်တို့၏ အပေါ်လည်း မလျော့ပေ။ မှန်၏။ ဆရာတော်သည် ဓမ္မနာဒမှာသာ ရှိလျှင် နိကာယ်အရှင်တို့ဆီ နံနက်ခင်း ဆွမ်းရေစက်ချ အနုမောဒနာအတွက် ဆရာတော်အား ငံ့ညှာသောအားဖြင့် မပင့်၍ မလာရသော် နေ့လယ်ခင်း၌ ဖြစ်စေ၊ ညနေခင်း၌ ဖြစ်စေ တစ်ချိန်မဟုတ် တစ်ချိန်ဆိုသလို ကြွလာစမြဲပင်။ သို့ကလို တစ်ခေါက်လောက်မျှ မလာရသော် မိမိပြုလုပ်ရမည့် ကိစ္စကြီးတစ်ခု မပြုလုပ်ရသေးဘိအလား စိတ်ထဲမှာ ဟာ၍၊ ဆာ၍ နေဘိ၏။

ရောက်လာပြီးကလည်း နိကာယ်အရှင်တို့၏ ပုံပန်းသဏ္ဍာန်ကိုကြည့် အတွင်းစိတ်ဓာတ်ကိုသိဘိသကဲ့သို့၊ နိကာယ်အရှင်တို့၏ အသံကိုကြား၊ အတွင်းစိတ်ထားကို နားလည်ဘိသို့ ၊နိကာယ်အရှင်တို့ နိကာယ်စာများ ကျက်ရာ၌ သဒ္ဒါလျော့ရဲပုံပေါ်လျှင် အင်္ဂုတ္တိုရ်၊ စတုက္ကနိပါတ်၊ သောတာနုဂတသုတ်ဖြင့်လည်းကောင်း။

ပညာပျော့နဲ့ပုံပေါ်လျှင်လည်း ပညာ၏ အညစ်အကြေး နီဝရဏ ကင်းဝေး၍ စိတ်ဖြူဖွေးအောင် မွေးရပုံကို–

သဗ္ဗပါပဿအကရဏံ၊ ကုသလဿူပသမ္ပဒါ။

သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။ ဟူသော အဆူဆူသော ဘုရားရှင်တို့၏ ဩဝါဒဖြင့်လည်းကောင်း၊

မိုနှင့် ဆောင်းဝယ် ဝီရိယလျော့နည်းပုံပေါ်လျှင် "တပည့်တော် အရှင်ဘုရားတို့ကို ဆန်ကောင်းမှုကပ်တာ၊ အရှင်ဘုရားတို့ ဘုဉ်းပေးတဲ့ဆွမ်း ဆန်ကောင်းတယ်မဟုတ်လား" (မှန်ပါ ကောင်းပါတယ် ဘုရား) "တပည့်တော်ဘက်ကတော့ အရှင်ဘုရားတို့ကို အစားအသောက်တွက် မပူစေရဘူး၊ မပူရအောင်ထားမှာ" ဟု တစ်မျိုး၊

အညာနေအရှိန်ပြင်း၍ ခြစ်ခြစ်တောက် ပူသော နွေရာသီဝယ် ပူလွန်းအိုက်လွန်း၍ ဝီရိယလျော့နည်းပုံ ပေါ်လျှင်လည်း အပြင် ဗဟိဒ္ဓအပူထက် အတွင်းအဇ္ဈတ္တအပူက ပို၍ ပြင်းသဖြင့် အတွင်းအဇ္ဈတ္တအပူငြိမ်းက အပြင် ဗဟိဒ္ဓအပူငြိမ်း၏ ဟူသော အဓိပ္ပာယ်ဖြင့် "တပည့်တော်တော့ အလွန်တရာအေးမြစိမ်းစိုတဲ့ ကြာကန်ကြီးထဲ ဆင်းနေရတယ်လို့

စိတ်က အမြဲထင်ထားတာပဲ''ဟူသော ရန်ကင်းဆရာတော် ဘုရားကြီး၏မူကို နမူနာယူစေလျက်လည်းကောင်း၊

ဘုရားပွဲ စသည့် သမာဓိ ပြန့်ဖွယ်ရာ ပွဲလမ်းသဘင်များ ကျောင်းတိုက်အတွင်း ရောက်ဘော့မည် ဖြစ်လျှင်လည်း မန်လည်ပူဇော်ပွဲတုန်းက ''အမောင်တို့၊ ဘာသာပွဲနှင့် ပူဇော်လိုလျှင်လည်း ပူဇော်ကြပါ၊ တို့ဘော့ မကြည့်ချင်လည်း မျက်နှာလွှဲနေရုံ၊ မကြားချင်လည်း တရားနှလုံးသွင်းနေရုံပဲ'' ဟု မိန့်ကြားခဲ့သော မန်လည် ဆရာတော်ဘုရားကြီး၏ စိတ်ထားကို ထင်ရှားပြလျက်တစ်မျိုး၊

တိုက်တာအပြင် မန္တလေး–ရန်ကုန် စသည်၌ ရှုပ်ရှုပ်ယှက်ယှက်ယောက်ယက်ခတ်နေလျှင်လည်း သမာဓိ မပြန့်လွင့်ရလေအောင် အရှင်ဥပါလိ အမြဲတပ်း ဥဒါန်းကျူးရင့်လေ့ရှိသော....

ဝိနယော အာသယော မယှံ၊ ဝိနယောဌာနစင်္ကမံ။
ကပ္ပေမိ ဝိနယေ ဝါသံ၊ ဝိနယောမမ ဂေါစရော။

ဟူသော ဥဒါန်းနှင့် အရှင်ဥပါလိကို စံထား၍....

နိကာယော အာသယော မယှံ၊ နိကာယော ဌာနစင်္ကမံ။
ကပ္ပေမိ နိကာယေ ဝါသံ၊ နိကာယောမမ ဂေါစရော။

ဟု ဥဒါန်းဘကျူးကျူး ဖြင့် နိကာယ်စာအုပ်ကိုသာ ကျက်ကြရန်နှင့် ဆရာတော်ကိုယ်တိုင်လည်းမန္တလေး-ရန်ကုန်ရှိ တက္ကသိုလ်ကြီးများ မြန်မြန် အခကောင်အထည်ပေါ်ရေးအတွက်....

တက္ကသိုလ် အာသယောမယှံ၊ တက္ကသိုလ်ဌာနစင်္ကမံ။
ကပ္ပေမိ တက္ကသိုလ်ဝါသံ၊ တက္ကသိုလ်မမ ဂေါစရော။

ဟု ဥဒါန်းတကျူးကျူးဖြင့် တက္ကသိုလ်စိတ်သာရှိပုံ၊ အခြားအကြောင်းအရာများ နားမဆံ့အောင်ကြားနေရသော်လည်း ဆရာတော်မှာ ဒီဘက်နားကဝင်၊ ဟိုဘက်နားကထွက် အမှတ်မထား၊အဓိပတိပစ္စည်းမကပ်၊ တက္ကသိုလ်ကြီးများပြီးရေးသာ အဓိပတိပစ္စည်း တပ်၍ ''အရှင်တို့လဲ ကိုယ်ကျက်ရမည့် နိကာယ်စာများမှအပ အခြားအရာများကို အဓိပတိပစ္စည်း မတပ်ကြရန်''မိန့်ကြားလျက်လည်းကောင်း။

သတိဘက်က အားနည်းပုံပေါ်လျှင်လည်း''နိဿယဘာလို့တေးနေသေးလဲ၊ဗိုက်ထဲ ထည့်ပစ်ရောပေါ့ဗျား''ဟုလည်းကောင်း။

သုခေါ ဗုဒ္ဓါန–မုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ။
သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ။

ဟူသော ဓမ္မပဒလာ ဂါထာဖြင့် သုခလေးပါးရှိရာ ပထမသုခနှစ်ပါးမှာ သဗ္ဗညုဘုရားရှင်တို့၏ အရာသာဖြစ်၍ သာဝကတို့၏ အရာဖြစ်သော ဒုတိယသုခနှစ်ပါးတွင်လည်း

သံဃာ၏ သာမဂ္ဂီ (ညီညွတ်မှု) ရှိခြင်းသည် တတိယသုခ (တတိယချမ်းသာ)မည်၍ စတုတ္ထသုခအတွက်မူ သာမဂ္ဂီဖြစ်သော်လည်းတပ(ကိလေသာကိုပူပန်စေတတ်သော အကျင့်(ဝါ)လုံ့လဝီရိယ)ရှိမှ ချမ်းသာနိုင်တာ၊ တပမရှိက မချမ်းသာနိုင် (သာမဂ္ဂီ ဖြစ်သော်လည်း ပေါ့သည်၊ ပေါ့လျော့မေ့မေ့လျော့လျော့နေက စတုတ္ထသုခမရနိုင်ဟူလို)ဟု အလေးအနက်ထား၍လည်းကောင်း။

ဗိုလ်ကြီးငါးပါး၊ အားကြီးငါးတန် ထက်သန်စေရန် နည်းပေးလမ်းညွှန်သွန်သင်ဆုံးမတော်မူ၏။

ဒကာ—ဒကာမတို့နှင့် ပတ်သက်၍လည်း သံသရာအဆက်ဆက်က တော်စပ်ခဲ့သော အမိ၊အဖ၊အစ်ကို၊အစ်မများသဖွယ် သဘောထား၍ ဆက်ဆံသင့်ပုံ၊ သို့သဘောထားရမည်ဟု ဘုရားဟောကျမ်းဂန်ရှိပုံ၊

၎င်းတို့လှူသော လှူဖွယ်ပစ္စည်းများကိုလည်း "မေတ္တာဝိဟာရီ" တေဒဂ်ရ အရှင်သုဘူတိထုံး နှလုံးမူ၍ မေတ္တာရှေ့ထားကာ အလှူခံသင့်ပုံ။

ရလာသောလာဘ်လာဘနှင့် ငွေ့စသည့် အကပ္ပိယဝတ္ထုများကိုလည်း မသိမ်းဆည်းသင့်ပုံ၊ သိမ်းဆည်းက အဆိပ်ပြင်းသော မြွေမမာ အဆိပ်သင့်တတ်ပုံတို့ကို ဘုရားရှင်က ရှင်အာနန္ဒာအား မိန့်တော်မူသည့် စကားအတ္ထုပ္ပတ်ကို အကျယ်တဝင့် ဟောကြားလျက် သီတင်းသုံးဖော် အလှူခံပုဂ္ဂိုလ်ဟူသောဘဏ်တိုက်ကြီး,ကျောက်ဂူကြီးများ၌လည်းကောင်း၊ အမိအဖ အလှူခံပုဂ္ဂိုလ်ဟူသော ဘဏ်တိုက်ကြီး, ကျောက်ဂူကြီးများ၌ လည်းကောင်း၊ အခြား စာသင်ကျောင်းစသည့် ပညာသံဝေဂ္ဂနိက ဖြစ်မည့် ကောင်းမှုများ၌လည်းကောင်း မြှုပ်နှံသင့်အောင် ပေးလှူထောက်ပံ့သောအားဖြင့် သိမ်းဆည်းထားသင့်ပုံ ဩဝါဒဖြင့်လည်းကောင်း ရောက်လာမည့် ဘေးအန္တရာယ်များမှ ဟန့်တား ကာကွယ် စောင့်ရှောက်တော်မူပေ၏။

အကယ်၍ နိကာယ်အရှင်များ သဒ္ဓါစသော ဗိုလ်ကြီးငါးပါး၊ အားကြီးငါးတန် ခြံရံလျက် မြူးထူးပျော်ရွှင်တက်ကြွစွာပင်နိကာယ်ကမ္မဋ္ဌာနများ ကျက်သံကို ကြားကလည်း နိကာယ်အရှင်တို့အပေါ် ကြည်ညိုလွန်း၍ လက်အုပ်လေးဝချီချီဖြင့် သာဓုအကြိမ်ကြိမ် ခေါ်ကာ မည်သည့် ဩဝါဒမျှမပေးဘဲ အသာအယာ ဓမ္မနာဒသို့ ပြန်ကြွမြဲဖြစ်၏။

ဤကဲ့သို့ ဆရာတော်ဘုရား ဩဝါဒမပေးဘဲ ပြန်ကြွတော်မူသော်လည်း ဆရာတော် ဓမ္မနာဒတိုက်မှာပင် စိတ်ချမ်းသာကိုယ်ကျန်းမာစွာ သီတင်းသုံးလျက်ရှိက ဘေးအန္တရာယ်ထူပြောလှသည့် ဘောကြီးမျက်မည်းထဲဝယ် အနားမှာဖခင်ရှိသော သားငယ်ကဲ့သို့နိကာယ်အရှင်များမှာ တို့အနား ဖခင်ကြီးရှိပေသည်'ဟုဝမ်းမြောက်လွန်ကဲတအားတက်ကြွစမြဲပင်။ အကယ်၍ ဆရာတော်ဘုရား ကျန်းမာရေးကောင်းသဖြင့် နိကာယ်တိုက်စနေ်း ကြွမြန်းလာပါမူ နိကာယ်အရှင်တို့မှာ စာကျက်ရသည့် အမောအပန်း အနွမ်းအလျ ပြေပျောက်၊ မဥ္ဇူသကနတ်ပန်း ရောက်လာဘိသို့ ပို၍ပို၍ ဝမ်းမြောက်လွန်ကျူး "တို့ဆရာတော်

ကျွန်းမာရေးကောင်းပေသည်''ဟု ပီတိအထူးကို ခံစားကြည်နူးကြရ၍ ထို့ထက်လွန်စွာ ဩဝါဒကထာ စကားချီးမြှင့် မိန့်ကြားပါမူကား ဆိုဖွယ်ရာပင်မရှိတော့ပေ။ အလွန်အလွန် အတိုင်းထက်အလွန် ဝေစွန်ထက်ဖျားက နတ်သုဒ္ဓါ ဆေးဝါး စားသောက်လိုက်ရဘိသို့ ဝမ်းမြောက်လွန်ကျူး ပီတိအထူးကို ခံစားရွှင်မြူးကြရသည်သာ။

ယနေ့အဖို့ကား နိကာယ်အရှင်တို့မှာ ဝမ်းမြောက်ပြီ ယင်း ဝမ်းမြောက်ရယင်း၊ ပီတိအထူးကို ခံစားကြည်နူးပြီးယင်း ကြည်နူးရယင်း၊ ရွှင်မြူးပြီးယင်း ရွှင်မြူးရယင်းပင်။ အဘယ်ကြောင့်ဆိုသော် နံနက်ခင်းကလည်း ဆရာတော်ဘုရား၊ ဆွမ်းအနုမောဒနာအတွက် ကြွလာပြီးဖြစ်၏။ ယခုညနေလည်း ဆရာတော်ဘုရား ရောက်ရှိနေသည်မဟုတ်ပါလား။ ဆရာတော်ဘုရား၏ အချက်ပေးခေါင်းသံကြားရပါပြီကော၊ ယင်းအချက်ပေး သံသည် နိကာယ်အရှင်တို့အဖို့ ဘယ်တော့မျှ နားဝမငြီးနိုင်သော ချိုသာအေးမြလှသည့် နတ်စောင်း သံပင်။ တစ်နည်းဆိုရသော် သားတော်တွေအတွက် ရွှေအဆင်း ဝါဝင်းသောရွှေကရဝိက် ငှက်မင်းကြီး၏ အတောင်ခတ် အချက်ပေးသံပင်။ ထင်ရှားစေပါဦးမည်။ မိခင်ကြက်မ ကြီး၏ သားငယ်တွေအတွက် အတောင်ခတ်ရာ၌(၁)အစာအတွက်သော် လည်းကောင်း၊ (၂)သိန်းစွန်စသည့် ဘေးရန်မြင်၍ သော်လည်းကောင်း၊ (၃)တစ်နေ့တာကုန်ဆုံး၍ ညနေချမ်း အိပ်တန်းတက်ရန်အတွက် သော်လည်းကောင်းဟု သုံးမျိုးရှိသကဲ့သို့ ဆရာတော် ဘုရားတည်းဟူသော ရွှေကရဝိက် ငှက်မင်းကြီး၏ အတောင်ခတ် အချက်ပေးသံမှာလည်း (၁)နံနက်အရုဏ်ဆွမ်း-နေ့ဆွမ်းဟု ဆွမ်းစားအတွက်သော်လည်းကောင်း၊ (၂)ဆရာတော် ဩဝါဒပေးလို၊ အခြား သံဃကိစ္စ ဆောင်ရွက်လို၍သော်လည်းကောင်း၊ (၃)တစ်နေ့တာ ကုန်ခန်းသည့် ညနေချမ်းဝယ် ညီညာဖြဖြသမဂ္ဂဖြစ်စွာ ဘုရားဝတ်ပြုကြရန်အတွက် သော် လည်းကောင်းဟု ယေဘုယျအားဖြင့် သုံးမျိုးပင်ရှိ၏။

ယခု အချက်ပေးသံကား ဆွမ်းစားအတွက် ဘုရားဝတ်ပြုအတွက် သတ်မှတ်ပေး ထားသော အချိန်မဟုတ်ပါလသောကြောင့် ဆရာတော် ဩဝါဒပေးလို သို့မဟုတ် အခြား သံဃကိစ္စ ဆောင်ရွက်လို၍ အချက်ပေးသံမှတစ်ပါး အခြားမဖြစ်နိုင်ပါပြီ။ အချက်ပေး သည်နှင့်တစ်ပြိုင်နက်ယေဘုယျအားဖြင့် လူဝင်တံခါးမကြီးများပိတ်ကြလျက်ချိုညင်းသော အသံဖြင့် စာကျက် စာပြန် စာကြံ စာကြည့်နေကြ၍ သံဃာရှိဟု ထင်ရသော မိုးမိတ် ကုန်းမြေကျောင်းတိုက်ကြီးကို ဆရာတော်ထံ ရှေးရှုကြွကြသောနိကာယ်သံဃာများဖြင့်သာ ဝါလျက်ဝင်းလျက် တစ်တိုက်လုံး ပြည့်နှက်လျက်သာ ရှိချေတော့သည်တကား။

သံဃာတော်များ စုံပြီဆိုလျှင်ပင် ဆရာတော် ဘုရားတည်းဟူသော ရွှေကရဝိက် ငှက်မင်းသည် 'သတ္တိ မေ ဘန္တေ ဓမ္မာဘိက္ခုနော အပရိဟာနာယ သံဝတ္တန္တိကတမေသတ္တ သတ္ထုဂါရဝတာ ဓမ္မဂါရဝတာ သံဃဂါရဝတာ သိက္ခာဂါရဝတာ သမာဓိဂါရဝတာ အပ္ပမာဒဂါရဝ တာ ပဋိသန္ထာရဂါရဝတာ' အစရှိသည်ဖြင့် အင်္ဂုတ္တိုရ်၊ သတ္တက နိပါတ် အပ္ပမာဒဂါရဝသုတ်လာ ဘုရား တရား သံဃာ သိက္ခာ သမာဓိ ပဋိသန္ထာရအပ္ပမာဒ တရားတို့၌ ဟန်ပန်မဟုတ်၊ စိတ်ယုတ်မမွေး အလေးသမှုဂရုဂါရဝ လွန်ကဲလှသည့်အတိုင်း သံဃာအားလက်အုပ်ချီခြင်း စသည့် ဂရုဂါရဝများ—

'ခြေသုတ်ပုဆိုး၊ မြေ့စွယ်ကျိုးတည့်၊ ချိုကျိုးနွားလား'စသည့် ယင်းအင်္ဂုတ္တိုရ်နဝကနိပါတ် သီဟနာဒသုတ်လာ ရှင်သာရိပုတ္တရာကဲ့သို့နှိမ့်ချသောစိတ်များ ထားလျက်....

လက်နှစ်ဘက်ခြေနှစ်ဘက် ပါးစပ်အားဖြင့် ခံတွင်းငါးခုရှိသောကြောင့်''ပဥ္စ'' မည်သောခြင်္သေ့မင်း(ခါန်-တိဋ္ဌိ)ကဲ့သို့ နိကာယ်ငါးရပ်ဟူသော ခံတွင်းငါးခုရှိ၍ နိကာယကောသရိအမည်နှင့် လိုက်လျောညီထွေ ရဲရင့်ပြတ်သားသော ခြင်္သေ့မင်းတို့၏လေ....

ကရဝိက်ငှက်မင်းတို့၏ ပကတိချိုသာအေးမြကြည်လင် အောင်မြင် ခန့်ညားလုံးဝန်းနက်နဲသော အသံတော်များဖြင့်....

ဦးပဥ္စင်းတို့....ဂုဏ်နှင့်ခြပ် ဟပ်အောင်နေကြ
ဂုဏ်နှင့်ခြပ် ဟပ်အောင်နေကြ
ဂုဏ်နှင့်ခြပ် ဟပ်အောင် နေကြ''ဟု လေးနက်သြဝါဒ စကားအထူးကျူးရင့်တော်မူတတ်လေသည်။

ဆရာဘော်ဘုရား၏ ယင်းသြဝါဒစကား အထူးကျူးရင့်သံကိုကြားနာကြရသည့် နိကာယ် သံဃာအပေါင်း သူတော်ကောင်းတို့၏ ရင်တွင်းမှ ဖြစ်ပေါ်လာသော ပီတိအဟုန်ကို မျိုသိပ်ခိုလှုံခွင့်ပေးရန် မစွမ်းနိုင်ရကား....

သာဓု....သာဓု....သာဓုဟု ဥဒါန်းသတော ညီညာသောအသံဖြင့် အချိန်းအချက်မရှိဘဲ ကျူးရင့်လိုက်သော ကောင်းချီးပေးသံ သာခုသံသည် မိုးမိတ်ကုန်းမြေတွင်သာမက တစ်တောလုံးတစ်တောင်လုံး ပဲ့တင်ထပ်၍စကြဝဠာတစ်ခုလုံးသို့ပင် ပျံ့နှံ့ခဲ့လေယောင်တစ်ကား။

ယင်းဆရာတော်ဘုရား၏ သြဝါဒကို နာကြားကြရသော နိကာယ်အရှင်တို့အဖို့ တစ်ကြိမ်မှတ်ရလျှင် လေးလမှအသံစဲသော သိကြားမင်း၏ဝိဇယုတ္တရခရုသင်းသံကို ကြားလိုက်ရဘိသို့လည်းကောင်း၊ တစ်ဆယ့်နှစ် ယူဇနာ အကျယ်ရှိသော ဗာရဏသီပြည်လုံး ချဉ်းအောင် တသင်းသင်းတကြိုင်ကြိုင်တလှိုင်လှိုင် ဘပျံ့ပျံ့တနံ့နံ့တအေးအေး မွှေးကြူစေနိုင်သော ကက္ကရုမည်ဆန်း မဥ္ဇူသကနတ်ပန်းကို နမ်းရှုလိုက်ရဘိသို့လည်းကောင်း၊ တစ်ကြိမ်မျှ သုံးဆောင်ရလျှင် ကာလအဓွန့်ရှည်စွာ ဆာလောင်မွတ်သိပ်ခြင်းကို ငြိမ်းအေးစေနိုင်သော နတ်သုဒ္ဓါဘောဇဉ်ကို လျှာပေါ်တင်လိုက်ရဘိသို့ လည်းကောင်း ရင်တွင်းဝယ် တဖွားဖွား ဖြစ်ပေါ်နေသည့် အလွန့်အလွန် ရွှင်လန်းဝမ်းမြောက် ကြည်နူးမှုသည်ကား နောက်ဆုံးစိတ္တက္ခဏသို့ပင် တိုင်လိမ့်မည်ထင့်....

ပသို့ပင်ဆိုစေ ဦးပဥ္စင်းအဖို့မှာကား ယင်းရွှင်လန်းဝမ်းမြောက်ကြည်နူးမှုအပေါ် ထပ်ဆင့်၍ ဆရာတော်ဘုရား၏ ခွင့်ပြုချက်အရ ဆရာတော်ဘုရားအား ဦးချ၊ မိမိတို့ဆိုင်ရာကျောင်းသင်္ခမ်းသို့ ကြွရောက်ကြလျက် မည့် သောင်းသောင်း သဲညောင်းညောင်းနှင့် နတ်စောင်းတမျှ ချိုသာလှသည့် နိကာယ်အရှင်တို့၏ အသံကိုကြားရပြန်သော် သံတိုသံရှည်မသိ၊ ကာရန်က မမိ တမိ၊မထိတထိသော စည်းကမ်းစဉ်လာ၊ မငြိတငြိသောအလင်္ကာများဖြင့် ကြည်နူးမှု စိတ်ဓာတ်နှိုးဆော်၍ ရင်တွင်းမှ ဥဒါန်းစကား ကျူးမိပြန်သည်ကား....

မင်္ဂလာချက်ဗွေ၊ လက်လက်စေတည့်၊ ခတ်မွေပါဒါ၊ စေတီယာတို့၊ ရောမြစ်ပျို၊ စိမ်းညိုညိုလျှင်၊ စီးယိုရစ်ဝိုင်း၊ တောင်လုံးမှိုင်းလျက်၊ အုံ့ဆိုင်းရွက်ချပ်၊ ပွင့်ချင်းထပ်ရာ၊ စံရပ်သွယ်သွယ်၊ သာမောဖွယ်တည့်၊ နိကာယ်ထွတ်ထိပ်၊ ထေရ်ပဏ္ဍိတ်၏၊ မိုးမိတ်ခည်ချင့်၊ ပင်နန်းမြင့်ဝယ်၊ နားလင့်ကြိုးကြာ၊ ဝိနယာနှင့်၊ ဟသ်ာဘိဓမ္မ၊ သံယုတ္တမူ၊ ရွှေ(၀)ပြည်စိုး၊ ဇိဝဇိုးကား၊ လွန်ကြိုးအင်္ဂါ၊ မဇ္ဈိမ လျှင်၊ ဒီဃာဉာဉ်၊ ဥဒေါင်းနွှော၍၊ သောသောတွန်ကျူး ပျော်ရွှင်မြူးကာ၊ နိဗ္ဗူရှာသည်....

မင်္ဂလာချက်ဗွေ သာတကား....။
ရှင်မဟာခက်ဝေ ပါတကား....။
ပညာထက်လေ ရာတကား....။

အရှင်ကောမုဒိကာလင်္ကာရ(နတ်မောက်)
တိပိဋကနိကာယ၊ မိုးမိတ်

# သာသနာတော်ကြီး အရှည်တည်တံ့ခိုင်မြဲစေလိုလျှင်

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု ဤကား ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တိုင်း ဖတ်နေ ရွတ်နေကြသည့် စာပိုဒ်ကလေးဖြစ်ပါသည်။

သာသနာတော်ကို တည်တံ့ခိုင်မြဲစေလိုသော ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့သည် အထက်ပါ စာပိုဒ်ကလေးကို ပေါ့ပေါ့ဆန်ဆန် ဖတ်ရုံ ရွတ်ရုံမျှမဟုတ်ဘဲ ဘုရားရှင်၏ သာသနာတော်ကို ယုံကြည်လေးစား အမြတ်ထားသောအားဖြင့် လေးလေးနက်နက် နှလုံးသွင်းဖို့ လိုပေသည်။ လေးလေးနက်နက် နှလုံးသွင်းရုံ ဖတ်ရုံဖြင့်သာ နှစ်သက်ဝမ်းမြောက်မနေကြဘဲ မိမိတို့ကိုယ်တိုင်က လိုက်နာကြိုးကုတ် အားထုတ်ပြီး ဆောင်ရွက်ကြဖို့ အထူးလိုအပ်လှပေသည်။

မည်ကဲ့သို့ ဆောင်ရွက်ကြမည်နည်း။ ဘုရားရှင်၏ သာသနာတော်ကြီး ကာလကြာရှည်တည်တံ့ ခိုင်မြဲအောင် ဆောင်ရွက်ရန် သာသနယုတ္တိ လောကယုတ္တိသာဓက နည်းလမ်းမှန်တွေ များစွာရှိပါသည်။

## သာသနယုတ္တိ

ဒီဃနိကာယ် မဟာဝါပါဠိ မဟာပရိနိဗ္ဗာနသုတ်၌ ဘုရားရှင်သည် အရှင်အာနန္ဒာ မထေရ်မြတ်အား ဝေသာလီပြည်၌ သီတင်းသုံး နေထိုင်တော်မူကြကုန်သော ရဟန်းအပေါင်းတို့အား အညီအညွတ်စည်းဝေးစေ၍ ထိုရဟန်းအစည်းအဝေး၌ သာသနာတော်ကြီးတည်တံ့ခိုင်မြဲရန် အောက်ပါအတိုင်း ဟောကြားမိန့်မှာထားခဲ့ပါသည်။

''တသ္မာ တိဟ ဘိက္ခဝေ ယေတေ မယာ ဓမ္မာ အဘိညာ ဒေသိတာ။ တေ ဝေါ သာဓုကံ ဥဂ္ဂဟေတွာ အာသေဝိတဗ္ဗာ ဘာဝေတဗ္ဗာ ဗဟုလီကာတဗ္ဗာ။ ယထယိဒံ ဗြဟ္မစရိယံ အဒ္ဓနိယံ အဿ စိရဋ္ဌိတိကံ။ တဒဿ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ ကတမေ စ တေ ဘိက္ခဝေ ဓမ္မာ မယာ အဘိညာ ဒေသိတာ။ သေယျထိဒံ။ စတ္တာရော သတိပဋ္ဌာနာ(ပ) အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။'' (လိုရင်းအကျဉ်းချုပ်ကား ဗောဓိပက္ခိယတရား ၃၇-ပါးတို့တည်း။)

ဤ မဟာဝါပါဠိကို ထောက်ရှုသော့အားဖြင့် ဘုရားရှင်သည် ရဟန်းအပေါင်း တို့အား သာသနာတော်တည်တံ့ခိုင်မြဲစေရန် ဘုရားရှင် ဟောကြားထားသော တရား တော်ကို ဖတ်ရုံ ကြည့်ရုံမျှမဟုတ်ဘဲ မိမိတို့ကိုယ်တိုင် ယုံကြည်လေးစား အမြတ်ထား၍ ကောင်းမွန်စွာသင်ယူ မှီဝဲပွားများအပ်ပေသည်။ အဖန်တလဲလဲ လုံ့လကြိုးကုတ်အားထုတ် အပ်ပေသည်။ ထိုသို့ လုံ့လကြိုးကုတ် အားထုတ်မှသာ သာသနာတော်ကြီး တည်တံ့ခိုင်မြဲ မည်ဖြစ်သည်။ ထိုသို့ တည်တံ့ခိုင်မြဲမှသည်း နတ်လူတို့၏အကျိုးစီးပွားချမ်းသာအကျိုးငှာ ဖြစ်မည်။

ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ဥပါသိကာဟုဆိုအပ်သော ပရိသတ်လေးပါးတို့သည် ခမ္မာနု ဓမ္မပ္ပဋိပန္နာဟု ဆိုအပ်သော လောကုတ္တရာတရားကိုးပါးအား လျော်သောတရားကို ကျင့်မှမြတ်စွာဘုရားရှင်ကို မွန်မြတ်သော ပူဇာသက္ကာရဖြင့် ရိုသေလေးစားရာရောက်သည်၊ မြတ်နိုးပူဇော်ရာရောက်သည်၊ ဘုရားရှင်ကို ချီးမြှောက်ရာရောက်သည်ဟု ဟောကြားထား ပါသည်။

. ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် အရှင်မဟာကဿပ အမှူးရှိသော တစ်ပါးလျော့ ငါးရာသော မထေရ်မြတ်တို့သည် သာသနာတော် တည်တံ့ခိုင်မြဲရေး အတွက် ဘုရားရှင် ဟောကြားတော်မူသော ပါဠိတော်များကို ပထမသင်္ဂါယနာတင်တော် မူခဲ့ပါသည်။ ထိုမှ နောက်၌ ဆက်လက်ပြီး သင်္ဂါယနာတင်လာခဲ့သည်မှာ ဆဋ္ဌမမြောက် သင်္ဂါယနာသို့တိုင်အောင် ရောက်ရှိလာခဲ့ပါသည်။ ထိုဆဋ္ဌမူ ပိဋကတ် စာပေများတည်ရှိ နေခြင်းသည်လည်း သာသနာဘော်တည်တံ့ခိုင်မြဲခြင်း၏ ပထမမူလအကြောင်းရင်းတစ်ရပ် ဖြစ်ခဲ့ပေသည်။

## လောကယုတ္တိ သာဓကအားဖြင့်

'သာသနဿ ဋ္ဌိတိယာ ပရိယတ္တိပမာဏံ''ဟု ဆိုသည့်အတိုင်း သာသနာတော်တွင်း စာသင်တိုက်ကြီးများ၌ရဟန်းသာမဏေများသည် ဘုရားရှင်ဟောကြားထားသည့် ပိဋကတ် စာပေများကို သင်ကြားပို့ချ သင်အံခလေ့ကျက် လုံ့လကြိုးကုတ် အားထုတ်နေခြင်းသည် လည်း သာသနာတော် တည်တံ့ခိုင်မြဲရေး၏ ဒုတိယမူလ အကြောင်းတစ်ရပ်ပင် ဖြစ်ပါ သည်။

သာသနာတော် စည်ပင်ပြန့်ပွား တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်နေသည့် နေရာတွင် စာရေးသူတို့၏ကျေးဇူးရှင် ဖခင်ကြီးသဖွယ် ဖြစ်တော်မူသော တိပိဋကဓမ္မ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ အရှင်ဝိစိတ္တ- သာရာဘိဝံသ ဆရာတော်ဘုရားကြီးကိုလည်း မျက်မှောက်သာဓကအားဖြင့် ထုတ်ဆောင် ပြရမည်ဖြစ်ပေသည်။

ဆရာတော်ဘုရားကြီးသည် သာသနာ့ကိစ္စကို ဆောင်ရွက်ရေးအတွက် အသက်နှင့် ခန္ဓာကိုယ်ကို ရတနာသုံးပါးအား ယာဝဇီဝ အသက်ရှည်သမျှကာလပတ်လုံး စွန့်လွှတ်ထား

ပြီးဖြစ်ပါသည်။ ထို့ကြောင့် အသက်နှင့်ခန္ဓာကိုယ်ကို ပမာဏမထားဘဲ ဘုရားရှင်၏ သာသနာတော် တည်တံ့ခိုင်မြဲရေးအတွက် နေ့နေ့ညည လုံ့လကြိုးကုတ် အားထုတ်ဆောင် ရွက်နေသည်မှာ အစ္ဆရိယ အဗ္ဘုတ ချီးမွမ်း အံ့သြစရာ ကောင်းသထက် ကောင်းလှပါပေ သည်။

ဆရာတော် ဘုရားကြီးသည် မိမိကဲ့သို့ တိပိဋကဓရဓာတ်ဆိပ်တော်ရ သာသနာ့အာဇာ နည် ရဟန်းတော်များ ပေါ်ထွက်ရေးအတွက် မိမိ၏ တရားသဖြင့် ရအပ်သော ဓမ္မိယလဒ္ဒ ပစ္စည်း အာပိသကို မ တည်ကာ မိုးမိတ်ကုန်းမြေရှိ တိပိဋကနိကာယကျောင်းတိုက်ကြီးကို တည်ထောင်ပြီး ဖြစ်ပါသည်။ ထိုကျောင်းတိုက်ကြီးသည် ယခုအခါတွင် သောတုဇန စာသင်သား ရဟန်းသံဃာများ ပြည့်စုံစွာဖြင့် သာသနာ့အရောင်အဝါ ထွန်းလင်း တောက်ပလျက်ရှိပေသည်။ ဆရာတော်ဘုရားကြီး ရည်ရွယ်ထားသည့်အတိုင်း ကျောင်း တိုက်ကြီး၏ ခုနစ်နှစ် သက်တမ်းကာလအတွင်း ဒွိပိဋကဓရ ပိဋကတ်နှစ်ပုံဆောင် တစ်ပါး၊ တစ်ပုံခွဲ၊ တစ်ပုံဆောင် သာသနာ့အာဇာနည် ပုဂ္ဂိုလ် ၁၀-ပါးသည်ပင် ပေါ်ထွက်နေပြီ ဖြစ်ပါသည်။ ရှေ့ဆက်ပြီး တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်များဖြစ်ထွန်း ပေါ်ပေါက်လာမည်မှာ မုချကေန် အမှန်ပင်ဖြစ်ပေသည်။

ဆရာတော်ဘုရားကြီးသည် တိပိဋကနိကာယကျောင်းတိုက်ကြီးကို တည်ထောင်ပြီး ရုံနှင့် အားရကျေနပ်နှစ်သိမ့်၍ နေတော်မမူပါ။ ကမ္ဘာပေါ်တွင် လနှင့်နေတည်းဟူသော အရောင်အလင်းရှိမှ တင့်တယ်ပြည့်စုံမှုရှိသလို ဘုရားရှင်၏သာသနာတော်တွင်လည်း လနှင့် နေပမာကဲ့သို့ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများရှိမှ တင့်တယ် ပြည့်စုံ မည်ကို လည်း သိပြီးဖြစ်ပါသည်။ ထို့ကြောင့် ဂိုဏ်းပေါင်းစုံ သံဃာအစည်းအဝေးကြီးမှ ချမှတ် ပေး ထားသည့်နည်းလမ်းအတိုင်း ရန်ကုန်မြို့နှင့်မန္တလေးမြို့တွင် ပရိယတ္တိ သာသနာ့ တက္ကသိုလ် ကြီးနှစ်ခု ပေါ်ပေါက်လာရေးအတွက် တရားဒေသနာများဟောကြားကာ သာသနာ ရေးလုပ်ငန်းကို ဆောင်ရွက်နေသည်မှာ ချီးမွမ်းစရာကောင်းလှပါပေသည်။

ရန်ကုန်မြို့နှင့်မန္တလေးမြို့တွင် ဖြစ်ထွန်းပေါ်ပေါက်လာမည့် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး များသည် လမင်းကြီးနှင့်နေမင်းကြီးလို့ဆိုလျှင်လည်း မှားမည်မထင်ပါ။ သာသနာတော်ကြီးတွင် ထိုလနေတည်းဟူသော ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ အရောင်အလင်းသည် ပေါ်ထွန်းလာရန် တာစူနေပြီဖြစ်ပေသည်။ မကြာမီကာလအတွင်း၌ပင် ပေါ်ထွန်းလာပေတော့မည်။ ဖြစ်ထွန်းပေါ်ပေါက်လာသည့် ထိုတက္ကသိုလ်ကြီးများ၏ အရောင်အလင်းကို မှိန်မသွားစေရန် ဆက်လက်တည်တံ့ပြီး တောက်ပ သည် ထက် တောက်ပအောင် ဆောင်ရွက်သွားဖို့ အထူးလိုအပ်လှပေသည်။

ဆရာတော်ဘုရားကြီး၏ သာသနာရေး ဆောင်ရွက်မှုသည် မြန်မာပြည် သာမက ဗုဒ္ဓဘာသာဖြစ်ထွန်းနေသည့် အခြားနိုင်ငံများကပါသိပြီး ထင်ရှားပြီးဖြစ်ပါသည်။ ဆရာ တော်ဘုရားသည် လောကီလူမှုရေးရာတွင်လည်း မဖွံ့ဖြိုးသေးသည့် ဒေသများ၌ တိုက် နယ်ဆေးရုံများနှင့် မူလတန်းကျောင်းများကို ဖြစ်မြောက်အောင် ဆောင်ရွက်လျက်ရှိပါ သည်။ အချိန်အခါကာလအားလျော်စွာ သက်ကြီးရွယ်အို အဘိုးအဘွား တို့ကို လည်း

စွန့်ကြဲပေးကမ်းလှူဒါန်းလေ့ရှိပေါသည်။ ပစ္ဆိမဇနနောက်လူတို့ကလည်း ဆရာတော်ဘုရားကြီး၏ သာသနာရေး လူမှုရေးဆောင်ရွက်မှုကို အတုယူရပါမည်။

သာသနာတော်ကြီး ဟည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရာတွင် သာသနာ့ဝန်ထမ်းရဟန်းသံဃာများနှင့်သာ သက်ဆိုင်သည်မဟုတ်ပဲ-

ဈာန ခေါ် အာနန္ဒ ဘိက္ခု ဝါ ဘိက္ခုနီဝါ ဥပါသကော ဝါ ဥပါသိကာ ဝါ ဓမ္မာနု ဓမ္မပ္ပဋိပန္နော ဝိဟရတိ သာမီစိပ္ပဋိပန္နော အနုဓမ္မစာရီ၊ သော တထာဂတံ သက္ကရောတိ ဂရုံကရောတိ မာနေတိ ပူဇေတိ အပစိယတိ ပရမာယ ပူဇာယ-ဟူသော မဟာဝါ ပရိနိဗ္ဗာနသုတ်ပါဠိတော်အရ-ရဟန်းရှင် လူဒကာဒကာမအပေါင်း အားလုံးတို့နှင့်လည်း သက်ဆိုင်ပါသည်။

ထို့ကြောင့် ရဟန်းရှင်လူဒကာဒကာမအပေါင်းတို့က ဘုရားရှင်ဟောမြွက် ထားသည့်အတိုင်း လိုက်နာကျင့်သုံး အားထုတ်ဖို့လိုပေသည်။ ထိုသို့လိုက်နာကျင့်သုံးအားထုတ်မှသာ သာသနာတော်ကြီး အနှစ်ငါးထောင်မက အရှည်တည်တံ့ခိုင်မြဲမည်မှာ သေချာပေမည်။

နိုင်ငံတော်အစိုးရသည် တိပိဋကဓရစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲ များကိုသာ ကျင်းပပေးရုံသာမက သာသနာတော် စည်ပင်ပြန့်ပွားတည်တံ့ ခိုင်မြဲရေး အတွက် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကို ဖွဲ့စည်းပေးခဲ့ပါသည်။ ထိုသံဃာ့အစည်းအဝေးကြီး ထမြောက်အောင်မြင်သည့် အထိမ်းအမှတ်အနေဖြင့် "မဟာဝိဇယ" စေတီတော်ကြီးကို တည်ဆောက်လှူဒါန်းခြင်းသည်လည်း အမိနိုင်ငံ၏သာသနာတော် စည်ပင် ပြန့်ပွားတည်တံ့ရေးတွင် အကြောင်းတစ်ရပ်ဖြစ်ပါသည်။

ဤသည်ကိုထောက်ရှုသောအားဖြင့် နိုင်ငံတော်အစိုးရသည် ပြည်ထဲရေး ကိစ္စသာမက သာသနာတော်ကို လျစ်လျူရှု၍ မထားဘဲ သာသနာတော်ကြီးစည်ပင်ပြန့်ပွားတည်တံ့ရေးအတွက် အစဉ်ထာဝရ ကူညီထောက်ပံ့နေသည်မှာ ထင်ရှား လှပေ သည်။ ပြည်သူလူထုတို့သည် ဘုရားရှင်၏ သာသနာတော်ကို ယုံကြည်လေးစား အမြတ်ထား၍ အနယ်နယ်အရပ်ရပ်မှ ဝတ္ထုငွေများလှူဒါန်းနေခြင်းသည် သာသနာတော် စည်ပင်ပြန့်ပွားတည်တံ့ရေး၏ အကြောင်းတစ်ရပ် ဖြစ်ခြင်းကြောင့် ပတ္တာနုမောဒန - သာဓုအနုမောဒနာခေါ်ရပေသည်။

သာသနာတော်ကြီး တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက် အားထုတ် နေသည့် ပုဂ္ဂိုလ်များတွင် အထူးကုဆရာဝန်ကြီး ဝဏ္ဏကျော်ထင်ဦးသာလှ ဦးဆောင် နေ သည့် တိပိဋကနိကာယသာသနာပြုအဖွဲ့ကြီးမှ ပုဂ္ဂိုလ်များကို ချန်လှပ်ထား၍မရပါ။ ဆရာတော်ဘုရားကြီးသည်ဒုက္ခဋ္ဌိမ်းအေးရာခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ မိမိတစ်ပါးတည်း သွားနိုင်ပါသော်သည်း မသွားဘဲ၊ မိမိ၏ ဒကာဒကာမအပေါင်း သူတော် ကောင်း တို့ကို တစ်ပါတည်းခေါ်ဆောင်လို ပို့ဆောင်လိုသော မွန်မြတ်သောစေတနာတရား ထားလျက်ရှိဘော်မူပါသည်။

ထိုသိုသော စေတနာမေတ္တာတရားဖြင့်ပင် ဉက္ကဋ္ဌဦးသာလှ ဦး ဆောင် သော တိပိဋကနိကာယ သာသနာပြုအဖွဲ့ကြီးအား သာသနာတော် စည်ပင်ပြန့်ပွား ခိုင် မြဲ ရေး အတွက် နည်းပေးလမ်းညွှန်ခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ နည်းပေးလမ်းညွှန်သည့် အတိုင်း ထိုတိပိဋကနိကာယသာသနာပြုအဖွဲ့ကြီးသည် မိုးမိတ်ကုန်းမြေ၌ တိပိဋကနိကာယ ကျောင်းတိုက်ကြီးတည်ထောင်ရာ၌ အားကြိုးမာန်တက်ဆောင်ရွက်ခဲ့ပါသည်။

ထိုမျှသာမက ရန်ကုန်မြို့နှင့်မန္တလေးမြို့တွင် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး ပေါ် ပေါက်လာရေးအတွက်လည်း အဘက်ဘက်မှကွက်လပ်မရှိစေရအောင် လုံ့လကြိုးကုတ်အား ထုတ်လျက်ဆောင်ရွက်နေကြပေ၏။ ထိုသို့ ဆောင်ရွက်နေခြင်းသည်လည်း ဘုရားရှင်၏ သာသနာတော်ကြီးတည်တံ့ ခိုင်မြဲရေးပင်ဖြစ်ပါသည်။

ထို တိပိဋကနိကာယ သာသနာပြုအဖွဲ့ကြီးသည် စည်းလုံးညီညွတ်စွာ ရှေ့သို့ ဆက် လက်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ရန် အထူးလိုအပ်လှပေသည်။ ထို အဖွဲ့အစည်းကဲ့ သို့ အခြားသောအဖွဲ့အစည်းများကလည်း သာသနာတော်ကြီး စည်ပင်ပြန့်ပွားတည်တံ့ ခိုင်မြဲစေရန် ဆောင်ရွက်ကြဖို့ လိုအပ်လှပေလိမ့်မည်။

မြတ်စွာဘုရားသာသနာတော်ကြီး စည်ပင်ပြန့်ပွား တည်တံ့ခိုင်မြဲအောင် ဆောင် ရွက်ရာ၌ ဤမျှလောက်သော အကြောင်းအထောက်အသားများနှင့် ပြည့်စုံ လုံလောက် လိမ့်မည်ဟု စာရေးသူမထင်ပါ။ အခြားအခြားသော များစွာသောနည်းတို့သည်လည်း ရှိပေသေးသည်။

ထို့ကြောင့် မည်သို့ပင်ဆိုစေကာမူ ဘုရားရှင်၏ သာသနာတော်ကြီးကို စည်ပင်ပြန့် ပွားတည်တံ့ခိုင်မြဲစေလိုလျှင် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု-ဟု ရွတ်ဆိုနေရုံမျှနှင့် အားရ နှစ်သိမ့်၍ မနေကြဘဲ ရဟန်းသံဃာတော်များ၊ဒကာ ဒကာမများနှင့် အားလုံးသော ဗုဒ္ဓ ဘာသာဝင် သူတော်စင်အပေါင်းတို့သည် ဘုရားရှင် ဟောပြ ညွှန်ကြား ဆိုဆုံးမထား သည့်အတိုင်း ဓမ္မာနုဓမ္မပဋိပတ္တိအကျင့်မြတ်ကို လိုက်နာ ကျင့်သုံး လုံ့လအားထုတ် ပြမှသာ ဘုရားရှင်၏ သာသနာတော်အား မွန်မြတ်သော ပူဇာသက္ကာရဖြင့် ပူဇော်ရာရောက်မည်။ လေးစားမြတ်နိုးရာ ရောက်မည်ဖြစ်ပါသည်။ ထိုသို့ ပူဇော်မြတ်နိုး လုံ့လအားထုတ်မှသာ လျှင် ဘုရားရှင်၏ သာသနာတော်ကြီးသည် စည်ပင်သည်ထက် စည်ပင် ပြန့်ပွားပြီး တည်တံ့ခိုင်မြဲသည်ထက် တည်တံ့ခိုင်မြဲမည် ဖြစ်ပါသတည်း။ ။

ဘုရားရှင်၏ သာသနာတော်မြတ်ကြီး စည်ပင်ပြန့်ပွား တိုးတက် တည်တံ့ ခိုင်မြဲနိုင် ပါစေ။ ။

အရှင်ကောဝိဒ(ထားဝယ်)
တိပိဋက-နိကာယ၊မိုးမိတ်။

# မေတ္တာထား လေးစားထိုက်သူ

ကျွန်ုပ်တို့၏ ကျေးဇူးရှင် မင်းကွန်းတိပိဋက ဆရာတော်ဘုရားသည် ငယ်စဉ်အခါကပင် ပိဋကကျမ်းစာတို့ကို ရှပ်ရှပ်ချွံချွံ လေ့လာကြိုးကုတ် အားထုတ်တော်မူခဲ့သဖြင့် ဖြေဆိုသောစာမေးပွဲတိုင်း၌ မပင်ပန်းဘဲ တစ်ဂဏန်းအောင်မှန်းကို ဆွတ်ခူးတော်မူခဲ့ရှိသော စာသင်သားအကျော်ဖြစ်ပါသည်။ ဆရာသမားများ၏ အဆုံးအမစကားကိုလည်းရိုသေလေးမြတ်စွာနာယူကျင့်သုံးပါသည်။ ထက်မြက်သော ဉာဏ်အမြင်နှင့် လုံ့လဝီရိယလည်း ရှိပါသည်။ ထို့အတွက် ဆရာသမားတို့က အထူးအားထားသည့် တပည့်ကောင်းတစ်ယောက်ဖြစ်ပါသည်။

တပည့်ဘဝက ကျောင်းခဲ့မှ ဆရာဖြစ်သောအခါ၌ တော်လေ့ရှိပါသည်။ ဆရာတော်ဘုရားသည် 'ရှေးကကျောင်းခဲ့၍ အခုကကျောင်းပါသည်။ အခုကျောင်းက နောင်ကျောင်းပါလိမ့်မည်' ဆိုသကဲ့သို့ အစဉ်တစိုက် အလွှာသမ္မာပဏီစိတ်ဖြင့် အကောင်းသံသရာသည်ပေခဲ့ရာ ယခုအချိန်တွင် မြန်မာပြည်ပေါ်ဝန်းရှိ ရဟန်းရှင်လူ ပြည်သူအများ၏ကိုးစားလောက်သည့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့ထူးတော်တို့ဖြင့် ပူဇော်၍ မငြိမ်နိုင်သည့် ဆရာကောင်းအဖြစ်သို့ နေ-လ အလား ထင်ရှားစွာဖြင့် ရှိတော်မူပါသည်။

ထိုသို့ ရဟန်းရှင်လူ ပြည်သူအများ၏ ကြည်ညိုလေးမြတ်မှုကို ခံတော်မူထိုက်အောင်ပင် ဆရာတော်ဘုရားသည် သာသနာရေးကို အဝပေး၍ လေးမြတ်စွာ ဆောင်ရွက်တော်မူပါသည်။ ဆောင်ရွက်ချက်တို့မှာ ကြီးမားကျယ်ပြန့်သလောက် အောင်မြင်မှုတို့မှာလည်း ထင်ရှားဝင့်ထည်လှပါသည်။

တိပိဋကစာမေးပွဲအတွက် ခန္ဓာကိုယ်၏ ကျန်းမာရေးကို မငဲ့ကွက်ပဲ အားထုတ်တော်မူခဲ့သဖြင့် အာဂုံနှင့် သဘောရေးဖြေ နှစ်ရပ်တို့ကို ထူးခြားပြောင်မြောက်စွာအောင်ပန်းသဘင် ဆင်တော်မူခဲ့ပါသည်။

သို့ဖြင့် သာသနာတော်ကြီးအတွက် အားတက်ဖွယ်သော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ထူးတော်ခံတော်မူ၍ ဆဋ္ဌသင်္ဂါယနာတင်ရာတွင် ဝိသဇ္ဇက ပုဂ္ဂိုလ်အဖြစ်တာဝန်ယူတော်မူခဲ့သည်မှာ အံ့ချီးလောက်ပါပေသည်။

ထို့နောက် ဗုဒ္ဓဝင်ကျမ်းကြီး ၆ တွဲ(ဂ-အုပ်)ကိုလည်း ရေးသားပြုစုတော်မူခဲ့ပါသည်။ တရားဓမ္မဆိုင်ရာ ရတု၊ ကဗျာ၊ လင်္ကာတို့ကို သီကုံးခြင်း၊ အနယ်နယ် အရပ်ရပ်သို့ လှည့်လည်၍ တရားဓမ္မအမြိုက်ဆေးကို တိုက်ကျွေးတော်မူခြင်းတို့ကိုလည်း ယနေ့အထိ လျော့ပါးမှုမရှိ စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိပါသည်။

တိပိဋကအောင်ပန်းကို ဆင်မြန်းတော်မူခဲ့သည်မှာ (၂၅)နှစ်ပင် ကျော်လွန်ခဲ့ပြီဖြစ်သော်လည်း တစ်ရက်ထက်တစ်ရက် တာဝန်တော်ကိုတိုးတက်၍သာ ထမ်းဆောင်လာခဲ့ပါသည်။

မင်းကွန်းဓမ္မနာဒ ကျောင်းတိုက်ကြီးကို ရဟန်း(၇)ဝါအရကပင် ဦးစီးအုပ်ချုပ်ခဲ့ရသည်။ တိုက်နယ်များတွင် သေးရုံဆောက်ခြင်း၊ စာသင်ကျောင်းဆောက်ခြင်းစသော လုပ်ငန်းများ၊ မင်းကွန်းတောင်ရိုး၌ ရေမီးတပ်ဆင်ခြင်း၊ မင်းကွန်း ဘိုးဘွားရိပ်သာ၏ စားဝတ်နေရေးကို တာဝန်ခံဖြည့်ဆည်းပေးခြင်း စသည်တို့ကို ဦးစီးအုပ်ချုပ် ဆောင်ရွက်တော်မူခဲ့ဖြစ်ပါသည်။ အနယ်နယ် အရပ်ရပ်သို့ လှည့်လည်၍ ဆန်လှူအသင်းတို့အတွက် တရားဟောရေစက်ချခြင်း၊ မြန်မာနိုင်ငံအရပ်ရပ်ရှိ ပရိယတ္တိသာသနာ နဂ္ဂဟစာမေးပွဲများ၏ ဩဝါဒါစရိယအဖြစ် လှည့်လည်အားပေးခြင်းဖြင့်လည်း မပြတ် ဆောင်ရွက်တော်မူပါသည်။

ဆရာတော်ဘုရားသည် မိမိကဲ့သို့ သာသနာအကျိုး သယ်ပိုး ရွက်ဆောင်မည့် တိပိဋက-နိကာယ်ဆောင် သာသနာ့အာဇာနည်များ ပေါ်ထွက်ရေးကို မျှော်တွေး၍ မင်းကွန်းမိုးမိတ်ကုန်းမြေရှိ တိပိဋက နိကာယကျောင်းတိုက်ကြီး၊ ရန်ကုန်မြို့ရှိ တိပိဋက ကျောင်းတော်တို့ကို တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။

တိပိဋကနိကာယသံဃာတော်များ ချမ်းသာစွာ ပညာ သင်ကြားနိုင်ရေးအတွက် ကျောင်း၊သင်္ကန်း၊ဆွမ်း၊ ဆေးဝါးစသည့်လေးပါးထောက်ပံ့ရေး နိစ္စဘတ်တာဝန်ကိုပါ ဥက္ကဋ္ဌပဏ္ဍိတကျော်ထင် အထူးကျ ဆရာဝန်ကြီး ဦးသာလှအမှူးပြုသော တိပိဋက နိကာယ သာသနာပြုအဖွဲ့ကြီးအား ဩဝါဒပေး၍ ဆောင်ရွက်တော်မူပါသည်။

ယင်းပြင် မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ့ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ကြီး၏ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အဖြစ် သံဃာတော်အပေါင်း၏ နှစ်ထောင်းအားရ အားကိုးရအောင် ရွက်ဆောင်တော်မူလျက်ရှိပါသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးက ကြီးမှူး၍-

ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်မည့် ဘာသာငါးမျိုးဖြင့် ပြည်တွင်း ပြည်ပသာသနာပြု မဟာဓမ္မာစရိယ၊ သံဃာ့အကျော်တို့ကို မွေးထုတ်မည့် ကမ္ဘာ့အဆင့်မီ ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများ တည်ဆောက်ရေးကို လည်း

ကောင်း၊ မန္တလေးမြို့ ဇီဝိတဒါနသာသနာ့ အထူးကုဆေးရုံကြီး တည်ဆောက်ရေးကိုလည်းကောင်း ဆရာတော်ဘုရား ဦးစီး၍ ဆောင်ရွက်တော်မူသော ထိုထိုလုပ်ငန်းအဝဝတို့သည် သာသနာတော်ကြီးအတွက် အားထက်ဖွယ်ရာ ကြီးမြတ်ပြန့်ကျယ်သော လုပ်ငန်းကြီးများဖြစ်ပါသည်။

ဤကဲ့သို့သော ဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူသော ဆရာတော်ဘုရားနှင့် ယှဉ်တွဲ၍ သာသနာတော်ကို ချီးမြှောက်ခွင့်ရသော ယခုအခါ၌ မေတ္တာရှေးရှု၍ လေးမြတ်စွာဖြင့် ညီညာဖြိုဖြို ပါရမီဖြည့်နိုင်ကြ၍ ဓမ္မိဋ္ဌာဏ်ရောက် ရှယ်ဘိုင်းပေါက်ကြပါစေဟု ပတ္ထနာပြု ဆုတောင်းဘောင်းလိုက်ပါသတည်း။

အရှင်ပဝရသိဒ္ဓိ
တိပိဋကနိကာယ၊မိုးမိတ်။

# ဆရာတော်မိန့်တော်မူသော ဥပသမ္ပဒကံဆိုင်ရာ နည်းဥပဒေသများ

ဆရာတော်သည် တိပိဋကနိကာယ ကျောင်းတိုက်၌ဖြစ်စေ၊ မွန်ကျောင်းတိုက်၌ဖြစ်စေ ဥပသမ္ပဒကံပြုရန်ကိစ္စကြုံလာလျှင် ဥပသမ္ပဒကံဆိုင်ရာ သိသင့်သည့် အချက်အလက်များကို ရှင်းလင်းပြောပြလေ့ရှိပါသည်။ ထိုအချက်အလက်များထဲမှ မှတ်သားမိသမျှကို ဆရာတော်၏ တပည့်အစဉ်အဆက် အာစရိယဝါဒအဖြစ် တည်ရှိရန် ရေးသားဖော်ပြအပ်ပါသည်။

## သိက္ခာထပ်ရာ၌ ပဉ္စင်းအဖြစ် ထပ်တောင်းအပ်ပုံ

ရဟန်းဖြစ်ပြီးသော ပုဂ္ဂိုလ်ကို ထပ်မံ၍ သိက္ခာထပ်သည့်အခါ ထိုသိက္ခာထပ်ခံမည့် ပုဂ္ဂိုလ်သည် ပဉ္စင်းအဖြစ်သို့ ရောက်ပြီးဖြစ်သောကြောင့် 'သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ' ဟူသည့်ဖြင့် သံဃာအား ပဉ္စင်းအဖြစ်ကို ထပ်၍တောင်းရန်လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် ကမ္မဝါစာ၌ 'နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ'ဟု ဝတ္တမာနတိ ဝိဘတ်နှင့်ရှိသည်။ ထိုဝတ္တမာနတိ ဝိဘတ်သည် ပစ္စုပ္ပန်ကို ငဲ့လျှက်ရှိသည်။ ဘတိတ်၊ အနာဂတ်ကိုမငဲ့။ ထို့ကြောင့် ယခုပစ္စုပ္ပန်အဖြစ်ကို ထပ်၍တောင်းခံရမည်။ ထိုသို့တောင်းခံမှ ကမ္မဝါစာဆရာက ကမ္မဝါစာဖတ်သည့်အခါ 'နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ'လို့ ဝတ္တမာနတိ ဝိဘတ်နှင့် ဖတ်လို့ရသည်ဟုမိန့်သည်ကို မှတ်သားဖူးပါသည်။

## ပဉ္စင်းအဖြစ်ကို နှစ်ကြိမ်သုံးကြိမ် တောင်းရပုံ

'သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ' စသည်ဖြင့် ပဉ္စင်းအဖြစ်ကို သုံးကြိမ်တောင်းဆိုရာ၌ ပထမအကြိမ်တွင် အထူးမရှိသော်လည်း နှစ်ကြိမ်မြောက် သုံးကြိမ်မြောက်တောင်းရာ၌ ပါဠိဝါကျ အထားအသိုအနည်းငယ်ထူးခြားချက်ရှိပါသည်။ 'ဒုတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ။ တတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ'ဟု ဆိုသောနည်းနှင့် 'ဒုတိယမ္ပိ သံဃံ ဘန္တေ။ တတိယမ္ပိ သံဃံ ဘန္တေ'ဟု ဆိုသောနည်း နှစ်နည်းရှိပါသည်။ ထိုနှစ်နည်းတွင် ပထမနည်းမှာ မဟာဝါပါဠိ၌လာသော နည်းဖြစ်ပါသည်။ ဆရာတော်သည် နောက်နည်းကို ပို၍ နှစ်သက်တော်မူပါသည်။ အဘယ်ကြောင့်ဆိုသော်

ဒကာ၊ ဒကာမများအား သီလပေးရာတွင် 'ဒုတိယမ္ပိ အဟံဘန္တေ၊ တတိယမ္ပိ အဟံဘန္တေ' ဟုမကြာမကြာရွတ်ဆို ပို့ချပေးရသဖြင့် နှုတ်တက်နေပြီး ရွတ်ဆိုရသည်မှာ ချော၍နေသည်။ နားဖြင့်ကြားရသည်မှာလည်း နားဝင်ချောပါသည်။ ထို့ကြောင့် သီလတောင်းပါဠိနည်းနှင့်တူသော နောက်နည်းကို ဆရာတော် ပို၍ နှစ်သက်သည်ဟုမိန့်တော်မူဖူးပါသည်။

စူဠဝါ သမုစ္စယက္ခန္ဓကတွင် မာနတ်တောင်းရာ၌လည်း 'သောဟံ ဘန္တေ သံဃံ ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ အပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ ယာစာမိ၊ ဒုတိယမ္ပိ သောဟံ ဘန္တေ'ဟု ပါဠိလာရှိပါသည်။

## သိက္ခာထပ်ရာ၌ ဥပဇ္ဈာယ်မယူဘဲ ကံဆောင်ကောင်းပုံ

ရဟန်းဖြစ်ပြီးသော ပုဂ္ဂိုလ်ကို သိက္ခာထပ်ကံဆောင်သည့် အခါတွင် ဆရာတော်သည် ထိုရဟန်းအား ဥပဇ္ဈာယ်ထပ်၍ အယူမခိုင်းတော့ဘဲ မူရင်းရှိပြီး ဥပဇ္ဈာယ်ဆရာဖြင့်ပင် ကမ္မဝါစာဖတ်၍ သိက္ခာထပ်လေ့ ရှိပါသည်။ ထိုသို့ ဥပဇ္ဈာယ် ဆရာမရှိဘဲ ဥပသမ္ပဒကံဆောင် ကောင်းကြောင်းကို သဒ္ဒါနည်းဖြင့် ရှင်းပြတော်မူပါသည်။

သဒ္ဒါနည်းတွင် ကရိယာပုဒ်နှစ်မျိုးရှိပါသည်။ ကြိယာသာပေက္ခ ကရိယာနှင့် လက္ခဏကရိယာဟု ဖြစ်ပါသည်။ 'ဒဏ္ဍေန ဝိဟိံ လုနာတိ' ဝါကျ၌ ဒဏ္ဍေန၊ တံစဉ်ဖြင့်။ ဝိဟိံ၊ ကောက်ကို။ လုနာတိ၊ ရိတ်၏။ ဆိုရာမှာ ဒဏ္ဍေနဟူသော ကရိယာသည် လုနာတိ ကြိယာ၌ စပ်ရသော ကြိယာသာပေက္ခ ကရိယာဖြစ်ပါသည်။ မှန်သည်။ ဒဏ္ဍေနအရ တံစဉ်သည် လုနာတိဟူသော ရိတ်ခြင်းကြိယာကို ပြီးစေသည်။ တံစဉ်မပါဘဲ ရိတ်ခြင်းကြိယာသည် ဖြစ်ပေါ်မလာနိုင်ပေ။ တံစဉ်သည် ရိတ်ခြင်းကြိယာဖြစ်အောင် ကျေးဇူးပြုပေးသည်။ ထိုသို့ပဓာနကြိယာ၌ စပ်ရသော ကရိယာကို ကြိယာသာပေက္ခကရိယာဟုခေါ်သည်။

'အက္ခိနာ ကာဏော ဂစ္ဆတိ' ဝါကျ၌ အက္ခိနာမျက်စိဖြင့်။ ကာဏော၊ ကန်းသူသည်။ ဂစ္ဆတိ၊ သွား၏။ ဆိုရာမှာ အက္ခိနာဟူသော ကရိယာသည် ဂစ္ဆတိကြိယာမှာ စပ်ရသော ကရိယာမဟုတ်။ ထိုသို့စပ်၍မရသောကြောင့် ကြားယဲတွင် လက္ခိတောဟု အပဓာန ကြိယာတစ်ပုဒ်ထည့်ပေးရသည်။ အက္ခိနာ၊ မျက်စိဖြင့်။ လက္ခိတော၊ မှတ်အပ်သော။ ကာဏော၊ ကန်းသူသည်၊ ဂစ္ဆတိ၊ သွား၏။ ထိုသို့အနက်ပေး၍ အက္ခိနာပုဒ်သည် လက္ခိတောဟူသော အပဓာန ကြိယာ၌သာ စပ်ရသည်။ အက္ခိနာဟူသော ပဓာနကြိယာကို စပ်၍ မရသောကရိယာကို လက္ခဏကရိယာဟု ခေါ်သည်။ ကြိယာကို ပြီးစေဘဲ မှတ်ရုံမျှသာ ဖြစ်သည်။

ဥပသမ္ပဒကမ္မဝါမှာပါသည့် 'အာယသ္မတာ တိဿေန ဥပဇ္ဈာယေန' ဟူသော ကရိယာသည် 'ဥပသမ္ပာဒေယျ၊ ဥပသမ္ပာဒေတိ' ဆိုတဲ့ ပဓာန ကြိယာ၌ စပ်ရသော ကြိယာသာပေက္ခ ကရိယာပုဒ် မဟုတ်ပါ။ ဥပဇ္ဈာယေန၊ ဥပဇ္ဈာယ်ဆရာဖြင့်။

လက္ခိဒဘာ၊ မှတ်အပ်သော။ ဥပသမ္ပဒါပေက္ခော၊ ရဟန်းလောင်းသည်။ ။ဟု လက္ခိတောဘူဒသာ အပဓာန ကြိယာ၌ စပ်ရသော လက္ခဏ ဇ ရိုက်းသာ ဖြစ်သည်။ ကြိယာကိုမပြီးစေဘတ်မှတ်ရုံမျှသာ၊ ထို့ကြောင့်ရဟန်းလောင်း၏ မူလဥပဇ္ဈာယ်သည် ယခုသိမ်အပြင်၌ မရှိသော်လည်း ထိုဥပဇ္ဈာယ်ကို လက္ခဏကရိုက်းအနေနှဲ့ မှတ်ပြီး ကမ္မဝါဖတ်လျှင်လည်း ရဟန်းခံကိစ္စ အောင်မြင်သည်ဟု မိန့်ဆိုပါသည်။

## ကေပဇ္ဈာယ ကောစရိယာဒိစတုက္က

ဒွန္ဒဥပသမ္ပဒကမ္မဝါဆိုင်ရာ မဟာဝါအဋ္ဌကထာသာသည့် စတုက္ကလေးချက်ကို သရာဘော်ရှင်းပြဖူးပါသည်။ ဥပဇ္ဈာယ်ဆရာတစ်ပါးတည်းထား၍ ရဟန်းလောင်းနှစ်ပါး သုံးပါးကို ကမ္မဝါဆရာတစ်ပါးက တစ်ကြိမ်တည်းဖတ်၍ ရဟန်းခံပေးသော 'ကေပဇ္ဈာယ ကောစရိယ' နည်း၊ ရင်းနည်းအပ်၏။

ဧကေန အာစရိယေန ဒွေ့ ဝါ တယော ဝါ အနုဿ ဝေတဗ္ဗာ။

ဥပဇ္ဈာယ်ဆရာ တစ်ပါးတည်းထား၍ ရဟန်းလောင်းနှစ်ပါး သုံးပါးကို ကမ္မဝါဆရာနှစ်ပါး သုံးပါးက ဖတ်၍ ရဟန်းခံသော 'ကေပဇ္ဈာယ၊နာနာစရိယ' နည်း ။ရင်းနည်းအပ်၏။

ဒွေ ဟိ ဝါ တိဟိ ဝါ အာစရိယေဟိ ဝိသုံ ဝိသုံ ဧကေန ကေဿတိ ဧကံ ကေပဇ္ဈာယရေနေဝ ဒွေ တိဿော ဝါ ကမ္မဝါစာ ကာတဗ္ဗာ။

ဥပဇ္ဈာယ်ဆရာ နှစ်ပါးသုံးပါးထား၍ ရဟန်းလောင်းနှစ်ပါးသုံးပါးကို ကမ္မဝါဆရာနှစ်ပါးသုံးပါးက ဖတ်၍ ရဟန်းခံသော'နာနုပဇ္ဈာယ၊နာနာစရိယ'နည်း။ ရင်းနည်းအပ်၏။

သစေပန နာနာစရိယာ နာနုပဇ္ဈာယာ ဟောန္တိ။ တိဿတ္ထေရော သုမနတ္ထေရဿ သဒ္ဓိဝိဟာရိကံ သုမနတ္ထေရော တိဿတ္ထေရဿ သဒ္ဓိဝိဟာရိကံ အနုဿာဝေတိ အညမညဉ္စ ဂဏပူရကာ ဟောန္တိ ဝဋ္ဋတိ။

ဥ ဇ္ဈာယ်နှစ်ပါး သုံးပါးထား၍ ရဟန်းလောင်းနှစ်ပါး သုံးပါးကို ကမ္မဝါဆရာတစ်ပါးတည်းက ဖတ်၍ ရဟန်းခံသော 'နာနုပဇ္ဈာယ၊ကောစရိယ'နည်း။ရင်းနည်းမအပ်ပါ။

သစေ ပန နာနုပဇ္ဈာယာ ဟောန္တိ ဧကော အာစရိယော ဟောတိ နတွေဝ နာနုပဇ္ဈာယေန နာတိ ပဋိက္ခိတ္တတ္တာ နဝဋ္ဋတိ ဟူ၍ မိန့်တော်မူသည်ကို မှတ်သားဖူးပါသည်။ ။

အရှင်ကေသရ(ဒညင်းကုန်း)
တိပိဋကနိကာယ၊ မိုးမိတ်။

# နိကာယ်သာသနာ အနှစ်ငါးထောင် တည်တံ့ပြန့်ပွားရေး

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီး နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ တည်တံ့ပြန့်ပွားခြင်း၏ မူလပဓာန အခြေခံအကြောင်းရင်းမှာ ပရိယတ္တိဟု ခေါ်ဆိုအပ်သော ဘုရားရှင်၏ နှုတ်တော်ထွက် ဓမ္မစက်ဒေသနာ ပိဋကတ်သုံးပုံကို မပျောက်မပျက်ရအောင် သင်ကြားပို့ချနာယူမှု အားဂုံဆောင်ထားမှုသည် သာသနာတော်တည်တံ့ခြင်း၏ အခြေခံအကြောင်းပင် ဖြစ်ပါသည်။

ပရိယတ္တိသာသနာတော် မကွယ်မပျောက်ဘဲ ထွန်းတောက်တည်ရှိနေမည်ဆိုပါလျှင် သာသနာကွယ်ပျောက်ခြင်းဆိုသည်မှာ မရှိနိုင် မဖြစ်နိုင်တော့ပါ။

ထိုပရိယတ္တိသာသနာတော် ပိဋကတ်သုံးပုံတွင်လည်း သုတ္တန်ပိဋကတ်နှင့် အဘိဓမ္မာ ပိဋကတ်နှစ်ပုံ ကွယ်ပျောက်သွားသည့်တိုင်အောင် ဝိနည်း ပိဋကတ်တည်ရှိနေဦးမည်ဆိုလျှင် သာသနာတော် တည်နေနိုင်သေးသည်။ ဝိနည်းသည် သာသနာတော်၏ အသက်ဖြစ်သည် မဟုတ်ပါလော။ ထို့ကြောင့် ဝိနည်း ပိဋကတ်တည်ရှိနေလျှင် သာသနာတည်တံ့နေသည် မည်တော့သည်သာဖြစ်၏။

ဘုရားရှင်သည် ဝိနည်းပရိယတ် (ဝိနည်းသင်ကြားမှု)ကို အကြောင်းပြု၍ အရှင် ဉပါလိထေရ်၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော်၍ နှုတ်တော်ဖြင့် မြွက်ဟချီးကျူးတော်မူခဲ့ပါသည်။ ဝိနည်းအရာ၌ အသာဆုံး အမြတ်ဆုံး အထူးချွန်ဆုံး ဝိနယ ဓရဂ္ဂဘွဲ့ထူး ပေးသနား၍ ချီးမွမ်းရသည့်အထိပင် ဖြစ်ပါသည်။

ထိုသို့ အဘယ်ကြောင့် ချီးကျူးတော်မူရပါသနည်းဆိုလျှင် ''ငါဘုရား၏ ချီးမွမ်းသောအသံကို ကြားရသော ရဟန်းအပေါင်းတို့သည် ဉပါလိအထံမှာ ဝိနည်းပိဋကတ်ကို သင်ကြားနာယူကြလိမ့်မည်။ ထိုသို့ သင်ကြားနာယူကြလျှင် ငါဘုရား၏ သာသနာတော် ရှည်မြင့်စွာ တည်တံ့ဖို့ရန် ဖြစ်လိမ့်မည်။ သာသနာအနှစ်ငါးထောင် ကြာမြင့်အောင် တည်ရစ်လိမ့်မည်'ဟူသော အကြောင်းကို သိမြင်တော်မူ၍ ချီးကျူးတော်မူခဲ့ခြင်းဖြစ်ပါ သည်။

ထိုသို့ ပိဋကတ်သုံးပုံ ပါဠိတော်များလည်း ထင်ရှားရှိနေ၊ သင်ယူသူ ပို့ချသူ အာဂုံဆောင်သူများလည်း ထင်ရှားရှိနေပါလျှင် ဘုရားရှင်၏ သာသနာတော်ကြီးသည် ကမ္ဘာချဉ်းအောင် ထွန်းလင်းနေမည်မှာ အမှန်ပင်ဖြစ်ပါသည်။

ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ အဂ္ဂါဘိဓဇ သာသနာပြု ဆရာတော်ဘုရားကြီးသည် မင်းကွန်းတောင်ရိုး မိုးမိတ်ဘုရားကုန်းမြေသည် လေကောင်းလေသန့်ရရှိခြင်း၊ သာသာယာယာရှိခြင်း၊ ဆိတ်ငြိမ်အေးချမ်းခြင်း ဂုဏ်တို့နှင့် ပြည့်စုံသော အရပ်ဖြစ်၍ တိပိဋက နိကာယ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် သင့်လျော်သော ဒေသဖြစ်သည်ဟု ဆင်ခြင်ကာ တိပိဋကစာမေးပွဲ၊ နိကာယစာမေးပွဲတို့ကို ဝင်ရောက်ဖြေဆိုလိုကြပါလျက် ဘာသာဇနသဗ္ဗာယ မမျှတခြင်း၊ စာကျက်၍ အထူးရစေနိုင်မည့် ဝိဝေကအရပ်ကို မရရှိခြင်းတို့ကြောင့် စာပေခရီး ဖင့်နှေးနေကြရသော သာသနာ့အာဇာနည်အလျာ ရဟန်းတော် အရှင်မြတ်များအား ထိုလိုအပ်ချက်မှန်သမျှကို ဖြည့်စွမ်းပေးတော်မူလိုသောဆန္ဒ၊ ဖြည့်စွမ်းပေးမည်ဟူသော ရည်ရွယ်ချက်တို့ဖြင့် တိပိဋက နိကာယကျောင်းတိုက်ကြီးကို တည်ထောင်ဖွင့်လှစ်ခဲ့ကြောင်း ရှင်လူအများအသိပင်ဖြစ်ပါသည်။ တိပိဋကဓရ ဆရာတော်ဘုရားကြီးသည် မိမိ၏ တိပိဋကဓရ လစဉ်ထွမ်းဆန်တော် လစာ အဂ္ဂါဘိဓဇ ဆွမ်းဆန်တော်လစာတို့နှင့်တကွ ထိုထိုပူဇော်ပွဲမှ ရရှိသာသမျှသော သာဘ်လာဘမှန်သမျှတို့ကို တိပိဋက-နိကာယ သာသနာပြုအဖွဲ့ကြီးအား ကပ္ပိယကာရကအဖြစ်ဖြင့် အပ်နှင်း၍ စာသင်သား သံဃာတော်များ ကိုယ်မန္တမ်း စိတ်မပန်းဘဲ စာပေကိစ္စ ကျက်အံကြံကြည့်နိုင်ကြစေရန် လှူဒါန်းပြုစုစေခဲ့ပါသည်။

ဆရာတော်ဘုရားကြီးနှင့် တိ-နိသာသနာပြုအဖွဲ့၏ ပစ္စည်းလေးပါးအလှူ ဝိဝေကအရပ်အလှူကို ကြည်ဖြူစွာ ခံယူရရှိကြသော နိကာယစာသင်သား တိပိဋကစာသင်သား သံဃာတော်များသည်လည်း နိကာယအရပ်ရပ်နှင့် ဝိနည်း ပိဋကတ်ကို အာဂုံဆောင်လျက်လည်းကောင်း၊ သဒ္ဒါအဘိဓမ္မာ ကြွယ်ကြွယ်ဝဝ နှံ့နှံ့စပ်စပ် သိရှိရအောင် ကျက်အံကြံ ကြည့် သွေးနွေးခြင်းအားဖြင့်လည်းကောင်း အပတ်တကုတ် ကြိုးစားအားထုတ်ခဲ့ကြ အားထုတ်လျက်ရှိကြပါသည်။

ထိုသို့ ကြိုးစားအားထုတ်ခဲ့ကြခြင်းကြောင့်ပင် ယခု စာစောင်ထုတ်ဝေသည့် ခုနစ်နှစ်တာအချိန်၌ ပိဋကနှစ်ပုံဆောင် (ဒွိပိဋကဓရ+ဒွိပိဋကကောဝိဒ) တစ်ပါး၊ ပိဋကတ်တစ်ပုံခွဲဆောင် (ဒွိပိဋကဓရ)နှစ်ပါး၊ ပိဋကတစ်ပုံဆောင် ခုနစ်ပါး အပါအဝင် သဒ္ဒါရေးဖြေ ကိုးပါး၊ ဝိနယဓရ (၁၅)ပါး၊ ဒီဃဘာဏက (၄၂)ပါး၊ မဇ္ဈိမဘာဏကနှစ်ပါး၊ သံယုတ္တဘာဏကတစ်ပါး၊ ဥဘတောဝိဘင်္ဂဓရ(၇၅)ပါး အားလုံးပေါင်း တိပိဋကဓရ

စာမေးပွဲ အောင်မြင်သူ ဦးရေ(၁၄၄)ပါးရှိကြောင်း ကြည်ညိုဖွယ်ရာ သာသနာတော်အတွက် အားတက်ဖွယ်ရာ တွေ့ရမည်ဖြစ်ပါသည်။

ထို့မှတစ်ဖန် နိကာယ်စာမေးပွဲအသီးသီးတို့၌ နိကာယ ဘာဏကနှင့် နိကာယဓမ္မာစရိယဘွဲ့ရရှိသူ(၉၃)ပါး၊ ကျမ်းစွဲပုဂ္ဂိုလ်(၃၃၃)ပါးရှိပြီဖြစ်ကြောင်း ထပ် လောင်း၍ သိရမည်ဖြစ်ပါသည်။

ထိုသို့ အောင်မြင်မှု အလီလီရရှိခဲ့ကြခြင်းသည် ဘုရားရှင်၏ အရှင်ဥပါလိထေရ်အား ချီးကျူးရာ၌ ရည်ရွယ်ချက်ကို နည်းယူ၍လည်းကောင်း၊ တိပိဋကဓရဆရာတော်ဘုရားကြီး၏ နိကာယော အာသယော မယှံ၊ ဝိနယော အာသယော မယှံ စသည်ဖြင့် ညွှန်ပြအပ်သော သြဝါဒမွန်ကို ဦးထိပ်ထက် ပန်ဆင်၍လည်းကောင်း၊ တိ-နိသာသနာပြုပင်မအဖွဲ့နှင့် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းဌာနခွဲအသီးသီးတို့မှ သာသနာပြု လူကြီးမင်းများ၏ ထောက်ပံ့ ပြုစုယုယမှု၊ အနယ်နယ် အရပ်ရပ်မှ စေတနာရှင်အသီးသီးတို့၏ ပစ္စည်းလေးဖြာ ထောက်ပံ့မှုကိုခံယူကာ ကြောင့်ကြမှု ကင်းရှင်းစွာ ဗလငါးတန် အားမာန်အပြည့်ဖြင့် ကြိုးစားအားထုတ်ခဲ့ကြခြင်းကြောင့်ပင် ဖြစ်ပါသည်။

ထိုအောင်ပွဲရပုဂ္ဂိုလ်အရှင်မြတ်တို့သည် တိပိဋကဓရ ဆရာတော်ဘုရားကြီးမျှော်မှန်းခဲ့သော၊ အကောင်အထည်ဖော်ခဲ့သော နိကာယ်သာသနာတော် ထွန်းကားတည်တံ့ပြန့်ပွားရေး၊ ဝိနည်းသာသနာတော် ထွန်းကားတည်တံ့ပြန့်ပွားရေး သာသနာပြုလုပ်ငန်းကြီး၏ အောင်မြင်သော ပြယုဂ်ဖြစ်သကဲ့သို့ သာသနာတော်မြတ်ကြီး အနှစ်ငါးထောင်ကြာမြင့်စွာ တည်တံ့အောင် စွမ်းဆောင်နိုင်မည့် ပုဂ္ဂိုလ်များလည်း ဖြစ်ပါသည်။

မိမိတို့ နောင်ညီနှယ်ဖွား တိ-နိ စာသင်သားအဆက်ဆက်တို့သည် ဘုရားရှင်၏ အရှင်ဥပါလိထေရ်အား ချီးကျူးရာ၌ ရည်ရွယ်ချက်ကို နည်းကောင်း၊ ဆရာတော်ဘုရားကြီး၏ သာသနာပြု သြဝါဒအသီးသီးကိုလည်းကောင်း၊ ဦးထိပ်ရွက် ပန်ဆင်ကာ သာသနာတော်မြတ်ကြီး၏ အခြေခံရေသောက်မြစ်ဖြစ်သော ပရိယတ္တိသာသနာ့ကန်ပေါင်ကြီးကို ခိုင်ခံ့အောင်၊ မကျိုးမပေါက်ရအောင် ဝိနည်းသာသနာတော်မြတ်ကြီး မကွယ် မပျောက်ရအောင် တိ-နိ သာသနာပြုအဖွဲ့နှင့် အဖွဲ့ဝင် စေတနာရှင်အသီးသီးတို့၏ ပစ္စည်းလေးဖြာထောက်ပံ့မှုကို ခံယူလျက် နိကာယ်အရပ်ရပ်နှင့် ဝိနည်း ပိဋကကို သမ္ပဝေဒန် လုံ့လမှန်ဖြင့် ဆတက်ထမ်းပိုး တိုး၍ တိုး၍ ကြိုးစားအားထုတ်ကြပါကုန်စို့။ ဆရာတော်ဘုရားကြီး၏ ပါရမီဖြည့် သာသနာပြုလုပ်ငန်းကြီးကို အုတ်တစ်ချပ် သဲတစ်ပွင့်အနေဖြင့် ပါဝင်လျက် တိုး၍ တိုး၍ ပါရမီဖြည့်ကြပါကုန်စို့။

ဤသို့လျှင် ဆရာတော်ဘုရား မျှော်မှန်းခဲ့သော၊ ဆရာတော်ဘုရား စတင်ခဲ့သော နိကာယ်သာသနာတော် ထွန်းကားရေးလုပ်ငန်း (နိကာယ်သာသနာပြုလုပ်ငန်း)ကြီးကို

တိ-နိ စာသင်သား တပည့်အဆက်ဆက်တို့သည် နိကာယအရပ်ရပ်နှင့် သာသနာတော်၏ အသက် ဝိနည်းပိဋကတ်ကို အာဂုံဆောင်ထားခြင်း၊ သဘောအဓိပ္ပာယ်ကို သဘာဝကျကျ ဘုရားရှင်အလိုတော်နှင့်အညီ သိရှိရအောင် ကျက် အံ ကြံ ကြည့် ဆွေးနွေး ညှိနှိုင်းခြင်း၊ ထိုသို့ အားထုတ်၍ သိရှိရသော ဓမ္မအရသာကို မိမိတို့ကိုယ်တိုင် ကျင့်သုံးခြင်း၊ ဒါယကာ ဒါယိကာမတို့အား ပြန်လည်ဟောကြားခြင်းအားဖြင့် ဆရာတော်ဘုရားကြီး၏သာသနာပြု လုပ်ငန်းကြီးကို တပည့်စဉ်ဆက် တာဝန်ယူ ထမ်းဆောင်သွားကြလျှင် နိကာယ်သာသနာ တော်ကြီး အနှစ်ငါးထောင်မက ကြာမြင့်စွာ တည်တံ့ပြန့်ပွားနေမည်မှာ အမှန်ပင်ဖြစ်ပါ ကြောင်း။

သိရိဂုဏ်ရည် ဉာဏ်စိုးရှင်
တိပိဋက နိကာယ၊ မိုးမိတ်။

# လမင်း ထိန်ထိန်သာနေသည်

(၁၉-၂-၇၅)ရက်နေ့ထုတ် သတင်းစာများတွင် ဇာနည်ထေရ် အရှင်မြတ်များကို ရွေးချယ်သည့် (၃၇)ကြိမ်မြောက် တိပိဋက အောင်စာရင်းကို တွေ့ရပါသည်။

တစ်ပြည်လုံး (၄၁)ပါး အောင်သည့်အနက် မိုးမိတ်ကုန်းမြေ တိပိဋကနိကာယ ကျောင်းတိုက်မှ (၂၅)ပါး၊ ရန်ကုန် တိပိဋကတိုက်ခွဲမှ(၂)ပါး ပေါင်း(၂၇) ပါး အောင်မြင်ကြသည်။ သား မောင်ပဥ္စင်းစိတ်ထဲတွင် မိုးမိတ်ကုန်းမြေသို့ သွားလိုသည့် ဆန္ဒဖြစ်နေမိသည်။

သို့ရာတွင် မယ်တော်ကို မိုးမိတ်ကုန်းမြေသို့ စာသင်ထွက်ရန် ခွင့်တောင်းဖို့ ဝန်လေး နေမိပြန်သည်။ နောက်ဆုံး၌ မယ်တော့်ထံ မိုးမိတ်ကုန်းမြေသို့ စာသင်ထွက်ရန် ခွင့် တောင်းမိသည်။ မယ်တော်၏နှုတ်မှ တည်ငြိမ်စွာ ထွက်လာသောအသံမှာ "ဟာ.... ကောင်းတာပေါ့ သားရယ်၊ သွားတာပေါ့"

မိခင်မျက်နှာကို လှမ်းကြည့်မိသည်။ မိခင်သည် အတည့်ပြောခြင်းဖြစ်သည်။ တိပိဋက နိကာယ ကျောင်းတိုက်သို့ တကယ် စာသင်သွားရတော့မည် ဆိုတော့ သားမောင်ပဥ္စင်း ဝမ်းသာမိသည်။ ဝမ်းသာခြင်း၏ နောက်ကွယ်မှာ ဝမ်းနည်းမှုကလေး ပေါ်လာသည်။ သားမောင်ပဥ္စင်း ချစ်ခင်မြတ်နိုးသော ဇာတိချက်ကြွေ မွေးရပ်မြေနှင့် မယ်တော်တို့ မိသားစုကို နှစ်ရှည်လများ ခွဲခွာရပေတော့မည်။ ယခုလို မယ်တော်က လွယ်လွယ်နှင့် ခွင့်ပြုသည်ကို သားမောင်ပဥ္စင်း နားမလည်နိုင်ပါ။

နောက်တစ်နေ့ ဆရာဘုန်းတော်ကြီး၏ အပ်နှံစာကိုယူပြီး တစ်ယောက်တည်း ထွက် လာသည်။ ဘယ်သူ့ကိုမှ နှုတ်မဆက်ခဲ့ပါ။ ဘိုးတော်၊ ဘွားတော်၊ မယ်တော်၊ ညီတော်၊ ညီမတော်များကိုသော်မှ နှုတ်မဆက်ခဲ့ပါ။ နှုတ်မဆက်ချင်လို့ မဟုတ်ပါ။ ပုထုဇဉ် ပဥ္စင်း ငယ်ပေမို့ မမြင်ရသည့် သံယောဇဉ် ကြိုးကလေးတွေကို ရင်မှာပိုက်ထားတော့ နှုတ်ဆက် ယင် ငိုမိမှာစိုးပါသည်။

မြစ်ကြီးနား ဇာမြန်ရထားသည် မန္တလေးသို့ ဦးတည်ကာ အရှိန်ပြင်းစွာ ခုတ် မောင်းနေသည်။ လဆန်းရက်ပေမို့ ညဥ့်ဦးယံ စောစောကပင် သတ္တလောကကို အလှ

ဆင်လျက် ငွေမင်းစန္ဒာသည် ကမ္ဘာသူ ကမ္ဘာသားတို့ ငြိမ်းချမ်းသာယာဖို့ အေးမြစွာ အလင်းရောင်ကို ပေးနေပေပြီ။ အေးမြသည့် လရောင်အောက်မှာ တရိပ်ရိပ် ကျန်ရစ်နေသည့် လျှို့မြောင်စမ်းရေ တောတောင်ချုံနွယ် ပန်းမန်ဥယျာဉ်ရှာငယ်တို့ကို ကြည့်လျက် သားမောင်ပဉ္စင်း အတွေးနယ်ချဲ့နေမိသည်။

သားမောင်ပဉ္စင်းကို မယ်တော်ကြီး လွယ်လွယ်နှင့် ခွင့်ပြုသည့်အတွက် ဝမ်းသာမှု တစ်ပိုင်းနှင့် ဝမ်းနည်းမှုလေးကို ခံစားရတော့ မယ်တော့်ကို မကျေနပ်ပါ။ သားဦးရတနာ ဖတဆိုးလေးပေမို့ သားမောင်ပဉ္စင်းကို ပိုချစ်သည်။ သားမောင်ပဉ္စင်းလည်း မိခင်ကိုချစ်သည်။ မိခင်၏မျက်နှာကို လပြည့်ဝန်းဟုထင်သည်။ မိခင်၏ ဆုံးမစကားတို့သည် စောင်းသံလို သာယာငြိမ့်ညောင်းသည်။

မိခင်၏ ပြုံးရွှင်စွာ ရယ်သံတို့သည် ဆည်းလည်းသံလို သာယာသည်။ ယခုတော့ ပျော်ရွှင်မှုအားလုံးကို ကျောခိုင်းကာ နှစ်ရှည်လများ သားမောင်ပဉ္စင်း ခွဲခွာရလေပြီ။ မယ်တော်သည် သားအပေါ် တကယ်မချစ်လို့လား၊ တကယ် သံဝေဇဉ်ရှိလို့လား၊ ဘာကြောင့်မို့ လွယ်လွယ်နှင့် ခွင့်ပြုပါလိမ့်လို့ အတွေးကမ္ဘာထဲမှာ ပုဏ္ဏာထုတ်လျက် မယ်တော်ကြီးကို စောဒနာနေမိသည်။

အိပ်၍ကား မပျော်ပါ။ နောက်တစ်နေ့နံနက် ၁၀-နာရီခန့် မန္တလေးသို့ ရောက်သည်။ ဘုံကျော်တိုက်မှ သူငယ်ချင်းကို အဖော်ပြုကာ မှရန်းခြံဆိပ်မှ မိုးမိတ်ကုန်းမြေသို့ မိုးမြင့်မင်း မော်တော်နှင့် လိုက်ပါလာသည်။ ဆိပ်ကမ်းမှ ထွက်သည်ကိုယင်ပဲ မြစ်ဝှမ်းထဲမှ လှမ်းကြည့်မိသည်။ မင်းဝံဘောင်တန်းကြီးကို နောက်ခံပြုကာ မြစ်မင်းရောကမ်းနဖူးပေါ်၌ မားမားမတ်မတ် တည်နေသည့် ညို့စိမ်းစိမ်း တုံးဖွေးဖွေးနှင့် သာယာဖွယ်ကောင်းလှသော မိုးမိတ်ကုန်းမြေ တိပိဋက နိကာယကျောင်းတိုက်၏ အဝေးရှုခင်းကို လှမ်းမြင်ရသည်။ ငေးမောကြည့်ရှု၍ကား မဝနိုင်ပါ။

မော်တော်ခုတ်၍၄၅-မိနစ်ခန့်ကြာသောအခါ ထန်းမြင့်ရွာထိပ်ဆိပ်သို့ မော်တော်ကပ်သည်။ နေ့ရာသီမို့ မြစ်ရေ ကျနေပေပြီ။ နွေခေါင်ခေါင် ငွေသောင်ယံ သဲဖြူပေါ်မှာ နှစ်ယောက်သား သေတ္တာကိုဆွဲကာ မော်တော်သမား လမ်းညွှန်မှုဖြင့် မိုးမိတ်ကုန်းမြေသို့ လှမ်းဝင်မိသောအခါ ချွေးဒီးဒီး ကျလျက် ပင်ပန်းနွမ်းနယ်လာသမျှသည် အကုန်ပျောက်ကွယ်၍ သွားလေ၏။ တိပိဋကဆရာတော်ဘုရား၏ မေတ္တာရေ၊ ညီမောင်နောင်ဖွားဇာနည်အရှင်မြတ်တို့၏ မေတ္တာရေသည် နွမ်းလျနေသော သားမောင်ပဉ္စင်း၏ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနသို့ တွင်းပြင်မလုပ် သဘာဝရေစင်အသွင် တသွင်သွင် ဆုတ်ဖျန်းနေပေပြီ။ သားမောင်ပဉ္စင်း၏ ခန္ဓာကိုယ် စိတ်အစဉ်တို့သည် ပွင့်သစ်စပန်း ဆန်းတကျစလန်းနယ် ရွှင်လန်းချမ်းမြေ့နေပါသည်။

မရွှင်လန်းဘဲ နေနိုင်ပါစ၊ မြင်ရသမျှအာရုံတွေကလည်း အသစ်အဆန်းတွေချည်း ဖြစ်နေသည်။ ဆည်းလည်းသံ တချွင်ချွင်နှင့် ကြည်ညိုစရာကောင်းလှသည့် မိုးမိတ်စေတီ

တော်၊ စက်တော်ရာစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ ပိဋကတ်စေတီတော်၊ မင်းတေဇ၊ မင်းဗလ မော်ကွန်းစေတီတို့ ဝန်းရံပြီး ကျောင်းခန်း စေင်းတန်းတွေ စီရရီနှင့် နွေအခါမှာ ရေဇလာက သယ်ဆောင်လာသည့် လေပြည်လေညင်းနှင့်အတူ အေးမြသော အရိပ်အာဝါသကိုဆောင်ပြီး စိမ်းလဲ့နေသည့် ပန်းမန်ဥယျာဉ်တွေ၊ ကမ္ဘာတည်သရွေ့ တည်နေကြမည့် တိပိဋကဆရာတော်ဘုရား ရေးသားပြုစုသည့် ဗုဒ္ဓဝင်ကျောက်စာတွေ တစ်တိုက်လုံး သုံးဖို့တည်ထားသည့် အုံ့ဖွယ်လိလိ ရေကန်ကြီး၊ မြစ်မင်းရေက ဝိုင်းပတ်ရစ်ခွေကာ အလှဆင်ထားသည့် မိုးမိတ်ကုန်းမြေ တိပိဋကနိကာယ ကျောင်းတိုက်၏ ရှုခင်းတို့သည် ကြည့်မငြီးနိုင်လောက်အောင် သာယာလှပေသည်။

တိပိဋက နိကာယကျောင်းတိုက်၏ မဟာနာယက ဆရာတော် ဦးဇောတိက၊ အနုနာယက ဘုန်းတော်ကြီးဦးဝါသဝ၊ ရမ္မဝတီ အရှင်ခေမာစာရ၊ ဂဏ်ထူးဆောင်နာယက ဦးလှရွှေ၊ ကျောင်းအမဒေါ်ရွှေညွန့်၊ မန္တလေး တိ-နိ ဌာနခွဲဥက္ကဋ္ဌ ဦးအောင်ခန့်တို့ ကူညီပေးသည့် ကျေးဇူးကြောင့်သားမောင်ပဥ္စင်းတိပိဋကနိကာယကျောင်းတိုက်၌ အလွယ်တကူ နေရာရသည်။ နောက်တစ်နေ့ ရမ္မဝတီ အရှင်ခေမာစာရသည် ‘ညီမောင်၊ ဒီနေ့ကြာသပတေးနေ့၊ နေ့ကောင်းပဲ စာကျက်ပေတော့’’ဟု သားမောင်ကိုတိုက်တွန်းသည်။ ဒါနဲ့ သားမောင်ပဥ္စင်း ပါရာဇိက ပါဠိတော်ကို စကျက်သည်။ စာကျက်၍ကား သိပ်မကောင်းပါ။ အညာနွေ၏ဒဏ်ကို အလူးအလဲ ခံယင်း မေတ္တာရှင် မယ်တော်ကိုသာ သတိရနေပါသည်။

မှတ်မိပါသေးသည်။ ထိုနွေလ၏ တန်ခူးလပြည့်ကျော် ၃-ရက်နေ့၃-နာရီခန့်အချိန် အမှတ်မထင် ခေါင်းလောင်းထိုးသံ ပေါ်လာသည်။ ထိုခေါင်းလောင်းသံသည် တိပိဋက ဆရာတော်ဘုရား ကြွလာသောကြောင့် သံဃာစုရန် အချက်ပေးလိုက်သည့် ခေါင်းလောင်း သံဖြစ်သည်။

မကြာမီ ဘုရားဝတ်ပြုကျောင်း၌ သံဃာစုံညီစုမိသည့်အခါတွင် ရင်နှစ်သည်းချာ သားငယ်ကို မိခင်သည် သွန်သင်ဆုံးမသည့်အလား မိဘမေတ္တာအပြည့်ဖြင့် တိပိဋက ဆရာတော်ဘုရား၏ နှုတ်တော်မှ တည်ငြိမ်လေးနက်စွာ တစ်လုံးချင်းထွက်ပေါ်လာသည်။ ‘‘အရှင်ဘုရားတို့ စုံစုံညီညီ စာကျက်နေကြတာ တွေ့ရတော့ တပည့်တော် ဝမ်းသာတယ်။ အခုလိုအချိန်တော့ အရှင်ဘုရားတို့ ပူကြမှာပဲနော်၊ ဒါပေမယ့် ဇွဲမလျှော့ကြနှင့်၊ အရှင်ဘုရားတို့ကို ရန်ကင်းဆရာတော်ရဲ့ နည်းပြောရဦးမယ်။ အခုလို နွေအချိန်မှာ ရန်ကင်းဆရာတော်ထံ တပည့်တော် ရောက်သွားတယ်။ ဆရာတော် သီတင်းသုံးတဲ့ ကျောင်းကလေးက နှစ်ခန်းပတ်လည် သွပ်မိုးတစ်ထပ်ကျောင်းကလေး၊ ဆရာတော်ကို တပည့်တော် လျှောက်တယ်။

‘ဆရာတော် ဒီကျောင်းနေတာ ပူမှာပေါ့ဘုရား’

‘မောင်ပဉ္စင်း၊ ငါကတော့ ပဒုမ္မာကြာအိုင်ထဲ ဆင်းနေတယ်လို့ မှတ်တာပဲ’တဲ့။

“အရှင်ဘုရားတို့လဲ ပဒုမ္မာကြာအိုင်ထဲ ဆင်းနေတယ်လို့ မှတ်ကြပေါ့။ တပည့်တော်လဲ ဒီအချိန် ဒီနေရာကိုသာသင် ပူလိမ့်မယ်လို့ သိသားပဲ။ ရန်ကင်းဆရာတော်ရဲ့ နည်းအတိုင်းနေတော့ တပည့်တော်နေနိုင်ပါတယ်။ ပူတာက ကိစ္စမရှိဘူး။ ရုပ်ခန္ဓာက ပွင့်တာကို ကြိုက်တယ်။

“အထူးအားဖြင့်တော့ နေ့ ၁၂-နာရီမှ ညနေ ၄-နာရီအတွင်း ရေချိုးဆင်ခြင်ကြပါ”စသည်ဖြင့် ဆရာတော်ဘုရားသည် မိဘမေတ္တာအပြည့်ဖြင့် ဇာနည်အရှင်မြတ်တို့အား ဩဝါဒကထာ မြွက်ကြားတော်မူပါသည်။

မေတ္တာဓာတ်တို့ဖြင့် ထုံမွမ်းထားသည့် ဆရာတော်ကို ဖူးရသည်ကား အားမရ ဖူးမဝနိုင်ပါ။

ဆရာတော်၏ မျက်နှာတော်သည် လပြည့်ဝန်းနှယ် အမြဲတစေ သာယာရွှင်ပနေသည်။ ဆရာတော်၏ ဩဝါဒစကားတို့သည် ပဉ္စသိခစောင်းသံအလား သာယာငြိမ့်ညောင်းလှပါသည်။ ဆရာတော်၏ တရားသလ္လာပတို့သည် ဆည်းလည်းသံလို နားထောင်၍ မငြီးနိုင်လောက်အောင် နားပင်ချိုလှပါသည်။ သစ်ပင်ကောင်း ငှက်တစ်သောင်း မှီ၏သို့၊ ဆရာတော်၏ မေတ္တာရိပ်၌ ခိုလှုံကြသည့် ရဟန်းရှင်လူ သူတော်ကောင်းအပေါင်းတို့သည် ကိုယ်စိတ်နှစ်ပြာ ရွှင်လန်းချမ်းမြေ့စွာဖြင့် ပြုံးပန်းကိုယ်စီ ပွင့်နေကြပေသည်။ ဆရာတော်ဘုရား၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို ထုတ်ဖော်ရပါလျှင် မြန်ပြည်ဆံ့အံ့မထင်ပါ။

တိပိဋကဆရာတော်ဘုရား၏ ဦးဆောင်မှုဖြင့် ဝဏ္ဏကျော်ထင် ဒေါက်တာဦးသာလှ အမှူးပြုသော တိပိဋကနိကာယ သာသနာပြုအဖွဲ့ကြီး၌ ဖြူစင်သန့်ရှင်းသော သဒ္ဓါ မေတ္တာစေတနာဖြင့် သာသနာပြုမှုသည် နိုင်ငံတမ် ဥပမာပင် ရှိပါလေမည်နည်း။ ဇာနည် မောင်ဖွား အရှင်မြတ်တို့ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့စွာဖြင့် ဗုဒ္ဓဝစနတွေကို နှုတ်ငယ်တွင်တွင် ရအောင်ရွတ်၍ ဆောင်ထားနိုင်ရန် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး၊ ရေ၊ မီး၊ ခုတင်၊ သင်ဖြူး၊ စားပွဲ၊ ဟူသည်တို့ပါမကျန် လိုလေသည်မရှိ ထောက်ပံ့ကာ သာသနာပြုနေကြသည်မှာ ပြောချင် ယုံနိုင်ဖွယ်မရှိ၊ အံ့ဩဖွယ်ကောင်းပါပေသည်။ တိ-နိ သာသနာပြုအဖွဲ့၏ ကူညီမှုဖြင့် ကပ္ပိယကာရက ဝေယျာဝစ္စ ကုသိုလ်ယူကြသည့် စေတနာဖြူစင် သီလရှင်ဆရာတို့သည်လည်း မောသည် ပန်းသည်ဟု သဘောမထားဘဲ နေ့ညမနား ဝေယျာဝစ္စ ကုသိုလ်ပြုနေကြပါသည်။

ကျေးဇူးရှင် တိပိဋကဆရာတော်ဘုရား ဦးဆောင်ကာ ပြုစုပျိုးထောင်သည့် တိ-နိ သာသနာပြုအဖွဲ့ကြီးသည် အာဇာနည်အရှင်မြတ်တို့အား ပစ္စည်းလေးဖြာ လှူဒါန်း ရုံသာမက ဝိဝေကအရပ်ပါ ရှာဖွေကာ လှူဒါန်းထားပါသည်။ ဤမိုးမိတ်ကုန်းမြေသို့ ခြေနင်းဝင်ရောက်မိသည်နှင့် တိတ်ဆိတ်ငြိမ်သက် အေးချမ်းသည့် ‘တော’ ဟူသော အမှတ်သညာကို သရုပ်ဆောင်နေပေသည်။ အဘယ်ကြောင့်ဆိုသော် တောခပျော်ကျေးငှက်

သာရကာတို့သည် ဘာသာဘာဝအလျောက် ပျော်မြူးတွန်ကျူးလျက် လာရောက်သူ ပရိသတ်အပေါင်းတို့အား ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်ခြင်းကြောင့်ပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဇာနည်အရှင်မြတ်များ ပျော်စံ၍ သားကောင်တို့အား ဘေးမဲ့ပေးရာ ဖြစ်သောကြောင့် 'မိဂဒါဝုန် တောရိပ်မြုံ'ဟု ကင်ပွန်းတပ်လျှင်လည်း မှားမည်မဟုတ်ပါ။ အကာလ ညဉ့်အခါမှာ ဆိုယင်လည်း ညဉ့်ပျော်ငှက်တို့၏ အသံနှင့် တစီစီအော်နေသည့် ပုရစ်ငယ်တို့၏ အသံသာကြားနေရသည်။

တိတ်ဆိတ်ငြိမ်သက်နေသည့် မိုးမိတ်ကုန်းမြေကို ထူးထူးခြားခြား ဖြိုခွင်းလျက် အစဉ်တရစပ်ပေါ်လွင်နေသည့် အသံကား 'အရ အသေ အသားတို့ပါ ခန်းချင်ခန်းပါစေ'ဟူ၍ မီးပွတ်သော ယောကျာ်းနှယ် ကြီးမားသော ဇွဲလုံ့လသတ္တိဖြင့် ဗုဒ္ဓဝစနတွေကို နှုတ်ဝယ်တွတ်တွတ် ရအောင်ရွတ်လျက် ကျက်အံ ပြန်ကြည့်နေသည့် အာဇာနည် အရှင်မြတ်တို့၏ အသံတော်ပင်ဖြစ်သည်။

ဇာနည်အရှင်မြတ်တို့၏ နှုတ်စဉ်-ပြုတ် ရွတ်အံသရဇ္ဈာယ်နေသည့် ဗုဒ္ဓ၏ ငြိမ်းချမ်းရေးဓမ္မရောင်ခြည်၊ သုတ်ဝိနည်း အဘိဓမ္မာသုံးဖြာ ပိဋကတ်တို့သည် တိပိဋက နိကာယ သာသနာပြုအဖွဲ့ကြီး လက်တွဲညီညီ တည်နေသမျှ ကာလပတ်လုံး မင်းငွေစန္ဒာအသွင် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ မြေကြီးလက်ခတ်မလွဲ ထွန်းလင်းတောက်ပနေမည်သာ ဖြစ်ပါသည်။

ယခုလို မေတ္တာပေါင်းခြုံသည့် မေတ္တာရိပ်အောက်မှာ နေရတော့ ဖခင်၏မေတ္တာကို ပြည့်ဝစွာ မခံစားခဲ့ရသည့် ဖတဆိုးလေး သားမောင်ပဥ္စင်း မယ်တော်ကို သိပ်ပြီး သတိရနေပါသည်။ မယ်တော်၏ နှုတ်မှ ပြော၍ထွက်သည့် ရင်ထဲမှ စကားသံကို သားမောင်ပဥ္စင်း ကြားယောင်နေမိပါသည်။

''သားမောင်ပဥ္စင်းနှင့် ခွဲပြီး ဘယ်နေချင်မှာလဲ သားရယ် ဒါပေမယ့် သားမောင်ဖခင်ကြီး ရှိစဉ်က 'ငါ့သားကြီးကို သာသနာပြု ပုဂ္ဂိုလ်ကျော်ဘစ်ပါး ဖြစ်လာအောင် စောင့်ရှောက်ရစ်ပါ'လို့ တာဝန်ပေးထားတော့ သားမောင်စာသင် ထွက်လိုသည်ကို တားနိုင်သည့် စွမ်းအား မယ်တော့်မှာ မရှိပါဘူးကွယ်''

မယ်တော်၏ မေတ္တာစေတနာကို သားမောင်ပဥ္စင်း သဘောပေါက် နားလည်ပါပြီ။ ဖခင်ကြီး၏ ဆန္ဒတွေ ပြည့်ဝအောင် သားမောင်ပဥ္စင်း အားခဲကာ ကြိုးစားပါမည်ဟု အဓိဋ္ဌာန်ချလိုက်ပါသည်။

အို-မြန်ပြည်တလွှားမှ ညီနောင်နောင်ဖွား ဇာနည်အရှင်မြတ်များတို့၊ ဤမိုးမိတ်ကုန်းမြေ၌ လက္ခယ်ညမရှိ လမင်းထိန်ထိန်သာနေသည်မို့ ဗုဒ္ဓမြတ်စွာ ရှည်ကြာအစွန့်ရောင်လျှံကွန့်စေဖို့ လသာတုန်းဗိုင်းငင်ရအောင် မိုးမိတ်ကုန်းမြေသို့ လှမ်းလှည့်ပါ မြန်းလှည့်ပါလို့ တိပိဋကနိကာယ အဖွဲ့ကြီး၏ ကိုယ်စား စာရေးသူ ဖိတ်မန္တက ပြုလိုက်ပါသည်။

အရှင်ကစ္စာယန
တိပိဋကနိကာယ၊မိုးမိတ်။

# မေတ္တာဂုဏ်

နိကာယ်ငါးဖြာ သာသနာ ရောင်ဝါနေသို့ ထွန်းပါစေ။

နိကာယ်ငါးရပ် ပိဋကတ်စာမေးပွဲဝင်လိုသူ အရှင်မြတ်များသို့....

နိကာယ်စာမေးပွဲနှင့် တိပိဋကဓရစာမေးပွဲကို ဝင်ရောက်ဖြေဆိုတော်မူလိုပါလျက် ဘောဇနသပ္ပာယကို မရနိုင်ခြင်း၊ နေရာထိုင်ခင်းအတွက် စာကျက်စာကြည့်ရန် အထူးသင့်လျော်သော ဝိဝေကအရပ်ကိုမရရှိခြင်းတို့ကြောင့် မျှော်မှန်းချက် စာပေခရီး နှေးဖင့်နေကြသော သာသနာ့အာဇာနည်အလျာအရှင်မြတ်များဘုရား....

အရှင်မြတ်တို့အဖို့ရာ ဘောဇနသပ္ပာယ မမျှတခြင်း၊ ဝိဝေကအရပ်ကိုမရရှိခြင်း ဤအခက်အခဲနှစ်ရပ်ကို လွန်မြောက်နိုင်ရန် တပည့်တော်သည် ယခု ၁၃၃၉-ခု၊ တပို့တွဲလ(၁၉၇၈-ခု ဖေဖော်ဝါရီလ)မှစ၍ မိမိအား နိုင်ငံတော်အစိုးရက လစဉ်လှူဒါန်းထောက်ပံ့သော 'တိပိဋကဓရလစဉ် ဆွမ်းဆန်တော်'ကိုမင်းကွန်းတောင်ရိုး 'မင်းကွန်းမိုးမိတ် စေတီတော်များ ပြုပြင်စောင့်ရှောက်ရေးအဖွဲ့'သို့ ကပ္ပိယကာရကအဖြစ် ဆောင်ရွက်ရန်အပ်နှင်း၍ အရှင်မြတ်တို့အဖို့ စိတ်အေးချမ်းသာစွာစာကျက်စာကြည့်နိုင်ရန် နိကာယ်သာသနာတော်အား ပူဇော်လှူဒါန်းပြီး ဖြစ်ပါသည်။

မင်းကွန်းမိုးမိတ် ဂေါပကအဖွဲ့က တပည့်တော်လှူဒါန်းသော တိပိဋကဓရလစဉ် ဆွမ်းဆန်တော်ကို မူလမပျက်စေဘဲ တည်၍ လိုအပ်လျှင် လိုအပ်သလို ဒကာပေါ်ပေါက်အောင် ဆောင်ရွက်လျက်....

(က) အရှင်ဘုရားတို့ ဆွမ်းမခံရဘဲ စိတ်အေးချမ်းသာစွာ စာကျက် စာကြည့်နိုင်ရန်၊

(ခ) အရှင်ဘုရားတို့ ဆိတ်ငြိမ်သော နေရာကို ရရှိရေးအတွက် မင်းကွန်းတောင်ရိုးရှိ မိုးမိတ်စေတီတော်များ ကုန်းမြေ၌ ချမ်းသာစွာ နေထိုင်နိုင်ရန်တာဝန်ယူ၍ စီမံပေးရန် သဘောတူပြီးဖြစ်ပါသည်။

သို့ပါ၍ အလိုရှိသော အရှင်မြတ်များသည် မိုးမိတ်စေတီတော်များ ဂေါပကအဖွဲ့ဝင် ပုဂ္ဂိုလ်များထံ ကြွရောက်တိုင်ပင် ဆွေးနွေး စာရင်းပေးတော်မူကြပါရန် သာသနာရေးအတွက် အားတက်ဖွယ်သတင်းကောင်း အကြောင်းကြား သိစေပါသည် အရှင်မြတ်တို့ဘုရား။

ဦးဝိစိတ္တသာရာဘိဝံသ

ဆရာတော်ဘုရားကြီး၏ ဤဖိတ်မန္တကပြု ကြေငြာ စာတမ်းကို စာရေးသူသည် ရန်ကုန်မြို့မှာ စာသင်နေတုန်းက ကိုယ်တော်တစ်ပါး၏ကျေးဇူးကြောင့်တစ်ခေါက်လောက် အမှုမဲ့ အမှတ်မဲ့ ဖတ်လိုက်ရသည်။

ဤစာတမ်းနှင့် ပတ်သက်၍ ဆရာတော်ဘုရားကြီး၏ ကရုဏာ မေတ္တာ စေတနာ တို့ကို မသိသော အချို့သော ပုဂ္ဂိုလ်တို့သည် ဤဆရာတော်သည် သူ့ကျောင်းတိုက် နာမည်ကြီးချင်လို့ စာချဘန်း ပြီးပြီးသား တကယ်တော်သည့် ကိုယ်တော်ကိုသာ ရွေးပြီး ဖိတ်ခေါ်ကျွေးမွေးသည်'' ဤသို့ ပြောဆိုဝေဖန်ကြကုန်၏။

စာရေးသူလည်း ထိုအချိန်အခါမှာ ဓမ္မာစရိယတန်းကို လုပ်နေရသော စာသင်သား ဘဝမျှသာ ဖြစ်နေပါ၍ ဤစာတမ်းကို ဖတ်လိုက်ရပြီး လေးလေးနက်နက်လည်း မစဉ်းစားရ၊ နောက်ဆရာတော်ကိုလည်း တခါမျှဖူးမြော်ခွင့်မရခဲ့။ဆရာတော်နှင့်ပတ်သက် သော အကြောင်းအရာတွေလည်း လေ့လာခွင့်မရခဲ့သည့်အတွက်ဤစာတမ်းနှင့်ပတ်သက်ပြီး ဘာမှမပြောတတ်၊ ဘာမှမဝေဖန်တတ်။ ဒါပေမယ့်စိတ်ထဲမှာ ''ဤစာတမ်းသည်ဆရာတော် ဘုရားကြီးက တိပိဋကစာသင်သားတွေကို ဖိတ်မန္တကပြုစာတမ်းပဲ'' ဟူ၍သာ အောက်မေ့ ခဲ့ပါသည်။

စာရေးသူသည် ဆရာတော်ဘုရားကြီး တည်ထောင်ထားသော ဤတိပိဋကနိကာယ ကျောင်းတိုက်သို့ သွားရောက်နိုင်လိမ့်မည်ဟု မမျှော်လင့်ပါ။ အကြောင်းမှာ စာရေးသူ၏ ဥပဇ္ဈာယ်ဆရာသည် စာသင်တိုက်ဖွင့်ထားသည်။ ဥပဇ္ဈာယ်ဆရာက လွှတ်မည် မဟုတ်။ သူလည်း စာချဆရာလိုနေသောကြောင့်ပါဟည်း။ သို့သော် စိတ်ထဲတွင်ကား 'တိပိဋက နိကာယ ကျောင်းတိုက်သို့ သွားချင်နေပါသည်။ တိပိဋကစရေ ရွေးချယ်ရေး စာမေးပွဲကို ဝင်ချင်ပါသည်။ တိပိဋကနိကာယကျောင်းတိုက်မှာ ဆိုယင် ဆရာတော် ဘုရားကြီး၏ ဖိတ်မန္တကပြု စာတမ်းမှာပါသည့်အတိုင်း ဖြစ်နေမည်ဆိုလျှင် တိပိဋက ကျမ်းစာတွေကို လွတ်လွတ်ကျွတ်ကျွတ် ကျက်ရ၊ကြည့်ရ,လေ့လာရမှာပဲ' ဟု တွေးတောမိပါသည်။

စာရေးသူသည် ဥပဇ္ဈာယ်ဆရာ၏ စာသင်ကျောင်းတိုက်မှာ တစ်နှစ် စာချပေးပြီး ဆရာ့ကို ခပ်ကြောက်ကြောက်နဲ့ ပညာမပြည့်စုံသေးလို့ စာသွားသင်ဦးမည့် အကြောင်းကို ခွင့်တောင်းတော့ ဆရာက ခပ်လွယ်လွယ်ကလေးနဲ့ပဲ ခွင့်ပြုလိုက်ပါသည်။ဒါပေမယ့် ဆရာ့ မျက်နှာက မရွှင်ပါဘူး။ ဆရာ့မျက်နှာ မရွှင်လျှင် တပည့်ကလည်း ဘယ်ရွှင်နိုင်ပါ့မလဲ။ သို့သော် မတတ်နိုင်ပါ။ ပညာက မပြည့်စုံသေးပဲကိုး။ အသက်ကလည်း ငယ်သေးတယ် ဆိုတော့ သူများဆရာ မလုပ်ချင်သေးဘူးပေါ့။ နောက်....ကိုယ့်ရဲ့ တိုးတက်မှု အညွန့်အဖူး တွေကိုလည်း မတုံးစေချင်လို့လည်း ပါပါတယ်။

ဒီလိုနဲ့ပဲ စာရေးသူသည် ၁၃၄၄-ခုနှစ်မှာ တိပိဋကဆရာတော်ဘုရားကြီး၏မေတ္တာရိပ် အာဝါသကို မှီခိုခွင့်ရခဲ့ပါသည်။ ဆရာတော်ဘုရားကြီးကို အနီးကပ် ဖူးမြော်ခွင့်လည်း ရခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ မေတ္တာစွမ်းအားကြောင့်ပင် ဖူးမြော်ရတာ ဝမ်းသာ မဆုံး၊ ကြည်ညိုမဆုံး။

## (၂)

ယနေ့နေရောင်ခြည် မနေ့က နေရောင်ခြည်ထက် လင်းနေပါသည်။ တိမ်မြူနှင်းတွေ ကင်းရှင်းနေပါသည်။

မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး၏ အရိပ်အာဝါသကို မှီခိုဆည်းပူး ခဲ့ရပါပြီ။ ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာတွေကိုလည်း အတော်အသင့် နာကြားခွင့် လည်းရခဲ့ပါပြီ။ ဆရာတော်ဘုရားကြီးနှင့်ပတ်သက်သော စာအုပ်စာတမ်းတွေလည်း လေ့လာခွင့်ရခဲ့ပါပြီ။ ဆရာတော်ဘုရားကြီးနှင့်ပတ်သက်သော သတင်းကောင်း တွေကိုလည်း ထိုထိုဤဤမှ ကြားသင့်သလောက်ကြားခဲ့ရပါပြီ။

ဤသို့ဆရာတော်ဘုရားကြီး၏ဩဝါဒကထာ၊ ဆရာတော်ဘုရားကြီးနှင့် ပတ်သက်သောစာအုပ်စာတမ်းများကို နာကြားလေ့လာခဲ့ရသည့်အတွက် ဆရာတော်ဘုရားကြီး၏ တိပိဋကသံဃာတွေကို ဖိတ်မန္တကပြုစာတမ်းသည် ရိုးရိုးသာမညစကားရပ် စာတမ်း တွေ မဟုတ်၊ ဂုဏ်ပကာသနတွေ မက်မောလိုလားပြီး လူကြားတွေထဲမှာ ဂုဏ်ယူ ပါကြွားလိုသောစိတ်ဆန္ဒဖြင့် ဖိတ်မန္တကပြုတာမဟုတ်။

ပစ္စည်းလေးပါး လာဘသက္ကာရများ တိုးပွားလိုသောစိတ်ဆန္ဒဖြင့် ဖိတ်ခေါ်တာ လည်းမဟုတ်။ စင်စစ်သော်ကား ဆရာတော်ဘုရားကြီး၏ နှလုံးသားမှ ယိုစီး ဖိတ်လျှံ ထွက်လာသော ကိုယ်ချင်းစာနာတတ်သော ကရုဏာ၊ အကျိုးစီးပွားတွေ့ကို လိုလားတတ်သော မေတ္တာ၊ မိမိလိုတိပိဋကရေဖြစ်စေချင်တဲ့ စေတနာများတွေက စေ့ဆော် တိုက် တွန်းပေးသည်၏အဖြစ်ကြောင့်သာ ဖြစ်ပေါ်လာသောစာတမ်းတွေပါလား။ တကယ့် တကယ်ဖြူဖွေးသန့်ရှင်းစင်ကြယ်သော စိတ်ဆန္ဒတွေဖြင့် တိပိဋကသံဃာတို့ကို ဖိတ်မန္တက ပြုသော စာတမ်းပါလား။

စာရေးသူ၏ နှလုံးသားပုံရိပ်မှာ ပေါ်လွင် ထင်ရှားစွာ ခံစားခဲ့ရ ပါသည်။ ဉာဏ်မျက်စိမှာလည်း လင်းကနဲခံစားခဲ့ရပါသည်။

"တိပိဋကရေဘွဲ့ရရှိသည့် (၂၅)နှစ်မြောက်ငွေရတုသဘင် ပူဇော်ပွဲတွင်ဆရာတော် ဘုရားကြီးက "ဘုန်းကြီးသည် တိပိဋကရေအလုပ် အားထုတ်ခဲ့စဉ်က ပုံရိုင်းရိုင်း ပြောရ လျှင် တာပတ်ကွင်းကိုပြေးရမယ့်မြင်းဟာ စောစောကကြိုဘင်၍ ပြေးရမည့် အချိန်ထက် ပိုပြီး အပြေးလေ့ကျင့်ထားရသလို တိပိဋကရေ စာမေးပွဲမှာ နှုတ်မဆိုက်စာပြန်ရတဲ့ အချိန်ဟာ တစ်နေ့လျှင် လေးနာရီတိတိဖြစ်ပါတယ်။ ဒီလေးနာရီ အောင်အောင် မြင်မြင် စာပြန်နိုင်ရေးအတွက် စောစောကပဲ ကြိုဘင်၍ တစ်နေ့လျှင်ခြောက်နာရီ စာပြန် လေ့ ကျင့်ခဲ့ရပါတယ်။ ဒီလိုလေ့ကျင့်တဲ့အခါမှာ နေ့၂နာရီလောက်ကျလျှင်ပင် ရင်ထဲမှာ ပူလာ၍ အဖျော်ယမကာတစ်ကြိမ်သောက်ရပါတယ်။ ညနေ၅နာရီလောက်မှာ စတုမဓု တစ်ခါစားသုံးပေးရပါတယ်။ ဒါမှဆက်ပြီးတော့ ညမှာလဲစာပြန်နိုင်ပါတယ်။ အဲဒီတော့ ကိုယ်ချင်းစာတယ်။ ငါဒီဆိတ်ငြိမ်ရာအရပ်မှာ စာကျက်လို့ ကောင်း ကောင်း ရတယ်၊ ဒီလိုအဖျော်ယမကာ စတုမဓုဆေးများကို မှီဝဲရလို့လေနာမစွဲကင်ပဲ တိပိဋကရေ ဖြစ်ရ

တယ်။ ဒီတော့ ငါ့ညီလေးတွေလဲ ဒီအတိုင်းဖြစ်ကြပါစေဆိုပြီးတော့ ဘုန်း ကြီးများသည် အဲဒီနိကာယဘာဏကအလျှာ တိပိဋကဓရအလျှာဖြစ်ကြတဲ့ ပိဋကစာသင်သား နိကာယ်စာသင်သား အရှင်မြတ်များကို နံနက်မှာဆွမ်းနှစ်တပ် ပြည့်ပြည့်စုံစုံ ဆက်ကပ်၍ နေ့လယ်၊ ညနေမှာ အဖျော်ယမကာနှင့် ညဘုရားဝတ်တက်ပြီး အချိန်မှာ စတုမဓုဘုရားဆေးကိုအပြည့်အစုံဆက်ကပ်ပူဇော်ပေးမှုဖြစ်မယ်''ဟူသော ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာအနုမောဒနာ ဝမ်းမြောက်ဖွယ်ရာစကားကို ယောက်သေးအားဖြင့် ဆရာတော်ဘုရားကြီးသည် တိပိဋကသံဃာတော်အပေါ်မှာ ဘယ်လောက်ဘယ်လိုကိုယ်ချင်းစာတတ်သလဲဆိုတာ မေးဖို့လိုမည်မထင်။ ပေါ်လွင်ထင်ရှားနေပါသည်။

ဆရာတော်ဘုရားကြီး၏ ကိုယ်ချင်းစာနာတတ်တဲ့ သဘောတရားသည် ဆက် ပြီးယိုစီးဖိတ်လျှံနေလျက်ပါ။

''တိပိဋကဓရစာမေးပွဲ၊ နိကာယ်စာမေးပွဲ ဝင်နိုင်ဖို့ အရှင်မြတ်များဟာ နိကာယ်ငါးရပ် ပိဋကတ်သော်ဆိုတဲ့ ဘုရားစကားတော်တွေကို နှုတ်ကက်ရအောင် ပင်ပန်း ကြီးစွာကျက်ရအံရပါတယ်။ စာမရဘဲ ရပြီးလျှင်လဲ စာမကျေပဲ ဒီစာမေးပွဲနှစ်ခုကို ဝင်လို့မဖြစ်ပါဘူး၊ စာမရဘဲနှင့်သာဆိုလျှင် ဟောဒီတိပိဋကဓရ စာမေးပွဲဟာ သာပြီးကြောက်စရာကောင်းပါတယ်။ စာမရလျှင်၊ စာမကျေလျှင် ပလ္လင်ပေါ်ကထီးဖြူတော် အောက် မှာငုတ်တုတ်ပင်အရှက်ကွဲနိုင်ပါတယ်။ ဒီတော့ နိကာယ်စာမေးပွဲ၊ တိပိဋကဓရ စာမေးပွဲဝင်ကြမည့် သာသနာ့ အာဇာနည်အလောင်းအလျာအရှင်မြတ်တို့အဖို့ရာ အချိန် များများ စာကျက် စာအံ စာကြံ စာကြည့်နိုင်ဖို့ အလွန်အရေးကြီးပါတယ်''

(၃)

ကိုယ်ချင်းစာနာတတ်သော သူတို့၏ နှလုံးသားသည် နူးညံ့၏၊ သိမ်မွေ့၏၊ ယဉ်ကျေး၏၊ ရိုးသား၏၊ ဖြောင့်မတ်၏၊ စင်ကြယ်၏၊ တည်ငြိမ်၏၊ ကတိတည်၏၊ သစ္စာမြဲ၏၊ အမျက်ကင်း၏၊ ရန်ငြိုးခြင်းမှကင်း၏၊ ဖြူဖွေးသန့်ရှင်းကြည်လင်၏။

ဆရာတော်ဘုရားကြီးသည် တိပိဋက သံဃာတော်အပေါ်မှာ အကျိုးစီးပွားလိုလားတတ်သော၊ တိုးတက်မှု အောင်မြင်မှု ချမ်းသာမှုကို လိုလားတတ်သော မေတ္တာ စေတနာစသော သဘောတရားတို့ ဖြစ်လည်းဖြစ်ခဲ့ပြီ၊ ဖြစ်ခဲ့သည်နှင့်အလျောက် ဆရာတော်ကြီးသည် ''ဒီအရှင်မြတ်တွေ စာကျက်ကြလိမ့်မယ်၊ စာအံကြလိမ့်မယ်၊ စာပြန်ကြလိမ့်မယ်၊ စာကြည့်ကြလိမ့်မယ်၊ ဒီလိုအချိန်ပြည့် စာကျက် စာအံ စာပြန် စာကြည့်နိုင်အောင် ဆွမ်းနှစ်ထပ်ကပ်မှတော်မယ်၊ ညနေချမ်း ရင်ပူလာလျှင် အဖျော်ယမကာ လိုအပ်မယ်၊ စာပြန်ပြီးတဲ့အခါမှာ လေထနေလို့ မကျန်းနိုင်ပဲရှိမယ်၊ ဒီအခါမှာ ဆေးပစ္စည်း စတုမဓု ဆက်ကပ်ဖို့ လိုအပ်မယ်။ အရှင်မြတ်တွေသည် သာသနာ့မှာ အာဇာနည် အလျာတွေဖြစ်တယ်။ အာဇာနည်ကို အာဇာနည်ရဲ့ အဆောင်အယောင်ပေးမှ အာဇာနည်ရဲ့အလုပ်ကို အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ကြမယ်၊ တို့ မမိုတ်မသုန် ယုံကြည်တဲ့အတွက် မူလကြော်ငြာ

စဉ်ကဲ ဆွမ်းနှင့် ကျောင်း ပစ္စည်း နှစ်ပါးကိုသာ တာဝန်ယူဖို့ ကြေညာခဲ့သော်လည်း ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးအကုန်လုံး အရှင်မြတ်တို့အတွက် လိုအပ်သလို ပြုစုမယ်။ ဘာပဲပြောပြော တို့လျှော့၍သုံးမယ်'' ဟု မိန့်ဆိုအပ်ထားသည်နှင့် လျော်ညီစွာ တိပိဋကဓရ ဖြစ်ခဲ့သည့် ၁၃၁၅-ခုနှစ်မှစ၍ ဆရာတော်ဘုရားကြီးအား နိုင်ငံတော်အစိုးရက လစဉ်လစဉ် တိပိဋကဓရလစဉ်ဆွမ်းဆန်တော် ၃၁၁ကျပ်(သုံးရာဆစ်ဆယ့်တစ်ကျပ်)ကို ဆရာတော်ဘုရားကြီးက (၂၄)နှစ်တင်းတင်း သုံး စွဲလာခဲ့ပြီ။ အခုဆို ဆရာတော်ဘုရားကြီးက နိကာယ်ငါးရပ် ပိဋကတ်တော်တည်းဟူသော ပရိယတ္တိ သာသနာတော်အား အပြီးအပြတ် လှူဒါန်းခဲ့လေပြီ။

စာရေးသူသည်း ဆရာတော်ဘုရားကြီး၏ မေတ္တာအရိပ် စေတနာအရိပ်အာဝါသတို့ကို မှီခိုရ၍သာ ယခုလို ဝိနယဓရဘွဲ့ကို ရနိုင်ခဲ့သည်၊ ဆရာတော်ဘုရားကြီး၏ ဆွမ်းဆန်ဟော်တွေကို သုံးဆောင်ခဲ့ရသည့်အတွက်ကြောင့်သာ ယခုလို အေးအေးချမ်းချမ်းနဲ့ တိပိဋကဓရ ပန်းတိုင်သို့ ချီဘက်ရဲ ချီတက်ဝံ့ခဲ့ပါသည်။ အကယ်၍ ဆရာတော်ဘုရားကြီး၏အထောက်အပံ့တွေကို သည်လိုမရခဲ့သည်ရှိသော် ဆွမ်းခံရှာနေရတာတစ်ဘက်၊ စာကြိုးစား နေရတာ တစ်ဘက်နဲ့ဆိုလျှင် အတော်ပင်ပန်းမည်။ စာလုပ်ရမည့် အချိန်သည်းနည်းသွားမည်။ ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးသည် ကြီးမားလှပါဘိ။ စာရေးသူ၏ အပေါ်မှာ ဆရာတော်ဘုရားကြီး၏ ကြီးမားလှစွာ ဤဂုဏ်ကျေးဇူးတွေကို ဘယ်လိုဆပ်ရမည်လိမ့်။

သစ်ပင်အရိပ်ကို မှီခိုရပြီး နေပူခြင်းဒဏ်မှ ကင်းခဲ့သောသူသည် ထိုသစ်ပင်၏ အရိပ်တွေကောင်းကြောင်း အေးမြကြောင်းကို ပြောဆိုချီကျူးခြင်း၊ ထိုသစ်ပင်၏အကိုင်းအခက် အရွက်တွေကို မဖြတ်မခုတ် မချိုးမနှိမ်ခြင်းဖြင့် ထိုသစ်ပင်၏ကျေးဇူးကို တစိတ်တစ်ဒေသ ဆပ်ရာရောက်မည်မဟုတ်လော။

စာရေးသူသည် ဆရာတော်ဘုရားကြီး၏ ကြီးမားလှစွာသော ကျေးဇူးတွေကို ဤဆောင်းပါး စာဘမ်းဖြင့် တစ်စိတ်တစ်ဒေသဖြင့် ကျေးဇူးဆပ်လိုသည် ဖြစ်ပါ၍ မဖြစ်မနေ အချိန်လုယူပြီး ရေးသား ပင်ပြလိုက်ရပါသည်။ ။

အရှင်နန္ဒဝံသ(ဝိနယဓရ)
တိပိဋက နိကာယ၊ မိုးမိတ်။

# အတုယူထိုက်သည့်တိုက်အုပ်ဆရာတော်

(သိဒ္ဓမ်)၊ ၊ရဟန်းရှင်လူတိုင်း "မင်းကွန်းတိပိဋကဓရ ဆရာတော်ဦးဝိစိတ္တ သာရာဘိဝံသ"ဟု ဆိုလျှင် မသိသူနည်းပါး၍ သိသူက များပြားလှပါ၏။ မှန်ပါသည်၊ မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကို သိသူများသလောက် တစ်ချိန်က တိပိဋကဓရ ဆရာတော်ဘုရား မိမိ၏ ညာလက်ရုံးအလား အားထားခဲ့ရသော တပည့်ဆရာတော် တစ်ပါး၏ အကြောင်းကိုကား သိရှိသူနည်းကြပေလိမ့်မည်။

ထိုဆရာတော်ကား အခြားမဟုတ်။ ၁၃၄၅-ခုနှစ်၊ နတ်တော်လဆန်း ၇-ရက်၊ တနင်္ဂနွေနေ့တွင် နတ်ပြည်ကြွင်းသို့ ကြွမြန်းစံဝင်တော်မူခဲ့သော မင်းကွန်းတိပိဋက နိကာယ သာသနာပြုအဖွဲ့ နာယကဆရာတော်များ၏ အကျိုးတော်ဆောင်နှင့် ဓမ္မနာဒ ကျောင်းတိုက်ကြီး၏ တိုက်အုပ်ဆရာတော် ဦးဥက္ကံသာဘိဝံသပင် ဖြစ်ပါသည်။

ဆရာတော်ဦးဥက္ကံသာဘိဝံသသည် တိပိဋကဓရ ဆရာတော်ဘုရား အားအထား ရဆုံး တပည့်ကြီးဖြစ်ခဲ့သလို ပါရမီဖြည့်ဖက်ဆိုလျှင်လည်း မှားမည်မဟုတ်ပေ။ ပညာ ရေးဒီဂရီအားဖြင့် အစိုးရ သာသနဓဇ သိရီပဝရ ဓမ္မာစရိယနှင့် တိပိဋကဓရစာမေးပွဲ ပြီးလျှင် အခက်ဆုံးဟု နာမည်ကြီးလှသော မန္တလေးသကျသီဟ ဓမ္မာစရိယတန်းကို မပင် မပန်း အောင်မြင်ပြီးသော ဆရာတော်တစ်ပါးပင် ဖြစ်ပါသည်။

## ဆရာကောင်းတပည့် ပီသခြင်း

တိပိဋကဓရ ဆရာတော်ဘုရားသည် မိမိ တိပိဋကဓရ စာပြန် စာမေးပွဲဝင်ရန် အားထုတ်စဉ်က မိမိ၏ ဆရာတူ တပည့်ဖြစ်သည့် ဦးပဉ္ဇင်း ဦးဥက္ကံသာဘိဝံသအား ခေါ်၍ "ဦးပဉ္ဇင်း....တပည့်တော် ဒီနှစ်(၁၃၁၁-ခုနှစ်) ရဟန်းဒကာကြီး (ဆာ-ဦးသွင်)ကို 'ဒကာကြီး....ကျုပ်ဘာပဲဖြစ်ဖြစ် ရှေ့နှစ်ခါ တိပိဋကဓရ စာပြန်ပွဲဝင်ဖြစ်အောင် ဝင်မယ်၊ ဒကာကြီး၊ ဒကာမကြီးတို့ရဲ့ ကျေးဇူးကို တိပိဋကဓရအဖြစ်နဲ့ ဆပ်ပါမယ်'လို့ ကတိ ပေးဝန်ခံခဲ့တယ်။ တပည့်တော် တိပိဋကစာပေများ အားထုတ်နေစဉ် ကျောင်းတိုက်၏

အုပ်ချုပ်ရေးစသော တာဝန်များကို ဦးပဥ္စင်းက ဆောင်ရွက်စောင့်ရှောက်ပါ''ဟု အပ်နှင်းတော်မူပါသည်။

တိုက်အုပ်ဆရာတော် ဦးဥက္ကံသာဘိဝံသသည် မိမိ၏ ဆရာက ပေးအပ်လာသည့် တာဝန်များကို ပညာရှိ တပည့်ကောင်းပီပီ ခေါင်းမရှောင်ဘဲ အလေးဂရု အထူးပြု လျက် ကျေပွန်စွာ ဆောင်ရွက်စောင့်ရှောက်တော် မူခဲ့ပါသည်။ (ဤကား ဆရာကောင်း တပည့်များ နည်းယူကျင့်သုံးဖွယ်ရာ အချက်တစ်ချက်ပင်။)

သိပ်မကြာလိုက်ပါချေ။ တိပိဋကဓရ ဆရာတော်ဘုရားသည် (၄)နှစ်မျှဖြင့်ပင် တိပိဋကဓရ စာမေးပွဲကြီး၌ ပိဋကသင်ရိုး သုံးပုံစလုံး ဝိသိဋ္ဌ–မဟာဂုဏ်ထူးနှစ်ဖြာဖြင့် အောင်မြင်ပြီးမြောက်တော်မူလေ၏။ (သဒ္ဓါ၊ ဝီရိယ၊ ပညာစသည့် ပြည့်စုံသည့် အာဇာနည် ပုဂ္ဂိုလ်မြတ်တို့၏ စွမ်းဆောင်နိုင်မှု သတ္တိထူးကား အရာရာ၌ အံ့သြဖွယ်ကောင်းပါပေစွ။)

တိပိဋကဓရ ဆရာတော်ဘုရားသည် မိမိ တိပိဋကဓရဖြစ်ပြီးသည်နှင့် ကျောင်းတိုက် အတွက် အုပ်ချုပ်ရေးတာဝန်များကို မိမိက ပြန်လည်စောင့်ရှောက်၍ တပည့်ဖြစ်သူ တိုက်အုပ် ဦးဥက္ကံသာဘိဝံသအား တိပိဋကဓရ စာပြန်ပွဲဝင်နိုင်ရန်အတွက် ဆိုင်ရာ ကျမ်းစာများကို ကျက်မှတ်စေလေသည်။

## ဆရာတော်ဦးဥက္ကံသ၏ တိပိဋက ကံကြမ္မာ

တိုက်အုပ်ဆရာတော် ဦးဥက္ကံသာဘိဝံသသည် မိမိ၏ဆရာ လျှောက်လှမ်းခဲ့သော တိပိဋကဓရလမ်းစဉ်ကို လျှောက်လှမ်းနိုင်ရန်အတွက် ဗိုလ်ငါးပါးရှေ့သွားပြုကာ အားမာန် အပြည့်အဝဖြင့် ဝိနယပိဋကကို စတင်ကျက်မှတ်တော်မူလေသည်။ သို့သော် ဆရာတော် ဦးဥက္ကံသာဘိဝံသ၏ တိပိဋကဓရဖြစ်ရန် ကံကြမ္မာကား ခေခဲ့လေရော့သလား မသိ၊ ဝိနည်းငါးကျမ်းတွင် ပါရာဇိကဏ်နှင့် ပါစိတ်ခေါ် ဥဘတော ဝိဘင်း ကုန်၍ စာပြန် သောအခါ မနေမျှော်လင့်သော အမောရောဂါ နှောင့်ယှက်လာပါလေတော့သည်။ဆေးဝါး များ ဘုဉ်းပေးပြီး ကြိုးစားကြည့်သော်လည်း အမောရောဂါသည် ပျောက်သွားခြင်းမရှိ၊ မောမြဲမော၍သာ နေလေ၏။ ဆရာတော် ဦးဥက္ကံသာဘိဝံသသည် တိပိဋကဓရဖြစ်ရန် အတွက် ဉာဏ်၊ ဝီရိယ၊ စိတ်၊ ဆန္ဒတွေ ထက်သန်နေသော်လည်း အမောရောဂါ နှိပ်စက်၍ ကျန်းမာရေးမကောင်းသောကြောင့် တိပိဋကဓရ စာပြန်ပွဲကြီးကို အားမလျှော့ချင်ဘဲနှင့် လျှော့လိုက်ရလေသည်။

## မိမိဆရာအား ကျေးဇူးဆပ်ခြင်း

ဆရာတော်ဦးဥက္ကံသာဘိဝံသသည် တိပိဋကဓရ စာမေးပွဲကြီးကို လက်လျှော့လိုက် ရသည့်နောက် မိမိဆရာ၊ တိပိဋကဓရ ဆရာတော်ဘုရားအား ဘာသာ၊ သာသနာရေးတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် ရည်သန်၍တစ်ဖုံ၊ အနယ်နယ် အရပ်ရပ်မှ ပင့်လာ

ကြသော ဒကာ၊ ဒကာမများအား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးနိုင်ရန် အတွက် မျှော်မှန်း၍တစ်မျိုး၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကို နောက်ပိုင်းမှ ပလိဗောဓ ကင်းရှင်းစွာဖြင့် ဆောင်ရွက်နိုင်ရန် ရည်သန်၍တစ်ကြောင်း မွေနာဗကျောင်းတိုက်၏ အုပ်ချုပ်ရေးစသော တာဝန်များကို တာဝန်ယူဆောင်ရွက်တော်မူလေသည်။ (ဤသည် လျှင် မိမိ၏ဆရာအား အခွင့်ရသည့်ဘက်မှ တပည့်ကောင်းပီပီ ကျေးဇူးဆပ် ပါရမီဖြည့် ပေးခြင်းပင် ဖြစ်လေ၏။)

သည်မျှသာမကသေး၊ ဆရာတော်ဦးဥက္ကံသာဘိဝံသသည် တိပိဋကဓရဆရာတော် ဘုရား၏တာဝန်ဖြစ်သော (၁)ရန်ကုန် နိကာယဒွာရဘာ စာမေးပွဲသဘင်၊ (၂)ပဲခူးမြို့ နိကာယဝေပုလ္လ စာမေးပွဲသဘင်၊ (၃)မော်လမြိုင် သုသမာစာရ စာမေးပွဲသဘင်၊ (၄)မင်းကွန်းတောင်ရိုးလုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟ စာမေးပွဲသဘင်၊ (၅)မြင်းခြံမြို့ နှစ်ကျိပ်ရှစ်ဆူ ဝိနယာနုဂ္ဂဟ စာမေးပွဲသဘင်၊ (၆)ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်း– သုံးမြို့လုံးဆိုင်ရာ ဝိနယဓမ္မပူဇာ စာမေးပွဲသဘင်၊ (၇)ဝမ်းတွင်းမြို့ သိမ်တောင်တောရ ဝိနယာဓိက စာမေးပွဲသဘင်များ၏ ပုစ္ဆကတာဝန်များကိုလည်း မပင်မပန်း နှစ်စဉ်နှစ်တိုင်း ဆောင်ရွက်တော်မူခဲ့ပါသည်။ ဆရာကောင်းတပည့် ပီသပါပေစွ။ ဆရာ့ကျေးဇူး အထူး သိတတ် ဆပ်တတ်သော ကတညုတ, ကတဝေဒီ တပည့်ပါပေတည်း။ (ဤကား တပည့် ကောင်း ပီသသော၊ တစ်နည်းအားဖြင့် အကြောင်းမညီညွတ်၍ တိပိဋကဓရမဖြစ်ခဲ့သော်လည်း ပိဋကတ်ကျွမ်းကျင် လိမ္မာနှံ့စပ်တော်မူသည့် တိုက်အုပ်ဆရာတော်၏ ပရိယတ္တိကိစ္စ ဆောင်ရွက်ချက်များမှ တစ်စိတ်တစ်ဒေသကို တင်ပြလိုက်ခြင်း ဖြစ်ပါသည်။)

## ဆရာ့နည်းတူ ကျင့်ခြင်း

ဆရာတော် ဦးဥက္ကံသာဘိဝံသသည် မိမိ၏ဆရာ (တိပိဋကဓရ ဆရာတော်ဘုရား) နည်းတူ ငါတလူလူ တံခွန်ထူတတ်သော မာန်–မာနနည်းပါး၊ မိမိကိုယ်ကို နှိမ့်ချခြင်း– နိဝါတတရားဖြင့် ရိုးရိုးသာ နေတိုင်လေ့ရှိ၏။ ဝိနည်း သိက္ခာပုဒ်တော်ကိုလည်း "ဥကို ချင်ငြား၊ ရစ်မှာလား" ကဲ့သို့ ချစ်မြတ်နိုးတော်မူလေ၏။ တပည့်သံဃာများနှင့် ချစ်+မုန်း မဟူ ခပ်သိမ်းသူများအပေါ်၌လည်း မကောင်းပယ်ရှား၊ ကောင်းကျိုးကို လိုလားသည့် မေတ္တာ ကရုဏာ အပြည့်အဝ ထားတော်မူ၏။ လောကဓံလေ မုန်တိုင်းဝေ့သော်လည်း မရွေ့မယိုင် ကျောက်စာတိုင်ကဲ့သို့ ခိုင်ခံ့သော သမာဓိလည်း ရှိတော်မူ၏။ (အတုယူ လိုက်နာကျင့်သုံးဖွယ် ကောင်းလေစွ။)

## လွမ်းမိပါတော့သည် ဆရာတော်

ဆရာတော် ဦးဥက္ကံသာဘိဝံသသည် ရတု၊ ဆောင်းပါး၊ တေးထပ်များကိုလည်း ရေးသားလေ့ရှိ၏။ တိ–နိအဖွဲ့၏ ပထမသုံးနှစ်ရေး စာစောင်တွင် ဆောင်းပါးတစ်ပုဒ်

ရေးထုတ်ခဲ့ပါ၏။ အကယ်၍များ ယခုရှိနေလျှင် "၁၃၄၇-ခုနှစ် ဒုတိယသုံးနှစ်ခရီးစာစောင်"တွင်လည်း ဆောင်းပါးတစ်ပုဒ် ရေးထုတ်ဦးမည်ပင်။ သို့သော် ဆရာတော်ဦးဥက္ကံကား လူတိုင်း မလွန်ဆန်နိုင်သည့် မရဏနိုင်ငံသို့ ကြွလှမ်းတော်မူခဲ့လေပြီ။မှန်းဆတမ်းတ၍ လွမ်းမိပါတော့သည် ဆရာတော်....။ ယခုနှစ် (၁၃၄၇-ခု) မိုးမိတ်ကုန်းမြေ၌ အထူးကျင်းပသည့် (၂)နှစ်မြောက် ငွေရတုဘုရားပွဲတော်ကြီးတွင် ဆရာတော်ဘုရား (တိုက်အုပ်ဆရာတော်)၏ ရုပ်တုပင့်တဲ့နေ့ကဆိုလျှင် စာရေးသူနှင့် တပည့်များသာမက အဇ္ဈာဝေယာင် မိုးကောင်းကင်ကြီးကပါ ဆရာတော်ဘုရားကို လွမ်းလျှမှန်းဆ၍ မျက်ရည်မဆည်နိုင် မထိန်းနိုင်သည့်အလား တဖြိုးဖြိုး တဖြိုင်ဖြိုင် ရွာချပါလေတော့သည်။

စာရေးသူသည် ဆရာတော်ဦးဥက္ကံသာဘိဝံသ၏ ဂုဏ်တော်အလီလီ၊ လွမ်းမောဖွယ် အဖုံဖုံတို့ကို မှန်းဆပူဇော်ယင်း ဆရာတော်ဘုရား မြွက်ကြားထားသည့် ဩဝါဒများထဲမှ ဩဝါဒတစ်ပုဒ်သည် စာရေးသူ၏ နှလုံးသားထဲ၌ ကြေးမုံအသွင် ပီပြင်ကြည်လင်၍ လာပါတော့၏။

## ထာဝရငြိမ်းချမ်းရေးပေးနိုင်သည့်ဩဝါဒ

တစ်ခုသော ညနေချမ်းမှာ ဖြစ်၏။ တိုက်အုပ်ဆရာတော် ဦးဥက္ကံသာဘိဝံသသည် မိုးမိတ်ကုန်းမြေ တိ - နိကျောင်းတိုက်သို့ ကြွလာပြီး အဖွဲ့၏ဥက္ကဋ္ဌ အထူးကုဆရာဝန်ကြီး ဦးသာလှနှင့် ဇနီးမိသားစုတို့ လှူဒါန်းထားသည့် အဘိဓဇအဘိဓမ္မာ ကျောင်းတော်၌ တိ - နိသံဃာတော်များအား "ဦးဇင်းတို့၊တပည့်တော်အကျိုး လိုလားတဲ့ ပုဂ္ဂိုလ်တစ်ပါး အနေနဲ့ သတိပေးဩဝါဒစကား ပြောကြားလိုပါတယ်။

"တပည့်တော်တို့ရဲ့ ဘုရားရှင်လက်ထက်တော် အခါက အရှင်အနုရုဒ္ဓါနှင့် အရှင်နန္ဒိယ၊ အရှင်ကိမိလမထေရ်တို့ဟာ ပါစီနဝံသ ခေါ်တဲ့ အရှေ့ဝါးတော အရပ်မှာ အတူတကွ သီတင်းသုံးနေထိုင်ကြတယ်။ ထိုအခါ မြတ်စွာဘုရားသည် ဗာလက လောဏကရွာမှ အရှင်အနုရုဒ္ဓါတို့ သီတင်းသုံးနေထိုင်ရာအရှေ့ဝါးတော အရပ်သို့ ကြွလာတော်မူပါတယ်။

"ကြွလာတော်မူတဲ့ ဘုရားရှင်ကို အရှင်အနုရုဒ္ဓါ အစအဆုံး မြင်ပေမယ့် သီတင်းသုံးဖော် အချင်းချင်း ညီညီညွတ်ညွတ် နေထိုင်ကြတာကို ဘုရားရှင်သိမြင်တော်မူစေလို၍ သူတစ်ပါးတည်း ခရီးဦးကြိုဆိုမှု မပြုပါဘူး၊ အတူနေ ချစ်မိတ်ဆွေများကို သွားခေါ်ပြီးမှ သုံးပါးစုံ ဘုရားရှင်ကို ခရီးဦးကြိုဆိုမှု ပြုလျက် အမှုကြီးငယ်များ ပြုလုပ်ပေးကြပါတယ်။

"ဘုရားရှင်လည်း အရှင်အနုရုဒ္ဓါတို့နှင့် ပဋိသန္ထာရစကား ပြောကြားပြီး၊ ၎င်းသုံးပါးထဲမှ မထေရ်ကြီးဖြစ်တဲ့ အရှင်အနုရုဒ္ဓါကို ရှေးဦးစွာ မေးမြန်းတော်မူပါတယ်။ 'ချစ်သား အနုရုဒ္ဓါ....ချစ်သားတို့ ညီညီညွတ်ညွတ် ဝမ်းမြောက် ဝမ်းသာ ဆန့်ကျင်ဘက်စကား မဆိုကြဘဲ၊ နို့နှင့်ရေ ရောဘိသကဲ့သို့ အချင်းချင်း

ချစ်ကြည်သော မျက်စိတို့ဖြင့် ကြည့်ရှု၍ နေကြရဲ့လား'' 'မှန်ပါ မြတ်စွာဘုရား၊ တပည့်တော်တို့ ရှင်တော်ဘုရား မေးတော်မူတဲ့အတိုင်း ညီညီညွတ်ညွတ် နေကြပါတယ် ဘုရား။'

'ချစ်သားအနုရုဒ္ဓါ....ချစ်သားတို့ဘယ်လိုများ ညီညီညွတ်ညွတ်ဝမ်းမြောက်ဝမ်းသာ ဆန့်ကျင်ဘက်စကား မဆိုကြဘဲ နို့နှင့်ရေ ရောဘိသကဲ့သို့ အချင်းချင်း ချစ်ကြည်သော မျက်စိတို့ဖြင့် ကြည့်ရှု၍ နေကြပါသနည်း။' 'မှန်ပါမြတ်စွာဘုရား၊ တပည့်တော်၏ စိတ်ထဲမှာ ဤကဲ့သို့သော သီတင်းသုံးဖော်တို့နှင့်အတူ နေရတာ ငါ့သိပ်အရဘော်တာပဲ၊ ငါ့ရဟန်း၏ အဖြစ်ကိုလည်း ကောင်းစွာ ရတာပဲဟု ဖြစ်မိပါတယ် ဘုရား။ တပည့်တော် မျက်မှောက်၌ ဖြစ်စေ၊ မျက်ကွယ်၌ဖြစ်စေ၊ ဤအရှင်တို့၏ အပေါ်၌ မေတ္တာကာယကံ မေတ္တာ ဝစီကံ မေတ္တာမနောကံတို့ဖြင့် ရှေးရှု၍သာ နေပါတယ်ဘုရား။ တပည့်တော်၏ စိတ်အလိုကို ထား၍ ထိုအရှင်တို့၏ စိတ်အလိုသို့သာ လိုက်လျက် နေထိုင်ကျင့်သုံးပါတယ် ဘုရား။ တပည့်တော်တို့ သုံးပါး ကိုယ်ခန္ဓာကွဲနေပေမယ် စိတ်ကတော့ တစ်ခုတည်း တစ်ထေရာတည်းပါဘုရား'ဟု ပြန်ကြား လျှောက်ထားလေတယ်။

အရှင်နန္ဒိယနှင့် အရှင်ကိမိလမထေရ်တို့ကို မေးမြန်းတော်မူတဲ့ အခါမှာလည်း အရှင်အနုရုဒ္ဓါအတူ ဘုရားရှင်အား လျှောက်ထားကြဘယ်။ 'တပည့်တော်တို့ သုံးပါးဟာ ဤကဲ့သို့ ညီညီညွတ်ညွတ် ဝမ်းမြောက်ဝမ်းသာ ဆန့်ကျင်ဘက် စကားမပြောကြားကြဘဲ နို့နှင့်ရေ ရောဘိသကဲ့သို့ အချင်းချင်း ချစ်ကြည်သော မျက်စိတို့ဖြင့် ကြည့်ရှု၍ နေကြပါတယ်ဘုရား'ဟု ဖြေကြားလျှောက်ထားလေတယ်။

''မေတ္တာကာယကံဆိုတာ မိမိတို့သီတင်းသုံးဖော် တစ်ပါးပါး၏ ကျောင်းပြင်၌ လှန်းထားသည့် သပိတ် သင်္ကန်း စသည့် အသုံးအဆောင် ဖရိုဖရဲဖြစ်နေတာကို တွေ့လျှင် တွေ့မြင်သူက မိမိပစ္စည်းကဲ့သို့ သိမ်းဆည်းပေးခြင်း၊ ခရီးသွားနေလျှင်လည်း ထိုအရှင်၏ နေရာ ရှုပ်ရှုပ်ပွေပွေ ဖြစ်နေက မိမိနေရာကဲ့သို့ ရှင်းလင်းသုတ်သင်ထားခြင်း စသည်များကို ခေါ်တယ်။

''မေတ္တာဝစီကံဆိုတာ မိမိတို့ သီတင်းသုံးဖော် တစ်ပါးနှင့် တစ်ပါး သိမ်သိမ်မွေ့မွေ့ သာယာ နာပျော်ဖွယ်သော စကားတို့ဖြင့် ပြောဆိုဆက်ဆံခြင်း, တရား ဓမ္မဆွေးနွေး တိုင်ပင်ခြင်း, ခရီးထွက်သွားသော်လည်း ထိုအရှင်၏ သီလဂုဏ်စသည့် ကောင်းသောအကြောင်း ဂုဏ်တို့ကိုသာ ပြောဆိုခြင်းစသည်များကို ခေါ်တယ်။

''မေတ္တာမနောကံဆိုတာ မိမိတို့သီတင်းသုံးဖော် တစ်ပါးနှင့် တစ်ပါး ဘေးဘယာ ဝေးကွာ၍ ကျန်းမာချမ်းသာ ကြပါစေဟူသော မေတ္တာစိတ်ဖြင့် ရှေးရှု၍နေခြင်း စသည်များကို ခေါ်တယ်။

"ဒီတော့ တပည့်တော် နောက်ဆုံးအနေနဲ့ ပြောလိုတာက ဦးဇင်းတို့၊ တိ-နိညီနောင် သံဃာတော်များသည် အရှင်အနုရုဒ္ဓါ မထေရ်မြတ်တို့ နေထိုင်ကျင့်သုံးသွားကြသလို တစ်ပါးနှင့်တစ်ပါး ရိုင်းပင်းကူညီခြင်း၊ မေတ္တာကာယကံ ချိုသာစွာ ပြောဆိုဆက်ဆံခြင်း၊ မေတ္တာဝစီကံ-ကျန်းမာချမ်းသာ စေလိုသောစိတ် မွေးရှူခြင်း၊ မေတ္တာမနောကံတို့ဖြင့် ညီညီညွတ်ညွတ် ငြိမ်းမြောက်ဝမ်းသာ အချင်းချင်း ဆန့်ကျင်ဘက်စကားမပြောကြားကြဘဲမမေ့မလျော့ နေထိုင်ကျင့်သုံးကြပါလို့ဩဝါဒစကား ပြောကြားပါတယ်ဘုရား"ဟု အမိန့်ရှိသွားပါတယ်။ (အကျဉ်းချုံး၍ တင်ပြခြင်း ဖြစ်ပါသည်။)

တိုက်အုပ်ဆရာတော် မိန့်ကြားသွားသည့် ဩဝါဒစကားသည် အလွန်မှတ်သားဖွယ် ကောင်းလှပါသည်။ ပုဂ္ဂိုလ်ဘိုင်း ပုဂ္ဂိုလ်တိုင်း လိုက်နာကျင့်သုံး နေထိုင်ပါက လောကရ ငြိမ်းချမ်းရေး ရစေမည့် နည်းလမ်းကောင်း တစ်ခုပင် ဖြစ်ပါသည်။ တိုက်အုပ်ဆရာတော် ဦးဥက္ကံသာဘိဝံသ၏ ဆရာကောင်း တပည့်ပီပီ လိုက်နာကျင့်သုံး ဆောင်ရွက်ချက်များသည် အတုယူမှတ်သားဖွယ် ကောင်းသလို တပည့်များ၏အပေါ် ဆရာကောင်း ပီသမှုသည်လည်း ဂုဏ်ယူဖွယ် ကောင်းလှပါပေ၏။

## စာရေးသူ၏ဆန္ဒ

စာရေးသူ နောက်ဆုံးဆန္ဒပြုလိုသည်မှာ တိ-နိ ညီနောင် တပည့် သံဃာတော်များနှင့် ဓမ္မနာဒကျောင်းတိုက် တပည့် သံဃာတော်များသည် တိုက်အုပ် ဆရာတော် ဦးဥက္ကံသာဘိဝံသကို အတုယူ၍ ဆရာကောင်း တပည့်များပီပီ လိုက်နာကျင့်သုံးနေထိုင်ခြင်းဖြင့် ကျေးဇူးရှင် တိပိဋကဓရ ဆရာတော်ဘုရားအား ကျေးဇူးဆပ်ကြပါစို့၊ ကျေးဇူး ဆပ်နိုင်ကြပါစေဟု ပတ္ထနာပြုယင်း နိဂုံးချုပ် လိုက်ရပါသတည်း။ ။

အရှင်သုမနဓဇ (ကျောက်ပန်းတောင်း)
တိပိဋကနိကာယ၊ မိုးမိတ်